www.burmeseclassic.com

# ကိုမ

## နှလုံးသားထဲတိုးဝင်ကြည့်



BURMESE CLASSIC .com

D IGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**လုံမ**

# နှလုံးသားထဲတိုးဝင်ကြည့်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ချူးစာပေ)
အမှတ် (၅၁)၊ အခန်း (၃၀၁)၊ သရက်စလမ်း၊ ပဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၈) (ရွှေမြသော်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/မြောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်

အတွင်းဖလင်
ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁-၂၉၀၉၉၅

၈၉၅ . ၈၃
လုံမ
နှလုံးသားထဲတိုးဝင်ကြည့် / လုံမ ။ - ရန်ကုန်။
ချူးစာပေ ၊ ၂၀၁၂ ။
၂၇၀ - စာ ၊ ၁၂ X ၁၈ စင်တီ။
(၁) နှလုံးသားထဲတိုးဝင်ကြည့်

## အခန်း (၁)

"မင်းမဟုတ်တဲ့ သင်တန်းသား၊ အသစ်လေ နာမည်က မြင့်တယ်၊ ရုပ်လည်းချောပါတယ်၊ ငွေကြေးချမ်းသာတဲ့ အသိုက်အဝန်းကပဲ၊ ဒါပေမဲ့ သူဌေးသားလို့သာ ပြောတာ အငယ်အနှောင်းက မွေးတာတဲ့"

"ဟုတ်လို့လားဟယ်၊ ရုပ်ကလေးက ချောချောနဲ့ အငယ်အနှောင်းသားဆိုတော့ သိမ်ငယ်နေရမှာပဲ"

"သိမ်ငယ်ရတာတော့ မပြောနဲ့၊ မအေကလည်း ပထမလင်နဲ့ သားသမီးတွေရှိတယ်၊ အဲဒီ ညီအစ်ကိုမောင်နှမတွေက ဖအေတူမအေကွဲ သွေးသားအရင်းကြီးဆိုပေမယ့် သူ့ကို ဝိုင်းအနိုင်ကျင့်ကြတာတဲ့၊ ပြီးတော့ ဖအေဘက်ကလည်း အငယ်အနှောင်းသားဆိုပြီး ဘယ်သူမှ လူရာသွင်း အသိအမှတ်မပြုကြဘူး"

"မယားငယ် လင်ငယ်ရဲ့သားသမီးတွေရဲ့ ဘဝက အဲလိုပါပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟယ်၊ ဆင်ခြင်ထိန်းသိမ်းမှုမရှိလို့ ဒီလိုမိဘတွေရဲ့ သားသမီးဖြစ်ရ
ဘဝဝင်ရှုကြွေးပေါ့၊ ဒါနဲ့ သူ့အမေဖနာမည်က ဘယ်သူတဲ့လဲ''

''နန်းထိုက်ကေရီ ကုမ္ပဏီက ဦးသက်မင်းထိုက်''

''အိုး''

ကျောဘက်စားပွဲဝိုင်းက သူများအကြောင်း အတင်းတုပ်
သော အကြောင်းအံ့ရာကြောင့် မပေဟသီ လွှတ်ခနဲ အာမေဋိတ်
ထွက်သွား၏။ မသိသလို မကြားသလို မနေနိုင်အောင် စိတ်ဝင်စား
ကောင်းနေသည်။ အဓိပ္ပာယ်ရှိရှိ သုံးသပ်ရမည်ဆိုလျှင် ကိုယ်နဲ့တော်
တိုက်ရိုက်သက်ဆိုင်နေ၏။

ဒါကို မျက်နှာချင်းဆိုင် ထိုင်နေသော သူဇာလည်း သံဩ
ပေါက်ပုံပေါ်သည်။ သူမကို မျက်ခုံးလေးပင့်ပြပြီး

''ဟဲ့ သူတို့ပြောနေတာ ဟိုထောင့်စားပွဲမှာ ထိုင်နေတဲ့ တ
ယောက်ကို ပြောတာမဟုတ်လား၊ သူ သင်တန်းစတက်တာ သုံးရက်
လောက်ပဲ ရှိဦးမယ်၊ ငါတောင် အဲဒီကောင်လေး ချောလို့ သတိထား
မိတာ''

''ငါလည်း အမှတ်တမဲ့တော့ သတိထားမိပါတယ်၊ ဒါပေမဲ့
ငါနဲ့ တိုက်ရိုက်ပတ်သက်ရမယ့် လူလို့တော့ မထင်မိဘူး''

''အငယ်အနှောင်းသားဆို ဆွေမျိုးစာရင်းထဲ မထည့်လည်း
ဘာမှမဖြစ်ပါဘူး နင်ကလည်း အကဲပိုလိုက်တာ''

''မဟုတ်ဘူး သူ့ဘဝကို စိတ်ဝင်စားသွားတာပါ၊ ဟိုဘက်



ဘက် မောင်နှမသားချင်းတွေက အနိုင်ကျင့်ခံရနေတယ်ဆိုတာ
ရေ ကောင်းပါတယ်၊ ဒါနဲ့ နောက်ကအဖွဲ့ထဲက တစ်ယောက်က
နဲ့ တစ်ရပ်ကွက်ထဲသားချင်း မဟုတ်လား၊ ဟိုတစ်ခါ နင်တို့ချင်း
ဆက် တာ တွေ့လို့''

''ဟုတ်တယ်လေ အဲဒါဘာဖြစ်လဲ''

''မင်းမဟာ်အကြောင်း အတော်တော်သိနေတဲ့ ပုံပဲဟ၊ နည်းနည်း
လောက် သွားစပ်စုရအောင်''

''အာ မသွားချင်ပါဘူး၊ နင်က နန်းထိုက်ကေရီရဲ့ သူဌေး
ဦးသက်မင်းထိုက် ဒေါ်ကေရီတို့ရဲ့ သားကြီး ထိုက်သူစံနဲ့ လူကြီးချင်း
သဘောတူထားတာ၊ ပြီးတော့ ဦးသက်မင်းထိုက် အငယ်အနှောင်း ပေါ်မှု
တာ နင့်မိဘတွေ သိပြီးသားပဲ၊ ဘာပြဿနာမှ မရှိတဲ့ အဲဒီကောင်လေး
အကြောင်း စုံစမ်းပြီး ဘာသွားလုပ်မှာလဲ''

''စိတ်ဝင်စားလို့ပါဆို ကဲ လာပါ လေကြောရှည်နေတယ်''

BURMESE CLASSIC .com

သူဇာကို ဆွဲရုန်းခေါ်လာခဲ့ရင်း ထောင့်စားပွဲလေးမှာ စာအုပ်
တစ်အုပ်ကို အာရုံရောက် ငြိမ်သက်နေသော မင်းမဟာ် အာရုံရောက်
ငြိမ်သက်နေသော မင်းမဟာ်ဆီ အကြည့်တစ်ချက် ပို့လွှတ်မိသေး၏။
သရီးကွာတား ဘောင်းဘီအတို အကွက်လေးနှင့် စပို့ရှပ် အပြာနုရောင်
လေး ဝတ်ထားတာမို့ လူငယ်ဆန်ဆန် နုပျိုနေသော ထိုကောင်လေးဟာ
မိဘတွေ အငယ်အနှောင်းထားလို့ ရလာခဲ့သည့် သားတဲ့လား။

အီမိုကေလေးနှင့် မျက်နှာလေးကလည်း ဝင်းဝင်းစိုဖန့်၊ သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြေးသားဆိုပြီး ကိုယ်ပေါ်မှာ ဘာအဆောင်အယောင်မှတော့ မပါပါ။

"ဟဲ့ မြမဟော ထိုင်လေ"

"အေး အေးပါ"

သူဇာက ဒီဘက်စားပွဲရောက်တော့ လက်ဆွဲကာ ထိုင်ခိုင်းသ
အသာညှို စိမ့်စိမ့်နှင့် မင်းမဟာ်အကြောင်း ပြောနေကြသော ကောင်မ
လေးနှစ်ယောက် အံ့အားသင့်သလို မျက်ခုံးလေးပင့်ကြည့်ပြီး

"ဩော် သူဇာ ဘယ်သူလဲလို့ ဟိုဘက်စားပွဲမှာ ထိုင်နေရင်း
ဘယ်လိုဖြစ်ပြီး တို့ဘက်ရောက်လာတာလဲ"

"ခုနက မင်းတို့ပြောနေတဲ့ အကြောင်းကို တို့သူငယ်ချင်းက
စိတ်ဝင်စားလို့တဲ့လေ"

"ဘာပါလိမ့် တို့ပြောနေတာ ဩော် မင်းမဟာ်အကြောင်းလား
ကိုရီးယားမင်းသားလေးနဲ့တူလို့ စိတ်ဝင်စားသွားတာ ထင်တယ်"

"မဟုတ်ပါဘူး တခြားကိစ္စလေးတွေရှိလို့ပါ၊ သူ့အိမ်တွင်းရေ
အကြောင်းကို သိချင်တာ"

"မွန်မွန်ရေ သိသလောက်သာပြောလိုက်၊ မင်းတို့စားသမျှဖ
သူအကုန်ရှင်းလိမ့်မယ်၊ ဩော် သူ့ကိုလည်း မှတ်ထားဦး၊ တို့သူငယ်ချ
မြမဟောတဲ့၊ မဟော သူက တို့နဲ့တစ်ရပ်ကွက်ထဲ နေကြတာ၊ မွန်မွ
ဟိုဘက်က"

"ကြည်လဲ့ခင်ပါ သင်တန်းတစ်ခုတည်း တက်နေကြတာပဲ မှ
ထားပေါ့၊ တို့ကတော့ မင်းမဟာ်တို့အိမ်နဲ့ နှစ်လမ်းကျော်မှာ နေတ





မဟောက မင်းမဟာ်တို့အိမ်တွင်းရေးကို ဘာကြောင့် စိတ်ဝင်စားရတာလဲ"

"ဟဲ ဘာကြောင့် မမေးမနေနဲ့၊ သိသလောက် ပြောလိုက်၊ တို့စားသမျှ ရှင်းပါ့မယ်တဲ့ဆို၊ တန်တယ်ဆွဲသာဆွဲ"

မွန်မွန်က ပျော်တတ်ပုံပေါ်သည်။ ကြည်လဲ့ခင်ကလည်း သူများအကြောင်းပြောရမည်ဆို စိတ်အားထက်သန်သူမျိုး ဖြစ်လိမ့်မည်။ စားလက်စ မုန့်ပန်းကန်တွေကို တစ်ဖက်တိုးရွှေ့လိုက်ပြီး

"သူတို့အိမ်တွင်းရေးက နည်းနည်း အဲ နည်းနည်းမဟုတ်ဘူး၊ များများရှုပ်တာ၊ အခုသူ့ကို မွေးထားတဲ့ သူ့အမေက အရင်ယောကျ်ားနဲ့ သားသမီးသုံးယောက်တောင် ရှိတာ၊ သူ့ရဲ့အမေတူ အဖေကွဲ အစ်ကိုတွေ အစ်မတွေပေါ့"

"အဲဒီ သူ့အမေရဲ့ အရင်ယောကျ်ားကရော"

"အရက်သမားကြီးဆိုတော့ သေသလား ရှင်သလား ဘုန်းကြီးဝတ်သွားသလား အဲဒါတော့ သေချာမသိဘူး၊ ဒီမိန်းမနဲ့ပဲကွဲပြီး နောက်အိမ်ထောင်ပြုသေးတယ် ထင်တယ်၊ ကလေးတောင်နှစ်ယောက် ရသေးတယ်ဆိုလား"

"သားသမီးတွေရပြီးမှ ဘာလို့ကွဲကြ ကွာကြ နောက်အိမ်ထောင်ပြုတာလဲ မသိဘူးနော်"

"အကြောင်းကံတွေပေါ့ ကောင်းတဲ့ဘက်ကတွေးရင်၊ မကောင်းတဲ့ဘက်ကတွေးရင်တော့ ကိုရီးယားတွေကြည့်ပြီး အိမ်ထောင်ရေး ဖောက်ပြန်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့လွဲပြီ"

"ဘာလဲဟ"

ကိုရီးယားထိရင် ဆတ်ဆတ်ထိမခံသော သူဇာက စားပွဲခုံပုတ်ကာ ထအော်လိုက်တော့၊ ကျန်သည့်သုံးယောက်လုံး လန့်ဖျပ်သွားကြသည်။ သူဇာပုံစံက မကျေမချမ်း

"ကိုရီးယားတွေ လင်ငယ် မယားငယ်ထားတယ်၊ နောက်အိမ်ထောင်ပြုတယ်ဆိုတာ အဓိပ္ပာယ်ရှိတယ်"

"ဘာ"

"ဟုတ်တယ် သူတို့က မြန်မာလို ပြောရရင် ပညာပေးအနေနဲ့ရိုက်ပြတာ၊ ဘယ်မှာလဲ လင်ငယ်မယားငယ်နေလို့ နောက်အိမ်ထောင်ပြုလို့ စိတ်ချမ်းသာပျော်ရွှင်ရတဲ့ကား။ မိဘတွေရော သားသမီးတွေရော စိတ်ဆင်းရဲကြ၊ ဒုက္ခတွေခံရ၊ ပြဿနာမျိုးစုံ ရင်ဆိုင်ရ၊ ယောက္ခမတွေ ယောင်းမတွေ အနှိပ်စက်ခံရ၊ နှိမ့်ချဆက်ဆံခံရ၊ ပြီးတော့ သားသမီး စွန့်ပစ်ခဲ့မိလို့ သားသမီးတွေရဲ့ မုန်းတီးနာကြည်းမှုတွေခံရ တကယ့်ငရဲပဲ"

"အေး ဟုတ်သလိုလိုတော့ ရှိသား"

"ရှိသားမဟုတ်ဘူး ရှိကိုရှိတယ်၊ တို့တွေ သင်ခန်းစာမယူတတ်တာ၊ မဟုတ်တဲ့ မိန်းမတွေ အရက်သောက်တာတို့၊ သူများ မိန်းမယောက်ျား ပြစ်မှားတာတို့၊ အတိုအကပ် ဝတ်တာတို့၊ အဲဒါကျတော့အတုခိုး မြန်လိုက်တာ၊ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်တယ်



ဆိုတာတော့ မသိချင်ယောင် ဆောင်နေကြတယ်"

"အေး အဲလိုပြောမယ်ဆို ကိုရီးယားကားတိုင်း ဆယ်နှစ် ဆယ့်ငါးနှစ် သတိမေ့နေတာတို့ အတိတ်မေ့သွားတာတို့ နောက်ပြီး ကင်ဆာရောဂါတို့၊ အဲဒါတွေမပါတဲ့ကားကို မရှိဘူး။ ငါတော့ အဲလိုရောဂါတွေ ဖြစ်မှာစိုးလို့ ကိုရီးယားကို သွားတောင်မသွားရဲဘူး"

"ဟဲ့ အဲဒါလည်း ဒရမ်မာဇာတ်ကို အရှိန်တက် အရှိန်မြင့်အောင် ဆုပ်ရတာပါ၊ တကယ်သူတို့ဆီမှာ အဲဒီရောဂါသည်ချည်း ဟုတ်ပါ့မလား"

"တော် တော်ကြပါတော့ ခုတ်ရာတခြား ရှရာတလွဲဖြစ်နေပြီမေ ဒါချင်တာ ကိုရီးယားကြောင်း မဟုတ်ဘူး၊ မင်းမဟံ အကြောင်းသေ တကယ်ညစ်တယ်"

မြမဟေ ညည်းညူကာပြောမှ အားလုံး စပ်ဖြဖြဖြစ်သွားကြသည်။ ထိုအချိန်မှာပင် မင်းမဟံက စာအုပ်ကိုပိတ်၍ နေရာမှ ထထွက်သွားသည်။ သူမ ခပ်ငေးငေးလေး မျက်စိတစ်ဆုံး လိုက်ကြည့်ပြီးမှ သူငယ်ချင်းတွေဘက် ပြန်လှည့်လိုက်၏။

"ကဲ ပြောတော့ ကျယ်ကျယ်လောင်လောင် လွှတ်လွှတ်လပ်လပ်ပြောလို့ရပြီ ဘိုးတော်လေး ကြွသွားပြီဟ"

"အေး ပြောမယ် ဒီလို ..."

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အစချိုလျက် ကြည်လဲ့ခင်က အဝတ်အစားတွေ ဆွဲဆန့်လျ
ကိုယ်ကို မတ်မတ်ပြင်ထိုင်ကာ

"မင်းမဟံက မအေတူ သားမို့ အရမ်းချောတာ၊ အ
ယောက်ျားနဲ့ရတဲ့ သားသမီးတွေကတော့ ရှက်ကြမ်းရေကျိုပါ၊ သော
ကျင့်လည်း တစ်ယောက်မှ မကောင်းဘူး။ ဖအေကိုလည်း လေးလေး
စားမရှိ၊ မင်းမဟံကိုလည်း အနိုင်ကျင့်နဲ့"

"မောင်နှမတွေ တော်တာပဲဥစ္စာ၊ ဘာလို့ အနိုင်ကျင့်ရတာလ

"သူတို့အမေ နောက်အိမ်ထောင်ပြုတာကို မကျေနပ်ကြ
လေး၊ ဒါပေမဲ့ သူတို့လွန်တယ်လို့လည်း ပြောလို့မရဘူး"

"ဟင်"





"ဟုတ်တယ်၊ သူတို့အဖေသေလို့ တစ်ပင်လဲ တစ်ပင်ထူတာမှ မဟုတ်ဘဲ၊ ဟိုလူကြီးနဲ့တွဲနေပြီး လက်မှတ်ထိုး လက်ထပ်တော့မယ် ဆိုမှ ကွာရှင်းလိုက်ကြတာ"

"ဩော် အဲဒါကြောင့် စိတ်နာနေကြတာလား"

"အဲ မင်းမဟံ အမေမှားတယ်လို့လည်း မပြောနိုင်ဘူး"

"လုပ်ပြီး အမှားအမှန် မခွဲခြားတတ်တာလား၊ ဘယ်သူ့ကိုမှ အပြစ်မပြောချင်တာလား ဘာတုန်းဟ"

ဒိုးခနဲ ဒေါက်ခနဲ ပွင့်လင်းတာကို ကြိုက်သော သူဇာက စိတ်မရှည်ပြောသည်။ အခုမှ အသိအကျွမ်းဖြစ်ကြပေမယ့် ကြည်လဲ့ခင်က စိတ်မဆိုးဘဲ ရယ်ကြဲကြဲနှင့်ပင်။

"ရပ်ကွက်ထဲက လူတွေပြောတဲ့အတိုင်း ငါလည်းပြောကြည့်တာလေ"

"မပြောနဲ့ ကောလဟာလဖြစ်နေမယ်၊ နင့်အမြင် နင့်အထင်အတိုင်းပဲပြော"

"အေး ငါ့ကိုယ်ပိုကြည့်တယ်ဆို ပြောရတာပေါ့၊ မင်းမဟံ အမေရဲ့ အရင် ယောက်ျားက အရက်သမားကြီး ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်သလို မိသားစုအပေါ် ဘာတာဝန်မှ မကျေဘူး၊ သူ့အမေ ဒေါ်သက်ထားခွေခမြာ ပဲပြုတ်တောင်း ခေါင်းပေါ်ရွက်ပြီး တော်တော်လေး ဆင်းရဲပင်ပန်းခဲ့တာပေါ့၊ ကလေးတွေက ကြီးစဉ်ငယ်လိုက် မတိမ်းမယိမ်းလေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



"လင်ဆိုးမယား တဖားဖား ဆိုပါတော့"

"ဟုတ်တယ် ဒေါ်သက်ထားဆွေက ဘယ်ရှုထောင့်ကကြည့်ကြည့် မိခင်ပီသပါတယ်၊ ဆင်းရဲဒုက္ခခံ ပင်ပန်းခံပြီး သားသမီးတွေကို ရှာကျွေးတယ်၊ အလုပ်ပေါင်းစုံ မညည်းမညူ လုပ်တယ်၊ ဒါပေမဲ့ မိသားစု တာဝန်ကို မိန်းမသားတစ်ယောက်တည်း ဘယ်လိုလုပ် ထမ်းနိုင်မှာလဲ"

"ယောကျ်ားမှ မကောင်းတာ ဘယ်တတ်နိုင်တော့မလဲ"

"အဲလို မတတ်နိုင်တော့လို့ နောက်အိမ်ထောင်ပြုဖို့ စဉ်းစားဆုံးဖြတ်လိုက်တာပေါ့ပဲ၊ သားသမီးတွေ ပညာရေး စားဝတ်နေရေး အတွက် မလုပ်သင့်မှန်းသိရဲ့နဲ့ မျက်စိစုံမှိတ် အားကိုးရှာလိုက်တာ"

"ဦးသက်မင်းထိုက်က ဒေါ်သက်ထားဆွေ အပျိုမဟုတ်တာ မသိဘူးလား"

မြမဟာ စိတ်ဝင်တစား မေးလိုက်တော့ ကြည်လဲ့ခင် ခေါင်းညိတ်၏။

"သိတယ် သူကုမ္ပဏီမှာ အောက်ခြေသိမ်း သန့်ရှင်းရေးလာလုပ်တဲ့ ဒေါ်သက်ထားဆွေကို စာနာသနားပြီး လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့တာ၊ ပြောရရင် ဦးသက်မင်းထိုက်လည်း အိမ်ထောင်ရေး ကံမကောင်းဘူး၊ ဇနီးဖြစ်တဲ့သူက ရောဂါသည် အမြဲတရှောင်ရှောင်နဲ့ ဆိုတော့ ယောကျ်ားဆန္ဒ မပြည့်ဝတဲ လင်ရယ် မယားရယ် သာယာမှုမျိုး မရှိဘူးပေါ့"

"နင်သေချာ သိနေတော့တာပဲ"





"မေမေက ငါ့ထက်စပ်စုတယ်လေ၊ ငါက မေမေ့ဆီကတစ်ဆင့် သာပွင့်သွားအောင် ပံ့ပိုးတာပါ"

"တော်လိုက်တာ ကဲ ဆက်ပြော"

"ပြောနေရတာ ဗိုက်တောင် ထပ်ဆာလာပြီ၊ ကတ်ကြေးကိုက် ...လောက် နေသာထိုင်သာရှိအောင် ထပ်ဆွဲမှထင်တယ်"

"ဆွဲဆွဲ မျိုဆို"

မွန်မွန်က ကြားဝင်၍ ကျိန်ဆဲသည်။ သူမကတော့ မင်းမဟာ ...ကြောင်း ပို၍ စိတ်ဝင်စားနေသည့်မို့ ကြည်လဲ့ခင်ကို သဒ္ဒါပိုစွာ ...ပုလင်းပင် ထပ်မှာပေးလိုက်သေး၏။

"စားလည်းစား၊ သောက်လည်းသောက်၊ ပြောလည်းပြော"

"စိတ်ချမပူနဲ့၊ စားလို့သောက်လို့ဝရင် ပြောဦးမှာ"

"အထူးအဆန်းပဲနော်၊ တချို့ဆို သူများအကြောင်း အတင်း ...ရင် မစားရမသောက်ရလည်း နေနိုင်တယ်တဲ့၊ သူကျမှပဲ ဝဝစားပြီး ...တော့တယ်"

"တော်စမ်းပါ သူဓာရယ်၊ ကြည်လဲ့ခင်ပြောတာကို ငြိမ်ငြိမ်လေး ...ထောင်စမ်းပါ"

မြမဟာ ငေါက်ငမ်းလိုက်မှ သူဓာပါးစပ် ပိတ်သွား၏။ ကြည်လဲ့ ...က ကတ်ကြေးကိုက်တစ်ပွဲ ကုန်ခါနီးမှ ရပ်လိုက်ပြီး

"အဲလိုနဲ့ ဦးသက်မင်းထိုက်နဲ့ ဒေါ်သက်ထားဆွေ လက်ထပ် ...သွားတယ် [illegible]တော့၊ လက်ထပ်မယ့်နေ့မှာပဲ အရင်ယောကျ်ားကို



www.burmeseclassic.com

www.burmeseclassic.com



လျော်ကြေးပေးပြီး ကွာလိုက်တာ''

''ဟင် သူတို့တစ်အိမ်တည်း နေကြတာပေါ့''

''ဘယ်နေမလဲ၊ ဦးသက်မင်းထိုက်ဘက်က လက်မခံဘူး၊ မအေ က ကျန်းမာရေးမကောင်းလို့ ခွင့်ပြုပေမယ့် ခိုးကြောင်ခိုးဝှက် တွေ့ရတဲ့ တိတ်တိတ်ပုန်းမယားအဖြစ်နဲ့ပဲ နေခိုင်းတာ''

''ဟယ်တော် ဘယ်လိုကြီးလဲ''

''အဲဒါ အစတုန်းကဆိုရင် ဦးသက်မင်းထိုက်ကလည်း ဒေါ်သက် ထားဆွေကို ကလေး မယူခိုင်းဘူး၊ ဒေါ်သက်ထားဆွေ ဘက်ကလည်း ကလေးမယူရင် ဘာခံစားခွင့်ရမှာ မဟုတ်ဘူးဆိုပြီး တိုက်တွန်းတယ်၊ အဲလိုနဲ့ မင်းမဟ် လူဖြစ်လာတယ် ဆိုပါတော့''

''ကိုရီးယားကား ကြည့်ရသလို ဇာတ်ရှိန်မြင့်ပြီး စိတ်ဝင်စား ကောင်းတယ်နော်''

သူဇာက ကိုရီးယားအကြောင်း ပြောဖြစ်အောင် ပြောသေ သည်။ မြမဟော မျက်စောင်းထိုးလိုက်မှ ဇက်လေးပုဝင်သွားပြီး

''ဒရမ်မာဇာတ်လေးက နားထောင်ကောင်းလို့ပါ၊ ဘာမှမဟု တော့ဘူး ပြောပြော''

''ဒီတော့ဟယ် မင်းမဟ် ဘဝလေးက ဟိုဘက်က မကြည်ဖြ ဒီဘက်က မကြည်ဖြူနဲ့ ကျွန်းစ်ကောင်ကြားက မြေစာပင်လိုပေါ့၊ သူ့ ပဲ အထီးနာနေရရှာတာ၊ တို့ရပ်ကွက်က လူတွေအားလုံး သူ့ကိုဝိုင် သနားကြတယ်''



''အေးလေ သနားမယ်ဆိုလည်း သနားစရာပဲ၊ ဒါပေမဲ့ ပြည့်စုံ အောင် ဦးသက်မင်းထိုက်က ထောက်ပံ့တယ် မဟုတ်လား''

''အရင်က ထောက်ပံ့တယ်၊ ပေးကမ်းမှုရက်ရောတယ်၊ အစက မွေးခိုင်းပေမယ့် လူဖြစ်လာတော့လည်း မင်းမဟ်အပေါ် ကောင်းရှာပါ တယ်၊ အခုနေတဲ့ အိမ်နဲ့ဝိုင်းလည်း ဦးသက်မင်းထိုက် ဝယ်ပေးထားတာပဲ လေ၊ ဒါပေမဲ့ ဒေါ်သက်ထားဆွေ သားသမီးတွေ သုံးဖြုန်းနေလို့ အခွံပဲရှိ တော့တယ်၊ အဲဒါကြောင့် ဦးသက်မင်းထိုက် သားသမီးတွေက မကြည်ဖြူ ကြတာဘူး''

''ရှုပ်နေတာပဲ''

''ရှုပ်လိုက်တာတော့ မပြောနဲ့၊ ဒေါ်သက်ထားဆွေက အရက် သမားလင်ရဲ့ဝဋ် ကျွတ်သွားပေမယ့် သားဆိုးသမီးဆိုးဝဋ်တော့ မကျွတ် သေးဘူး၊ ဦးသက်မင်းထိုက် ပေးစာကမ်းစာကို ပြည့်ပြည့်ဝဝ စားရ သောက်ရတာ မဟုတ်ဘူး၊ မင်းမဟ်ရော ဒေါ်သက်ထားဆွေရော ကံဆိုး တယ်၊ ဒါနဲ့ နင်တို့က ဘာလို့ မင်းမဟ်အကြောင်း ခရေစေ့တွင်းကျ နေကြတာလဲ''

''ဟို အဲ''

ကြည်လဲ့ခင် မေးခွန်းပြန်ထုတ်တော့ မြမဟော ယောင်နနဖြစ် သွားရသည်။ သူဇာက ပြောလိုက်ဟု လက်တို့၏။

မင်းမဟ် မရှိတော့သော ထိုင်ခုံနေရာကို အကြည့်ရောက်သွား မှ မြမဟော သက်ပြင်းချကာ

www.burmeseclassic.com

www.burmeseclassic.com



"တို့ကို ဦးသက်မင်းထိုက် သားအကြီးနဲ့ လူကြီးချင်း သဘော တူထားကြတာ"

"ဟယ်တော် အဲလို"

"သွားပါပြီ ဆွေမျိုးအရင်းကြီးရှေ့မှာ တို့အတင်းပြောမိပြီ"

"ဟင်း ဟင်း ကြောက်စရာလား တို့ကမေးတာပဲဥစ္စာ၊ ကဲ ခုလိုပြောပြတာတို့က ကျေးဇူးတင်ပါတယ်၊ နောက်ထပ်လည်း တိ ကျကျ သတင်းတွေစုံစမ်းထားလိုက်ပါဦး အခုလို အကျွေးအမွေး ညွှ သတင်းနားထောင်ပါရစေ"

"အိုကေ ဘော်ဒါတွေ ဖြစ်သွားပြီနော်၊ သတင်းတွေ စုဆော ပြီး မကြာ၊ကြာ တို့ဆုံကြမယ် မကောင်းဘူးလား"

အရယ်အရွှန်းများဖြင့် ခေါင်းညိတ်ပြလိုက်ရသော်လည်း မဟော ခေါင်းထဲအတွေးများဖြင့် လေးလံသွားရသည်။

ရှုပ်ထွေးခြင်းဟာ ဆက်မရသော အက်ကြောင်းတွေနဲ့ . . .

■ ■ ■



**အခန်း (၃)**

"ဒီအတိုင်းနေတော့မှာလား အမေ၊ ဒီမှာ ဆိုင်ကရောင်းဝယ် ကောင်းလို့ အရင်းပြုတ်နေပြီ၊ ဟိုလူကြီးဆီ အရင်းအနှီးသွားတောင်း

"ပြောတော့ လွယ်လိုက်ကြတာ၊ ဟိုက ဘယ်နှစ်ခါတောင် င်းထုတ်ပေးပြီးပြီလဲ၊ ပြန်စဉ်းစားကြပါဦး၊ အကြီးကောင် နိုင်ငံခြား ချင်တယ်ဆိုတော့လည်း ငွေထုတ်ပေးထားတယ်၊ ညည်း လက်ဖက် ည်ဆိုင်ထောင်တော့လည်း သူ့ငွေပဲ၊ အငယ်ကောင် အဆိုတော်လုပ်ချင် ကလည်း သူ့ကိုသွားပြီး အပူကပ်ရတယ်၊ မင်းမဟံ သင်တန်းကြေး လည်း ညည်းတို့ယူသုံးထားတာ မဟုတ်ဘူးလား။ ဘယ်သူမှ လက် ကြာတင်းတင်း မလုပ်ချင်ဘဲ သူ့ကိုပဲ အားကိုးနေလို့ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီလို အားကိုးဖို့အတွက် အဲဒီယောက်ျားကြီးကို အမေ ယူခဲ့တာ မဟုတ်ဘူးလား''

''ဘာ''

''အဖေ့ကို အသုံးမကျလို့ ထားခဲ့ပြီး သူများအငယ်အနှောင်း လုပ်ခဲ့တာ ငါ့သားသမီးတွေအတွက် ရင်းခဲ့တာဆို၊ အမေ အာသာဆန္ဒ တွေအတွက် မဟုတ်ဘူးဆိုရင် သားသမီးတွေအတွက် တောင်းပေးရမှာ ပေါ့''

''မိုးမိုးဆွေ ညည်း ညည်း တော်တော့''

စော်ကားခံရတိုင်း ရင်ထုခဲ့ရတာ အကြိမ်ကြိမ်။ ကလေးအမေ ဖြစ်လာမှ ဒီလို အညစ်အထေးစကားမျိုး ပြောထွက်ခဲ့တာတော့မဟုတ်။ မိုးမိုးဆွေ ဆိုသော သမီးအလတ်မက အိမ်ထောင်မကျခင် အပျိုတည်းက မအေကို ပမာမခန့် တိုင်းထွာရမှာ ဝန်မလေးပေ။

ဦးသက်မင်းထိုက်ကို လက်ထပ်ခဲ့စဉ်အချိန်က မိုးမိုးဆွေ နှ တန်းကျောင်းသူအရွယ်လေးပါ။ သားကြီးက လေးတန်း၊ သားငယ်လေးက သူငယ်တန်းတောင် မထားရသေးသည့် ငါးနှစ်သား။ ကလေးတွေက ဘုစုခရု။

ထမင်းနပ်မှန်အောင် ကလေးတွေကိုကျွေးဖို့ အိမ်တကာလုပ်ပြီး အဝတ်လျှော်၊ သန့်ရှင်းရေးလုပ်၊ ကျောင်းစရိတ်အတွက် လူတကာဆီက ပိုက်ဆံချေးရလို့ အကြွေးတွေပိ။ ကိုခင်မောင်. . . ။

ဒင်းကတော့ သူ့အရက်ဖိုးတောင် သူမရှာချင်ဘဲ မိမိဆီမှာ





အနိုင်အထက် လက်ဝါးဖြန့်ချင်သူ။

''တောက် နင့်ဟာလေးတွေ ကျွေးဖို့တော့ ရအောင်ရှာနိုင်တယ်၊ ငါ့အရက်ဖိုးတော့ မသဒ္ဓါဘူး၊ မင်း ဘယ်လိုမိန်းမလဲ သက်ထားဆွေ၊ သားကိုသခင် လင်ကိုတရားလို ကိုးကွယ်ရမှာ မင်းမသိဘူးလား၊ တိရစ္ဆာန် လောက်တောင် အသိတရားမရှိတဲ့ မိန်းမ''

နိုင်ထက်စီးနင်း စွပ်စွဲချက်တွေနှင့် ခြေပါလက်ပါ အရိုက်ခံရသည့် အချိန်တွေလည်း ရှိခဲ့သည်။ ကိုယ့်မှာ ဒီလို ဒုက္ခတွေ ရှိခဲ့တာ ငယ်ရွယ်သေးသော သားသမီးတွေက သိမှာမဟုတ်။

''သမီးလေးတို့ မျက်နှာမငယ်အောင် အားကိုးအားထားပြုလို့ ရအောင် သူဌေးကြီးတစ်ယောက်ကို အမေ လက်ထပ်မယ်၊ အမေ ဒီလို လုပ်တာ အမေ့အတွက် မဟုတ်ပါဘူး၊ အမေ့သားသမီးတွေ အရက်သမား အဖေနဲ့နေရင်း တစ်သက်လုံး လူ့အောက်ကျမှာစိုးလို့ပါ၊ သမီးတို့အတွက် ပါကွယ်''

သိတတ်နားလည်စအရွယ်ရောက်လာပြီဖြစ်သော သားသမီး တွေကို ထိုသို့ပြော၍ မရမက ရုန်းထွက်ခဲ့သည်။ သားသမီးတွေက အဖေရင်းနှင့်ခွဲရတာကို ဘယ်သူမှ မကျေနပ်ကြပါ။ အားမတန်သည့် အချိန်မို့ ပိတ်ပင်တားဆီးကန့်ကွက်တာတွေ မလုပ်နိုင်ကြပေမယ့် ငိုယိုတာ စိတ်ကောက်တာတွေနှင့်တော့ ဆန္ဒပြခဲ့ကြသည်။

အစပထမတော့ ပြည့်စုံပိုလျှံအောင် နေရတာကို ကလေး သဘာဝ ပျော်ရွှင်သလို ရှိခဲ့ပြီး တဖြည်းဖြည်း အရွယ်ရောက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ လိုချင်မက်မောတာတွေများလာကြသည်။

"သူများသားသမီးတွေဆို ကျောင်းကို ကားနဲ့အပို့အကြိုလု
နေကြတာ၊ မတတ်နိုင်တဲ့သူတွေတောင် ကိုယ်ပိုင်ဆိုင်ကယ်နဲ့ ကျော
တက်နေကြတာပဲ၊ တစ်ခုခုတော့ အမေ ရအောင် တောင်းပျာ"

"သမီးဖို့လည်း ဆွဲကြိုးလေးတစ်ကုံးလောက် တောင်းပေး
အမေ၊ ကျောင်းမှာ ရွှေဝတ်နိုင်မှ လူရာဝင်တာ၊ အဝတ်အစားနဲ့ချည်
ရှုံးပြနေလို့ မဖြစ်ဘူး အမေ"

"သားကိုလည်း အင်္ဂလိပ်ကျောင်းထားဖို့ ပြောပေးပါ အမေ
သားက သူငယ်ချင်းတွေဆို ပိုက်ဆံချမ်းသာတဲ့သူတွေနဲ့မှ ပေါင်းချင်တာ
ဒီမှာဆို မရှိဆင်းရဲတဲ့သူတွေပဲ များတယ်"

အကြီးက တစ်မျိုး၊ အလတ်ကတစ်မျိုး၊ အငယ်ကတစ်ပုံနှ
ထိုအချိန်တည်းက သူ့အဖေကွယ်ရာမှာဆို မင်းမဟံ နေရာမရခဲ့ပေ
တကယ် မင်းမဟံလေးကို မိမိ မလွှယ်ပိုးချင်ခဲ့ပါ။

"သက်ထားဆွေ ညည်း စိတ်ကူးမလွဲနဲ့၊ ညည်းတို့မိသားစုတွေ
အပေါ် သက်မင်းထိုက် ဘယ်လောက် ကောင်းတယ်ပြောပြော သူ့သွေး
သားအရင်းအပေါ်လောက်တော့ တစ်သက်လုံး ကောင်းနိုင်မှာမဟုတ်ဘူး
အခု အိမ်ဝယ်ပေးထားတာပဲကြည့်၊ ညည်းနာမည်နဲ့လား။ ညည်း သား
သမီးတွေ နာမည်နဲ့လား။ သူ့ဘာသာ သူ့နာမည်နဲ့ဝယ်ထားပြီး ညည်းတို့
ကို ယာယီသဘောမျိုး တက်နေခိုင်းထားတာ၊ မလိမ္မာတဲ့ ညည်း သား
သမီးတွေကို မယုံကြည်တဲ့သဘောပဲ"



"သူတို့ကလည်း ကောင်းမှုမကောင်းတာ မမခင်ရယ်"

"အေးလေ အဲလို မကောင်းလည်း သားသမီးအရင်းသာဆို
ပေးကျွေးပြုမလဲ၊ ပေးသင့်ပေးထိုက်တာလည်း ပေးမှာပဲ၊ အဲဒါကြောင့်
သိဝန်ကိုလွှယ်ပြီး ညည်း ကလေးမွေးကိုမွေးသင့်တယ်"

ဆွေရိပ်မျိုးရိပ် မကင်းသော မမခင်ရဲ့တိုက်တွန်းမှုကြောင့် အရှုပ်
မဖြစ်ချင်လို့ ကလေးမယူချင်သည့် ဦးသက်မင်းထိုက် မသိအောင်
တားဆေးတွေ မသောက်တော့ဘဲ မင်းမဟံလေးကို လွယ်ပိုးခဲ့ခြင်း

"ဆွေရယ် မိုက်လိုက်တာ၊ မင်းမှာလည်း အရင်ယောကျ်ားနဲ့
သားသမီးတွေနဲ့၊ ကိုယ့်မှာလည်း သက်ရှိထင်ရှားရှိနေသေးတဲ့
သည် ဇနီးမယားနဲ့ သားကြီးသမီးကြီးတွေနဲ့ ကိုယ်တို့ မွေးလာမယ့်
သမျက်နှာငယ်ရမှာပေါ့၊ ပြီးတော့ ကိုယ့်သားသမီးဖြစ်လာမယ့်သူကို
သိရင်ဖိ စောင့်ရှောက်နိုင်မှာလည်း မဟုတ်ဘူး၊ မင်း ဒါကို နားလည်
တယ်"

ထိုထက်ပိုပြီး ဦးသက်မင်းထိုက် ဆူပူအပြစ်တင်တာမျိုးတော့
ခဲ့ပါ။ ဒီလိုနဲ့ မင်းမဟံကို မွေးဖြစ်ခဲ့ပြီး ဦးသက်မင်းထိုက် ပြောသလို
ပင်ပန်းမှုတွေ ပိုများခဲ့ရသည်။

"ပြောင်း ဘုန်း"

"ဟဲ့"

ကျောဘက်က တံခါးဆောင့်တွန်းဖွင့်သံနှင့် ဘုန်းခနဲ အသံ

www.burmeseclassic.com

ကြားလိုက်ရသည်မှ အလန့်တကြား နောက်လှည့်ကြည့်မိစဉ်မှာ အ
ကောင် မောင်ကြီး အရက်မူးကာ ရောက်လာသည်။

"အမေ ခင်ဗျားက ဘာသဘောလဲ"

"ဘာလဲဟဲ့၊ နောက်တစ်မူ ရောက်လာပြန်ပြီ"

"ဪ ကျုပ်တို့ကိုတော့ အပူကောင်လို့ ထင်နေတယ်
ဟိုလူကြီးက ခင်ဗျားသားငယ်ကိုတော့ သင်တန်းတွေ ဘာတွေ တက်
လို့ ငွေကုန်ခံနိုင်သားပဲ"

"ဟဲ့ အဲဒါ သူ့အဖေက သူ့သားအတွက် အကုန်ခံတာ
ငါက ဘာဝင်ငွေရှိလို့လဲ"

"သူ့အတွက်ချည်း လုပ်ပေးလို့ဖြစ်မလားဗျ၊ ကျုပ်တို့ကလ
အမေတစ်ယောက်လုံး ပေးထားရတာ၊ မကျေနပ်ဘူးဗျာ၊ အခု ဆိုင်က
အရောင်းအဝယ်လုပ်လာတာ၊ ရှုံးလာခဲ့တယ်၊ အရင်းအနှီး တောင်
ဦး"

"မောင်ကြီး နင်တို့ မလွန်လွန်းဘူးလား၊ ငယ်ငယ်တည်
ခုချိန်ထိ နင်တို့အားလုံး သူ့အထောက်အပံ့နဲ့ပဲ သုံးဖြုန်းလာခဲ့ကြတာ
အရင်းအနှီး ထုတ်ပေးနေတာလည်း ဘယ်နှစ်ခါတောင် ရှိနေပြီလဲ"

"ဒါကတော့ အမေ မသေမချင်း လုပ်ပေးနေရမှာ၊ သူ
တာဝန်ရှိတယ်၊ ကျုပ်တို့အဖေနဲ့ ကွာရှင်းခိုင်းပြီး သူ ယူထားတာ
အခုမှ မယားကြီး ကျန်းမာရေးကြောင့် ဟိုကိုပြန်သွားနေသလို
ဒီဘက်ကို ခြေဦးတောင် မလှည့်တော့ဘူး၊ အဲလို တာဝန်မဲ့ရှောင်





မလား"

"မောင်ကြီးရယ် နင်တို့ကို ကြောက်လို့ သူ မလာတော့တာပါ၊
အစတည်းက သူ့မိသားစုကို ဥပေက္ခာပြုလို့ မဖြစ်ဘူးဆိုတာ သူ နား
လည်အောင် ပြောထားပြီးသား၊ ဒီဘက်ကိုလည်း လိုလေသေးမရှိ သူ
တာဝန်ကျေခဲ့တာပဲ၊ နင်တို့ လူတန်းစေ့အောင် နေနိုင်စားနိုင်တာ သူ့
ကြောင့်မဟုတ်ဘူးလား။ နင်တို့အဖေလို အရက်သမားနဲ့သာနေမယ်ဆိုရင်
ထဲကုပ်နဲ့ ထမင်းတောင် နပ်မှန်ခဲ့လို့လား"

"အာ အရင်က အကြောင်းတွေမပြောနဲ့ အမေ သူများအငယ်
အနောင်းလုပ်တာလည်း ကျုပ်တို့မျက်နှာငယ်ခဲ့ရတာပဲဗျ"

"ဟုတ်တယ် ကိုမောင်ကြီး ပြောတာ မှန်တယ် အမေ၊ အမေ
ပြောတော့ သားသမီးတွေအတွက်တဲ့၊ ဟိုလူကြီးက အမေနဲ့သူ့သား
မင်းမဟာအပေါ်ပဲ သဒ္ဓါတာ၊ ကျွန်မတို့ကို ပေးရကာမ်းရရင်တော့ ကြည်ဖြူ
တာမှ မဟုတ်တာ"

နင်တို့ကရော စေတနာရှိလို့လားဟု အရွဲ့တိုက်ကာ ပြောလိုက်
မိလျှင် ပြဿနာမီးစက ဟုန်းခနဲ ထတောက်လောင်သွားနိုင်၏။ မသိချင်
ယောင်ဆောင်ပေးခဲ့သည့် အချိန်တွေကိုလည်း အားမနာ။

ကျေးဇူးလည်းမတင်တတ်ကြနှင့် ဦးသက်မင်းထိုက်ကို တကယ်
ပင် အားနာမိတာပါ။

အခုလည်း စော်ကားဖို့ အသင့်ပြင်ထားကြသလို မျက်နှာတွေ
က တင်းထန်လျက်

www.burmeseclassic.com



"ဦးသက်မင်းထိုက်ဆီက အမေ မတောင်းပေးရင် မင်းမဟံကို ပေးထားတဲ့ ပစ္စည်းတွေ ခဏငှား အမေ"

"ဘာ ဟဲ့ သူ့မှာရော သူ့အဖေက ဆင်လိုက်၊ နင်တို့က အနိုင်ကျင့်တောင်းလိုက်နဲ့ ဘာရောရှိသေးလို့လဲ"

"နောက်ထပ် ဆွဲကြိုးတစ်ကုံးနဲ့ လက်စွပ်တစ်ကွင်း ပေးထားတာ မသိဘူး အောက်မေ့နေလား"

"အမယ်လေး အဲဒါတော့ မလုပ်ပါနဲ့တော့၊ အရင်ဟာတွေလည်း ဟိုတစ်ယောက်က ယူပေါင်၊ ဟိုတစ်ယောက်က ယူရောင်းနဲ့ ဒီဟာကို လုံးဝမပေးဖို့ သူ့အဖေက သေချာမှာလိုက်တယ်၊ နင်တို့တွေ နယ်ဟယ် ဒီကလေးပဲ အနိုင်ကျင့်စရာရှိသလား"

"အာဗျာ အမေတို့က လင်ငယ်သားကိုပဲ ဦးစားပေးနေတယ်၊ မကျေနပ်ဘူး။ အဲဒီကောင်ကို အသေသတ်ပစ်မယ်"

"ဒီကောင်ရှိလို့ ဒီလောက် ရှုပ်နေတာ၊ လုပ်ပစ်လိုက်ဟာ"

"ဟဲ့ ဟဲ့"

ဒေါ်သက်ထားဆွေ အော်ဟစ်တားဆီးသံက နောက်မှာကျန်ခဲ့ပြီး မောင်ကြီးနှင့် မိုးမိုးဆွေက စာကြည့်ခန်းထဲက မင်းမဟံဆီ ကမူးရှူးထိုး ဝင်သွားကြသည်။

ဒီလိုပြဿနာဟာ တစ်နေ့ကိစ္စမဟုတ် ...။

■ ■ ■



## အခန်း (၄)

"ဘုန်း"

"ဖြန်း"

"ဟာ ကိုကို မမ ဘာ ဘာဖြစ်လို့လဲ ကျွန်တော့်ကိုရိုက်တာလဲ"

ဝရုန်းသုန်းကား ရောက်လာပြီး မပြောမဆို ကျောပြင်ကို ဗျောင်းကြတာမို့ ကွန်ပျူတာပေါ် အာရုံရောက်နေရာက မင်းမဟံ လန့်ဖျပ် ဆုန်တက်သွားရသည်။

ဒီလိုအဖြစ်အပျက်က အချိန်တိုင်း မထူးဆန်းပေမယ့် နင်ပဲ အဲ ပြန်ဝံ့ပြန်လို့လည်း ဖြစ်တာမဟုတ်။ မိုးမိုးဆွေက သူ့ဆံပင်မွှေးကို ထက်ခနဲပင် ဆောင့်ဆွဲလိုက်သေးကာ

"နင့်ကိုယ်နင် သူဌေးသားဆိုပြီး ဘဝင်မြင့်မနေနဲ့၊ ဟိုက နင့်ကို သူ့အိမ်ခေါ်ထားပြီး လူရာသွင်းတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဘာတွေလုပ်နေလို့လဲ"

"ဘာတွေလုပ်နေလဲမပြောနဲ့၊ ငါတို့ကို အဲလို ပမာမခန့် ဖြ
လို့ကို မရဘူး၊ အခု နင် သိမ်းထားတဲ့ ပစ္စည်းတွေ သွားယူစမ်း"

"ဗျာ ဘာ ဘာပစ္စည်းလဲ"

"ဟိုတစ်လောက နင့်အဖေ ထပ်လုပ်ပေးထားတယ်မဟု
လား၊ ငါတို့တောင်းမှာစိုးလို့ နင် သိမ်းထားတယ်ဆိုတာ ငါတို့သိတယ်

"ဒါ ဒါတော့ မလုပ်ပါနဲ့တော့၊ အဖေက ဒီတစ်ခါ သေချာ
လိုက်လို့ပါ၊ ဘယ်သွားသွား ဘယ်လာလာ လူရှိသေ ရှင်ရှိသေ ရှိစေ
လို့တဲ့"

"အောင်မာ နင့်ကိုဘယ်နေရာသွားသွား ဘယ်သူကဖြစ်
သူဌေးကြီး ဦးသက်မင်းထိုက်သားလို့ သိကြလို့လား၊ ဒေါ်သက်ထားဒေ
အငယ်အနှောင်း အမည်ခံပြီး ရလာတဲ့သား၊ ဘယ်သူကမှ နင့်ကို အထ
မကြီးဘူး"

ငဲ့ညှာမှုမရှိ ပြောနေသမျှ မျက်ရည်ဝဲကာ ငြိမ်ခံနေရသည်
မောင်ကြီးက သူ့ခေါင်းကို လက်သီးဆုပ်ဖြင့် ခေါက်ခနဲ ခေါက်လိုက်

"မင်းက ဘာကောင်မို့ ငါတို့တောင်းတာကို ဆင်ခြေပေး
တာလဲ၊ မင်း ဘယ်ချိန်တုန်းကရော ငြင်းလို့ရဖူးလို့လဲ၊ ငါလုပ်လိုက်
ခြေကျိုးလက်ကျိုး ဖြစ်တော့မယ်"

"ဟဲ့ ဟဲ့ မလုပ်ကြပါနဲ့၊ နင်တို့မှာ အလုပ်အကိုင်မရှိ ဒီကလေ
ကို အနိုင်ကျင့်ဖို့ပဲ တတ်တယ်"





"လာပြီး ရှေ့က ကာဆီးကာဆီးနဲ့ အမေ အဲလိုတွေလုပ်နေလို့
ကောင် ရောင့်တက်ပြီး ပမာမခန့် ဖြစ်နေတာ"

"သူလည်း ငါ့သားလေ မောင်ကြီးရဲ့၊ သူ့အဖေကြောင့် နင်တို့
အလုပ်မှ လက်ကြောတင်းတင်း မလုပ်ဘဲ စားသောက်နေရတာကို
တင်ရကောင်းမှန်း မသိဘူး"

"ဘာကိုကျေးဇူးတင်ရမှာလဲ၊ ကျုပ်တို့မိသားစု ရှင်ကွဲကွဲအောင်
ပြီး အမေကို ယူသွားတာလေ"

"သူနဲ့ယူလိုက်လို့ နင်တို့ လူတစ်လုံးသူတစ်လုံး ဖြစ်နေတာပေါ့
င်ကြီးရဲ့၊ နင့်အဖေလိုသာဆို"

"တော်စမ်းဗျာ"

အရက်သောက်ထားသော အရှိန်နှင့် မိုက်ရိုင်းသွေးကြွနေသော
မောင်ကြီးက ဒေါ်သက်ထားဆွေကို အော်ရင်းတွန်းပစ်လိုက်တာမို့ လဲပြို
တတ် ဖြစ်သွားသည်။ မင်းမဟာက ထိန်းပွေ့လိုက်ရင်း မောင်ကြီးကို
ခဲ့ဘွာ ကြည့်ပစ်လိုက်၏။

"အမေကို အဲလိုတော့ မလုပ်ပါနဲ့ ကိုကြီးရာ၊ မေမေက ကိုကြီး
တို့ကို မွေးထုတ်ထားတဲ့ အမေရင်းပါ"

"ဟိတ်ကောင် မင်း မိကျောင်းမင်းရေကင်းပြ ဆရာလာမလုပ်
နဲ့ ငါ မူးနေပေမယ့် အမေကို အမေမှန်းသိတယ်၊ ဒါပေမဲ့ အဲဒီအမေက
သင်ငယ်နဲ့ရတဲ့ မင်းဘက်ကပဲ ရပ်တည်ပြီး ကာကွယ်ပေးနေလို့ မကျေနပ်
တာ၊ တစ်ခိတ်ရှိ ငါ့ကို့အဖေကိုပဲ အပြစ်တင်နေတယ်၊ တကယ်ပေးဆို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အဖေရင်းနဲ့ပဲ နေရကြည့်ပါလား။ သူ့ဘာသာ အရက်သမားဖြစ်ဖြစ် ဘာဖြစ်ဖြစ် ငါတို့ကတော့ ဆိုးသွမ်းမိုက်ရိုင်းတဲ့သားသမီးတွေ ဖြစ်လာမှာ မဟုတ်ဘူး''

''ဩော် လိမ္မာလိုက်တဲ့ သားသမီးတွေ၊ ငါကပဲ နင်တို့ လူမမယ်လေးတွေအတွက် စားရမဲ့သောက်ရမဲ့ မဖြစ်အောင် ပညာတွေသင်နိုင်အောင် နောက်လင်ယူခဲ့မိတာ မှားတာပေါ့၊ ဟုတ်လား၊ ပြောကြပါဦး''

''အဲဒီအချိန်တွေတုန်းက မှားလားမှန်လား မသိပေမယ့် အခုချိန်မှာ ဘာခံစားခွင့်ရှိလို့လဲ အမေ''

''ဩော် မိုးမိုးဆွေ ဟိုကောင်က အရက်ကျေးကျွန်ဖြစ်နေလို့ မသိဘူးပဲထားပါ၊ ဦးသက်မင်းထိုက် ကောင်းလို့ ငါတို့ ဒီလို တိုက်ခန်းကြီးနဲ့ နေရတာကို ညည်းတော့ ကောင်းကောင်းသိပါတယ်''

''အမေက အမေ့လင်ကိုထိလို့ နာတာပါ''

''နာတာ မဟုတ်ဘူး၊ အမှန်တွေပြောနေတာ၊ ညည်းတို့အဖေနဲ့တုန်းက တဲအိမ်အစုတ်တောင် ငှားနေခဲ့ရတာ မဟုတ်လား၊ ညည်းတို့အဖေ ဆင်လို့ အဝတ်တစ်ထည် ဝတ်ဖူးလား၊ ဖိနပ်တစ်ရံ စီးရဖူးလား။ ကျောင်းကိုရော မိဘနေရာကနေ ဘယ်နှစ်ခါ လိုက်ပေးဖူးလဲ''

''ပထွေးကောင်းတယ်ဆိုတာ အဖေ အရက်မူးပြီး အိမ်ရှေ့မှာ မူးလဲနေသလောက် မလုံခြုံပါဘူး အမေ၊ အဲဒီလို ပထွေးအရိပ်အောက် နေရိမှာစိုးလို့ လင်ယူမိကာမှ''

''လက်ကြောမတင်းတဲ့ ယောကျာ်း ယူမိလို့ အခု ပိုဆိုးသွား





တာ မဟုတ်လား''

''အဲဒါ အဲဒီ ပထွေးဆိုတဲ့လူကြီးကြောင့်လေ၊ ကိုယ့်အမေနဲ့သာ ဆို ငယ်ငယ်ရွယ်ရွယ်နဲ့ ယောကျာ်းယူမိမှာ မဟုတ်ဘူး။ အမေ့လင်ကြောင့် ချယ်တို့တွေ ကဆင့်ကလျား ဖြစ်ရတာ''

''ကျွတ်''

မင်းမဟံ စိတ်ပျက်စွာ ညည်းညူမိလိုက်ခြင်းပါ။ ကျေးဇူးမတင် တတ် နားမလည်တတ်သောလူတွေရှေ့မှာ ကိုယ့်အဖေက လုံးဝမှ တန်ဖိုး နိုးတော့ပါလား။ တကယ်ဆို သူတို့တွေ ဒီလိုအလုပ် မယ်မယ်ရရမလုပ် ဘဲ စားသောက်နေနိုင်တာ ဖေဖေ့ရဲ့ ထောက်ပံ့မှုကြောင့်ပင်။

ဒါပေမဲ့ သူလည်း ဖေဖေ့ဘက်က ကာကွယ်မပေးချင်ပါ။ သူ့ ပေါ်ရော ဖေဖေ ဒီထက်ပိုပြီး ဘာတာဝန်ကျေခဲ့လဲ။ ကျွေးမွေးရုံ ထောက်ပံ့ပေးကမ်းရုံ။

မယားငယ်ရဲ့သားသမီးမို့ ဘယ်နေရာ လူရာသွင်းခံခဲ့ရတာမျိုးမှ ဟုတ်ဘဲ။

တစ်ခါတစ်ရံ ဖေဖေ့ကို သွားတွေ့သည့်အခါမျိုးမှာ . . .

''ဘာလိုအပ်လို့ လာပြန်တာလဲ မသိဘူး၊ အတောင်းအရမ်း တ်ဝေခံ အဆင့်အတန်းက သွေးဆိုတော့ သူတောင်းစားစိတ်ကတော့ ကြည့်ပဲ''

''မယားငယ်သားဆိုတဲ့ ဂုဏ်ပုဒ်က ကြီးမြတ်နေလို့ အရှက်မရှိ ခံရဲတာပဲ၊ ငါတို့ ဂုဏ်သိက္ခာကျလို့ကတော့ ဖေဖေ့ကိုတစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



အမွှေဖြတ်ခိုင်းမယ်''

ဖေဖေ့သားကြီး၊ သမီးကြီးများကလည်း အမြဲ ဖြူစုစောင်းမြောင်း၍ တိုက်ခိုက်နေကျ။

သူ ဘာကြောင့် ဖေဖေရဲ့ မယားငယ်သား၊ မေမေ့ရဲ့လင်ငယ်သားဖြစ်နေရတာလဲ၊ မိဘတွေရဲ့ အိမ်ထောင်ရေးစည်းဖောက်မှုက သူ့ကို ဒဏ်သင့်ရိုက်ခတ်စေတာ တရားသလား။ လူ့ပုံအလယ်မှာ မျက်နှာငယ်

မိသားစုတွေကြားမှာ အနိုင်ကျင့် နှိမ်ချခံရ။

ဒါဟာ ဝဋ်ကြွေးတစ်ခုဆိုလျှင် ပြောင်းလဲခွင့်မရဘဲ တစ်သက်လုံး ပေးဆပ်နေရတော့မှာပင်။

ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုလျှင် ဒီဘဝမှာ အဆုံးသတ်စေချင်သည်။

သက်တမ်းတိုတိုနေရပါလို၏။

■ ■ ■



## အခန်း (၅)

ညက ဆူပူကြိမ်းမောင်းသံတွေက အိပ်ရာဝင် မျက်လုံးနှစ်လုံး
...ကို့ အဆုံးသတ်သွားခဲ့ပြီး မနက်မိုးလင်း မေမေ ထမင်းထချက်အချိန် ... သူ ခြေသံဖွဖွဖြင့် မေမေ့ဆီ ရောက်လာခဲ့သည်။

''ဟင် သားလေး ဘာလို့ အိပ်ရာ အစောကြီး ထလာတာလဲ ...င်ငါးနာရီကျော်ပဲ ရှိသေးတယ်၊ သွားအိပ်ချေဦး သွား''

''ညကတည်းက ကောင်းကောင်းအိပ်မပျော်တာ၊ မအိပ်ချင် ...ပါဘူး အမေ''

''သား သင်တန်းတက်ရဦးမှာ၊ နေမကောင်းဖြစ်နေပါဦးမယ်''

''ရပါတယ် မေမေ၊ စာလည်းကျက်ရဦးမှာမို့ပါ''

''အေး အေး အဲဒါဆို မျက်နှာသစ်လိုက်၊ မေမေ ထမင်းကြော် ...လိုက်မယ်၊ ဒါနဲ့ သား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

ပြောစရာ ရှိနေပုံရသော မေမေ့နားမှာ သူ ဝင်ထိုင်လိုက်သည်။ ဆွမ်းတော်ပွဲ ပြင်နေသော မေမေက သူ့ဘက်လှည့်ထိုင်ကာ

"သူတို့တောင်းနေတာကို ပေးလိုက်မှ နားပူသက်သာတော့မယ် ထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ သား"

"မေမေ့သဘောပါ၊ မေမေ ပေးစေချင်တယ်ဆိုရင် သားပေးလိုက်ပါ့မယ်"

"မေမေ့သဘောအတိုင်းကတော့ ဘယ်ပေးစေချင်မှာလဲ သားရယ်၊ သားအဖေက သားကို ဝတ်စေချင်လို့ ပေးသလို မေမေကလည်း သင်တန်းတက်နေတဲ့ သားလေး လူရိုသေရှင်ရိုသေ ဖြစ်အောင် ဝတ်စေချင်ပါတယ်၊ ဒါပေမဲ့"

"သား နားလည်ပါတယ်၊ မရမချင်း မေမေနဲ့သားကို သူတို့ ရန်လုပ်နေကြမှာ၊ ဒါပေမဲ့ ဒါကုန်သွားရင် အကြောင်းအမျိုးမျိုးနဲ့ ထပ်ပြဿနာရှာကြဦးမှာပဲ၊ ဖေဖေ ဝယ်ပေးထားတဲ့ ဒီအိမ်ကနေ သူတို့ကို နှင်ချလိုက်ပါလား မေမေ"

"သား ဘယ်လိုပြောလိုက်တာလဲ သားရယ်၊ ဒါ သားအစ်ကိုနဲ့အစ်မတွေလေ၊ မေမေတို့ နှင်ချလိုက်ရင် သူတို့ ဘယ်မှာခိုကပ်နေကြမလဲ"

"ဒါဆို သားတို့ ဒီအတိုင်းပဲ ရန်ပြုတိုက်ခိုက်တာ ခံ၊ အပြောအဆိုတွေခံရနဲ့ အမြဲတမ်း စိတ်ဆင်းရဲနေရမှာလား" ◆





သူ အံကြိတ်ကာ မေးမိတော့ မေမေက သူ့ပခုံးလေးကိုပွတ်ပွတ်လေး ...က်လာပြီး

"သားရယ် သားလေးအတွက် မေမေ စိတ်မကောင်းပါဘူး၊ ...ရ အိမ်တွင်းရေးကိစ္စဆိုတော့ ဝဋ်ကြွေးတွေ ပေးဆပ်နေရတယ်လို့ ...ည်း မေမေ ပြောမထွက်ရက်ဘူး၊ မေမေနဲ့အတူ ပေးဆပ်နေရတယ်လို့

"ပေးဆပ်ရတယ်ဆိုလည်း အတိုင်းအတာရှိဘာပေ့ါ မေမေရယ်၊ ...ာ မွေးချင်းမောင်နှမတွေဆိုပြီး သားအပေါ် သူတို့ ငုံ့ညှာကြလို့လား"

"အဲဒါက သားကို သူတို့ မနာလိုဖြစ်လို့ ရန်ရှာနေကြတာပါ၊ ...ာ သူတို့ထက် ထူးပြီး ရုပ်လည်းချောတယ်၊ အဝတ်အစား ဝတ်...်ရင်လည်း သန့်ပြန့်တောက်ပြောင်နေတာပဲ"

"အဲဒါနဲ့ ဖေဖေ ဝယ်ပေးတဲ့ အဝတ်အစား အသစ်တွေဆိုရင် ...တို့အရင်ဆုံးဝတ်ပြီး သားက သူတို့အကျ နွမ်းဖတ်နေမှ ဝတ်ရတယ်၊ ...ဖေ ဝယ်ပေးသမျှ ရွှေထည်ပစ္စည်းနဲ့ ပလက်တီနမ်တွေလည်း သူတို့ ...ုန် သုံးဖြုန်းပစ်တယ်၊ အဆင့်အတန်းမြင့်မြင့်နေရအောင် ဖေဖေ ...်ထည့်ပေးထားတဲ့ အိမ်တွင်းပရိဘောဂတွေလည်း သူတို့ရောင်းစား... အခွံပဲ ကျန်တော့တယ် မဟုတ်လား"

"လောက်အောင် မပေးလို့ ဒီလိုလုပ်တာ ခင်ဗျားတို့ ပြောစရာ ...ိုဘူးလို့ ပြဿနာရှာတာ မေမေ သိပါတယ် သားရယ်၊ ဒါပေမဲ့ ...မေ ဘယ်လိုလုပ်မလဲ၊ ဒီလို သားဆိုးသမီးဆိုးကို မွေးမိတာ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ''

''မေမေ''

''သူတို့ လူမမယ်ကလေးလေးတွေ ငေါ်တစ်လှည့် ပြတ်တစ် လှည့်နဲ့ အရမ်းကို ဆင်းရဲဒုက္ခရောက်နေလို့ မယားငယ်အမည်ခံပြီး သူတို့အတွက် ရင်းခဲ့တာပါ၊ ဒီအမေရဲ့မေတ္တာကို သူတို့ နားမလည်ကြဘူး မေမေ့ရင်တွေ နာပါတယ် သားရယ်၊ ရင်တွေ နာပါတယ်''

''မေမေရယ်''

ရင်ဘတ်ထုနေသော မေမေ့လက်ကလေးတွေကို ဆုပ်ကိုင်၍ မျက်ရည်တွေကို သုတ်ပေးရင်း သူလည်း မျက်ရည်ကျမိသည်။ မေမေ့ မျက်ရည်တွေကြောင့် အစ်ကိုအစ်မတွေ သူ အရှုံးပေးသည်းခံနေရတာပါ

''မေမေ မငိုပါနဲ့ မေမေ''

''သားလေးရယ် သားလေးက မေမေ့ကို နားလည်ပေးနေလို့ မေမေ ဒီနေ့ ဒီအချိန်ထိ အသက်ရှင်သန်နေရတာပါ၊ မေမေ့သားလေးကို မေမေ သနားတယ်၊ ဒါပေမဲ့ သားဆိုးသမီးဆိုးတွေကိုရော မေမေ ဘယ်လို စွန့်ပစ်မလဲ သား၊ သူတို့ကြောင့် မေမေ ဒီလိုဘဝကို အရောက်ခံခဲ့တာ အခုချိန်မှ ပစ်ပစ်ခါခါ ဆက်ဆံလိုက်ရင် မေမေ့မေတ္တာတွေ အလကား ဖြစ်ပြီပေါ့၊ မေမေ မခံစားနိုင်ပါဦးမလား''

''သူတို့မှ နားမလည်တာ၊ တစ်ခါလောက် ပစ်ပစ်ခါခါ နေကြည့် ပါလား၊ ဒီလိုကြီး စိတ်ဆင်းရဲခံနေလို့''

''သူတို့ပြောသလို မေမေ မှားခဲ့တာ ရင်စည်းခံရုံပဲပေါ့ သား





ရယ်၊ သူတို့အဖေနဲ့ပဲ နေခဲ့မယ်ဆိုရင် ထမင်းမဝပေမယ့် ပတ်ဝန်းကျင် ကောက်ညှိုးထိုးတော့ ဘယ်ခံရတော့မလဲ၊ အရွယ်လေးတွေရောက်လာတော့ မယားငယ် အမည်ခံထားတဲ့ အမေကြောင့် သူတို့ အရှက်ရကြတယ်လေ၊ သူတို့အတွက် မေတ္တာနဲ့ ရင်းခဲ့တာတွေ အလကားဖြစ်သွားရတယ်၊ အချိန် တွေ နောက်ပြန်လှည့်လို့ရရင် သူများအိမ်တွေက အဝတ်လျှော် သန့်ရှင်း ရေးသမားဘဝနဲ့ပဲ သူတို့ကို တစ်သက်လုံး လုပ်ကျွေးလိုက်ချင်ပါတယ် သားလေးရယ်''

''မေမေ အဲလိုကြီး မပြောပါနဲ့''

မေမေ့ရင်ခွင်ကို နိုဝင်ဖက်တွယ်၍ သူ တစ်ချက် ကြိတ်ရှိုက် လိုက်သည်။ မေမေက သူ့ဆံပင်တွေကို ဖွဖွလေးသပ်ပေး၍

''ဘယ်လို မိန်းမမှ အငယ်အနှောင်းဘဝကို မနှစ်မြို့ကြပါဘူး သား၊ တစ်လင်မကောင်းလို့ တစ်လင်ပြောင်းခဲ့တာလည်း မဟုတ်ပါဘူး၊ ကိုယ်ကောင်းဆန်ပြီး အားကိုးလို့မရတဲ့ ယောက်ျားကြောင့် သားသမီး တွေဆင်းရဲချို့တဲ့ ငေါ်ပြတ်နေတာကို မကြည့်ရက်လို့ အမေ ဒီလိုလုပ် ခဲ့တာပါ''

''မေမေရယ်''

''သားအဖေက တကယ် ကျေးဇူးရှိတဲ့သူပါ၊ မေမေ့ကို သူ့မှာ မိန်းမယားရှိသေးလို့ တစ်အိုးတစ်အိမ် ထူထောင်ပြီး တခမ်းတနား ပွဲ ထက်မယားအဖြစ် မပေါင်းသင်းနိုင်ဘူးလို့ သူ အစတည်းက ပြောခဲ့ပါ တယ်၊ သားသမီးတွေရှိလို့ ကလေးမယူဖို့လည်း သတိပေးခဲ့ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မီးယပ်ရောဂါနဲ့ အိမ်ထောင်သာယာမှုမပေးနိုင်တဲ့ သူ့ရဲ့ ကိုယ်တိုင်က မေမေနဲ့ လက်ထပ်ဖို့ ခွင့်ပြုပေမယ့် အဲဒီအိမ်ထောင်ရေး ကို လျစ်လျူမရှု ဥပေက္ခာမပြုခဲ့ဘူး သား။ ယောကျ်ားသဘာဝ သာယာ ရှာခဲ့ပေမယ့် မိသားစုအပေါ် သစ္စာဖောက်ခဲ့တာမျိုး မဟုတ်ပါဘူး''

''မေမေနဲ့လက်ထပ်တာကို ဖေဖေ့သားသမီးတွေ သဘော ကြည်ဖြူရဲ့လား''

ဒေါ်သက်ထားဆွေ လေးပင်စွာ သက်ပြင်းချရင်း ခေါင်း သည်။

''ငယ်သေးတော့ ကြည်ဖြူတယ်၊ မကြည်ဖြူဘူး ဆန္ဒမပြ ဘူးဆိုပေမယ့် လူသိရှင်ကြား မလုပ်ဘူးဆိုတဲ့ သူတို့အဖေရဲ့စကား လက်ခံနားလည်ကြတယ်၊ သူတို့အဖေကလည်း ဖျောင်းဖျနှစ်သိမ့်မှာ တခြား မိန်းမလည်တွေနဲ့တွေ့ပြီး အပျော်ရှာလို့ နာမည်ပျက်မှာထက်စာ တော်သေးတယ်လို့ သိမ်းသွင်းမှာပေ့ါလေ''

''အခုကျတော့ သားကိုတောင် ညီအစ်ကို မောင်နှမရယ် အသိအမှတ်မပြုဘူး''

''ဒါက အမွေဖယား ရှုပ်မှာစိုးလို့ ထင်ပါတယ်၊ မေမေ သားကို မွေးမယ်လို့လည်း အစက ထင်မှမထင်ကြတာ၊ မေမေက ဆေး တို့မိသားစု ရပ်တည်မှု ခိုင်မာဖို့အတွက် သားကို အတ္တတွေနဲ့ မွေးလို မိတာ၊ သားကို ဒုက္ခပေးမိသလို ဖြစ်သွားပြီကွယ်၊ မေမေ့ကို ဒီလို တွင်းထဲ ဆွဲခေါ်တဲ့သူဆိုပြီး မုန်းနေလား သား''



''မမုန်းပါဘူး မေမေ၊ သားဘက်က ရပ်တည်ပေးရင်းနဲ့ ကိုကြီး တို့ မမတို့ရဲ့ စော်ကားနှိမ့်ချခံနေရတာကို စိတ်မကောင်းဖြစ်မိနေတာပါ''

''သားရယ် မေမေ ရွေးချယ်တဲ့နည်းလမ်း မမှန်ခဲ့လို့ ပြောခံရ တယ်လို့ အောက်မေ့ပါတယ်၊ ဝဋ်ကြွေးတွေ ရှိခဲ့ရင် ဒီဘဝတင် ကျေပါစေ လို့ မေမေ ဆုတောင်းပါတယ်၊ သားရော မေမေရော ဒီဝဋ်ကြွေးတွေကို ပေးဆပ်ရတော့မှာပေ့ါ''

''မေမေရယ်''

မေမေက သူ့ကို ဖက်တွယ်ကာ ငိုသည်။ သူ့မျက်ရည်တွေလည်း မေမေ့ရင်ဘတ်မှာ စိုလူးသွား၏။

ဒီမျက်ရည်တွေနဲ့ ခရီးဆက်ခဲ့ရတာ နှစ်တွေကြာခဲ့ပြီပဲ ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟော မောင်ထိုက်သူစံ၊ အိမ်ဘက်မလာတာကြာလို့ မျှော်ေ
တာကွဲ့၊ မင်းညီမကလည်း တမေးမေးနဲ့"

"ဟုတ်ကဲ့ ကုမ္ပဏီကိစ္စနဲ့ အရေးပေါ် နိုင်ငံခြားသွားလိုက်ရ
ပါ၊ မပြောဆီ ဖုန်းဆက်တော့လည်း ဆက်သွယ်မှုစရိယာပြင်ပကြိ
တစ်ခါတလေ စက်တောင်ပိတ်ထားလိုက်သေးတယ်"

"ထုံးစံအတိုင်း ကျောင်းကပြန်ရောက်ရင် အင်တာနက်ထို
မယ်လေ၊ ဒါနဲ့ မင်းအမေရော သက်သာရဲ့လား"

"ထူးပြီး သက်သာလာတယ် မရှိပါဘူး အန်တီရယ်၊ အိပ်ရာ
မှာပဲ အပေါ့အလေးသွားလို့ သူနာပြုနှစ်ယောက်တောင် ခေါ်ထားရတယ်
မေမေ့ဝဋ်ကြွေးက တော်တော်ကြီးပါတယ်"



ထိုက်သူစံက ဆိုဖာခုံမှာ ဝင်ထိုင်ရင်း အသံတွေ တိုးတိတ်ထိမ်ဝင်သွားသည်။ နာတာရှည်ရောဂါသည် အမေ့အတွက် စိတ်မကောင်းဖြစ်နေမှာပေါ့။

ဆေးကောင်းဝါးကောင်းနှင့် ကုသနေခြင်းက ဝဋ်ကြွေးခံရအောင် အချိန်ဆွဲထားသလို ဖြစ်နေပေမယ့်လည်း အမေ ဖြစ်သူကို စောစောလွှတ်လိုက်ချင်ပုံမပေါ်။

"ကိုယ်တွေလည်း အကောင်းဆုံး ကုပေးနေကြတာပဲ၊ စိတ်ဖြေ ဦး မောင်ထိုက်သူစံရယ်၊ မင်းတို့အဖေကရော ဂရုစိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ မေမေ့ရောဂါ ပိုဆိုးလာတော့ တော်တော်လေး ဂရုစိုက်ပေးပါတယ်၊ ကုမ္ပဏီအလုပ်တွေ ကျွန်တော့်ကိုလွှဲထားပြီး အိမ်မှာပဲ နေပေးတယ်"

"အေး ကိုထိုက်က ရောဂါသည် မိန်းမနဲ့ နေလာခဲ့ရပေမယ့် အရမ်းကြီးလော်မာ ဖောက်ပြန်တဲ့သူတော့ မဟုတ်ပါဘူး။ မင်းတို့အမေ အပေါ် ပစ်ပစ်ခါခါ အကြင်နာကင်းတဲ့ ဆက်ဆံရေးမျိုးလည်း မဟုတ်ဘူး၊ အဖေကို မငြိုငြင်ကြနဲ့နော်"

"ဟုတ်ကဲ့ ဖေဖေ့ကို မငြိုငြင်ကြပါဘူး။ မိန်းမတစ်ယောက်နဲ့ ဆက်ထပ်လိုက်တယ်ဆိုတာလည်း မေမေ တိုက်တွန်းမှုကြောင့်ပါတယ်ဆို တာ ကျွန်တော်တို့ နားလည်ပါတယ်၊ ဒါပေမဲ့ ဟိုဘက်က မိန်းမ သားသမီး မွေးလိုက်တာတော့ တော်တော် ကသိကအောက် ဖြစ်တယ်"

"အဲဒါတော့ ဟိုဘက်က လူလည်ကျတာပဲ၊ ကိုထိုက်ကိုပဲတိုင်

www.burmeseclassic.com



က ကလေးမယူဖို့ သတိပေးထားရဲ့နဲ့ ခံစားခွင့်တွေ မျှော်ကိုးပြီး ကိုထို မသိအောင် ကလေးကို ရအောင်ယူလိုက်တာ နောက်မှသိတော့ ကိုထို ကလည်း သူ့ရင်သွေးကို ဘယ်စွန့်ပစ်ချင်တော့မလဲ ပြီးတော့ မယား သားသမီးတွေကလည်း အရမ်းဆိုးတယ်ဆို''

ထိုက်သူစံ မျက်နှာပါ ရှုံ့မဲ့သွားပြီး ခေါင်းညိတ်၏။

''ဟုတ်တယ် အဲဒါတွေ စိတ်ကုန်လို့ ဖေဖေလည်း အဲဒီဘ ကို အသွားအလာ ကျဲသွားတယ်''

''အဲလိုလုပ်တော့ ဟိုမိန်းမနဲ့သားက လိုက်မလာဘူးလား

''လာတယ် လာတိုင်းလည်းပေးကမ်း ထောက်ပံ့နေရတာပါ

''အဝင်အထွက် ရှုပ်ရင်တော့ မင်းတို့မိသားစု ဂုဏ်သိ ထိခိုက်မယ်နော်''

''အဲဒီအတွက်ပဲ ကျွန်တော်တို့ မောင်နှမ စိတ်ညစ်နေတာ အန်တီ၊ မမက သူ့ယောကျ်ားဘက်က ဆွေမျိုးတွေသိပြီး အထင်သေ ရမှာစိုးလို့ လုံးဝကို လက်မခံချင်ဘူး။ ကျွန်တော်ကလည်း အန်တီ ဂုဏ်သိက္ခာအတွက်''

''ဟုတ်တယ် မှန်တယ် မောင်ထိုက်သူစံ၊ အဲဒီဘက်က အ အထွက်လုပ်မနေဘူးဆိုရင် ကိုထိုက် အငယ်အနှောင်း ထားခဲ့တဲ့ကိစ္စ သမားရိုးကျ မေ့မေ့ပျောက်ပျောက် ပြီးသွားနိုင်ပေမယ့် ဒီလိုလုပ်နေ ကတော့ သမီးနဲ့ သဘောတူထားတဲ့ကိစ္စက ပတ်ဝန်းကျင် မော အထင်သေး ကဲ့ရဲ့စရာ ဖြစ်သွားမယ်''





ထိုက်သူစံ သက်ပြင်းချကာ မျက်နှာတစ်ခုလုံး မှိုင်းမှုန်တည်တင်း သွားသည်။ အိမ်အံကူ မိန်းကလေး ကော်ဖီခွက် လာချပေးတာတောင် မသောက်နိုင်တော့ဘဲ

''အန်တီတို့ကို ကျွန်တော် အရမ်းအားနာပါတယ်''

''အန်တီတို့ကတော့ ရပါတယ်၊ မင်းတို့မိသားစုအကြောင်း အား လုံးသိနေတာပဲ၊ သမီးကလည်း မင်းကိုဆို အစ်ကိုတစ်ယောက်လို ခင် တွယ်နေတာပါ၊ ဒါပေမဲ့ အဲဒီကိစ္စကိုတော့ မင်းတို့ နည်းနည်း ထိန်းသိမ်း ပေးဖို့ အန်တီ တောင်းဆိုချင်တယ်''

''ဟုတ်ကဲ့ စိတ်ချပါ အန်တီ၊ အဲဒီ သားအမိကို ကျွန်တော် ဖြတ်ပြတ်သားသား ကိုင်တွယ်မှာပါ၊ ဖေဖေ့ကိုလည်း ရှင်းရှင်းလင်းလင်း ပဲ ဆက်ဆံနိုင်းမယ်''

''ကိုသူ''

''ဩော် မဟေ''

ကြားနေရသည့် စကားတွေက အရင်လို နားထောင်ရတာ အဆင်မပြေပေ။ အရင်က ဟိုတစ်ဖက်ကလူတွေကို မသိခဲ့တာကြောင့် ထိုက်သူစံ ဘာပြောပြော နှိမ့်ချအနိုင်ကျင့်နေသည်လို့ မထင်မိ။

နာကျင်စရာတွေကြောင့် ပေါက်ကွဲသင့်သည်ဟုတောင် အားပေး မိသေးသည်။ အခုတော့ ဟိုတစ်ဖက်က သားအမိနှစ်ယောက် ဘဝက လည်း သနားစရာပါ။

''ကိုသူ ဘယ်အချိန်တုန်းက ရောက်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အခုလေးပဲ ရောက်တာ မဟော၊ အခုမှ သင်တန်းက ပြန်လာ တာလား၊ အဲလိုမှန်းသိရင် သင်တန်းကို ဝင်ကြိုပါတယ်"

"အမြဲတမ်း မအားမလပ်ဖြစ်နေတဲ့သူက ဘာလို့ ဝင်ကြိုမှာလဲ"

"မဟောအတွက်တော့ အချိန်ပေးသင့်ရင် ပေးရမှာပေါ့"

"အဟင်း ဟင်း အပိုတွေ ပြောမနေပါနဲ့၊ ညော် ကိုသူ ညစာစားပြီးမှ ပြန်မှာမဟုတ်လား"

"ညော် မစားတော့ဘူး မဟောရဲ့၊ ကိုယ်က မဟောကို အပြင်မှ တစ်ခုခု ကျွေးမလို့ လာခေါ်တာ"

"မဟော မလိုက်တော့ဘူး ကိုသူ၊ အိမ်မှာလုပ်စရာလေးတွေ ရှိသေးလို့"

"သမီးရယ် သမီး ဘာအလုပ်ကြီးအကိုင်ကြီး လုပ်မယ်ဆိုတာ မေမေ သိတယ်၊ အပိုတွေ မပြောနဲ့၊ မောင်ထိုက်သူစံ ကျွေးမှာ လိုက်စား လိုက်၊ သူက မအားတဲ့ကြားက သမီးကို အချိန်ပေးပြီး လာခေါ်ရှာတာ အရင်က တစ်ခါမှ ငြင်းဖူးတာ မဟုတ်ဘဲနဲ့၊ မူနေသေးတယ် သွား သွား"

မေမေပြောတာလည်း ဟုတ်နေသည်။ အရင်ကဆို ကိုသူ ဘယ် ခေါ်ခေါ် ဘယ်သွားသွား သူမ ငြင်းခဲ့ဖူးသည် မရှိပါ။

ကိုသူ ဝယ်ပေးသမျှ လက်ဆောင်တွေကိုလည်း ကြည်ကြည် ကျေနပ်စွာ ယူခဲ့တာပါပဲ။

မွေးချင်းမောင်နှမမရှိတာမို့ ကိုသူရဲ့ဂရုစိုက်အလိုလိုက်မှုများ



...ပေါ် သူမ သာယာမက်မောမိတာ ဝန်ခံရမည်။

ဒါပေမဲ့ အခု မင်းမဟံနှင့်ကိစ္စမှာ ကိုသူတို့ မတရားဘူးဟု ...အောက်မိပြီး စိတ်ထဲမှာ မကြည်မလင် ဖြစ်နေခဲ့တာ။

ကိုယ်နဲ့ဆိုင်လား မဆိုင်လား မသိပေမယ့် ရင်ထဲမှာ ခိုးလို့ခုလု ...ကောင်းစနင်းနှင့် ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မျက်နှာကြီးက မသာမယာနဲ့ မလိုက်ချင်ဘဲ လိုက်လာရလို့ စိတ်ကောက်နေတာလား"

ကိုသူက ကားပေါ်မှာပင် သူမ မျက်နှာလေးကို လှည့်ကြည့် လှည့်ကြည့်ဖြင့် ပြုံးစေ့စေ့ မေးခွန်းထုတ်၏။ ခါတိုင်းလိုဆိုလျှင် နှုတ်ခမ်းလေးစူကာ ဟုတ်တယ်ဟု ဆိုးနွဲ့မိမလား မသိပေ။

"ကိုသူ ရေခဲမုန့်ဆိုင် မောင်း"

"အင်းပါ မဟေ ဘာကြိုက်တယ်ဆိုတာ ကိုသူ သိပါတယ် ကြက်ဆီထမင်းစားပြီးမှ ရေခဲမုန့်စားမှာ မဟုတ်လား"

"ဟင့်အင်း သင်တန်းက အပြန် စားလာလို့ ဗိုက်တင်းနေတယ် ရေခဲမုန့်ပဲ"



"ဟုတ်ပါပြီဗျာ၊ မဟေ သဘောပါ"

အလိုလိုက် ဖြည့်ဆည်းပေးနိုင်သော အစ်ကိုကြီး လေသံမျိုးနှင့် ပြောပြီး မြမဟေ ခေါင်းလေးကို သူ့လက်ဖဝါးကြီးနှင့် အုပ်မိုးပွတ်သပ်လိုက်သေး၏။

ဘယ်အရာကိုမှ မြမဟေ ပျော်ဝင်နှစ်လိုခြင်း မရှိပါ။ ဆိုင်ထဲရောက်တော့လည်း သူမ မျက်နှာလေးက အေးစက်မှိုင်းမှုန်လျက် တစ်ခုခုကို တွေးတောစဉ်းစားနေမိသလို ဖြစ်နေသည်။

သူမ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်၍ အကဲခတ်နေသော ...ဘ

"မဟေ ဘာဖြစ်နေတာလဲ"

"ကိုသူကို ပြောစရာရှိလို့ပါ"

"အင်း ပြောလေ မဟေရဲ့၊ ကိုသူကို ပြောစရာရှိတာများ ...း ပလ္လင်ခံနေရလား။ ဘာအကြောင်းကိစ္စမို့လဲ"

"ဟို ကိုသူတို့အဖေတူ အမေကွဲ ညီလေး"

"ဩော် မင်းမဟာ်ကို ပြောတာလား။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ကိုသူတို့နဲ့ အရမ်းအနေစိမ်းနေသလားလို့ ...မတူပေမယ့် အဖေတူတာကလည်း ညီအစ်ကိုရင်းတမျှပဲ မဟုတ် ..."

"မဟေ အခု ဘာတွေပြောနေတာလဲ၊ အရင်က ဒီအကြောင်း ...ဟေ စိတ်[illegible]းပါဘူး၊ ကိုယ်ပြောရင်တောင် မဟေလည်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို မကျေမနပ် ဖြစ်ခဲ့တာပဲ မဟုတ်လား''

''ဩော် မပော က မေးကြည့်တာပါ၊ တချို့ဆို ဖအေတူ မအေကွဲ မောင်နှမတွေ တစ်အိမ်တည်းတောင် အတူနေကြသေးတာ မဟုတ်လား''

''သူများတွေတော့ မသိပေမယ့် သူတို့နဲ့ ကိုယ်တို့နဲ့ အဆင့် အတန်းမှ မတူဘဲ မပော၊ ပြီးတော့ ဖေဖေ လက်ထပ်လိုက်တာ အမျိုး တစ်ယောက်လည်း မဟုတ်ဘူး''

''သေချာတွေးကြည့်ရင် ဟိုဘက်မှာသားသမီးတွေ ရှိသလို ဒီဘက်မှာလည်း သားသမီးတွေရှိလို့ မျှတပါတယ် ကိုသူ၊ အဆင့်အတန်း ဆိုတာလည်း ကိုသူ့အဖေနဲ့ရပြီးမှတော့ မြင့်တွေးရင် ဖြစ်တာပဲ၊ လူဆိုတာ တန်ရာတန်ရာပဲ ပတ်သက်ကြတာ''

''မပော''

ဒါကိုတော့ ထိုက်သူစံ သိပ်မကျေနပ်ပေ၊ တန်လို့ရသည်ဆိုသော စကားက ဖေဖေ့ကိုပါ တန်ဖိုးနှိမ့်ချလိုက်တာနှင့် အတူတူပဲမဟုတ်လား သို့သော်လည်း မကျေနပ်ခြင်းက ဟိုသားအမိအပေါ်သာ ပုံကျသွားလေ

''ဖေဖေက သူတို့ရဲ့ နိမ့်ကျလွန်းတဲ့ဘဝကို သနားစာနာလို့ တာပါ၊ အငယ်အနှောင်းဆိုတာလည်း ပြည့်တန်ဆာထက် ခေါ်ကောင်း လောက်ပါပဲ''

''အဲလို စကားလုံး ရိုင်းရိုင်းတွေနဲ့ သူတစ်ပါးကို မနှိမ့် မစော်ကားပါနဲ့ ကိုသူ''

''ကိုယ် အမှန်တရားပြောတာ မပော၊ ပြည့်တန်ဆာက တ





...နဲ့ ဘယ်လိုဖြစ်ဖြစ် ကလေးယူလို့ မရဘူး၊ မတော်တဆ ...ရသွားခဲ့လည်း ဘယ်ယောက်ျားကမှ တာဝန်ယူဖို့ စိတ်ကူးမရှိဘူး၊ ...ကြဘူး၊ အခု ဒီအမျိုးသမီးကတော့ ဖေဖေ့ရဲ့တရားဝင် လက် ...း လက်ထပ်ယူထားတဲ့ ဂုဏ်ပုဒ်တစ်ခုနဲ့ ကလေးယူခွင့်ပါမစ်ပါ ...တယ်၊ ဒီလောက်ပါပဲ''

''ကွာဟချက်ကို တိုင်းထွာပြတာ ကိုယ်ကျင့်တရားနဲ့ပါ သက် ...တယ် ကိုသူ၊ အဲဒီ အမျိုးသမီးက သူ့သားသမီးတွေအတွက် ...ည်ဆိုးတစ်ခု စွန်းထင်းခံပြီး ဘဝကို ရင်းနှီးလိုက်တာပါ''

''မင်းနဲ့ ဘယ်လိုပတ်သက်မှုတွေရှိနေလို့ သူတို့ဘက်က ခုခံ ...နေတာလဲ မပော၊ မင်း ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ''

''ဟင် ဟို အဲဒါ''

သူမ စိတ်တွေလွတ်ကာ လေသံမာမာ ပြောမိတော့ ကိုသူ ...တော် မခံချင် ဖြစ်သွားဟန်တူ၏။ ဝေါက်ငမ်းကာ လေသံပြင်းပြင်း ... ခပ်စိမ်းစိမ်း မေးခွန်းထုတ်သည်။

သူမ ယောင်နနဖြင့် ရေခဲမုန့်ခွက်လေးယူပြီး ဇွန်းလေးဖြင့် ...နေလိုက်၏။ ကိုယ်နဲ့မပတ်သက်ဘဲ သူမလည်း ဒီလောက်ထိ မ ...ကွဲသင့်ဘူး မဟုတ်လား။

''မပော''

''ဟင် ကိုသူ''

''ကိုယ့်အဖေရဲ့ အမည်းစက်ကြောင့် မပော စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယှက် ဖြစ်နေတာလား၊ ပတ်ဝန်းကျင်က ကဲ့ရဲ့မှာကို စိုးရိမ်နေတာ လား မဟော''

''အာ အဲဒါတွေကြောင့် မဟုတ်ပါဘူး မဟောက''

''ဒါဆို ကိုယ်တို့ စေ့စပ်ဖို့ကိစ္စကို စီစဉ်နိုင်းလိုက်ရတော့မလား''

''မ မလောပါနဲ့ဦး၊ မဟော သင်တန်းတက်နေတုန်း ရှိသေးတယ် ကိုသူလည်း အလုပ်တွေပိနေလို့ မအားဘူး မဟုတ်လား''

''အဲဒါတော့ ဟုတ်တယ်၊ ဖေဖေက မေမေ့ကို ဂရုစိုက်နေရတော့ ကုမ္ပဏီက အလုပ်တွေက ကိုယ့်အပေါ်မှာပဲ ပိနေတာ၊ ဒါပေမဲ့ မေ ကျန်းမာရေးကြောင့် အလျင်စလို စေ့စပ်ထားမှလည်း အဆင်ပြေမ မဟော၊ မေမေက သူ မသေခင် ကိုယ်နဲ့မဟောကို လက်ထပ်ပေးချင် တာ''

''အင်း''

လေးပင်စွာ အင်းတစ်လုံး လိုက်ရင်း ရင်မှာလေးပင်သွား သည်။ ကိုသူ့အမေ မိမိကိုချစ်တာ မိမိ သိပါသည်။

ငယ်ငယ်ကဆို ကိုသူတို့အိမ်ကို ရောက်အောင်သွားရမှ။ အ အိမ်မှာ မနက်စာစား ရေမိုးချိုး အလှတွေပြင်ပြီး ကျောင်းသွား၊ ညေ ကျောင်းပြန်ဆိုလည်း အဲဒီအိမ်ကို ခဏလေးဖြစ်ဖြစ် ဝင်လိုက်ရမှ ကျေ တတ်တာ။

အရွယ်လေး ရောက်လာတော့ ကိုသူ ကျောင်းလိုက်မပို့သည့် နေ့ဆို စိတ်ဆိုးစိက်ကောက် ထမင်းမစားဘဲ ဆန္ဒပြ။



''မဟော အင်းဆိုတဲ့အသံက စိတ်မပါသလိုနဲ့ ဘာကို မထောက် ...်တာလဲ''

''ဟင့်အင်း ကိုသူ အမေ မဟောကို ချစ်တာ မဟောသိပါတယ်၊ ...်ထပ်ပေးမယ်လို့ စီစဉ်ခဲ့တာလည်း မဟော လက်ခံပေးခဲ့တာပဲ''

''ဒါဆို စေ့စပ်မယ့်ကိစ္စ ဘာလို့အချိန်ဆွဲချင်နေတာလဲ မဟော၊ ...နဲ့ကိုယ့်ကြားမှာ လေ့လာဖို့ စဉ်းစားဖို့တွေ လိုသေးလို့လား''

အချစ်တွေ လိုသေးတယ်လို့ ပြောထွက်လိုက်ရမှာ သူမ အားနာ ...ည်။ တစ်သက်တာ လက်တွဲပေါင်းဖက်ဖို့ ရင်းနှီးမှုတစ်ခုတည်းနဲ့ ...်လောက်တာ သူမ သိရချိန်က မကြာလှသေး။

''သမီးကို မောင်ထိုက်သူစံနဲ့ လက်ထပ်ပေးချင်တယ်၊ သမီးတို့ ...လည်း သံယောဇဉ်ကြီးကြတာပဲ မဟုတ်လား။ သူမိဘတွေကလည်း ...ကိုချစ်တယ် မောင်ထိုက်သူစံက သူ့မိဘတွေကို ပူဆာလို့ မေမေတို့ကို ...လှမ်းတာ အဲဒါ သမီးလက်ခံရမယ်နော်''

မေမေတို့တွေ သူမကို ထိုစကားတွေပြောသောနေ့ကမှ သွေး ...ရင်းချာ မောင်နှမတွေ မဟုတ်ပါလားဆိုသည့် အသိတွေဝင်လာ ...ည်။ တကယ်ဆို ထိုက်သူစံကို အစ်ကိုရင်းတစ်ယောက်လို ခင်တွယ် ...တာပါ။

အရွယ်ရောက်လာသည့်တိုင်အောင် ကိုယ့်ထက် အသက်ငါးနှစ် ...က်ကြီးသော ထိုက်သူစံကို အိမ်ထောင်ဘက်အဖြစ် တစ်ခါမှ စိတ် ...ည့်မကြည့်ခဲ့ဘူးပေ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ငယ်စဉ်တည်းက ချစ်ခဲ့ကြတဲ့ ခုချိန်ထိ သံယောဇဉ်ထုထည် နိုင်ခဲ

အမြစ်တွယ်ခဲ့တာကြောင့် မိဘတွေစကားကို သူမ မလွန်ဆန်မိခဲ့။

''မဟော ကိုယ်ပြောတာ ကြားလား''

''ဟင် ကို ကိုသူ''

ကိုသူရဲ့ ခပ်ဆတ်ဆတ် အသံကြားမှ ပစ္စုပ္ပန်တည့်တည့်

ယောင်လည်လည် ပြန်ရောက်လာသည်။ လူကို ရှေ့မှာထားပြီး အဝေ

တွေနှင့် လွင့်မျောနေတာ ကိုသူ ဒေါသဖြစ်သွားပေမပေ့။ အရည်ပျော်

ပြုံနေသော ရေခဲမုန့်ခွက်ကို သူမ လက်လှမ်းလိုက်ချိန်မှာ ကိုသူက

ဆွဲလှ၍ တစ်ဖက်ကို တိုးရွှေ့လိုက်သည်။

''ရေခဲမုန့်ကိုလည်း မင်းအာရုံဝင်စားမှု မရှိတာ ကိုယ်သိတယ်

မင်းစိတ်တွေ ဘယ်ကို ပျံ့လွင့်နေတာလဲ၊ ဘာလဲ မင်းမှာချစ်သူ ရှိနေ

လား မဟော''

''မ မဟုတ်ပါဘူး ကိုသူကလည်း ဘာတွေပြောနေတာလဲ''

''ကျွတ် တကယ်ကို ကိုသူနဲ့ လက်မထပ်ချင်သေးတာလား''

''အင်း''

ပွင့်လင်းစွာပြေတော့လည်း ရင်မှာ ကသိကအောက် ဖြစ်သွား

၏။ မြမဟောဆိုသော ဒီမိန်းကလေးကို ငယ်စဉ်ကတည်းက ချစ်ရတာ

ကိုယ့်အပေါ် ဆိုးနွဲ့အနိုင်ယူတာလေးအတွက် ပီတိဖြစ်ရင်း မြတ်နိုး

သည်။

ဆယ်တန်းအောင်ပြီး ဖူးငုံသစ်စ လှသွေးကြွယ်လာသော



တာကို ဟိုလူဒီလူ အရွယ်တူကောင်လေးလေးတွေ စိတ်ဝင်စားလာတာ

ကြားရတော့ ရင်ထဲမှာ သဝန်တိုစိတ်များဖြင့် ဘယ်လိုမှ စိတ်မချနိုင်။

ကို ဘွဲ့ရပြီးလို့ အပြင်သင်တန်းတောင်တက်နေပြီ။ ဒါကြောင့်လည်း

တွေကို ဖွင့်ပြောပြီး စေ့စပ်ဖို့ကိစ္စ စီစဉ်နေမိတာ။ ဒါပေမဲ့လည်း

ဟော အချိုသတ်၍ အချိန်ဆွဲနေတာ နားမလည်နိုင်။

သူလည်း ကိုယ့်ကို သံယောဇဉ်ကြီး ခင်တွယ်ခဲ့တာပဲ မဟုတ်

စုံစမ်းကြည့်ရသလောက် ချစ်သူရည်းစားလည်း မရှိပါဘဲ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

''မရှိဘူး။ အဲဒီပစ္စည်းက သူ့အဖေကို ပြန်ပေးလိုက်ပြီ''

''ဘာ သူ့ကိုပေးပြီးသားပစ္စည်း သွားပြန်ပေးတယ်ဆို
မဖြစ်နိုင်တာဘဲ ကျုပ်တို့ကို မပေးချင်လို့ လိမ်ပြောနေတာ မဟုတ်လာ

''ဟုတ်တယ် သူ့ကိုဆင်သမျှပစ္စည်း နင်တို့သုံးဖြုန်းမယ်
ဘယ်နှစ်ခါ အဖတ်တင်လို့လဲ၊ အဲဒါကြောင့် သူ့အဖေကို ငါကိုယ်
သွားပြန်ပေးခိုင်းလိုက်တာ''

''ဘာ တောက်''

''ဖြုန်း ခွမ်း''

''အမယ်လေး''

မောင်ကြီး ဒေါသတကြီး ဆွဲရမ်းခံလိုက်ရသော စားပွဲပေါ်





န်းအိုးလေးက သမံတလင်းပေါ်မှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေ
သည်။ ဒေါသကထားဆွေ လန့်ဖျပ်ကာ ခုန်ရှောင်လိုက်သော်လည်း
ထောက်မှာ ဖန်ကွဲစထိ၍ သွေးချင်းချင်းနီသွားခဲ့၏။

ထိုအချိန်မှာ အခန်းထဲကနေ မင်းမဟံ အပြေးအလွှား ရောက်
ပြီး

''မေ မေမေ ဘာဖြစ်သွားတာလဲ ဟာ သွေးတွေ''

ဆက်တီခုံပေါ် ပြန်ထိုင်လိုက်သော ဒေါသကထားဆွေ ခြေ
ာက်ကသွေးတွေကို တစ်သျှူးလေးယူ၍ သုတ်ပေးရင်း မင်းမဟံ
်ရည်ဝဲနေသည်။ မောင်ကြီးကိုလည်း မကျေမနပ် မျက်မှောင်ကြုတ်
ကြည့်မိ၏။

''မင်းက ဘာကြည့်တာလဲ၊ ငါ့ကိုမကျေနပ်ဘူးလား''

''မေမေကို ကိုကြီး အဲလိုမလုပ်သင့်ဘူး''

''အမေကို ရည်ရွယ်တာ မဟုတ်ဘူး။ ပန်းအိုးပေါ် ပေါက်ကွဲ
စိတ်ရင်းမကောင်းလို့ ထိသွားတာနေမှာပေ့ါ။ ငါ ဘာတတ်နိုင်မှာလဲ''

''မောင်ကြီး မင်းမအေကို ဘယ်လိုပြောလိုက်တာလဲ''

''ဟုတ်တယ်လေ နောက်လင်နဲ့ မွေးတဲ့သားကိုပဲ သားမှတ်နေ
သူ့ရှေ့ကပဲ ကာကွယ်ပံ့ပိုးနေတာ၊ အဲဒါမိခင်ပီသတာလား၊ စိတ်ရင်း
ာင်းတာလား''

''ဟဲ့ သူကလင်ပါသား မဟုတ်ဘူးလေ၊ နောက်လင်နဲ့ရတာ
သည်း အဲဒါ ငါ့ရင်သွေးပဲ၊ နင်တို့ အနိုင်ကျင့်နေလို့ သူ့ဘက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်နေရတာလေ မောင်ကြီးရဲ့ နင်တို့အတွက်လည်း ငါ
သက်လုံး ပေးဆပ်နေရတာ မဟုတ်ဘူးလား၊ ဒီကလေးကပါ အ
ပါသေးတယ်၊ ဝဋ်ကြွေးတွေကုန်ကို မကုန်နိုင်ဘူး''

''ဘာ အရက်သမား လင်နဲ့ရတဲ့သားသမီးတွေကို အ
ဝဋ်ကြွေးလို့ အောက်မေ့တယ်၊ အမေဗျာ တောက်''

မောင်ကြီး အံကြိတ်ကာ စားပွဲခုံကို ဒုန်းခနဲ လက်သ
ထိုးပြန်၏။ အရက်ရှိန်ကြောင့် မျက်နှာကြီးက အဆီပြန် နီမြန်
ကြောက်စရာကောင်းနေသည်။ ဒီပစ္စည်း မပေးအချင်း နေ့စဉ်နေ့
ဒီလိုပြဿနာက ပြီးဆုံးမှာမဟုတ်။

ဒါတောင် မိုးမိုးဆွေ သူ့ယောကျ်ားနှင့် ရုပ်ရှင်သွားကြည့်
တော်ပေသေးသည်။ ရေအိုးစင် နားထားသော အရက်ပုလင်းကို
ကြီး သွားမော့နေချိန်မှာ

''မေမေ''

''ဟင် သားလေး''

''သူတို့တောင်းနေတဲ့ ပစ္စည်းပေးလိုက်ပါတော့ မေမေ

''မ မဖြစ်ဘူးလေ သား သားအဖေက ဘယ်လိုမှာလို
သားသိရဲ့သားနဲ့ မင်းတို့ဆက်ပြီး အနိုင်ကျင့်ခံနေကြဦးမယ် ဆိုရင်
ကြီးကို သူတို့နေလို့ မရအောင် ရောင်းပစ်လိုက်တော့မယ်တဲ့၊
အဖေက ပြောရင်ပြောသလို လုပ်တတ်တာ''

''သားတို့နေရတဲ့ဘဝကို နားမလည်ဘဲ လုပ်မယ်ဆို





ဆုပ် စေတော့ပေါ့ မေမေရယ်၊ သားတို့သားအမိနှစ်ယောက် တဲနဲ့ပဲနေရ
နေရ အခန်းကျဉ်းလေးနဲ့ပဲ နေရနေရ''

''သား မေမေ ဒီထက်ဆင်းရဲမှာကို မကြောက်ပါဘူး၊ ဒါပေမဲ့
ဆက်ကြောတင်းတင်း လုပ်ကိုင်မစားချင်ကြတဲ့ သူတို့တွေ ဒုက္ခရောက်မှာ
စိုးလို့ မေမေဒီလောက်ထိ စိတ်ပင်ပန်း စိတ်ဆင်းရဲခံနေတာပါ၊ သူတို့
မသိတတ်တာ သူတို့အကြောင်းပေါ့ သားရယ်''

''ဘယ်သူ့ကို မသိတတ်ဘူး ပြောနေတာလဲ''

ပြန်ဝင်လာသော မောင်ကြီးက နားစွန်နားဖျားကြားပြီး ရန်လုပ်
ပြန်၏။ ဆက်တီခုံမှာ ဝင်ထိုင်၍ ရန်လိုသော မျက်လုံးများနှင့် ကြည့်နေပြီး

''ပြောလေ မင်းတို့သားအမိနှစ်ယောက် ဘယ်သူ့ကို တိုးတိုး
တိတ်တိတ် အပုပ်ချနေတာလဲ''

''ဘာမှ မဟုတ်ပါဘူးကိုကြီး ကိုကြီးတို့ကို ပစ္စည်းပေးဖို့ တိုင်ပင်
နေတာပါ''

''ဟေ အေး အဲလိုလုပ်စမ်းပါ၊ ငါတို့ကို ကြောက်လန့်ပြီး မဝတ်
ဘဲ ထားတာအတူတူ၊ ငါတို့ကိုပေးထားတော့ ပိုမလုံခြုံဘူးလား၊ ဒီငွေကို
ရင်းလို့ မြတ်လာရင် ညီလေးကို ပြန်ဝယ်ပေးမှာပါ''

မောင်ကြီး ချက်ချင်း အမူအရာ ပြောင်းကာ မင်းမဟာ ပခုံးကို
ဆုပ်ဖက်၏။ ထိုအချိန်မှာ မိုးမိုးဆွေ ဒေါ်ကြီးမောကြီးနှင့် ခြေဆောင့်
ကာ ဝင်လာပြီး

''ကိုမောင်ကြီး တစ်ယောက်တည်းပေးလို့တော့ မဖြစ်ဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း အရင်းပြုတ်လို့ လက်ဖက်ရည်ဆိုင် ပိတ်ထားရတာ ဘယ်
လောက်ကြာပြီလဲ၊ ငါ့ယောက်ျားက အလုပ်မရှိရင် နေတတ်တာ မဟုတ်
ဘူး၊ တော်ကြာ အမေက ဂြိုဟ်ကုပ်ရှိရာ ဂြိုဟ်ထောင်မလားဘူး လ
ကြောမတင်းဘူး ဘာညာနဲ့ အရှုအစောင်း အပြောအဆို မခံနိုင်ဘူး

"မိုးမိုးဆွေ ညည်းနှယ်အေ ဘာအလုပ်တွေလုပ်ပြီး ဘာတွေ
များ အောင်မြင်ဖြစ်ထွန်းနေလို့ မခံနိုင်ဖြစ်နေရတာလဲ၊ အရင်းအနှီးရ
လက်ဖက်ရည်ဆိုင်ထောင်လည်း အလုပ်သမားတွေနဲ့ လွှဲထားပြီး ညည်း
အပြင်ထွက်၊ ယောက်ျားက တီဗီရှေ့ကမထ ဘောလုံးပွဲလောင်း၊ ဘယ်
လုပ် အရင်းမပြုတ်ဘဲ နေမလဲ"

"ကြည့် အဲလိုအပြစ်ပြောတော့မယ်ဆိုတာ သိသားပဲ"

"အမေက ပထွေးက မသဒ္ဓါချင်တာ မပြောနဲ့ အမေကိုယ်
တိုင်က အမြဲအပြစ်ပြောပြီး စေတနာမှ မရှိဘဲ"

"မိုးမိုးဆွေ ညည်း"

"မေမေရယ် ဘာမှပြောမနေပါနဲ့တော့၊ ဆွဲကြိုးရော လက်စွ
ရော တစ်ကျပ်သားစီရှိတာ တစ်ခုစီပေးလိုက်ပြီးတာပဲ ဘယ်နှစ်ရက်
စိတ်ချမ်းသာရ သာရ၊ အဲလိုပဲလုပ်လိုက်ရအောင်ပါ မေမေ"

"သားရယ်"

ဒေါ်သက်ထားဆွေ ဘာမှမပြောချင်တော့ပါ။ ဒီသားဆိုး သမီး
ဆိုးတွေကို ဘယ်လိုလုပ် နိုင်အောင်ပြောမလဲ။

သူတို့အတွက်ပါလို့ ပြောထားမိသော နောက်လင်ယူခဲ့မိသည်



...ကြီးက တစ်သက်လုံး ပေးဆပ်လို့ ကျေနိုင်ဝံ့တာမှ မဟုတ်ဘဲ။

သံသရာအကြွေးကျန်နှင့် နောင်ဘဝသော အထုံမပါပါစေနဲ့ဟူ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဆုတောင်းနေတာလား"

"အင်း"

"ဘယ်ဘုရားဆီမှာပဲ ဆုတောင်းဆုတောင်း မင်းအိမ်က ပကွက ဘယ်တော့မှ ငြိမ်းချမ်းမှာ မဟုတ်ဘူး၊ ကံကြမ္မာကြေ မဟုတ်ဘူးကွ၊ လူတွေကကို လော်မှာနေတာ၊ ငါ့အစ်ကိုတွေသာ ဖြစ်ကြ သူသေကိုယ်သေ ထိုးကြိတ်ပစ်လိုက်ပြီ"

ဂျပုပြောင်ကြီးက လက်သီးလက်မောင်းတန်း၏။ ပြောင်ပြ ဆိုတာက ဆယ်တန်းကို ငါးနှစ်လောက်ဖြေတာတောင် မအောင် အလုပ်တစ်ခုအတွက် ဒီသင်တန်းကို လာတတ်တာ။ ရည်ရွယ်ချက် နိုင်ငံခြားသွားမည် ပြန်လာရင် မိန်းမယူမည်တဲ့။ ထိပ်ကသာပြောင်ထ





ဘယ်တော့မဆို ပူပူအိုက်အိုက် စတိုင်ပန်နှိုင်း ကုတ်နှင့် နက်(ခ်) ပူအိုက်သည့်ရာသီဆို ပြောင်နေသော နဖူးမှာ ချွေးတစိုစိုနှင့်

ဒါပေမဲ့ စိတ်ရင်းကောင်းပြီး ပျော်တတ်သည်။ ကိုယ့်ဘဝကို လို့ဆိုပြီး ကိုယ့်ကိုလည်း ခင်တွယ်၏။

ခုလည်း မနေ့ကအကြောင်းပြောမိလို့ ကိုယ့်ဘက်က မခံမရပ် နေတာ။ ကိုယ်လည်း မခံချင်စိတ်တွေကြောင့် လက်သီးကို ထားမိပြီး သွေးတွေဆူလို့ပါ။

"ကျွန်တော်လည်း ဘယ်ခံချင်ပါ့မလဲ၊ ယောကျ်ားတစ်ယောက် သွေးနဲ့မာနကြောင့် လက်တုံ့ပြန်ချင်စိတ်လည်း ရှိပါတယ်၊ ဒါပေမဲ့ ကော အရမ်းသနားစရာကောင်းတယ်၊ ဟိုနှစ်ယောက်ကလည်း မေမေ နဲ့လွယ်မွေးခဲ့တာပဲလေ၊ ပြီးတော့ မေမေမှာ နောက်အိမ်ထောင်ပြု မိတဲ့ အပြစ်တွေ အားနည်းချက်တွေ ရှိတယ်"

"ဒါက သူတို့အတွက် ရင်းနှီးပေးဆပ်လိုက်တာပဲလေ"

"သူတို့မှ နားမလည်တာ နားမလည်ရုံတင်မဟုတ်ဘူး အဲဒါ နိုင်ကွက်ရှာ စော်ကားနေတော့ ဘယ်လိုလုပ်မလဲ"

"အဲဒါ မင်းအဖေဝယ်ပေးထားတဲ့ အိမ်ပဲ နှင်ချလိုက်ပါလား၊ မဟုတ် မင်းအဖေကိုယ်တိုင် ငါ့အိမ်ပေါ်က ဆင်းဆိုပြီး မောင်းချ လိုက်ပေါ့ကွ"

"အရင်က ဖေဖေ အဲလို ပြောခဲ့ဖူးပါတယ်၊ တစ်အိမ်တည်း



www.burmeseclassic.com

www.burmeseclassic.com



အတွတ္တု အခင်ပြေအောင် မနေနိုင်ရင် အိမ်ပေါ်က ဆင်းဆိုပြီးတော့
အဲဒါကို သူတို့က ထိုးမယ်ကြိတ်မယ်အထိ ပေါက်ကွဲကြတယ်၊ သူတို့အ
ကို ယူထားပြီး ဒီလိုစကားမျိုး ပြောရမလားလို့ပေါ့လေ၊ တော်တော်
ရှိင်းစိုင်းကြပါတယ်''

''ဒါများကွာ အရှုံးပေး သည်းခံနေရလား၊ ကိုယ့်သားသမီး
မဟုတ်တာ၊ သက်ဆိုင်ရာကိုတိုင်ပြီး ဆွဲထုတ်ပေါ့''

မင်းမဟံ မချိပြုံးပြုံးလိုက်မိတာ

''ဖေဖေက တိုင်ဖို့လုပ်တယ်၊ မေမေက တောင်းပန်တယ်
ဒီသားသမီးတွေအတွက် သူလုပ်ခဲ့တာ၊ သူမျက်နှာကို ထောက်ထား
သူမေတ္တာတရားကို နားလည်ရင် သည်းခံပေးပါပေါ့၊ ငါတို့ သားအမိ
ဆွဲထုတ် ခေါ်သွားပြီး တစ်အိုးတစ်အိမ်ထူထောင်၊ အတူမနေနိုင်
ဖေဖေက ဘာပြောနိုင်မှာလဲ''

''မင်းအဖေ အဲဒါတစ်ခုတော့ ဆိုးတယ်၊ ဟိုဘက်ကို ပြတ်ပြ
သားသား မနေနိုင်တော့၊ ဒီဘက်ကို အငယ်အနှောင်းဆိုပြီး ပစ်စလ
ခတ် ဥပေက္ခာပြုထားသလို ဖြစ်နေတယ်''

''အစကတည်းက ပွဲတက်မယားမှ မဟုတ်ခဲ့တာပဲကွာ၊ တိ
တိတ်ပုန်းမိန်းမရဲ့ သားဖြစ်နေတဲ့ ငါ့ဘဝမျက်နှာငယ်ရတာ မဆန်းပါဘူ
အဖေတူ အမေကွဲ အမေတူအဖေကွဲ အစ်ကိုအစ်မတွေရဲ့ အနိုင်ကျ
နှိမ့်ချတာလည်း ခံရတော့မှာပေါ့၊ မင်းမဟံရဲ့ဘဝက ဒီအတိုင်းပါပဲ''

''မဟံရာ ငါ့ညီရာ''





မင်းမဟံ မျက်ရည်ဝဲတော့ ပြောင်ကြီးစိတ်မကောင်း ဖြစ်သွား
ည်၊ လက်ကိုကိုင်ထားရင်းမှ မင်းမဟံဘက်က ခုံကိုပြောင်းထိုင်ပြီး

''ဟိတ်ကောင် မင်းအားငယ်စရာ မလိုဘူးကွ၊ မိဘမဲ့ဂေဟာ
က်နေတဲ့ မိဘစွန့်ပစ်ခံ ကလေးတွေဘဝနဲ့စာရင် မင်းက မိသားစု
ဆိုက်အမြဲရှိလို့ အရမ်းကံကောင်းတယ် မဟံ၊ အိမ်ထောင့်ရေး ဖောက်
ကြပြီး လူမသိ သူမသိကလေးတွေဖျက်ချ၊ သူများပေးပစ် အဲလို
တွေဝမ်းထဲလည်း ဝင်စားခဲ့တာ မဟုတ်ဘူး၊ လောကမှာ ဘယ်သူမှ
သီအောင် မှားနေတဲ့သူတွေ အများကြီးပဲ''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ကျွန်တော်တို့ရုံးကွက်ထဲမှာလည်း
က်လင် နောက်မယားတွေယူပြီး သားသမီးတွေအပေါ် မိဘဝတ္တရား
တဲ့သူတွေ အများကြီးရှိတယ်၊ အရက်သောက် ဖဲရိုက် လောင်းက
လုပ်ပြီး ကိုယ့်ဆန္ဒကိုယ် ဦးစားပေးနေကြတာလည်း ဒုနဲ့ဒေး''

''မဟံ မင်းဘယ်သူ့ကို စိတ်နာနေတာလဲ''

ကိုယ့်ကိုကိုယ်ဟု မပြောမိအောင် ကြိုးစားရင် လွယ်အိတ်ကို
ာက်လွယ်ကာ ထရပ်လိုက်သည်။

''အချိန်စောပါသေးတယ်၊ အေးဆေးထိုင်စမ်းပါ''

''ညကကျိုင်လို့ စာတွေနွေးရဦးမယ်''

''သင်တန်းမှာ အဲလောက်အရေးကြီးလို့လား''

''ခင်ဗျား အဲလိုအလေးအနက်မရှိလို့ ဆယ်တန်းမအောင်
တာ''



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ထားပါတော့ ဟင် ကြည်လွဲခင်တို့ပါလား။ ငါတို့ရပ်ကွက်ထဲက ကောင်မလေးတွေပါ၊ ငါ မိတ်ဆက်ပေးမယ် ထိုင်ဦး"

လက်ဆွဲကာ ထိုင်ခိုင်းတာမို့ မင်းမဟာ ပြန်ထိုင်လိုက်ရသည်။ ကြည်လွဲခင်နှင့်အဖွဲ့က လေးယောက်တောင်။

"ကိုပြောင်ကြီး"

"ဟာ နင်တို့က အဲလိုမခေါ်ပါနဲ့ဟာ ပြောင်ကြီးဆိုတဲ့ အသံကို ကြားရင်လေ ငါ့တစ်ကိုယ်လုံး ဘယ်နေရာမှ အမွေးအမျှင်တစ်ပင်မှ မရှိတော့သလို ခံစားရတယ်"

"ရှိရောရှိလို့လား"

"မရှိဘူး အား လုပ်တော့မယ်၊ ငါတောင်ယောင်နေပြီ၊ ဒါနဲ့ နေပါဦး အရင်ကနင်တို့ နှစ်ယောက်တည်းပါ၊ အခုဘယ်လိုလုပ်"

"သူငယ်ချင်း ဖောင်းပွလာတာ၊ ညှော်စာရင်းတိုင်ရှိုးမှာလား"

"အဲ မဟုတ်ပါဘူး နင်တို့ကလည်း နောက်တာပါ"

ပြောင်ကြီး နဖူးကိုပွတ်ကာ ရယ်ကြဲကြဲနှင့်လုပ်ရင်း မင်းမဟာကို စိုက်ကြည့်နေသော ကောင်မလေးဆီ အကြည့်ရောက်သွား၏။

"နင့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦးလေ ကြည်လွဲခင်၊ ငါ့သူငယ်ချင်းက မင်းမဟာ ဆိုတာလည်း ပြောလိုက်"

"ဟုတ်ပါပြီ တစ်ရပ်ကွက်တည်းနေပြီး ခေါ်ပြောဆက်ဆံမှု မ ပေမယ့် လူကိုသိပါတယ်၊ မြမဟေတို့ ထိုင်ကြလေ၊ သူကမင်းမဟာ ဟိုက ပြောင်ကြီး"



"ဟာ သွားပါပြီ"

မျက်နှာကြီး ရှုံ့မဲ့လျက် လိမ်တွန့်ကာ နဖူးကို ပွတ်နေသော ကြီးကြောင့် အားလုံးရယ်မိကြသည်။ မင်းမဟာက အသိအမှတ်ပြု ပြုံးပြပြီး တစ်ဖက်ကို လှည့်သွားသည်။ သိမ်ငယ်ရိပ်စွန်းနေသော မဟာ ပုံစံကြောင့် မြမဟေ ရင်ထဲဆို့နှင့် ကျဉ်တက်သွားသည်။

"ဒီက မြမဟေပါ၊ ကြည်လွဲခင်ပြောတော့ မဟေနဲ့ နာမည် ဆင်ဆင်ပဲဆိုပြီး စိတ်ဝင်စားနေတာ၊ အတန်းထဲမှာ ဘယ်သူနဲ့မှ အခေါ်အပြော မလုပ်သလိုဘဲနော်၊ မင်းမဟာက မာနကြီးတတ်သ "

"ဗျာ မဟုတ်ပါဘူး၊ ကျွန်တော်ဒီလိုပဲ နေတတ်လို့ပါ၊ ကျွန်တော် ည်း မြမဟေကို အတန်းထဲမှာ မြင်ဖူးပါတယ်"

"အဲလို မှတ်မှတ်ထင်ထင်ရှိတာ တော်သေးတာပဲ၊ အခုမိတ် ပြီးပြီဆိုတော့ ဘော်ဒါတွေ ဖြစ်သွားပြီနော်၊ လမ်းမှာတွေ့ရင်ခေါ်မှာ "

"ဟုတ်ကဲ့"

မိန်းကလေးတွေကြားမှာ မင်းမဟာ မနေတတ် မထိုင်တတ် နှာတစ်ခုလုံး နီစွေးကာ ခေါင်းကြီးငုံ့ထားသည်။

ပတ်သက်ချင်လွန်းလို့ ကြည်လွဲခင်ကို မရမက မိတ်ဆက်ခိုင်း မင်းမဟာ သိမှာမဟုတ်။

တစ်ရပ်ကွက်တည်းသားချင်းတွေနှင့် အသိအကျွမ်းမို့ သူ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိသွားမှာပဲဆိုပြီး ရှက်ရွံ့သိမ်ငယ်နေတာ ဖြစ်မည်။ ဒါတေ
စာနာမိလို့ ဖေးမချင်တာပါ မင်းမဟာ ...။

■ ■ ■



## အခန်း (၁၀)

"မင်းမဟာ"

"ဩော်"

မျက်နှာချင်းဆိုင်ဆုံတာတောင် ဩော် တစ်လုံးတည်းနှင့် အသိ
ပြုပြီး၊ ရှောင်ကွင်းသွားဖို့ ခြေလှမ်းတို့ကို တံ့ဆိုင်းမနေ။

"ခဏလေး"

ရှေ့ကပိတ်ရပ်ကာ သူမပြောတော့ မင်းမဟာ မျက်ခုံးပင့်ကြည့်

"ဟိုလေ မဟေ ဘစ်ယောက်တည်း အဖော်တွေ စောင့်နေ
ကြောင်တောင်တောင် ဖြစ်နေလို့ပါ၊ မဟေကို ကူစောင့်ပေးပါလား"

"ကျွန်တော် စာတွေ ပြန်နွှေးရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီဆိုင်မှာ ကြည့်လည်းရပါတယ် လာပါ"

လွယ်အိတ်ကြီးစကို ဆွဲခေါ်တာမို့ ကော်ဖီဆိုင်ထဲ မင်းမ... တွန့်ဆုတ်စွာ ပါလာရသည်။ ကလက်တက်တက် ရဲတင်းသည့် မိန်း... လေးလို့ မထင်ရပေမယ့် ဒီမိန်းကလေး သွက်လက်လွန်းနေတာ... သေချာသည်။

တစ်ခါပဲ ဆုံဖူးသေးတာကို တရင်းတနှီး ဆွဲလားလွှဲလား...

"ဘာသောက်မလဲ"

"ဘီယာ"

"ဒါဘီယာဆိုင်မှ မဟုတ်တာ ဘီယာရမလား"

"ကော်ဖီဆိုင်မှန်း သိပါတယ်၊ ဘာသောက်မလဲမေးနေလို့... မင်ပြောတာ"

"ကြည့်စမ်း ငေါ့တတ်ရွဲ့တတ်တယ်ပေါ့လေ၊ မထင်ရဘူး... ရုပ်ကလေး သနားကမားနဲ့"

နှာခေါင်းရှုံ့ပြောနေသော မြမဟောကိုကြည့်၍ မင်းမဟာ ရယ်... ချင် ဖြစ်သွားသည်။ အသားလေးက ဖြူနုဝင်းဖတ်နေတာမို့ ပိုးဟပ်... လေးလို မြမဟောက နှုတ်ခမ်းလေးတွေတော့ ရဲစိုနေသည်။

အဝတ်အစားက ခေတ်စတိုင်ဆိုပေမယ့် ဟိုပေါ်ဒီပေါ် အ... ဆန်တာမျိုးတော့ မဟုတ်၊ ဆံနွယ်လေးတွေက ဂုတ်ပေါ်မှာ အဖြော... လေးနှင့် ကြည့်ကောင်းနေသလို စင်းနေသော နှာတံလေးက ဆွဲဆော... ရှိသည်ထင်၏။





"ကဲ ကော်ဖီရပြီသောက်၊ ဘီယာသောက်ချင်ရင် နောက်တစ်... ...သိုက်ပို့မယ်"

သူမက ခပ်တည်တည်ပင် အငေါ်တူး စကားဆို၏။ သူက ...ဘ်ဗီကို ဖွန်းလေးနှင့်မွှေပြီး အနည်းငယ် မြည်းကြည့်ပြီးမှ စားပွဲပေါ် ...ချလိုက်၏။

"မဆိုးပါဘူး၊ ဒီလို ဆိုင်ကြီးမျိုး တစ်ခါမှ မထိုင်ဖူးဘူး၊ သင်တန်း... ...ာ တော်ရီလျော်ရီဆိုင်ပဲ ထိုင်ကြတာ"

"ကိုပြောင်ကြီးနဲ့လား"

"အင်း ရပ်ကွက်ထဲမှာလည်း ကိုပြောင်ကြီးနဲ့ပဲ တရင်းတနှီး ...တာ"

"လူတစ်ယောက်မှာ အပေါင်းအသင်း ခြွေရံသင်းပင်း များများ ...ကောင်းတာ၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့၊ စကားများများ ပြော... ...ာ ကျန်းမာရေးအတွက်လည်း အထောက်အကူ ဖြစ်တယ်လေ"

"စကားများများ ပြောတာနဲ့ စကားပေါတာနဲ့ အဓိပ္ပါယ်တော့ ...ကွာ မဟုတ်လား"

"ကြည့်စမ်း ဒီကောင်လေး သိသွားပြန်ပြီ"

သူမ အသံရွှင်ရွှင်လေးက တမင်ရင်းနှီးအောင် အိုဟာတွေများနေ ...သို ဖြစ်နေသည်။ မြမဟောက ယောကျ်ားတကာနှင့် ရင်းနှီးပတ်သက်ဖို့ ...ားနေတတ်သည့် မိန်းကလေးလား။

"မဟုတ်လောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အတွေးဝင်လာစဉ်မှာ ဖျတ်ခနဲ ခေါင်းကိုခါရမ်းမိခြင်းက
မှိုင်းသားသော သူမရဲ့အပြုံးများကြောင့်ပင်။

"ဘာလို့ ခေါင်းရမ်းတာလဲ၊ ကော်ဖီက မကောင်းဘူးလား"

"မဟုတ်ပါဘူး"

"ကော်ဖီထဲ ပိုးဟပ်ကျလို့လား၊ အိမ်မြှောင်အမြီးပြတ်ဝင်
လို့လား"

"အာ ရွှံစရာကြီး ဘာတွေပြောနေတာလဲ၊ မိန်းကလေးဖြစ်

"အယ်တော် မိန်းကလေးက အဲလိုစကားတွေ မပြောရ
ဥပဒေရှိလို့လား။ ဘာပုဒ်မနဲ့ အရေးယူမှာလဲ"

ဒီကောင်မလေး အတည်ပေါက်နှင့် ရွှတ်နောက်နောက် ပြော
တာ သူ့စိတ်တွေ နည်းနည်းပေါ့ပါးလာသည်။ ဒီကောင်မလေး
တကာ ကိုယ့်ကိုပျော်အောင် စနောက်နေခြင်းလား။

သူစိမ်းတစ်ယောက်ရှေ့မှာ ဒီတစ်ကြိမ် ရက်ရှဲ့သိမ်ငယ်
အိုးတိုးအမ်းတမ်း ဖြစ်ခြင်းတို့ သိပ်မရှိတော့ အံ့သြစရာတော့ ကောင်း
ဒီကောင်မလေးရဲ့ ရင်းနှီးမှုကြောင့်ဖြစ်မှာပါ။

"မင်း သူငယ်ချင်းတွေ မလာသေးဘူးလား။ ဘယ်မှာချိန်း
တာလဲ"

"သင်တန်းရှေ့မှာ ဆုံနေကြပါ၊ မဟေက အချိန်စောထွက်
မို့လို့ သူတို့ ရောက်မလာသေးတာ၊ မင်းမဟံ ကရော ဘာလို့ အချိန်
နေတာကို ရောက်လာတာလဲ"





"အိမ်မှာနေရတာထက်စာရင် တစ်ယောက်တည်း လျှောက်
နေရမှာထိုင်၊ အဲလို လမ်းပေါ်နေရတာ နည်းနည်းအဆင်ပြေ

"ဘာဖြစ်လို့လဲ အိမ်မှာ အမြဲတမ်း ကျိုင်ပဲလား"

သူမ မေးခွန်းကြောင့် သူ မျက်ခုံးပင့်သွား၏။ သူ့အကြောင်းကို
ခင်တို့ကတစ်ဆင့် သိသင့်သလောက် သိထားလို့ဖြစ်မည်။

ကိုယ့်ဘက်ကလည်း သိမ်ငယ်မှုတွေဖြင့် ပုံစံက ကွယ်စရာ
ကြောင်းမရှိပါ။

"ဟုတ်တယ် ကျွန်တော် ကံအကြောင်းတရားက အဲဒီအတိုင်း
ဟုတ်လို့လည်း ကျွန်တော့်ကို အပေါင်းအသင်း မလုပ်ပါနဲ့၊ ပတ်ဝန်း
က အငယ်အနှောင်းရဲ့သားနဲ့ ပတ်သက်လို့ အထင်သေးခံရမှ စိုးလို့

"ဘာလို့ အဲလို အားငယ်စကားပြောတာလဲ မဟံ၊ လူရယ်လို့
ကြပေမယ့် တစ်တန်းတစ်စားတည်း အတူတူတော့ မွေးဖွားလာ
လား၊ ကံကြမ္မာက အကြောင်းတရားတွေနဲ့ အလှာတွေလည်း ကွဲပြား
ကြတာပဲ၊ ဒါပေမဲ့ လူပဲလေ လူလူချင်း အမြင့်နဲ့ခွဲခြား ဆက်ဆံလို့
လား၊ မင်းမဟံကို မဟေ ခင်တယ်"

အရိုးရှင်းဆုံး စကားဟု မှတ်ယူလျက် မျက်လုံးချင်းဆုံသွား၏။
ကြည်လင်နေသော သူမရဲ့မျက်ဝန်းများက သူ့ကို အားပေးနှစ်သိမ့်
ခြင်းလား။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မဟော၊ မဟောက ကျွန်တော့်အတွ
ပထမဆုံး မိန်းကလေး သူငယ်ချင်းပါ"

"အသိအမှတ်ပြုလိုက်ပြီပေါ့၊ ဒီနေ့ အိမ်က စောထွက်လာ
မင်းမဟံရဲ့ သူငယ်ချင်းဖြစ်ရလို့ ကံကောင်းတာပဲ"

"အဲဒါတော့ အိုဗာဖြစ်သွားပြီ၊ ကျွန်တော်လိုကောင်နဲ့ ခင်
တာ ဘယ်လိုလုပ် ကံကောင်းမှာလဲ"

"စိတ်က အဓိကပဲ မဟံရဲ့၊ မဟောက လူတစ်ယောက်ကို
ပေါ်ယံအလွှာကိုကြည့်ပြီး မပေါင်းသင်းတတ်ဘူး၊ ကိုယ့်ဘက်ကလ
စိတ်နှစ်ပြီး လေးလေးနက်နက် တန်ဖိုးထားသလို အဲဒီလူဆီကလ
စိတ်တစ်ခုပဲ ရချင်တယ်၊ ဘယ်လိုအကြောင်းကိစ္စတွေပဲဖြစ်ဖြစ် မဟေ
ရင်ဖွင့်နော်၊ မင်းမဟံ ရင်ထဲမှာ နာကျင်စရာတွေရှိရင် အရမ်
မခံစားနဲ့"

"မဟောရယ်"

သူမရဲ့အားပေးနှစ်သိမ့်မှုကြောင့် သူ့ရင်တွေ လိုက်ခန် ခါ
လောက်အောင် ခံစားလိုက်ရပါသည်။ မိန်းကလေးတစ်ယောက်ရဲ့ ကြ
ဖေးမမှုကို သူ ပထမဦးဆုံးအကြိမ် ရလိုက်ခြင်းပင်။ ဘာရယ်မဟုတ်
ဝမ်းနည်းစိတ်က လိုက်တက်လာခဲ့ပြီး သူ့မျက်ဝန်းအိမ်မှာ မျက်ရည်
တောင် ဝဲနေသည် ထင်သည်။

"မင်းမဟံ"

မြမဟောက ကပျာကသီ သူ့ဘက်က ခုံကိုပြောင်းထိုင်ပြီး





တ်ကို နှစ်သိမ့်သလို ဆုပ်ကိုင်လာ၏။

သူ့တစ်ကိုယ်လုံး တသိမ့်သိမ့် နွေးထွေးရှိန်းမြသွားသည်။
ဒါကို အဲလောက်ထိ ကြင်နာမပြပါနဲ့။
မင်းနဲ့ငါက သူစိမ်းတွေပါ မြမဟော ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"နင်နဲ့သူက သူစိမ်းတွေလေ၊ ပတ်သက်မှုလည်း ရှိတာမဟုတ် ဘဲနဲ့ ယောကျ်ားလေးတစ်ယောက်ကို အဲလောက်ကိုယ်ဖိရင်ဖိ ကြင်နာ ရောလား"

"ငါ့ရင်ထဲမှာ သူ့ကို တအားရင်းနှီးနေတယ်၊ သူ့ဘဝ သူ့အ အနေကို စာနာမိပြီး ဖေးမအားပေးချင်တယ်"

"နင် သူ့ကို စိတ်ဝင်စားနေတာ ရိုးရိုးသားသားမှ ဟုတ်ရဲ့လာ မပော"

မြမပော နှုတ်ခမ်းပါးလေး အပြုံးတစ်စနှင့် တွန့်ခနဲ ဖြစ်သွ ၏။ ဝန်ခံရမှာ စောသေးသလား မသိပေမယ့် ရင်ထဲမှာ ရှိနေသည့် တစ်စုံတစ်ရာကိုတော့ မရှက်မကြောက် ဖွင့်ထုတ်ချင်လှသည်။

"နင်က ဘယ်လိုအဓိပ္ပါယ်နဲ့ ပြုံးနေတာလဲ"





"ရိုးသားတဲ့သာမန်စိတ်နဲ့ဆိုရင် ယောကျ်ားတစ်ယောက်အတွက် …လောက်သနားကြင်နာစိတ်တွေ ယိုဖိတ်လာနိုင်ပါ့မလား"

"ဟင် နင် မပော"

"အေးလေ ငါ မြမပော ဘာဖြစ်လို့လဲ"

"နောက်တောက်တောက် မလုပ်စမ်းနဲ့၊ ငါ အတည်မေးနေ …"

"ငါလည်း အတည်ပြောနေတာပဲ"

"ဗုဒ္ဓေါ နင်နဲ့လူကြီးချင်း၊ သဘောတူလို့ စေ့စပ်မယ့် ထိုက်သူစ် …တော့ မအောကွဲ ညီအစ်ကိုတော်တယ်လေ၊ ရှုပ်ကုန်ရင် ကျိုင်အကြီး …မှာ"

"ပူရုံမဟုတ်ဘူး၊ လောင်ကျွမ်းမှာထက်တောင် အခြေအနေဆိုး … ဆိုးနိုင်တယ်"

"သိရဲ့နဲ့ဟယ် မပော၊ ပြဿနာကို ဆလိုက်တွန်းရှာနေတာလား။ …ပြီ တော်ပြီ နင့်စိတ်ကို ဘရိတ်အုပ်ဖို့ အချိန်မီသေးတယ်၊ မင်းမဟံနဲ့ … ရပ်တန်းက ရပ်လိုက်တော့"

သူဇာ အလန့်တကြားပင် ထအော်၏။ မြမပော ဂရုစိုက်ဟန်ပင် …ပေ။ ဆန္ဒတစ်ခု ပြင်းပြပြီဆို ခေါင်းမာတတ်တာ မြမပောအကျင့်။

"ရေနစ်သူကို ဝါးကူထိုးတာမျိုး မလုပ်ချင်ဘူး"

"ဟဲ့ နင်နဲ့ဘာဆိုင်လို့လဲ၊ မင်းမဟံက နင်နဲ့ဘာပတ်သက်လို့ … အနေသာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မိသားစုနှစ်ခုလုံးက ဝိုင်းပြီးပိုက်ခိုက်နေကြတာလေ

"နင် လက်ထပ်ရမှာ ထိုက်သူစံပါဟယ်"

"အဲဒီ ကိုသူမှာ အဲလိုစိတ်မျိုးရှိနေတာကို ငါ အံ့သြတ
သူ့ပုံစံက လူကြီးလူကောင်းစတိုင်၊ တစ်ဖက်သားကိုလည်း ငဲ့ညှာတ
တတ်မယ့်လူမျိုးလို့ ထင်တာ"

"အဲဒါ သူတို့မိသားစုအိမ်တွင်းရေးကိစ္စလေ နင်က ထိုက်သူ
နဲ့လက်ထပ်ပြီး သာသာလေး နေလိုက်လို့ရတယ်၊ ပြီးတော့ သူတို့မိသာ
က နင်တို့အပေါ် ကျေးဇူးတရားတွေရှိတယ်ဆို"

"လုပ်ငန်းကိစ္စ အပြန်အလှန် အမှီသဟဲပြုကြတာမျိုးပါ၊ သူ
အကူအညီ မပါလည်း ငါတို့ဘာသာ ရပ်တည်လို့ရပါတယ်"

"မြမဟေ နင် တော်တော်သတ္တိကောင်းနေပါလား"

သူဇာ မျက်လုံးပြူးလေးနှင့် အံ့သြသလို ဆိုသည်။ မြမဟေ
ရင်ကိုကော့ လက်မထောင်လိုက်ပြီး

"ငါ သူ့ရဲကောင်း ဖြစ်ချင်တယ်"

"ဘယ်သူ့အတွက်လဲ"

"မင်းမဟာ်အတွက်ပေါ့၊ ယောကျ်ားတစ်ယောက် အဖိနှိပ်
ဘဝနဲ့ သိမ်ငယ်အားငယ်နေရတာ ဘယ်လောက်သနားဖို့ ကောင်းလဲ"

"မဟေ နင်"

"အပြစ်မပြောပါနဲ့၊ ငါ့ကို ပံ့ပိုးအားပေးစမ်းပါ၊ မကူညီလည်
ရတယ်နော်၊ မင်းမဟာ်ရှေ့က ငါဘာသာ မားမားမတ်မတ် ရပ်တည်မှာ"





"အရှုံးကျနေတာပဲ"

သူဇာက အမြင့်ကတ်ဟန်ဖြင့် တီးတိုးဝေဖန်သည်။ မြမဟေ
အပြုံးပင်မပျက်။ ခဏဆိုပြီး လက်ကာပြ၍ အိမ်ထဲပြေးဝင်သွားကာ
ထွက်လာတော့ အအေးနှစ်ဘူးပါလာသည်။

"ရော့ သောက် နွေလယ်ကျရင် ငါ့ကို အပြင်ခေါ်ထုတ်ဖို့
ဘတ်တိုးတာ"

"ဟဲ့ ဘယ်သွားမလို့လဲ"

"မင်းမဟာ်တို့ ရပ်ကွက်ထဲ သွားရှုံ့မယ်လေ၊ ကြည်လဲ့ခင်တို့အိမ်
ကြောင်းရှာသွားရင်းပေါ့"

"နင် ရောဂါသည်းနေပြီပဲ မဟေ"

သူဇာ အတိုက်အခံမလုပ်တော့ဘဲ စိတ်လျှော့သွား၏။ ထိုအချိန်
မှာ အိမ်အကူကောင်မလေး သူမတို့အနား ရောက်လာပြီး

"မေမေကြီးက ထမင်းစားဖို့ ခေါ်ခိုင်းလိုက်ပါတယ်"

"အေး အေး မချို လာခဲ့မယ်"

"နင် လာဘ်တိုး အအေးသောက်ပြီး ဘယ်လိုလုပ် ထမင်းစား
င်တော့မှာလဲ"

"စကားမများနဲ့ လာ၊ မေမေ့ရှေ့မှာ ငါ့ကို ရအောင်ခေါ်"

"ဖြစ်ရမယ် တော်တော်အကြောက်အလန့်ရှိတဲ့သူဆိုတော့"

"အဟင်း ချစ်သူငယ်ချင်းလေးကလည်း"

နှစ်ယောက်သား တွန်းတွန်းထိုးထိုး ပြောပြောဆိုဆိုနှင့် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားခန်းထဲ ဝင်လာခဲ့ကြသည်။ ဒေါ်မြမာလာက ထမင်းဝိုင်းမှာ အရော
ရောက်နေလျက်

"သူငယ်ချင်းနှစ်ယောက် သင်တန်းပိတ်ရက်မှာတောင် မ
နိုင်ကြပါလား"

"ဟုတ်ကဲ့ သူငယ်ချင်းတစ်ယောက်အမေ နာရေးရှိလို့ မပော
လာခေါ်တာပါ အန်တီ"

"ဟုတ်လား၊ အဲဒါဆိုလည်း စားသောက်ပြီးမှ သွားကြလေ
လာ ထိုင် သမီးတို့"

သူဇာ အလျှောက်ကောင်းတာမို့ မြမပော ကျေးဇူးတင်သွား
သည်။ မျက်နှာလုပ်၍ သူဇာ ပန်းကန်ထဲ ဟင်းတုံးတွေထည့်ပေးလိုက်

သူဇာ ကျေကျေနပ်နပ်ဖြစ်သွားပုံပါ။

■ ■ ■



## အခန်း (၁၂)

"မကျေနပ်ဘူးဟေ့၊ ငါတို့ဆီ သက်သက်လာလည်တာမှ မဟုတ်
"

"အဲလို မပြောပါနဲ့ဟယ်၊ လာချင်လို့ လာတာပါ၊ အဲ ဒါပေမဲ့"

"တော်ပြီ မပြောနဲ့တော့၊ ဘာဆိုတာ ငါတို့သိတယ်၊ လာ
က်သုပ် စားရအောင်၊ အိမ်ရှေ့ကွပ်ပျစ်သွားကြမယ်"

အုပ်စုလိုက် အိမ်အောက်ဆင်းပြီး အိမ်ရှေ့ကွပ်ပျစ်မှာ ဝိုင်းထိုင်
ကြသည်။ ကြည်လဲ့ခင်တို့အိမ်က သွပ်မိုးပျဉ်ထောင် တစ်ထပ်အိမ်
ပါ။

ခြံဝင်းလေးထဲမှာ သီးပင်စားပင် ပန်းပင်လေးတွေလည်း ရှိ
၍ ဝင်းတံခါးက လှမ်းမျှော်ကြည့်လျှင် အိမ်ရှေ့လမ်းမကိုလည်း
မြင်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မင်းမဟာတို့အိမ်က ဘယ်နားမှာလဲ"

"တို့တစ်လမ်းကျော်မှာလေ၊ ဈေးဘက်သွားသွား မြို့ထဲသွ
သွား တို့အိမ်ရှေ့က ဖြတ်သွားရတာ၊ ဘာလဲ မင်းမဟာ ထွက်လာမလာ
မျှော်တော်ယောင် လုပ်မလို့လား"

"မဟုတ်ပါဘူး သိချင်လို့ မေးကြည့်တာ၊ ဟယ် လက်ဖက်သု
လေးက စားလို့ကောင်းလိုက်တာ၊ ဘယ်လိုသုပ်ထားတာလဲ ဟင် ကြည
လဲ့ခင်"

"စကားမလွှဲနဲ့ လက်ဖက်သုပ်ပန်းကန်ကို နင် စိတ်မဝင်စ
ဘူးဆိုတာ ငါတို့သိတယ်၊ မျက်လုံးက လမ်းမှာပဲ"

"ဟယ် မဟုတ်ပါဘူး"

ရှက်သလိုလိုဖြင့် မြမဟေ ခေါင်းလေး ငုံ့လျှိုးသွားသည်။
အချိန်မှာပင် လမ်းမဘက်က အသံဗလံတွေကြောင့် မြမဟေတို့အုပ်
ခေါင်းထောင်သွားလျက်

"မင်းကိုငါ အရက်ဝယ်ခိုင်းလိုက်တာ၊ ဘယ်သွား အလေလို
နေလို့ ဒီလောက်တောင် ကြာနေတာလဲ"

"မမမိုးနဲ့ လမ်းမှာတွေ့ပြီး သူ့လက်ဖက်ရည်ဆိုင်အတွ
ဈေးဝယ်ခိုင်းနေလို့ပါ၊ ပြီးရင် ပြန်လာခဲ့ဖို့လည်း မှာလိုက်တယ်၊ သူ
အပြင်သွားစရာရှိလို့တဲ့"

"ဘာ မင်းက ငါခိုင်းတာကို အရေးမလုပ်ဘဲ သူ့ဆိုင်ကို
ခဲ့တာပေါ့"





"မဟုတ်ပါဘူး ကိုကြီးရာ၊ သွားရင်းနဲ့ လမ်းမှာ တွေ့တာ၊
ဆိုင်ဘေးက အရက်ဆိုင်ကို သွားဝယ်ရတာလေ၊ ကျွန်တော်က
ကို အရက်ပုလင်းပို့ပြီးမှ ပြန်လာမယ်လို့ ပြောပါသေးတယ်၊ သူက
နေတာ သောက်တဲ့သူတွေ ထိုင်စောင့်နေလို့ဆိုပြီး"

"အာ ခိုင်းလိုက်ရင် သောက်ချိုးကို မပြောဘူး၊ ပေး အရက်
တောက် နောက်တစ်ခါဆို ဒီထက်နာမယ် မှတ်"

မောင်ကြီးက တွန်းထိုးကန်ကျောက်ပြီး မင်းမဟာလက်ထဲက
ပုလင်းကို ဆွဲယူထွက်သွားသည်။

ပုံလဲသွားသော မင်းမဟာက ရှက်ရွံ့ဟန်ဖြင့် ဟိုဒီကြည့်ကာ
ခါ၍ လမ်းထိပ်ဘက်ကို ခပ်သုတ်သုတ် ထွက်သွား၏။

"ဟဲ့ မြမဟေ ဘယ်လဲ"

"မင်းမဟာနောက် လိုက်သွားမလို့"

"မင်းမဟာ ဘယ်သွားမယ်ဆိုတာ နင်က သိလို့လား"

"ခုနက ပြောသံ မကြားလိုက်ဘူးလား၊ သူ့အစ်မ လက်ဖက်ရည်
ပြန်သွားရမယ်ဆိုတာ"

"သူ့အစ်မ လက်ဖက်ရည်ဆိုင်က ဘယ်မှာဆိုတာ နင် သိလို့

"သိဘူးလေ၊ လမ်းထိပ်ဘက်မှာ ရှိမှာပေါ့"

"ယောင်ဝါးဝါး မလုပ်နဲ့ ဣန္ဒြေရရ နေစမ်းပါ၊ ခုချိန် လိုက်သွား
တော့ သူ့အစ်မနဲ့ တန်းခနဲ တိုးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ပြောတယ်လေ၊ အပြင်သွားမှာမို့ သူ့ကိုဆိုင်လာ
နိုင်းတယ်ဆိုတာ"

"အမယ်လေးဟယ် ပြောသမျှ အကုန်ကြားနေတော့တာ
မိန်းမဈေးပျက်ပြီး ဣန္ဒြေမဲ့လိုက်တာ၊ ထိုင် ဒီလက်ဖက်သုပ်ကုန်
ငါတို့ လိုက်ပို့မယ်"

"ပြီးရော"

မြမဟော ဆောင့်ခနဲ ပြန်ထိုင်ပြီး လက်ဖက်သုပ်ကို မြန်မြန်
အောင် တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စား၏။ သူဇာက ရေနွေးတစ်ခွက်ငှဲ
ပြီး နှာခေါင်းရှုံ့ကာ

"လည်နှင်သေနေဦးမယ်၊ သူ့အစ်ကို ဘယ်လောက် စရိုက်ကြ
တယ်ဆိုတာ နင် တွေ့လိုက်တယ်မဟုတ်လား။ သူ့အစ်မနဲ့တွေ့ရင် ဒီထ
ပိုဆိုးနေဦးမယ်"

"တော်တော်ဆိုးကြတာပဲနော်၊ သူ့လက်သီးကြမ်းကြီးနဲ့များ
ကြိတ်ခဲ့လိုက်တာ၊ မင်းမဟံ ဘယ်လောက်များ နာသွားမလဲမသိ
ရှက်လို့သာ ကုန်းရုန်းထသွားတာနေမှာ"

"သူ့အတွက်က ဒါတွေ ရိုးနေပါပြီ၊ ငါတို့အနေနဲ့လည်း မြင်
ရတာ ရိုးနေပြီ၊ သူ့အစ်ကိုရော အစ်မရော မထင်ရင် မထင်သ
လမ်းမှာလည်း ဆွဲလုပ်ချင် လုပ်သွားကြတာ၊ ပြောစရာရှိပြီဆိုလည်
ပတ်ဝန်းကျင်တွေ ဘာတွေ နားလည်ကြတာမဟုတ်ဘူး"

"မင်းမဟံ ဘဝကလည်းဟယ် ငါသာဆို ဒီလိုလူမျိုးတွေ

ဗျူး၀၃၄ပ



ပြီးမနေဘူး"

"သူလည်း နေချင်မှာမဟုတ်ပါဘူး။ သူ့အမေကို ငဲ့နေရတာနဲ့
ဘာကျွေးမာနတွေ မရှိတော့တာနေမှာ၊ ဝဋ်ကြွေးပေါ့"

"ဖအေကမှ သူ့အိမ်မှာ ခေါ်မထားတာ၊ မိသားစုက လက်မခံ
ဆိုလည်း ဖခင်တစ်ယောက်ရဲ့ဝတ္တရားနဲ့ စောင့်ရှောက်မှုတော့ ပေးရမှာ

ကြည်လဲ့ခင် ပြောတာ မှန်သည်။ မင်းမဟံကို ဒီလိုအသိုက်
မှာ မနေအောင် စောင့်ရှောက်သင့်၏။
ထိုက်သူစံတို့မှာလည်း တာဝန်ရှိသည်ဟု ထင်မိသည်။
အခုတော့ မင်းမဟံက ဥပေက္ခာနှင့် အကျိုးပေးသည့်သူ
...။

■ ■ ■

ဗျူး၁၀၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

လက်ဖက်ရည်ဆိုင်လေးထဲကို ဝင်ထိုင်လိုက်ကြသည့်အချိ
မင်းမဟာကို တန်းခနဲ မတွေ့ရ။ မျက်လုံးနှင့်ဝေ့ဝဲရှာကြည့်မှ နောက်
ဘက်မှာ အိုးတွေခွက်တွေ တိုက်ချွတ်နေတာကို မြင်တွေ့လိုက်ရသည်

"အစ်မတို့ ဘာသောက်ကြမလဲ ခင်ဗျ"

"ဩော် လက်ဖက်ရည်တစ်ခွက်စီ အရင်ချကွာနော်၊ အဲ ဟို
မောင်လေး မင်းမဟာကို တစ်ချက်လောက် ခေါ်ပေးလို့ရမလား။ သူ့သူ
ချင်းတွေ ရောက်နေတယ်လို့ ပြောပေးပါ"

"အဲဒါတော့ ခုမဖြစ်သေးဘူး ထင်တယ်ဗျ။ သူ့အစ်မက အိုး
ခွက်တွေ တိုက်ချွတ်ဆေး၊ ဆိုင်သန့်ရှင်းရေးလုပ်ပြီးမှ ထမင်းစားရမ
ဆိုလို့ပါ၊ အစ်မတို့ဆီ သူလာစကားပြောရင် ဒီထက်ပိုပြီး ထမင်း
နောက်ကျသွားလိမ့်မယ်"





"ဟင် သူ အခုထိ နေ့လယ်စာ မစားရသေးဘူး မင်းတို့ကရော"

"ကျွန်တော်တို့ကတော့ စားပြီးပါပြီ၊ သူ့ကိုတော့ ဆိုင်လာတာ
တ်ကျလို့ဆိုပြီး အပြစ်ပေးတာ၊ အစ်မတို့ ပြန်လာလို့ အလုပ်မပြီး
င် ညစာတောင် ဝတ်ဦးမှလား မသိဘူး"

"မြမဟော ဟဲ့ ဘယ်သွားမှာလဲ"

သူ့ဖာ အော်သံကို ဂရုမစိုက်ဘဲ မင်းမဟာရှိရာ ထထွက်လာခဲ့
ည ခြေစုံရပ်လိုက်မှ မင်းမဟာ မော့ကြည့်ပြီး အံ့ဩသွား၏။

"ဟင် မဟော ဘာလာလုပ်တာလဲ"

"နောက်မှမေး အဲဒီအိုးတွေ မဟောတိုက်ပေးမယ်၊ ထမင်း
လိုက်"

"အာ နေပါစေ ကျွန်တော် ဗိုက်မဆာသေးပါဘူး"

"လိမ်မနေနဲ့ နေ့လယ်နှစ်နာရီကျော်နေပြီဟာကို ဗိုက်မဆာဘဲ
လား။ ဖယ်စမ်းပါ အဲဒီအိုးတွေ မဟောတိုက်ပါမယ်ဆို"

မင်းမဟာ လက်ထဲက အိုးတွေဆွဲယူပြီး သံစနှင့် တဗျင်းဗျင်း
တိုက်ပစ်လိုက်သည်။ မင်းမဟာမှာ ထထွက်သွားရမလို ထိုင်ရမလို
မြမဟောကိုလည်း အားတုံ့အားနာ ဖြစ်နေမိသည်။

မြမဟောလို သူ့ဌေးသမီးလေးက သူ့အတွက် အိုးတွေတိုက်ပေး
တာ သဘာဝကျလို့လား။ တကယ်ကို ပြစ်မျိုးမဲ့မထင် ဖွေးဥနုဖတ်နေ
လေးပါ။

"မြမဟော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကျွန်တော် ဒီမှာရှိတယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲ"

"ရှင်က မြေလျှိုးမိုးပျံနေတဲ့သူမှ မဟုတ်တာ။ ဒီလိုပဲ သိတာပေါ့"

"ထားပါတော့ အဲဒီအိုးတိုက်တာလည်း ရပ်လိုက်ပါတော့။ သူဌေးသမီးက ဒီလိုတွေလုပ်နေတာ မြင်လို့မကောင်းပါဘူး"

"ရှင်လည်း သူဌေးသားပဲလေ၊ ဒါတွေ မလုပ်သင့်ဘူး။ ဘာ အညှခံနေတာလဲ မင်းမဟာ"

"ကျွန်တော့်ဘဝအခြေအနေကို သိရဲ့သားနဲ့ မြမဟေရယ် မေမေကြောင့် ကျွန်တော် ဘယ်လိုမှ ရုန်းထွက်လို့ မရဘူး"

"ရှင် သည်းခံလို့ ပိုပြီး အနိုင်ကျင့်နေကြတာ၊ ရှင့်မှာ ပြန်တုံ့ဖို့ ခြေတွေလက်တွေ ပါးစပ်တွေ မပါဘူးလား"

"မေမေကြောင့်"

"ကဲ ဂလုံ ချွမ်"

ဒန်အိုးဒန်ခွက်နှင့် ပန်းကန်တွေကို သံပုံးထဲ ထည့်သိမ်းအောင် မြမဟေ ထရပ်သည်။ ပြီးမှ မင်းမဟာလက်ကို ဆောင့်ခနဲ ဆွဲ၍ ဆိုင်ရှေ့ ထွက်လာခဲ့၏။

"ဟဲ့ မြမဟေ လူမြင်မကောင်း သူမြင်မကောင်း ဘာဖြစ်လာ တာလဲ"

"နင်တို့ ဘာမှမပြောနဲ့ဦး၊ မောင်လေး သူ့အတွက် ထမင်းနဲ့ ဟင်း ယူခဲ့ပေးပါ၊ ပြီးမှ ဆက်လုပ်လိမ့်မယ်၊ မောင်လေးတို့တော်





ဆိုတော့ သူလည်း ဗိုက်ဆာနေမှာပေါ့"

"ဟုတ်ကဲ့"

"မင်းမဟာ ရှင်ထိုင်"

ဘယ်သူတွေကြည့်နေနေ မြမဟေ ဂရုမစိုက်ပါ။ ထိုင်ခုံပုလေးမှာ ကို ထိုင်ခိုင်းပြီး သူမလည်း ဝင်ထိုင်လိုက်သည်။ ကြည်လဲ့ခင်နှင့် မြမဟေ အပြုအမူကို တအံ့တသြ မျက်လုံးအပြူးသား။

"ရော့ ရပါပြီ"

"ဟင်"

မင်းမဟာအတွက် စတီးဇလုံထဲ ပုံထည့်လာတာက ငါးပိရည်နှင့် နစ်မျိုးတည်း။

"ဒါပဲလား ဟင်းက"

"ဟုတ်ကဲ့"

"သူတို့ရော ဒါနဲ့ စားတာလား"

"သူတို့အတွက်တော့ ကြက်သားချက်ထားသေးတယ် ထင်တယ် ဘယ်သိမ်းသွားမှန်း မသိဘူး"

"မင်းမဟာ ရှင် ဒီလိုပဲ နေ့တိုင်း စားနေရတာလား"

"မေမေ ရှိရင်တော့ ကျွန်တော် ကြိုက်တာလေးတွေ ချက်ပေး မေမေက ရွာကို ကိစ္စရှိလို့ သွားနေတာနဲ့"

"ဒီဆိုင်ကိုရော နေ့တိုင်း ဒီလိုလုပ်ပေးရတာပဲလား"

"သူတို့ အရင်းမပြုတ်လို့ ဆိုင်ဖွင့်နေတဲ့အချိန်ပေါ့။ အရင်းပြုတ်



www.burmeseclassic.com

www.burmeseclassic.com



လို့ အိမ်ပြန်ရောက်လာရင်လည်း နားမချမ်းသာဘူး၊ ပြဿနာ ရှာ
ပဲ၊ ခုလိုဆိုတော့ ညဘက်တော့ ကောင်းကောင်းအိပ်ရပါတယ်၊ ကို
ကြီး အရက်မူးပြီး စောစောအိပ်တဲ့ဖုန့်ဆိုရင်ပေါ့''

''မင်းမဟံရယ်''

မြမဟော မျက်ရည်ကျလုလု စိတ်မကောင်း ဖြစ်သွားရ
ကြည်လဲ့ခင်နှင့်သူဇာလည်း မင်းမဟံကို ကိုယ်ချင်းစာသွားကြသ

''ဟိုနားက ဆိုင်မှာ သူဇာ ဟင်းသွားဝယ်ပေးရမလား

''နေပါစေ ကျွန်တော် စားတတ်ပါတယ်''

''နေပစေ အဲဒီ ထမင်းဖလုံ ချထားခဲ့၊ လာ မင်းမဟံ
ဆိုင်တစ်ဆိုင်မှာ လိုက်ကျွေးမယ်၊ သူဇာ နင်တို့ အဲဒီလက်ဖက်ရည်
ရှင်းပြီး ပြန်လိုက်တော့''

''ဟဲ့ ဟဲ့ မြမဟော''

''ခက်တော့တာပဲ ဟိုက ပြန်လာရင် မင်းမဟံကို သောင်း
ဦးတော့မှာ''

ကြည်လဲ့ခင်နှင့်သူဇာရဲ့ စိုးရိမ်ပူပန်မှုကို မြမဟော မကြ
ယောင်ချောင်လာခဲ့သည်။ မင်းမဟံအတွက် ရှေ့ခန်းတံခါးဖွင့်ပေး၍
ထိုးကာ ဝင်ထိုင်စေလိုက်ပြီး ကားကို ဂူးခနဲ မောင်းထွက်လာခဲ့
လမ်းဘေးဝဲယာကို သေချာကြည့်ပြီး အကောင်းဆုံး ထမင်း
ကို ရွေးချယ်လိုက်၏။ နန်းထိုက်ကေရီ ကုမ္ပဏီပိုင်ရှင် ဦးသက်မင်း
ရဲ့သားက ဒီလို ဘဝအခြေအနေမျိုးနဲ့တဲ့လား။



ထိုင်သူစံဆိုလျှင် အကောင်းဆုံး ဟိုတယ်မှာ အဆင့်အတန်း
ကြမှ်င့် စားသောက်ပြီးနေရောပေါ့။

''မင်းမဟံ ဆင်းလေ''

ကားတံခါး ဖွင့်ပေးပြီး ဆင်းခိုင်းတာတောင် မင်းမဟံ ဟိုကြည့်
ကြည့်နှင့် မဝံ့မရဲ တွန့်ဆုတ်ဆုတ် ဖြစ်နေတာမို့ လက်ကို ဆွဲ၍ ရှေ့က
ဆောင်ဝင်လာခဲ့ရသည်။

သန့်ရှင်းသေသပ်သော ဆိုင်လေးထဲမှာ လူလည်းအတန်းငယ်
ရှာ၏။

''ဒီဆိုင်က အကောင်းဆုံး အစားအသောက်တွေ အကုန်ချပါ''

''မဟောရယ် နည်းနည်းပါးပါးပဲမှာပါ၊ ကျွန်တော်လည်း စားနိုင်
မှာ မဟုတ်ဘဲနဲ့''

''စားချင်သလောက် စားနိုင်သလောက်ပဲစား၊ ကျန်လို့ သွန်ပစ်
ရသည်၊ ဘာမှမဖြစ်ဘူး''

''မဟော ဘာလို့ ကျွန်တော့်အပေါ် အဲလောက်ကောင်းရတာလဲ''

''ဟင်''

သူမ မျက်လုံးလေးပြူးပြီး ဘာပြောရမှန်းမသိ ဖြစ်သွား၏။
အကြောင်းပြချက်တိုင်းက မင်းမဟံကို အမှန်အတိုင်း ပြောလို့မကောင်း
ပေ။

''ဟို ရှင့်ဘဝကို သနားလို့ပေါ့ မင်းမဟံ''

''မိန်းကလေးတစ်ယောက်ရဲ့အသနားခံဘဝနဲ့ နေရတာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် ပိုပြီး သိမ်ငယ်တယ်၊ အဲလို မလုပ်ပါနဲ့လား''

''ရှင့်ကို အားပေးဖေးမချင်တာလေ၊ ဘာလို့ သိမ်ငယ်ရမှာလဲ… ရှင့်ကို အထင်သေးရှုတ်ချပြီး ဆက်ဆံနေတာမှ မဟုတ်တာ''

''ကျွန်တော် နားလည်ပါတယ် ဒါပေမဲ့''

''တော်တော် ဟိုမှာ ထမင်းပွဲတွေ လာနေပြီ စားလိုက်ဦး''

စားပွဲထိုးလေး လာချပေးသော ထမင်းပွဲတွေ ရောက်လာတော့ မင်းမဟံ ခေါင်းမဖော်တမ်း အားမနာတမ်း အားရပါးရ စားမိသည်။ ဒီလို အရသာရှိသော ထမင်းဟင်းမျိုး ဖေဖေဆုံးသွားသည့်အခါမျိုးမှာတောင် မကျွေးဘူးပါ။

ဖေဖေ ပိုက်ဆံပေးလိုက်သည့်နေ့မျိုးမှာ အစားအသောက် ကောင်းကြိုက်သော သူ့အတွက် မေမေက ချက်ပြုတ်ကျွေးမွေးလှုပ်လည်း ဘယ်တော့မှ ဖြောင့်ဖြောင့်တန်းတန်း ကောင်းကောင်းမွန်မွန် မစားရချေ။

ကိုမောင်ကြီးနှင့် မမမိုးတို့လင်မယားက အရင်ဦးအောင်စားပြီး အကြွင်းအကျန် အရိုးအရင်းသာ သူစားရသည်။

''မင်းမဟံရယ်''

ပါးစပ်ဖျားက ထုတ်ဖော်ညည်းမိသည်အထိ သူမ ရင်ထဲ ဆို့နင့်သွားရသည်။ တကယ်ပဲ ငိုက်ဆာနေလို့လား။ ဟင်းကောင်းထမင်းကောင်းတွေ့လို့ပဲလားမသိဘဲ မင်းမဟံ စားသောက်နေပုံက တော်တော်လေး အငမ်းမရ ဖြစ်နေသည်။

ဒီလိုဘဝကြီးနှင့်တော့ မင်းမဟံ မနေသင့်ပါ။



ဖခင်တစ်ယောက်အနေဖြင့် ဝတ္တရားမပျက်ခဲ့ဘူးဆိုရင်တောင် …ထဲမှာ ထားတာတော့ ဦးသက်မင်းထိုက် ဥပေက္ခာပြုရာ ကျလွန်းနေ…တင်သည်။

ရှင့်အတွက် ဘာလုပ်ပေးရမလဲ။

ရှင် ဒီအတိုင်းကြီးနေလို့တော့ မဖြစ်ဘူး မင်းမဟံ…။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အမေတို့ ဒီအတိုင်း နေလို့တော့ မဖြစ်ဘူး သား။ ရွာ
စပါးပေး နှမ်းပေးထားတာလေးတွေက မိုးဖျက်လို့ဆိုပြီး ပိုက်ဆံတစ်ပြား
မရခဲ့ဘူး။ သူတို့ခမြာလည်း သနားပါတယ်၊ လုပ်အားလည်းရှုံး၊ အရင်း
လည်းရှုံးနဲ့ ဒီနှစ်စားဖို့သောက်ဖို့တောင် ခက်နေရှာတယ်"

မေမေ့ရဲ့ ညည်းညူမှုကြောင့် သူ့ရင်တွေလည်း မောကျပ်ရ
သည်။ ဒီကမရလျှင် ဖေဖေ့ဆီကို အသုံးစရိတ် သွားတောင်းနိုင်မည်
တော့မည်။

"အိမ်မှာဆန်ရော ဆီရော အသုံးစရိတ်ရော ဘာမှမရှိတော့ဘူး
သား။ မိုးမိုးဆွေဆီ သွားစားမယ်ဆိုလည်း သူ့ဘာသာ အရင်းပြုတ်တာ
မေမေတို့အပေါ် အပြစ်ပုံဦးမယ်"





"ကိုကြီးကရော အရင်းအနှီးထုတ်ပေးထားတာတောင် ဘာ
မှ မယ်မယ်ရရ လုပ်တာ မမြင်ဘူး။ အိမ်အသုံးစရိတ်လည်း
ဘူး မဟုတ်လား မေမေ"

"ဖဲရိုက်လို့ ကုန်ပြီ ထင်ပါတယ် သားရယ်၊ ဘယ်နေ့ ဘာလုပ်
ပြောဦးမလဲ မသိဘူး။ ခုလောလောဆယ်က မေမေတို့အတွက်
ဖေဖေဆီ သွားရဦးမှာ"

"မေမေ သွားမှာလား"

"သား သွားလိုက်ပါ။ သား သင်တန်းကြေး ပေးမယ်လို့လည်း
ထားတယ် မဟုတ်လား။ အိမ်လာရမှာလား၊ တစ်နေရာမှာ ချိန်းမှာ
ဖုန်းအရင်ဆက်ကြည့်လိုက်လေ"

"ဟုတ်ကဲ့"

မေမေ့ရှေ့က ထွက်လာခဲ့ပြီး လမ်းထိပ်ဖုန်းဆိုင်ကနေ ဖေဖေ့ဆီ
ဆက်ရသည်။ ဒီအချိန်ဆို ဖေဖေ ကုမ္ပဏီမှာ ရှိနေမလား။ အိမ်မှာပဲ
မလား"

"ဖုန်းဆက်ချင်လို့ အစ်ကို"

"အေး ဆက်လေ ညီ၊ ကိုယ့်ဘာသာ နှိပ်လိုက်"

"ဟုတ်ကဲ့"

ဖုန်းက ခေါ်လို့ဝင်သွားသော်လည်း တော်တော်နှင့်မကိုင်။
ာက်တစ်ခါထပ်ခေါ်မှ ဖုန်းကိုင်သံ ကြားလိုက်ရပြီး

"ဖေဖေ သားပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ပြော၊ ဖေဖေ မအားဘူး သား၊ မင်းအန်တီ ကျန်း
ရေး တော်တော်ဆိုးနေလို့"

"ဟုတ်ကဲ့ သား၊ သင်တန်းကြေးနဲ့ အိမ်အသုံးစရိတ် လိုနေလို့

"မင်းတို့လည်း တော်တော်ခက်ပါလား၊ ဟိုတစ်ခါ သင်တ
ကြေးက နှစ်လစာ ပေးထားတာလေ၊ အသုံးစရိတ်လည်း လုံလုံလော
လောက် ပေးထားတာပဲ၊ ဟိုနှစ်ကောင် သုံးဖြုန်းပစ်လိုက်ပြန်ပြီလား

"မဟုတ်ပါဘူး၊ ရွာမှာ စပါးပေး ပေးထားတာ ရေတွေနစ်
အရှုံးပေါ်သွားလို့ပါ"

"အေးကွာ အိမ်သာလာခဲ့တော့၊ ဖေဖေက ဘယ်မှထွက်
တွေ့နိုင်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ဖေဖေ၊ သား လာခဲ့ပါမယ် ဖေဖေ"

ဖုန်းချပြီးချိန်မှာ ရင်ထဲက တိုးထွက်လာသော သက်ပြင်းရှိုက်
ကြီးက တော်တော် ကျယ်လောင်သွားသည်။ ဖေဖေ့ကို တွေ့ချင်သေ
လည်း ဖေဖေ မိသားစုရဲ့ ငြီးငြွင်မှုကို မခံစားနိုင်။

ဒါပေမဲ့လည်း ကိုယ့်ရဲ့လိုအပ်မှုအတွက် သွားတော့ သွားရ
ပါပဲ။ အိမ်မှာ ဘယ်သူမှ ရှိမနေရင်တော့ စိတ်သက်သာသေးတာပေ

■ ■ ■



## အခန်း (၁၅)

"ဟော သမီးလေး၊ သင်တန်းက ပြန်လာပြီးမှ ဘယ်ကိုထွက်
ဦးလဲ"

"ကိုသူတို့အိမ် သွားမလို့ မေမေ၊ ကိုသူ အိမ်မလာတာ ကြာ

"သြော် အေး မသွားခင် ထိုင်ပါဦး သမီးရယ်၊ မေမေနဲ့စကား
ပြောရအောင်"

အိတ်ကိုလွယ်ပြီးမှ မေမေ့ရှေ့မှာ ဝင်ထိုင်ရသည်။ မေမေက
မျက်နှာကို အကဲခတ်လျက်

"သမီးတို့ ဘယ်တော့ လက်ထပ်ကြမလဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် စေ့စပ်ထားရအောင် တစ်ယောက်အကြောင်း တ
ယောက် မသိလို့ လေ့လာနေရဦးမယ့် အခြေအနေမျိုးမှ မဟုတ်တာ
အချိန်ဆွဲမနေဘဲ တစ်ခါတည်း လက်ထပ်လိုက်တာပဲ ကောင်းမလား
မေမေ စဉ်းစားတယ်"

"နေ နေပါဦး မေမေ၊ အဲဒီကိစ္စကို သူနဲ့ နောက်မှတိုင်ပင်လိုက်
ပါ့မယ်"

"မောင်ထိုက်သူစ်ကတော့ သူ့အမေ မသေခင် လက်ထပ်ချင်
တယ်လို့ ပြောနေတာပဲ သမီး၊ သူ့အမေ ရောဂါက တစ်နေ့တခြား
ပိုဆိုးလာတာပဲရှိတာ မဟုတ်လား"

"ဒါပေမဲ့ သမီးကတော့ လက်မထပ်ချင်သေးဘူး မေမေ"

"ဘာဖြစ်လို့လဲ သမီး၊ အရင်က စေ့စပ်ထားမယ်ဆိုတာ သ
လက်ခံထားတာပဲ မဟုတ်လား"

သူမ ခေါင်းမညိတ်မိ။ နာခံခဲ့တယ်ဆိုတာ သံယောဇဉ်ကြောင့်
ပါ။ အချစ်ကြောင့်မှ မဟုတ်ဘဲ။

"ကိုသူ့ကို ကိုယ့်အစ်ကိုတစ်ယောက်လိုပဲ သဘောထား
ရသေးတယ် မေမေ၊ ကိုယ့်လင်ယောကျ်ားတစ်ယောက်အနေနဲ့ စိတ်
ပြောင်းကြည့်ဖို့ သမီး ကြိုးစားပါ့မယ်"

"အေး မောင်ထိုက်သူစ်က အိမ်ထောင်ဘက်အဖြစ် အသ
တော်ဆုံးဆိုတာ သမီး စိတ်ထဲက သေချာစွဲမှတ်ထားပါ၊ မေမေတို့
ကြီးချင်းလည်း စကားတွေကျွံပြီးနေပြီ၊ သံယောဇဉ်ဆိုတာလည်း အိမ်



တစ်ခုအတွက်တော့ ဟုတ်မှာပါ၊ သမီးအနေနဲ့တော့ ယယ်ယယ်
ကိုသူ့ကို ကိုယ့်အစ်ကိုရင်းလိုပဲ ခင်တွယ်လာတာဆိုတော့ ကြာလာ
စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ လက်ထပ်ရအောင်လို့ ကိုသူ ခဏခဏ
မျက်နှာကို မကြည့်ချင်လောက်အောင် မုန်းမိမလား မသိဘူး"

"ဟဲ့ သမီး အဲလိုကြီး မပြောရဘူးလေ"

သူမ ရင်ထဲက အမှန်တရားတွေ ပြောမိတော့ မေမေ အလန့်
ဖြစ်သွားသည်။ ဒီထက် တွန်းအားပေးလာလျှင် သူမဘက်က
အခံလုပ်ဖို့လည်း ဝန်မလေးတော့ပေ။

"သမီး တကယ်ပြောတာ မေမေ၊ ကိုသူ့ကို သမီး ချစ်လို့ မရ
ကြီးလူကောင်းတစ်ယောက်အနေနဲ့ လေးစားသင့်မှန်းတော့ သိ

"လုပ်ငန်းဘက်မှာလည်း အားကိုးလို့ ရနေပြီ သမီး၊ သမီး
ရှိတည်းက သူတို့ကို အမှီသဟဲ လုပ်နေရတာ၊ ကုမ္ပဏီတစ်ခု
လည်ပတ်ဖို့ဆိုတာ ကျွမ်းကျင်နားလည်တဲ့သူရှိမှ"

"မေမေက အစွမ်းအစမရှိတဲ့သူမှ မဟုတ်ဘဲ၊ ဖေဖေ သင်ပေး
ညာတွေနဲ့ မေမေ ဒီနေ့ထိ အောင်မြင်အောင် ရပ်တည်နေနိုင်တာပဲ
အခုတက်နေတဲ့ သင်တန်းကလည်း ကုမ္ပဏီအတွက် အထောက်
ဖြစ်ပါတယ် မေမေ"

"အေးပါ မေမေကလည်း သူတို့ကိုချည်း အားကိုးနေတာ
ပါဘူး၊ ဒါပေမဲ့ သမီးအတွက်တော့ မောင်ထိုက်သူစ်က အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကောင်း လင်ယောကျ်ားတစ်ယောက်ဆိုပြီး သမီး ဖေဖေ မ
တည်းက ရွေးချယ်ထားတာ၊ ဒါကိုတော့ သမီး ဆန္ဒကျင်လို့ မရ

"ဟုတ်ကဲ့ပါ သမီး ခေါင်းထဲ ထည့်ထားပါတယ်၊ နေ
စဉ်းစားပြီး ဆုံးဖြတ်မှာမို့လို့ အခုတော့ ဖွတ်အတင်း မတိုက်တွန်း
မေမေ"

"ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ၊ ကဲ့ မောင်ထိုက်သူ
သွားမလို့ဆို ဖုန်းရောဆက်ပြီးပြီလား"

"မဆက်တော့ပါဘူး ကုမ္ပဏီပိတ်ရက်ဆိုတော့ အိမ်မှာရှိ
သမီး သွားတော့မယ် မေမေ"

"အေး အေး မြမြဝေကို မေမေက လူနာသတင်းမေးတ
ပြောလိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ မေမေ"

အိတ်ကိုလွယ်၍ မေမေ့ရှေ့က ဖွတ်ထွက်လာခဲ့သည်။ ရ
မကျေနပ်ချက်များဖြင့် ထိုက်သူစံတို့အိမ်ကို ဦးတည်လျက်. . .။

■ ■ ■



## အခန်း (၁၆)

ဒီအိမ်ခြံဝင်းထဲကို ခြေချမိသည့်အချိန်တိုင်း မင့်မရဲ့ တွန့်ဆုတ်
ဝေမြဲပါ။ အရှိန်အဝါက ကြီးကျယ်ခမ်းနားလွန်းတာကြောင့် သိမ်
များဖြင့် ခြေလှမ်းတို့က ရှေ့ဆက်လို့ မရတတ်ပေ။

"သား လာလေ"

ဖေဖေက သူ့ကိုမြင်သွားကာ အိမ်ထဲကို လှမ်းခေါ်သည်။ ကိုကို
ဆိုကားကို ပေါ်တီကိုအောက်မှာ မြင်ရပေမယ့် လူကိုတော့ မမြင်ရပေ။
က်ရှုံချောင်သလို ဖြစ်သွားသည်မို့ အိမ့်ထဲကို လှမ်းဝင်ခဲ့သည်။

ဖေဖေက ညှော်ခန်းထဲက ဆိုဖာခုံကို မေးငေါ့ပြပြီး

"သား ထိုင် မင်းအမေရော နေကောင်းလား"

"ဟုတ်ကဲ့ နေကောင်းပါတယ်၊ ဖေဖေရော နေကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

''အင်း လူရောစိတ်ရော ပင်ပန်းနေတာတော့ ပြောမပြလည်

သားသိမှာပေါ့၊ မင်း အန်တီ တော်တော် အခြေအနေ မကောင်းတေ

ဘူး''

''သား အလုပ်တစ်ခုခု လုပ်ရတော့မလား ဖေဖေ''

''ဘာဖြစ်လို့လဲ မင်း သင်တန်း မပြီးသေးဘူး မဟုတ်လာ

''တစ်ဆင့်ပြီး တစ်ဆင့် ပြီးအောင်တက်နေတာ၊ နောက်

လေးလလောက် လိုဦးမယ်၊ ဒါပေမဲ့ သားတို့ သားအမိနှစ်ယောက်ကြေ

ဖေဖေ ဝန်ထုပ်ဝန်ပိုး ဖြစ်နေသလားလို့''

''အဲလိုလည်း မဟုတ်ပါဘူး သားရယ်၊ သားတို့အပေါ် ဖိ

တာဝန်မကျေနိုင်တာကို ဖေဖေလည်း စိတ်မကောင်းဖြစ်နေတာပါ''

''သားကတော့ ဖေဖေ ဥပေက္ခာပြုထားတယ်လို့ မတွေးပါ

သားတို့ကံကြမ္မာပါ၊ ဘယ်လိုအခြေအနေနဲ့ပဲ နေရနေရ ကျေနပ်ပါတ

''မကျေနပ်လို့ရော ရမလားကွ''

''ဟင် ကိုကိုကြီး''

''သားကြီး''

လေသံခပ်ပြင်းပြင်းနှင့် အနားရောက်လာသူကြောင့် မင်း

တုန်ခနဲတောင်ဖြစ်လို့သွားသည်။ ဖေဖေက သဘောပေါက်သွားဟ

''သားကြီး ညီလေးက ခဏပဲနေမှာပါ၊ သား အပြင်သွား

မဟုတ်လား၊ သွားလေ သွား''



''မသွားသေးဘူး ဖေဖေ၊ ကျွန်တော် ဒီနေ့ ပြတ်ပြတ်သားသား

ပြောစရာရှိတယ်''

''ဘာပြောမှာမို့လို့လဲ သားရယ်၊ နောက်မှ ဖေဖေနဲ့ပြောရအောင်

''ကျွန်တော် ဖေဖေနဲ့ပြောမှာမဟုတ်ဘူး၊ မင်းမဟံကို ပြောမှာ၊

ကောင် မင်း နောက်တစ်ခါ ဒီအိမ်ကို အဝင်အထွက်မလုပ်ပါနဲ့''

''သား ဘယ်လိုပြောလိုက်တာလဲ၊ ဒါ သား ညီလေးလေ''

''ဘယ်သူက အသိအမှတ်ပြုထားတဲ့ ညီလေးလဲ၊ ဖေဖေ

ယ်အနှောင်းထားတာကို မေမေ ခွင့်ပြုလိုက်တာ သားသမီးယူဖို့

ဘူး ဖေဖေ''

''ခုချိန်မှာ အဲဒါတွေပြောနေလို့ရော ဘာထူးမှာလဲ သားကြီး

မင်းမဟံက မခေါ်ချင် မတော်ချင်လို့ မရတော့တဲ့ ဖေဖေ့သား

နေပြီပဲ''

''အဲဒီလောက် ဖြစ်နေရင်လည်း အဲဒီသားအမိနှစ်ယောက်နဲ့

နေလိုက်ပါ ဖေဖေ''

''သားကြီး''

ဒီလောက်ထိ ပြောထွက်လိမ့်မည် မထင်တာကြောင့် ဦးသက်

ထိုက် တအံ့တသြ ဖြစ်သွားရ၏။ နားလည်ဖို့ မတိုက်တွန်းဘူးသော်

ညီး သားငယ်ရှေ့မှာ ပမာမခန့်တော့ မဖြစ်စေချင်ပေ။ ဟန့်တားမှုကို

တ်သူစံက ဂရုမစိုက်စွာ

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဒီအိမ်မှာ ဝင်ထွက်နေတာ ပတ်ဝန်းကျင်မှာ သ
တို့ ဘယ်လောက် သိက္ခာကျလဲ၊ ဖေဖေ မသိဘူးလား။ ဖေဖေတို့မှာ
မှုကြီးက သားရဲ့အိမ်ထောင်ရေးကိုပါ ထိခိုက်လာနိုင်တယ်၊ မဆင်ခြင်
ရင် နောက်ဆံမတင်းနဲ့၊ အပြတ်ဖြတ်ထားခဲ့ပါ ဖေဖေ"

"အေး အေးပါ သားကြီးရယ်၊ သား မေမေ ကျန်းမာ
ကောင်းတာမဟုတ်ဘူး။ တိုးတိုးသက်သာပြောပါ၊ ဖေကြာ ကြား
ရင် အသေမဖြောင့်ဘဲ စိတ်ထိခိုက်နေပါဦးမယ်"

"ဒါ ဖေဖေ မပြတ်သားခဲ့တာတွေကြောင့်ပါ ဖေဖေ၊ ပေး
သလောက်ပေးပြီး အဝေးမှာ ထားပါလား၊ အခုက သူတောင်းစာ
အမျှင်မပြတ် လာတောင်းနေတာ ကျက်သရေယုတ်တယ် ဖေဖေ"

"ကိုကိုကြီး"

အသံတွေ ကုန်ခါသွားလောက်အောင် အော်ပစ်လိုက်မိသ
ဒီလောက်ထိ နှိမ့်ချအထင်သေးနေတာ သူ မခံစားနိုင်ပါ။ ဖေဖေ
သူ့ဘက်က ရပ်တည်မပေးသည့်အတွက် သူ ပိုပြီး ဝမ်းနည်းလာ

"ကျွန်တော် ပြန်ဦးမယ် ဖေဖေ"

"နေဦးလေ သား ပိုက်ဆံလာယူတာ မဟုတ်လား"

"နေပါစေတော့ မယူတော့ပါဘူး"

"ဟိတ်ကောင် မင်းက ဘာကြီးကျယ်တာလဲ၊ အပြောမခံနိုင်
အစတည်းက မလာသင့်ဘူး၊ တကယ် မာနရှိတယ်ဆိုရင် ဖေဖေ
အဆက်အသွယ်မလုပ်မိအောင်နေ၊ သွားတော့ နောက်တစ်ခါ ဒီအိမ်





တ်တောင်မနင်းမိစေနဲ့"

အံကြိတ်လှည့်ထွက်သွားသော သားငယ်ကိုကြည့်၍ ဦးသက်မင်း
ရင်ထဲမကောင်းလှပေ။ ဒီလိုတွေ ဖြစ်နိုင်တာကို တွေးမိလျက်နဲ့
ညလား မသိ ဆုံးပါးသွားနိုင်သော ဇနီးသည်ကြောင့် အိမ်ကို
က်မိတာပါ။ အပြင်မှာတွေ့လို့ ပြန်လာမှ အသက်မမီလျှင် နောက်
ပြစ်တစ်ခု၊ အမှားတစ်ခု ကျူးလွန်ရာရောက်မည်စိုးလို့ပင်။

"ကျွန်မက ရှင့်ဆန္ဒတွေကို မဖြည့်ဆည်းနိုင်လို့ အပျော်ရှာတာ
ခြင်းမပြောပါဘူး။ အတွကြီးကြီးနဲ့ တွယ်ဖက်ထားတာမျိုး မဖြစ်ချင်
ည်း ပတ်ဝန်းကျင်မှာ ဆိုးဆိုးဝါးဝါး သိက္ခာမကျအောင် အတည်
လက်ထပ်ယူလိုက်ပါလို့ ကျွန်မ တိုက်တွန်းခဲ့တာပါ၊ ဒါပေမဲ့
အောင် ရှုပ်လာနိုင်တဲ့ တစ်မိသားစုလုံး ဂုဏ်သိက္ခာညှိုးနွမ်းနိုင်တဲ့
ငယ်မနဲ့ သားသမီးယူလိုက်တာတော့ ရှင် အရမ်းမှားတယ် ကို
ယ်၊ အဲဒီ ကလေးနဲ့ အမျှင်တန်းနေရင် အရွယ်ရောက်လာတော့
သားသမီးတွေ ဘယ်လောက်များ ရှက်ရှာမလဲ၊ ရှင် အရမ်းရက်
ယ်၊ အရမ်းမှားတယ် ကိုထိုက်ရယ်"

ဇနီးသည် မြမြဝေရဲ့ အပြစ်တင်စကားကြောင့် ကိုယ် အမှန်
ယ် နောင်တရခဲ့သည်။ ရောဂါသည်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့လွန်ကျူးမှု
င့်လွှတ်နားလည်ပေးနိုင်တာ စိတ်သဘောထား ပြည့်ဝ မြင့်မြတ်ခဲ့
ဟုတ်လား။

တကယ်ဆို ထိုအချိန်က သက်ထားဆွေ ကိုယ်ဝန်လွယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကို ပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန် ပေါက်ကွဲခဲ့မိသေးသ

"မင်းဘဝကို သနားလွန်းလို့ ငါ လက်ထပ်ခဲ့တာ၊ လိုလေ

မရှိ ပေးကမ်းထောက်ပံ့ခဲ့တာလည်း မင်းရဲ့ဒုက္ခတွေကို ငဲ့ညှာစာနာ

ဒါပေမဲ့ မင်းကို ကလေးမယူပါနဲ့လို့ ငါအတန်တန် တောင်းဆိုခဲ့

မင်းဆီက ငါပြန်လိုချင်တာ အဲဒီကတိတစ်ခုတည်းပါ၊ ဒီဘက်က က

တွေ ငြိုငြင်မယ် အပြစ်မြင်မယ်၊ မင်းမွေးလာတဲ့ ကလေးလည်းမျ

ငယ်မယ်၊ မင်းမစဉ်းစား မဆင်ခြင်တတ်ဘူးလား၊ မင်း သားကြီး

ကြီးတွေအတွက် လောဘတစ်ခုပဲ ရှိတာပါလား သက်ထားဆွေ

တော်တော်လောဘရမ္မက်ကြီးတာပဲ"

ကိုယ်ရဲ့ဒေါသဖြင့် ပေါက်ကွဲမှုကို သက်ထားဆွေ မျက်ရ

နှင့်သာ တုံ့ပြန်ခဲ့သည်။ သက်ထားဆွေရဲ့ မျက်ရည်တွေကို မြင်ပြေ

လည်း သူတကယ် စိတ်မကောင်းခဲ့။

သူ့ခမြာ အိမ်ထောင်ရေး ကံမကောင်းလို့ ကလေးသုံးယေ

နှင့် ဆင်းရဲဒုက္ခတွေ အဆမတန် ကြီးမားခဲ့သူမဟုတ်လား။ အကျင့်

ဖောက်ပြန် လောလီတတ်သူ မဟုတ်တာကြောင့် အလေးအနက်

တန်ဖိုးထားခဲ့မိတာ ဝန်ခံရမည်။ ပြီးတော့ သူလွယ်ပိုးထားတာ ကို

ရင်သွေး။

"ဘယ်တတ်နိုင်တော့မလဲ သက်ထားဆွေ ခုချိန်မှာ ဒီကို

ကို ဖျက်ချနိုင်းရင် မိဘဆိုးတွေ ဖြစ်ကြဦးမယ်၊ ဒီကလေးကို မင်းေ

ကောင်းမွေးမြူပါ၊ အပြည့်အဝ ငါထောက်ပံ့ပေးမယ်၊ ပွဲတက်မယ



သားသမီးမဟုတ်လို့ မျက်နှာငယ်ရနိုင်ပေမယ့် မင်းရဲ့ဖေးမအားပေးမှု

တွေနဲ့ လူတစ်လုံး သူတစ်လုံး ဖြစ်ပါစေ၊ အဓိကက မင်းရဲ့သားကြီး

သမီးကြီးတွေ အနိုင်မကျင့်အောင် မင်းစောင့်ရှောက်နိုင်ရမယ်"

ထိုကတိကိုတောင်းတော့ ဒေါ်သက်ထားဆွေ မျက်ရည်တွေ

ကြားက ခေါင်းတညိတ်ညိတ် ကတိတွေပေးခဲ့သည်။

"ကျွန်မ ကတိပေးပါတယ်၊ မွေးလာမယ့်ရင်သွေးကို ကျွန်မ

အသက်နဲ့လဲပြီး စောင့်ရှောက်မှာပါ၊ ဒီရင်သွေးကို ယူလိုက်တာ သားကြီး

သမီးကြီးတွေ ဘဝရပ်တည်မှု ခိုင်မာဖို့တစ်ခုတည်း အတ္တကြီးကြီးနဲ့

ဖန်တီးလိုက်တာ မဟုတ်ပါဘူး၊ ကျွန်မ သားကြီး သမီးကြီးတွေက

ကလေးကချေ ဆိုးသွမ်းရိုင်းစိုင်းတဲ့ အရက်သမားရဲ့ ရင်သွေးတွေပါ၊

အခုလွယ်ပိုးတာက သူဌေးကြီး ဦးသက်မင်းထိုက်ရဲ့ ရင်သွေး၊ ကွာခြား

ချက်တွေရှိခဲ့မယ်ဆိုလည်း ဂုဏ်ယူချင်တာ သက်သက်ပါ၊ ရှင့်ရင်သွေးက

တစ်သွေးတစ်မွေး အဆင့်အတန်းမြင့်မြင့် ဖြစ်နိုင်တယ် မဟုတ်လား"

သက်ထားဆွေ ဘာကိုမျှော်လင့်တာလည်း မသိပေမယ့် သားကို

စောင့်ရှောက်မည်ဆို၍ ကျေနပ်ခဲ့တာ အမှန်ပင်။ အခုတော့ သတင်းစကား

တွေကမကောင်း။ ပေးသမျှ သက်ထားဆွေရဲ့ သားကြီး သမီးကြီးတွေက

သုံးဖြုန်းပစ်နေသည်တဲ့။ ဆိုးသွမ်း မိုက်ရိုင်းကြတာလည်း ကျွေးမွေး

ထောက်ပံ့နေသော ကိုယ့်ကိုတောင် ပမာမခန့်လုပ်ချင်ကြသည်၊ ဒါကြောင့်

လည်း ထိုအိမ်ကို မသွားဖြစ်တော့တာ ဘယ်လောက်ကြာပြီလဲ။

ပြီးတော့ မြမြဝေ ကျန်းမာရေးကြောင့်၊ သက်ထားဆွေတို့

www.burmeseclassic.com

www.burmeseclassic.com



သားအမိကို ဥပေက္ခာပြု လျစ်လျူရှုသလိုကို ဖြစ်နေခဲ့တာ။

"ဟား"

ဒါဟာ ဖောက်ပြန်တတ်သည့် ရှမ္မက်ဆန္ဒတွေကို အာသာမပြေ မရောင့်တိမ်းနိုင်ခဲ့သည့် အကျိုးဆက်ပေပဲ။

■ ■ ■



## အခန်း (၁၇)

ခွေးမောင်းသလို မောင်းထုတ်နေသော မြင်ကွင်းကို မမြင်ချင်ကြားချင်ဘဲ မြင်နေကြားနေရသည်။ မင်းမဟာ ဒီအိမ်ရောက်နေလိမ့်မည်ဟု သူမ လုံးဝမထင်မိ။

မိမိက ထိုက်သူစံကို တွေ့ဖို့လာတာ။ ဒီလိုပြဿနာကို မျက်ဝါးထင်ထင် မြင်တွေ့ကြားနေရတော့ ရင်ထဲက တကယ်မကောင်းလှ။ ထိုက်သူစံက သွေးသားတော်စပ်သူအပေါ်မှာတောင် ဒီလိုမျိုး ရက်စက်ကြမ်းတမ်းတတ်သူလား။

ဒီအတိုင်း ဝင်တွေ့လိုက်လျှင် ထိုက်သူစံနှင့် ပတ်သက်မှုကို မင်းမဟာ သိသွားမှာစိုး၍ ဒီအတိုင်း မမြင်ကွယ်ရာမှာ ငြိမ်နေလိုက်ရပြီး

"ဟင် မဟော အိမ်ထဲဝင်လေ ဒီနားမှာ ဘာလို့ရပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သူစံ အပြင်ထွက်လာတာနှင့် ဆုံတော့ သူမ တု...
ဖြစ်သွားပြီး ဧည့်ခန်းထဲ လှမ်းဝင်ရသည်။ ဦးသက်မင်းထိုက်က...
ဒေါ်မြမြဝေ အခန်းထဲ ဝင်သွားပြီထင်၏။

အိမ်ရှေ့ဧည့်ခန်းမှာ မမြင်တွေ့ရတော့ပေ။

"ဧည့်သည်နဲ့ စကားပြောနေလားလို့ ဝင်မလာတာပါ"

"ဧည့်သည်မဟုတ်ပါဘူး၊ ဖေဖေမယားငယ်ရဲ့ သားပါ ... သောက်ဖို့ အမြဲဒီလို လာတောင်းနေကျ"

"အဲဒါ ကိုသူ ညီပဲမဟုတ်လား၊ ဘာလို့အဲလို ပစ်စလက်... နိုင်ထက်စီးနင်း ပြောလိုက်ရတာလဲ"

"ကိုယ်တို့ အသိအမှတ်ပြုထားတဲ့ ဆွေမျိုးသားချင်း မဟုတ်... မဟေ၊ သူတို့သားအမိကြောင့်ပဲ ကိုယ်တို့မိသားစု ဂုဏ်သိက္ခာ ထိခိုက်... တာ၊ အငယ်အနှောင်းရဲ့သားက ဒီအိမ်မှာ ဝင်ထွက်နေတာ လွန်လှ... ဖေဖေ လက်ခံနေတာကိုက ကိုယ်တို့ကို အရှက်ရစေတယ်"

"လူ့ပတ်ဝန်းကျင်မှာ ဒီလိုကိစ္စတွေက ထူးဆန်းလို့လား၊ မှားယွ... သွားတဲ့ အပြစ်တစ်ခုကို တာဝန်ယူရတာ လူတစ်ယောက်ရဲ့ အသိစိတ်... ငွေကြေး ဂုဏ်ဒြပ်နဲ့ ဖုံးအုပ်ထားလို့ မကျော်ကြားပေမယ့် ဘယ်သူ... အပြစ်ကင်းလဲ ပြောစမ်းပါဦး"

"မဟေ"

အတိုက်အခံလုပ် ချေပနေတာကို ထိုက်သူစံ အံ့ဩနေဟ... တူသည်။ ဒီလို ပေါက်ကွဲခွင့် မကြုံတောင် တစ်နေရာမှာ ဒီကိစ္စ...





...ကြည့်ချင်နေတာပါ။

"တခြားလူတွေကို မဝေဖန်သေးဘဲ ကိုသူ ကိုယ့်ကိုယ်ကို ပြန် ...ကြည့်ပါ"

"ဘာ"

"မဟေလည်း အရမ်းငယ်သေးတဲ့ အရွယ်မဟုတ်ပေမယ့် ကို ...ငယ်တန်းအောင်တဲ့နေ့ သူငယ်ချင်းတွေနဲ့ အပျော်လွန် အမူးလွန် သူငယ်ချင်း ကောင်မလေးတစ်ယောက်နဲ့ မှားယွင်းခဲ့ဖူးတယ် မဟုတ်..."

"အဲဒါက"

"ကိုသူ ကိုယ့်အမှားကိုယ် တာဝန်မယူဘဲ ငွေနဲ့ဖြေရှင်းလိုက် ...ဆိုတာ မဟေ သိပါတယ်၊ အဲဒီအချိန်က ကိုသူ မိန်းမရမှာ စိုးလို့ ...ာ မအိပ်နိုင် မစားနိုင် ကလေးအတွေးနဲ့ ကိုသူ့ကို နမြော်ပြီး မဟေ ...ခဲ့တယ်"

"အင်း ဟုတ်တယ် အဲဒီအချိန်က မဟေလေး ငိုနေတာကို ...ကောင်းလို့ အဲဒီကောင်မလေးကို ကိုယ် လက်မထပ်ခဲ့တာ၊ ကလေး ...ထဲက မဟေ့ကို ဘယ်လောက်ချစ်တယ် တန်ဖိုးထားတယ် ဆိုတာ ...ာ သိပြီးသား"

"ဟား ဟား"

ပါးစပ်ကိုပိတ်ကာ ကိုသူ့ကို လှောင်ပြောင်သရော်၍ ရယ်ချလိုက် ...ည်။



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ကောင်းပြီး နှစ်မြှောပျော်ဝင် ငြိတွယ်သွားနိုင်… ဖြုက်လုံးတစ်ခုပါလား ကိုသူ၊ ကိုသူ ဆယ်တန်းကျောင်းသားတုန်း… မဟေ အသက်ဆယ်နှစ် ဆယ့်တစ်နှစ်သမီးအရွယ်ပဲ ရှိဦးမယ်၊ အဲဒီ… ရှိရှိ ကိုယ်ကျူးလွန်တဲ့အမှားကို ကိုယ်တာဝန်မယူရဲတာပါလို့ ဝန်ခံ… ပါတော့လား။ အဲဒါကို ပြောတာ ဂုဏ်သိက္ခာကို ငွေနဲ့မြှင့်တင် ပြောင်းထဲ… တဲ့ သူတွေက ဘာအထင်ကြီးစရာ ရှိလို့လဲ၊ ကိုယ်က အမှားလုပ်… သူဆိုရင် သူများကို အပြစ်ဖို့ မြင်တတ်ကြတာ လူတွေရဲ့အကျင့်…

"မဟေ မင်း ဘာလို့ မင်းမဟ်နဲ့ ပတ်သက်ရင် စကား… ရင့်ရင့်သီးသီးတွေနဲ့ တိုက်ခိုက်နေရတာလဲ၊ မင်းနဲ့ မင်းမဟ် ဘယ်… ပတ်သက်နေကြတာလဲ၊ ဘယ်လို သိကျွမ်းကြလို့လဲ"

သူမ ဟွန့်ခနဲမဲ့၍ အိတ်ကိုလွယ်ကာ ထရပ်လိုက်သည်။ … တစ်ထိုင်ထဲမှာပင် သူမ ဆုံးဖြတ်ချက်တို့ ခိုင်မာသေချာသွားခဲ့၏။

"မဟေ ကိုသူကို လက်မထပ်တော့ဘူး"

"ဘာ မဟေ မင်းဘာတွေပြောနေတာလဲ မင်းစကားက"

"သေချာ ဆုံးဖြတ်ချက်ချပြီးမှ ပြောတာပါ၊ ကိုသူက လူ… တစ်ယောက် ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ ဒါပေမဲ့ လူကောင်းတစ်ယော… မဖြစ်နိုင်တာ မဟေ သိသွားပြီ ကိုသူ"

"မဟေ မင်း"

"မေတ္တာဆိုတာ လူတိုင်းအပေါ် ကရုဏာတရားရှိမှ အ… တကယ့်မေတ္တာတရား ကြီးမားတဲ့သူမျိုးပါ၊ တစ်ဦးတစ်ယောက်အပေါ်…





…ချင် တဏှာရာဂကို ငြိတွယ်တဲ့သူ ဖြစ်သွားပြီ"

"ကိုယ့်ကို ဘာတရားတွေ လာဟောနေတာလဲ၊ မင်းနဲ့ကိုယ့်ကိစ္စ …ကြီးချင်း သဘောတူပြီးသား၊ မင်းလည်း လက်ခံပြီးသား၊ မင်းဘာ …ညှိရွယ်ပြီး စိတ်တွေပြောင်းတိုက်ခိုက်နေတယ်ဆိုတာ မသိပေမယ့် …တို့ ကိုယ်လက်လွှတ် ဆုံးရှုံးခံမှာ မဟုတ်ဘူးဆိုတာ မင်းသိထားပါ"

"ဘယ်လို အင်အားနဲ့လဲ၊ မြမဟေ ကိုယ့်ကိုယ်ကို ပိုင်တယ်၊ …ဆန္ဒမရှိဘဲ နှလုံးသားကို ဘယ်တော့မှ ရောင်းမစားဘူး"

"မြမဟေ မဟေ"

ခေါ်သံကို ဂရုမစိုက်၊ နောက်လှည့်မကြည့်။

ဆန္ဒတို့က ဆုံးဖြတ်ချက်အတိုင်း ပြတ်သွားစွာ …။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

''ဟယ် နင် ထိုက်သူစံကို အဲလိုကြီး အပြတ်ဖြတ်ချထား
တာလား''

''ဟုတ်တယ် မုန်းလွန်းလို့''

''နင့်မိဘတွေကို ဘယ်လိုရှင်းဆိုင်မှာလဲ''

''ဖေဖေမှ မရှိတော့တာ၊ အမေဆိုတာက သမီးတွေရဲ့ စိတ်
နားအလည်ဆုံးပဲတဲ့၊ မေမေ့ကို ငါရအောင် စည်းရုံးသိမ်းသွင်းမယ်''

''အဆင်မပြေရင် ပုန်ကန်မယ်ပေါ့''

''အဲဒါလည်း ဆုံးဖြတ်ပြီးသားပဲ''

''ငါ့သမီးလေး တော်လိုက်တာ''

သူ့ဇာ ရွှဲတာလား ငေါ့တာလား မသိပေမယ့် စိတ်မဆိုးနိုင်



သည်။ သင်တန်းက စပိကင်နှင့် ကွန်ပျူတာ နှစ်ချိန်ခွဲသင်တာမို့
ပြီးလို့ နားနေချိန်မှာတောင် ဒီနေ့ မင်းမဟံ ရောက်မလာခဲ့ပေ။

မင်းမဟံ သင်တန်းမတက်တော့တာလား။ မနေ့ကကိစ္စအတွက်
ထိခိုက်သွားခဲ့တာကြောင့် အိမ်တွင်း ပုန်းနေခဲ့ခြင်းလား။

''ဒီနေ့ ကြည်လဲ့ခင်တို့ သင်တန်းမတက်ဘူးလား''

''သင်တန်းရောက်ပြီးမှ ရုပ်ရှင်ကြည့်မယ်ဆိုပြီး ပြန်ထွက်သွား
တာ''

''ငါတို့လည်း သင်တန်းလစ်ရအောင်''

''ဘယ်သွားမလို့လဲ''

''ကြည်လဲ့ခင် တို့ဆီ''

''ဟဲ့ သူတို့က ရုပ်ရှင်သွားကြည့်တာ မဟေ နင်ဘယ်ကို သွား
နေတယ်ဆိုတာ ငါသိတယ်နော်၊ မင်းမဟံ သင်တန်း လာမတတ်
နာမငြိမ်နေတာ မဟုတ်လား''

''အေး ဟုတ်တယ်၊ မနေ့က အခြေအနေက ဆိုးတယ်ဟ၊
ဘာတွေ ဖြစ်နေလဲ ငါသိချင်တယ်၊ ကိုသူ့ကို ငါလုံးဝ ရွံမုန်းသွားပြီဟာ''

''နင် မင်းမဟံအပေါ် သဒ္ဒါတွေ ပိုနေလို့ ထိုက်သူစံကို အပြစ်
သွားတာ ဖြစ်မှာပါ''

ဟုတ်မှာပါဟု နှုတ်ဖျားက ထောက်ခံချင်ပေမယ့် အသိစိတ်က
ရမ်းဖို့ သတိပေး၏။

''လူတွေရဲ့ အတွင်းစိတ်ထဲမှာ ဘာတွေရှိနေမှန်း မသိဘဲ

www.burmeseclassic.com

www.burmeseclassic.com



သင်း ဆက်ဆံနေရတာ သိပ်ကြောက်ဖို့ကောင်းတယ်၊ အပေါ်ယံ
က တကယ်တော့ လူတွေကို သိမ်းသွင်း ဖြားယောင်းနိုင်တဲ့ ဟန်ဆော
တွေပဲ''

''ထိုက်သူစံက နင့်အပေါ် အရမ်းကောင်းပါတယ်''

''ဒါက ငါ့ဆီက လိုအပ်မှုတွေ ရှိနေလို့ပါ။ အတိအကျ
ရင် တပ်မက်သာယာမှုပေါ့။ ငါ ဆိုးနွဲ့တာလေးတွေ ပလီပလာ ချွဲ
လေးတွေ သူ့အပေါ် ခင်တွယ်တာလေးတွေ၊ ပြီးတော့ ငါ့ရဲ့
ယောကျ်ားတွေ လိုအပ်ဆုံး မိန်းမတစ်ယောက်ရဲ့ ကိုယ်ခန္ဓာ''

''ဟဲ့ စကားလုံးကြီးက ကြမ်းလိုက်တာ''

''အမှန်တရားပြောလို့ နားမခံသာဘူးလား။ အဲဒီလိုအပ်မှု
မရှိရင် မိန်းကလေးတစ်ယောက်အတွက် လေတစ်ချွန်စာတောင်
အချိန်ကုန် မခံကြပါဘူး။ လောကကြီးမှာ ယောကျ်ားတွေက သူတို့
သူတို့ အသက်ညှာဆုံးပဲ''

''ငါတို့ကတော့ ယောကျ်ားမုန်းတီးရေးအဖွဲ့အစည်းထဲ
ဘူးနော်''

''ယောကျ်ားတိုင်းလို့ ဝါးလုံးရှည်နဲ့ သိမ်းရမ်းနေတာ မဟုတ်
ဘူး။ ကိုသူကို ကိုးကွယ်ယုံကြည်နေမိခဲ့တဲ့ အချိန်တွေကို နှမြောတ

''မင်းမဟံကို အနိုင်ကျင့်တာမြင်မှ နင်အသိတရား ရ
တာပဲ''

''အဲဒါတော့ ဟုတ်တယ် မင်းမဟံရဲ့ ဟိုတက်က အစ်ကိုအ



ကိုလည်း ငါမုန်းတယ်၊ ကိုယ်တိုင်အပြစ်မကင်းရင် သူများကို အပြစ်
တင်တတ်တဲ့ လူတွေကြောင့် မင်းမဟံဘဝ ဘယ်လောက် သနားစရာ
ကောင်းလဲ''

''နင် မိန်းမနောက်ပိုး ဖြစ်နေပြီ မဟေ''

မြမဟေ အပြုံးနှင့်ခေါင်းညိတ်ရင်း ကားစက်နှိုး၏။ ဘယ်ကို
တော့မည်ဆိုတာ သူဇာ သိနေသည်။

''သူ့အစ်မ မိုးမိုးဆွေဆိုင်မှာ ရောက်နေရင် ဟိုနေ့က ကိစ္စပါ
မနပ်ဖြစ်ပြီး ပေါက်ကွဲခံနေရဦးမယ်နော်''

''ငါ သွေးမကြောင်ပါဘူး။ ခေါင်းငုံ့သည်းခံနေမှာလည်း မဟုတ်
အငွမ်းအစမဲ့နေတဲ့ မင်းမဟံကို ငါ အားပေးမှာ''

''ကြိုက်သလိုလုပ် နင့်သဘောပဲ''

လက်လျှော့လိုက်ဟန်ဖြင့် သူဇာ ကားနောက်မှီကို ခေါင်းနှင့်
မှီကာ ငြိမ်ကျသွား၏။

ကားလေးက ဦးတည်ရာကို ရှောခနဲ လိမ့်ထွက်လျက် . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''ဟဲ့ စားပွဲခုံကို သေချာသုတ်လေ၊ ပြီးရင်ပန်းကန်တွေ
ပြီ ဆေးလိုက်ဦး၊ လုပ်နေတာကိုက သွက်သွက်လက်လက် ဖျတ်
လတ်လတ်မရှိဘူး''

''စားပွဲထိုးကောင်လေးက ဘယ်ရောက်သွားလို့လဲ မ
ကျွန်တော်က ဒီနေ့ သိပ်နေမကောင်းလို့ သင်တန်းတောင် သွာ
တာ မဟုတ်ဘူး''

အိမ်မှာနေနေသော သူ့ကို အခေါက်ခေါက်အခါခါ အခေ
ပြီး တရစပ် မနားတမ်း ခိုင်းနေတာမို့ သူ့လေသံ မာသွားသည် ထင်
မိုးမိုးဆွေ မျက်နှာ တင်းထန်မဲ့ရွဲ့သွားပြီး

''ယောက်ျားရင့်မာကြီးဖြစ်ပြီး ခေါင်းကိုက်ဖင်ကိုက် အ
အမှားရောဂါလေးကို အိမ်မှာနားနေချင်လောက်အောင် အပျင်းထူ



နင်ရော အမေရော စားဖို့ ငါ့ဆိုင်က အကုန်ခံပြီး ချက်ပြုတ်ကျွေး
တာလေ၊ စားတော့ အကုန်ဝိုင်းစားပြီး အရင်းပြုတ်လို့ အရင်းအနှီး
င်းရင် မတန်မဆ အပြောအဆို ခံရဦးမယ်''

''အဲလိုတော့ မပြောပါနဲ့ မမမိုးရယ်၊ ရွာက ပြန်လာပြီး အဆင်
လို့ မမမိုးဆီမှာ အမေရော ကျွန်တော်ရော ထမင်းစားတာ တစ်
တောင် မပြည့်သေးပါဘူး၊ ဒါလည်း ကျွန်တော်တို့ တန်ကြေး အလုပ်
မှ စားကြတာပါ၊ မေမေက ထမင်းဟင်းတွေ ချက်ပြုတ်ပေးရတယ်၊
ဖို့ချဖို့ ကြော်လှော်ပေးရတယ်၊ ကျွန်တော်ရော မိုးလင်းမိုးချုပ်
တယ်ဆိုတာ ရှိလို့လား''

''အမလေး ကက်ကက်လန်အောင် ပြန်ပြောတတ်နေလိုက်တာ၊
မေ ပေးထားတဲ့ ပစ္စည်းကို ရောင်းချပြီး အရင်းအနှီး ထောင်ထား
င်လည်း ဆိုင်တာပဲဆိုပြီး ငါ့ကို မခန့်လေးစား ပြန်ပြောနေတာလား
ဟဲ''

''ကျွတ် မဟုတ်ပါဘူး မမမိုးရာ၊ ကျွန်တော် အခု တော်တော်
စိတ်ညစ်နေတာ၊ ကျွန်တော် အခု ဘယ်သူ့ကိုမှ မမှီခိုဘဲ ကိုယ့်
ဘာ ရပ်တည်ကြည့်ဖို့ အားတင်းနေတာ''

''ဘာ နင်က ဟား ဟား သူဌေးသားက ဘယ်လိုဖြစ်တာလဲ၊
မေ သူဌေးက ငါတို့သုံးဖြုန်းနေတယ်ဆိုပြီး ဘာမှ မထောက်ပံ့တော့
ဲ့လား၊ အေး မယားငယ်ရဲ့သားဆိုတာ အဲဒီလိုပဲ အငြိုငြင်ခံ မျက်နှာ
ရတယ် မှတ်ပလား''

www.burmeseclassic.com

www.burmeseclassic.com



''မမိုး''

စားသုံးသူတွေကြားအောင် အသံကျယ်ကျယ်နှင့် အော်

တာမို့ မင်းမဟံ ပူထူရှက်ရွံ့သွားရသည်။ မှဲ့ကာရွဲ့ကာ သရော်နေတာ

အရှက်ကွဲစေချင်တာ သိသာနေတာပဲ မဟုတ်လား။

ထိုအချိန်မှာ ကားတစ်စီး ဆိုင်ရှေ့ထိုးရပ်လာခဲ့ပြီး ကားပေါ်

နေ မြမဟော ဆင်းလာတာမြင်တော့ သူ ဖျတ်ခနဲ ရင်ခုန်လျက် အံ့

သင့်သွားရသည်။

''မြမဟော''

သူ ရုတ်ခနဲ မြမဟောနား ရောက်သွားလျက် ခေါ်လိုက်ရ

သူ့ဗာက စားပွဲဝိုင်းမှာ ဝင်ထိုင်ရင်း

''ရောဂါသည်းနေလို့ အရောက်လာပို့ရတာ မင်းမဟံရေ''

''ဟဲ့ သူဗာ ဘာတွေပြောနေတာလဲ၊ မင်းမဟံ မဟောတို့

ယောက်အတွက် လက်ဖက်ရည်နှစ်ခွက်၊ ပြီးရင် မဟောတို့ဝိုင်းမှာ

လာထိုင်လို့ ရတယ်မဟုတ်လား''

''ဟုတ် ဟို လက်ဖက်ရည်မှာလိုက်ပါဦးမယ်၊ ခဏနော် မ

မင်းမဟံ လှည့်ထွက်ဖို့ ပြင်လိုက်စဉ်မှာ မိုးမိုးခင် ရောက်

တာမို့ မျက်နှာချင်းဆိုင်လုလု ဖြစ်သွားရသည်။

''ဘာလဲ ဟိုနေ့က နင့်ကို ခေါ်ထုတ်သွားတဲ့ ကောင်မ

တွေလား''

''ဟုတ်ကဲ့ သင်တန်းက ကျွန်တော့်သူငယ်ချင်းတွေပါ၊





သင်တန်းမတက်လို့ နေမကောင်းဘူးထင်ပြီး သတင်းလာမေးကြ

င်တယ်''

''ဟုတ်လို့လား လက်ဖက်ရည်ကို ဟန်ဆောင်ပန်ဆောင်မှာ

ပြီး နင့်ကို ခေါ်ထုတ်သွားဦးမယ် ထင်တယ်၊ ဒီနေ့တော့ မရဘူး

တို့နေ့က အလုပ်တွေပါ ပေါင်းလုပ်ရဦးမယ်၊ နင့်ကိုခေါ်သွားရင်

တစ်နပ်ပဲ စားရမှာ၊ ငါက နင်နဲ့အမေကို ထမင်းအဝတ်ထားလိုက်

''မမိုး''

မြမဟော ဆက်နားမထောင်နိုင်။ မင်းမဟံလည်း မြမဟောတို့ကို

သွားဟန်တူပြီး သူ့အစ်မကို အလန့်တကြား ခေါ်ပြီး ဟန့်တား၏။

မိုးမိုးခွေက ရှိုင်းပျူတွာပင် မြမဟောတို့ကို မျက်စောင်းထိုးလိုက်ပြီး

''ယောက်ျားလေးတစ်ယောက်ဆီကို ရဲရဲတင်းတင်း ဝင်ထွက်

တာပြီး ဘယ်သူ့မှ ရှက်ရကြောက်ရမှန်းမသိ၊ ဂရုမစိုက် ခေါ်ထုတ်

တာနည်းတဲ့ သတ္တိတော့ မဟုတ်ဘူး။ ကိုယ်ပိုင်ကား စီးနိုင်တယ်ဆို

ငါ့မောင်ကို ဘယ်လောက်ပေးခေါ်မှာလဲ''

''ဒီမှာ မမိုးမိုးခွေ စကားကို ယဉ်ယဉ်ကျေးကျေး မပြောတတ်

အကျင့်ပါနေတယ်ဆိုလည်း ခေါင်းငုံ့သည်းခံနေတတ်တဲ့ မင်းမဟံ

ပြောချင်ပြောပါ၊ မဟောက ရှင်တို့ ပြောချင်တိုင်း ပြောလို့ရတဲ့

အစားထဲက မဟုတ်ဘူး''

''ဘာ ညည်းကများ သူများပိုင်နက်ထဲ လာစွာနေသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား ငါ့ဆိုင်ထဲက အခုထွက်သွား။ နင့်လို မိန်းကလေးမျိုး လက်
ရည်နှစ်ခွက်မကလို့ ခွက်နှစ်ရာဆိုလည်း မရောင်းဘူး သိရဲ့လား။
တို့ကို ရောင်းရမှ ထမင်းစားရမှာ မဟုတ်ဘူး''

''သိပါတယ် အမေရဲ့လင်ငယ်ဆိုက အထောက်အပံ့နဲ့
သောက်နေရတယ်ဆိုတာ သူများကို နိုင်ထက်စီးနင်းလုပ်ပြီးမှ
သောက်ရတာကို ဂုဏ်ယူနေသေးတယ်''

''ဘာ ညည်း ညည်း လူပါးဝလို့ တောက်''

''ဟာ မ မမမိုး မလုပ်ပါနဲ့၊ မဟေ ကျွန်တော် တောင်း
တယ်၊ လာ လာပါ ကျွန်တော်တို့ တခြားနေရာသွားရအောင်''

လက်သီးလက်မောင်းတန်း ပွဲကြမ်းနေသော မိုးမိုးဆွေ
နေ ပိတ်ကာရပ်၍ မြမဟေ လက်ကို ဖွတ်ဆွဲခေါ်ထုတ်ရသည်။ ခေါင်
ဆိုင် အတင်းတုတ်နေကြသောလူတွေရှေ့မှာ သူ့ဇာလည်း မျက်နှာ
မြန်းလေးနှင့် ပူထူလို့ပါ။

''ဟဲ့ နင် ဘာအလုပ်မှ မလုပ်ဘဲ လိုက်သွားလို့ကတော့
လယ်စာရော ညစာရော ဝတ်ပြီသာမှတ်၊ ပြန်မလှတ်ဘဲ ခေါ်ထ
လည်း သုံ့ရွေးသမက်သာလုပ်နေပေတော့''

''တောက်''

''မ မဟေ ဘာမှမပြောပါနဲ့၊ ကျွန်တော်ကို အားနာရင်
မပြောပါနဲ့တော့နော်၊ ကျွန်တော်လည်း မဟေတို့ကို အရှမ်းအား
မျက်နှာပူလှပါပြီ''



''ဟုတ်ပါတယ်ဟယ်၊ ဒီနေရာက မြန်မြန်သွားရအောင်ပါ၊ ရှပ်
ာ နှုတ်ရော စရိုက်ကြမ်းလွန်းလို့ ငါတော့ ရှက်ပြီး သေတော့မှာပဲ''

''မင်းမဟံ ရှင်လိုက်ခဲ့''

''လိုက် လိုက်ပါ့မယ်''

မင်းမဟံ မလိုက်လျှင် မြမဟေ ပြန်မည့်ပုံမပေါ်။ မင်းမဟံ
လည်း မိုးမိုးဆွေနှင့် နောက်မှ ဘယ်လိုရှင်းရရှင်းရဆိုပြီး တစ်ခါတည်း
ိုက်လာခဲ့သည်။

မင်းမဟံနှင့် ပတ်သက်သည့်သူတွေကို မြမဟေ ရင်ထဲ အမုန်း
ရားတို့ ထုထည်ကြီးမား အမြစ်တွယ်သွားကာ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒီလောက် စရိုက်ကြမ်း နှုတ်ကြမ်းလျှာကြမ်းတွေနဲ့ ရှင် ဘယ်လိုများနေနေလဲ မင်းမဟံ"

"အဲဒါ ကျွန်တော်ရဲ့ ကံကြမ္မာပါလို့ ပြောပြီးပြီပဲ"

"ရှင် ကျေနပ်နေလား၊ နစ်မြောနေလား၊ ယောက်ျားတစ်ယောက်ရဲ့မာန၊ သိက္ခာ ဘယ်ခြေထောက်အောက်မှာ ရောက်နေလဲ၊ တုံ့ပြန်ဖို့ တွန်းလှန်ဖို့ ရှင့်မှာ ဘာအစွမ်းအစမှ မရှိဘူးလား"

မေးခွန်းတိုင်းက ကရုဏာဒေါသနှင့်ဆိုတာ သူ နားလည်သည်။ ဆိုင်ကနေ သူ့ကိုခေါ်လာခဲ့ပြီး သူဇာကို လမ်းမှာ ချထားပေးခဲ့၏။

"သူဇာ နင် နေခဲ့တော့ဟာ၊ ငါ မင်းမဟံနဲ့ အေးဆေး စကားပြောချင်လို့၊ နောက်နေ့မှ ဆုံမယ် သိလား"

"အေး ပြေပြေလည်လည်တော့လုပ်၊ မင်းမဟံက နင့်ကိုပါ



ကြောက်နေ့ရမယ်ဆိုရင် မိအေး သုံးခါနာ ဖြစ်နေဦးမယ်"

သူဇာက ထိုသို့ပင် သတိပေးခဲ့သေး၏။ သူ့ကို မြမဟေ ခေါ်ခဲ့တာက ချစ်သူစုံတွဲတွေ ကွန်းခိုတတ်သည့် လူရှင်းသော ကန်တော်ကြီးတစ်နေရာ။

မခ်ချင်စိတ်တွေ သွေးဆူပြီး ကားအောက်ဆင်းလိုက်တော့လည်း လျှင်စလို့၊ ပြောလိုက်တော့လည်း လေသံတို့က ပျော့ပျောင်းမနေဘဲ တိအေးစက် သူ့ကို အားမလိုအားမရ ဖြစ်နေဟန်တူသည်။ ဘယ်လို တ်သက်မှုမျိုးလို့ အမည်ဖော်စရာ မရှိသေးဘဲ သူမ စိုးရိမ်နေတာကို ငြိနုန်နေမိတာတော့ သူမ သိမှာမဟုတ်။

"ကျွန်တော် ဝန်ခံပါတယ် မဟေ၊ ကျွန်တော် ရုန်းထွက်ချင် ပြန်ချင်ပေမယ့် မဟေ ပြောသလို အရည်အချင်း အစွမ်းအစတွေ ရှိပါဘူး၊ မွေးကတည်းက ဖေဖေရဲ့ ပေးစာကမ်းစာကို လက်ခံ ကိုးလာခဲ့တဲ့ကောင်ဆိုတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ ည်းမရဲ ဖြစ်နေတာ"

"ယောက်ျားမာနနဲ့ သိက္ခာအတွက်ရော"

"မေမေ မေတ္တာရိပ်အောက်မှာ အပုပ်အသိုးခံပြီး ထိုးထည့် ထားရပါတယ် မဟေ"

"အားလုံးအပေါ် ပေးဆပ်ဖို့ ရှင် လူဖြစ်လာခဲ့တာလား"

"အဲဒီကိစ္စ ရုန်းထွက်ဖို့ မေမေကို ပြောကြည့်ရမလားလို့ စဉ်း နေတာ၊ ကျွန်တော် ရှောင်ထွက်သွားမယ်ဆိုရင် အခုနေ နေခဲ့အိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို သူ့နာမည်နဲ့ ဝယ်ထားတဲ့ ဖေဖေက ဘယ်သူမှ နေလို့မရအော
ပြန်သိမ်းသွားလိမ့်မယ်''

''ရှင်က အဲဒါကို စိတ်မကောင်းဖြစ် နမြောနေတာလား''

''သူ့သားကြီး သမီးကြီးတွေအတွက် မယားငယ် အမည်
ဂုဏ်သိက္ခာကို ရင်းခဲ့တဲ့ မေမေက ယူကျုံးမရ ဝမ်းနည်းသွားလိမ့်မယ်''

''ရှင့်အတွက်တော့ ဘယ်သူမှ နာကျင်မပေး ကိုယ်ချင်းစာမ
ကြပါလား မင်းမဟံ''

မြမဟေ စကားကြောင့် ဟင်းခနဲ သက်ပြင်းချမိတာတော
ပေါ့ပါးမသွားပါ။ ဒီလိုတွေ ဖြစ်နေသည်ဆိုတာ သူ မတွေးမိဘဲ နေ
မလား။

ဖေဖေ စိတ်ဆင်းရဲသွားမလား၊ မေမေ စိတ်ထိခိုက်သွားမလာ
ကိုမောင်ကြီးနှင့် မမမိုး နေစရာပျောက်ပြီး ဒုက္ခရောက်သွားမလား

ကိုကိုထိုက်သူစံတို့မောင်နှမ သူ့အတွက်ကြောင့် တကယ်
ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်နေကြပြီလား။ ဟိုဘ
ဒီဘက် ငဲ့ညှာရင်းဖြင့် ကိုယ့်ဘဝအခြေအမြစ်မရှိ အထင်သေးခံဘ
ရောက်နေတာတောင် သတိမရဖြစ်တော့။

''မင်းမဟံ''

''ဟင် ပြော ပြော မြမဟေ''

ရေတာမာပင်လေးကို ကျောမှီကာ အားလျော့စွာပင် ထူးမိ
မြမဟေက သူ့ရှေ့ကို ခြေနှစ်လှမ်းခန့်တိုးလာပြီး



''ရှင့်ကို ဒီဘဝကြီးထဲမှာ ဒီလိုနေနေတာ မဟေ မမြင်ချင်ဘူး
ဟံ''

''ကျွန်တော်အပေါ် ဒီလိုစေတနာထားပေးတာ ကျေးဇူးတင်
ယ်''

''မဟေကို ကျေးဇူးတင်ဖို့ မလိုဘူး၊ ရှင့်ကိုယ်ရှင် ပြောင်းဖို့
တာ မင်းမဟံ''

ရင်မှာရှုးခနဲ နာကျင်လျှက် မျက်ရည်ဝဲ၏။ သူ့ဘဝကို ပြောင်း
ချင်တာ မြမဟေ တစ်ယောက်တည်းပါလား။

''မနေ့က ဖေဖေ့အိမ်ကို ကျွန်တော်ရောက်သွားတယ်''

''အင်း''

အဲဒီအချိန်က မဟေရှိပါတယ်လို့ ပြောမထွက်အောင် အင်း
လုံးဖြင့် ထောက်ခံရင်း ငြိမ်နေလိုက်ရ၏။ မင်းမဟံက အသက်ရှူကျပ်
လို ရင်ဘတ်ကိုဖိပြီး

''သူတောင်းစား တစ်ယောက်လို ဆက်ဆံခံလိုက်ရတာ ကိုယ့်
ကို တော်တော်နာကြည်းသွားတယ်၊ အရင်က အချိန်မရွေး ဝင်ထွက်
လာနေတာ မဟုတ်ပေမယ့်၊ ဖေဖေက ပိုက်ဆံပေးဖို့ မအားလပ်တဲ့
မျိုးမှာ အိမ်ကိုခေါ်တတ်တယ်၊ လူဖြစ်တည်းက မှတ်မှတ်ရရ သုံး
ခေါက်ထက် မပိုဘူး ထင်ပါတယ်၊ မေမေ့ကို ဒေါ်မြမြဝေခေါ်လို့
ခေါက်၊ ဖေဖေက ကျွန်တော်နဲ့ပတ်သက်ပြီး ပြောဖို့ဆိုဖို့ခေါ်တာ
ခေါက်ဖြစ်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူတို့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် အပြစ်ကျူးလွ

နေတာမှ မဟုတ်တာ"

"သူတို့ဘက်က အဲလိုယူဆနေလို့ ဖြစ်မှာပေါ့၊ မက်မောလ

တွယ်ကပ်နေရအောင်လည်း ဖေဖေက ဘာမှပေးဖို့ စီစဉ်မထားဘူးဆိုတ

သိပါတယ်၊ အဲဒါကြောင့်လည်း"

သက်ပြင်းရှိုက်သံလား၊ ငိုရှိုက်သံလား မသဲကွဲတာကြော

မင်းမဟံ မျက်လုံးအိမ်ကို အလန့်တကြား စူးစူးနစ်နစ် ကြည့်မိ

မင်းမဟံလည်း သူမ မျက်နှာလေးကို ရီဝေစွာကြည့်နေသည်။ မျက်ရည

ကြည့်တို့ တဖျပ်ဖျပ် လက်တောက်နေသော မင်းမဟံ မျက်ဝန်းတို့

အရာရာကို သိမ်းပိုက် ညှို့ငင်ဖို့ အားယူနေသလို။

"ကျွန်တော် သင်တန်းက ထွက်လိုက်ပြီ"

"ဟင် ဘာဖြစ်လို့လဲ"

"ဖေဖေ အထောက်အပံ့နဲ့ အသက်မရှင်ချင်တော့ဘူး။ မ

တို့ကို မိုခိုကပ်စားတဲ့ အဖြစ်မျိုးနဲ့လည်း မနေချင်ဘူး"

"ဒါဆို ရှင်ဘာလုပ်မှာလဲ"

"မေမေ့ကို တစ်ဝမ်းတစ်ခါးဝအောင်လုပ်အောင် ကျွန်တေ

အလုပ်တစ်ခုခုလုပ်မယ်၊ ဆိုက်ကားနင်းတာ၊ ပန်းရံလုပ်တာ၊ ကုန်ထ

တာ ဘာဖြစ်ဖြစ် ကျွန်တော် လုပ်နိုင်ပါတယ်"

"ကိုယ့်ကိုယ်ကို ဘာလို့အဲလောက်ထိ နှိမ့်ချချင်နေရတာလ

"ဦးသက်မင်းထိုက်ရဲ့ မယားငယ်သားတစ်ယောက် အ



အကြီးကြီး မျှော်လင့်စရာမှမရှိတာ"

"ရှင် ဆုံးဖြတ်ထားတယ်ဆိုရင် အလုပ်ကောင်းကောင်း တစ်ခုရ

အောင် မပေ ကူညီမယ် မင်းမဟံ"

"ကျွန်တော် မြမပေကို အမှီပြုတဲ့သူလည်း မဖြစ်ချင်ဘူး

မြမပေ"

"ဟင်"

ခပ်လေးလေး တစ်လုံးချင်း ပြောနေခြင်းက ပြတ်သားနေတာမို့

သူမ ဟင်ခနဲ အံ့ဩသွားရသည်။ မင်းမဟံ မျက်ဝန်းများကလည်း

ည်ငြိမ်လေးနက်လို့ပါ။

"မေမေ သိရင် စိတ်မကောင်းဖြစ်နေမလား မသိပေမယ့် ည

တညီးက အဲလိုလုပ်ကြည့်ဖို့ ဆုံးဖြတ်ထားပါတယ်၊ ဖေဖေ့ကို မှီခိုရတာ

ဒီတို့ကို မှီခိုရတာထက် မြမပေကို မှီခိုရမှာ ကျွန်တော်ပိုပြီး ရှက်တယ်

ပေ"

"မင်းမဟံ"

"ကျွန်တော့်ဘဝက ဟိုဘက်ဒီဘက် အပြောအဆိုခံ နှိမ့်ချအနိုင်

ခံလာရတာ နေသားကျနေပါပြီ၊ ဒါပေမဲ့ မြမပေရဲ့ အားပေးနှစ်သိမ့်

ကြ ခွန်အားဖြစ်လာတယ် မြမပေ၊ ကျွန်တော့် ကိုယ်ထဲမှာ မြမပေ

သွေးတွေ စီးဆင်းနေတယ်၊ ကျွန်တော့်ရင်ထဲမှာ ဘာကြောင့် ဒီလို

ဖြစ်နေတယ်ဆိုတာ နောက်တော့မှ ကျွန်တော်ဝန်ခံပါ့မယ် မြမပေ"

သူမရင်ထဲ သိမ့်ခနဲ နွေးဆင်းသွားလျက် နောက်မှဆိုသော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာကို အစုချက်ချင်း ရင်ခုန်စွာနှင့် နားထောင်ချင်လှသည်

"မင်းမဟံ ဟို မဟေ"

"ကျွန်တော်တစ်ခုလောက် တောင်းဆိုချင်တယ်၊ ကျွန်တော်

တွေ လုပ်လုပ်၊ ဘယ်အဆင့်အတန်းက ကောင်ဖြစ်ဖြစ် မြမဟေ လ

ပေးနိုင်မလား"

"အင်း"

သူမ ဆတ်ခနဲ ခေါင်းညိတ်လိုက်စဉ်မှာ မင်းမဟံ မျက်နှာ

ယောင်သမ်းသွားသည်။ သူမ လက်ကလေးကိုလည်း အားနှင့်ဆုပ်

လိုက်ကာ

"ကျွန်တော် စွန့်စားဖို့အားတွေ ရှိသွားပြီ မဟေ၊ ကျွန်

မဟေကို ကျေးဇူးတင်တယ်"

တိုးသဲ့သော နောက်ဆုံးစကားလုံးလေးက သူမ တောင့်

သော အကြောင်းအရာ မဟုတ်ပေမယ့် ရင်ထဲမှာ သိမ့်သိမ့်ခွေ

ချိမြိန်သွားလေသည်။

ထိုခံစားမှုက ဒီယောက်ျားနဲ့တွေ့မှ အသစ်အဆန်း ဖြစ်လ

■ ■ ■



## အခန်း (၂၁)

မမေက သူ့ကို သင်တန်းသွားတက်နေသည်ဟု ထင်နေမလား

ပေမယ့် သူကတော့ ရပ်ကွက်ထဲက ဆိုက်ကားအုံနာ ကိုချိုကြီး

ာ သုံးရက်ခန့် ဆိုက်ကားအနင်း သင်နေခြင်း ဖြစ်သည်။

လက်ဆုပ်လက်ကိုင် ဘာမှလည်း ပြစရာမရှိ၊ စပေါ်လည်း

ပေးစရာမရှိသည့်သူ့အတွက် ကိုချိုကြီးဆီ အကူအညီတောင်းပြီး ဆိုက်

နင်းတာက အဆင်ပြေဆုံးပဲ မဟုတ်လား။

"သူများဆိုရင် စပေါ်ယူပြီးမှ ဆိုက်ကားနင်းခိုင်းတာ၊ အုံနာခက

ာ တစ်ထောင်ရတာ မဟုတ်လား၊ မင်းကိုတော့ ငါသနားလို့"

"ကျေးဇူးတင်ပါတယ်၊ ကိုချိုကြီးရယ်၊ စပေါ်တောင်းလည်း

တော့်မှာ ပေးစရာတစ်ပြားမှ မရှိဘူးဗျ၊ ကိုချိုကြီးအိမ် အလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာမဆို သိမ်းကြုံးလုပ်မယ်ဆိုပြီး ဆုံးဖြတ်ထားတာ''

''လုပ်စရာ မလိုပါဘူးကွာ၊ ငါ့မှာဆိုက်ကား အပိုတွေရှိနေ ပဲ၊ ငါကသာ မင်းကိုအားနာတာ''

''ဘာဖြစ်လို့လဲ ကိုချိုကြီး''

''မင်းက သူဌေးသားလေကွာ၊ ဆိုက်ကားနင်းတဲ့ အလု လုံးဝ မလိုက်ဖက်ဘူး''

''အဲဒီ သူဌေးသားဆိုတာကြီး မပြောပါနဲ့ ကိုချိုကြီးရယ်၊ မယ ယေသားမို့ ဘယ်လိုအခြေအနေမျိုးနဲ့ နေရတယ်ဆိုတာ ကိုချိုကြီး သ သားနဲ့''

''အေး အဲဒါတော့ အဲဒါပေါ့ ဒါပေမဲ့ မင်းအဖေလည်း ပေး သလောက်ပေး၊ ထောက်ပံ့သင့်သလောက် ထောက်ပံ့ခဲ့တာပါပဲ၊ မောင်ဖြ နဲ့ မိုးမိုးဆွေက မတင်းတိမ်တာကွ၊ ဖအေရင်းနဲ့နေတုန်းက ထမင်းတော နပ်မှန်ခဲ့တာ မဟုတ်ဘူး၊ မင်းအမေခမြာ လင်ဆိုးမယား တဖားဖ သားသမီးဆိုး အမေ တမေမေနဲ့ တော်တော်ဒုက္ခများခဲ့ပါတယ်''

''ကျွန်တော်လည်း မေမေကို သနားလို့ ဒုက္ခတွေကို မျှဝေခံ ပေးခဲ့တာပဲ ကိုချိုကြီးရယ်၊ ဒါပေမဲ့ ကျွန်တော့်ရင်တွေ အဆမတ နာကျင်နေပြီ၊ မယားငယ်ရဲ့သားဆိုပြီး နှစ်ဖက်လုံးက လူရာမသွင်းကြဘ မိသားစု ညီအစ်ကိုမောင်နှမ စိတ်ဓာတ်နဲ့ ဘယ်သူမှ ဖေးမနားလည် မရှိကြဘူး၊ အဲဒါကြောင့် ကိုယ့်တဝ ကိုယ်ရပ်တည်ကြည့်ဖို့ ဆုံးဖြတ်ခဲ့တာ

ကိုချိုကြီးက သူ့အပေါ် နားလည်ပေးသလိုနှင့် သူ့ပခုံးက





ညွှစ်ပြီး ထရပ်၏။ ဆိုက်ကားဘဲ(လ်)ကလင်ခနဲ တီးလိုက်သေးကာ

''မင်းဆုံးဖြတ်တာ မှန်တယ် မင်းမဟံ၊ လူဆိုတာ သူများကို ချင်တဲ့ မာနတော့ရှိရမယ်ကွ၊ မင်းအဖေသိရင် ဘယ်လိုနေမလဲ ဘူး၊ မင်းအမေလည်း စိတ်မကောင်းတော့ ဖြစ်မှာပဲ၊ ဟိုအိမ်က ဆိုလွှတ်လိုက်တာကို မင်းအမေကို မပြောရသေးဘူး မဟုတ်လား''

''စိတ်မကောင်းဖြစ်မှာစိုးလို့ ရေငုံနှုတ်ပိတ် မျိုသိပ်နေတာ လုပ်လိုက်ပြီဆိုရင်တော့ ဘာကြောင့်ဆိုတာ မေမေ သဘောပေါက် မှာပါ၊ ကျွန်တော် ဘယ်သူကိုမှ မနာကြည်းချင်ဘူး၊ ကိုယ့်ကံကြမ္မာ သ်ပဲ အပြစ်တင်ပါတယ်''

''ကောင်းလေး အဲဒါ အကုသိုလ်ကင်းတယ်၊ ကဲ သွားသွား ရင် ငါ့ကို အံ့နာခံပေးဖို့ မမေ့နဲ့နော်၊ မင်းကို ငါအချိန်မကန့်သတ် ဆွဲကောင်းရင် ဆွဲသာဆွဲ သင်တန်းပြန်တက်နိုင်အောင်လည်း ားကွ၊ ဘွဲ့ရရုံနဲ့တော့ အလုပ်ကောင်းကောင်းရဖို့ မလွယ်ဘူး၊ တန်းဆင်း အောင်လက်မှတ်လေးတွေ ရှိထားမှ အလုပ်လျှောက်ရတာ င်ပြေမှာ''

''ဟုတ်ကဲ့ ကိုချိုကြီး သွားပြီနော်''

ကလင်ခနဲ ဆိုက်ကားဘဲ(လ်)တီးသံပေးလျက် လုပ်ငန်းခွင် ခဲ့သည်။ ရပ်ကွက်ထဲက လူတချို့ သူ့ကို အံ့သြတကြီး လည်ပြန် ည်သွားကြသော်လည်း ကိုယ့်အစွမ်းအစနှင့်ကို အလုပ်လုပ်ခွင့်ရတာကို သ့်ကိုယ်ကို ဂုဏ်ယူလျက် အပြုံးနှင့်သာ တုံ့ပြန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မင်းမဟံ လာဦး ဒီကိုမြန်မြန်လာစမ်း ဘယ်ကဆိုက် ယူနှင်းပြီး ကလေကဝ လုပ်နေတာလဲ၊ ဆိုင်ကို အလုပ်လာမလုပ်ဘဲ

ညနေပိုင်း ဆိုင်ရှေ့က ခရီးသည်ပို့ပြီး အပြန်မှာတော့ မိုးမိုး မြင်သွားပြီး ဖွတ်အံတင်းအော်၏။ မကြားချင်ယောင်ဆောင်ပြီး ရှေ့ နင်းသွားလို့ ရသော်လည်း နောက်လည်းရင်ဆိုင်ရမှာမို့ ဆိုင်တော် ဆိုက်ကားထိုးရပ်ပြီး ဆင်းလာခဲ့သည်။

အနားရောက်တော့ သူ့ကျောပြင်ကို မမမိုး ဖြောင်းခနဲ သည်။

"အား ဘာလို့ရိုက်တာလဲ၊ ဒီမှာ မောရတဲ့အထဲ"

"ဟဲ့ ဒီထက်တောင် ပိုရိုက်ဦးမှာ၊ မောရင်သေလိုက် နင်ဆိုင်မလာတာ သုံးရက်လောက်ရှိပြီ၊ အမေကို မေးတော့လည်း တန်းသွားတာ နေမှာပေါ့တဲ့၊ ညနေကျရင်တော့ နင့်ဖို့ထမင်းထုပ် သွ မမေ့ဘူး"

"နောက်ဆို မေမေကို မမမိုးဆိုင်မှာ မလုပ်နိုင်းတော့ဘူး"

"ဘာ"

"ကျွန်တော်လည်း အငြိုငြင်ခံပြီး လာမလုပ်တော့ဘူး မ ကျွန်တော်အခု အံ့နာခပေးပြီး ဆိုက်ကားနင်းနေတယ်၊ မေမေကို ပြေ မှ လုပ်ရင် မေမေကန့်ကွက်မှာစိုးလို့ သင်တန်းကထွက်ပြီး ဆိုက်ကား သင်နေတာ၊ အခုအလုပ်ဝင်ပြီး တစ်နေ့လေးငါးထောင်ရရင် ကျွန်တော် သားအမိ ထမင်းစားလို့ရတယ်"





"အမယ်လေး ကြားလို့ကောင်းရဲ့လား ကုမ္ပဏီပိုင်ရှင် သူဌေး ...ာ ဆိုက်ကားနင်းနေသတဲ့၊ အမေ သိရင် စိတ်ထောင်းကိုယ်ကျေ ...တော့မှာပဲ"

"အခုလည်း မေမေတစ်နေ့မှ စိတ်ချမ်းသာရတာမှ မဟုတ်တာ ...င်းတစ်လုပ် စားရဖို့ မေမေရော ကျွန်တော်ရော ရှိသမျှ အလုပ်တွေ ...ကျုံးလုပ်၊ အငြိုငြင်ခံနေ၊ အခုကျွန်တော့် ခြေထောက်ပေါ် ကျွန်တော် ...ပြီး မေမေကို ရှာကျွေးမယ်"

"ကောင်းပါလေ့တော်၊ ကိုယ့်ဟာကိုယ်ရှာပြီး စိတ်ချမ်းသာသာ ...နိုင်သောက်နိုင်ပါစေ၊ ဒါနဲ့ နင်အခုဘယ်လောက် ရခဲ့ပြီလဲ"

"သုံးထောင် အံ့နာခပေးလိုက်ရင် နှစ်ထောင်ပဲ ကျန်မှာ ညနေ ... ထပ်ရှာရဦးမယ်"

"အဲဒီ သုံးထောင် ငါ့ကိုခဏပေးစမ်း"

"ဘာလုပ်ဖို့လဲ"

"ဒီနေ့ နှစ်လုံးရှုံးလို့ဟယ်၊ နို့ဆီဝယ်စရာ ပိုက်ဆံလိုလို့ပါ"

"မပေးနိုင်ပါဘူး၊ မမမိုးတို့ကိစ္စ၊ မမမိုးတို့ ဘာသာရှင်း၊ ကျွန် ...ော့်ကို လာမရှုပ်နဲ့"

"ဘာ နင်ငါ့ကို အဲလိုစကားပြောတယ်၊ လုပ်လိုက်ရ သေဦး ...ယ်"

"သည်းခံနိုင်တဲ့ အတိုင်းအတာ ကျော်အောင်တော့ စိတ်ကို ...ွပါနဲ့၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားတာ ဘယ်သူ့အနိုင်ကျင့်တာမှ မဟုတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ဘဲ''

''ကြည့်စမ်း ငါ့ကို ခွေးလိုပြန်ကိုက်နေတယ်၊ ဟဲ့ နှင်

သောက်ချိုး ပြောင်းသွားတာလဲ၊ နင့်ကောင်မ မြှောက်ပင့်ပေးလ

တာလား''

မိုးမိုးခွေ ချွေ့ချွေ့ခုန်လျက် ဒေါသတကြီးနှင့် အော်၏။ သူ

နှံနာခံပြီး သည်းခံချင်စိတ်လည်း မရှိတော့။

ဂရုမစိုက်သလို ဆိုက်ကားကို နင်းလျက်ပြန်ထွက်လာခဲ့သ

စိတ်တိုင်းကျ နေခွင့်မရသော လောကကြီးကို ပမာမခန့် အရွဲ့တိုက်

စိတ်များဖြင့် . . .။

■ ■ ■



## အခန်း (၂၂)

''မင်းကငါ့ကို အရွဲ့တိုက်တာလား၊ ငါဝယ်ခိုင်းတဲ့ အရက်ကို

ဝယ်နိုင်ဘူး ပြောရအောင် မင်းက ဘာသောက်ဆင့်ရှိလို့လဲ''

''ကိုကြီး ကျွန်တော်ဒီနေ့ အရမ်းပင်ပန်းလာလို့ပါ၊ ရေချိုး

ထမင်းစားပြီး နားပါရစေ''

''ဘာကွ မင်းက ဘာတွေလုပ်လို့ ပင်ပန်းလာတာလဲ၊ မရဘူး။

ပေးဆို ဝယ်ပေး၊ ငါ့ဘာသာထွက်ရင် လမ်းမှာလဲမှာစိုးလို့ မင်းကို

ခိုင်းနေတာ၊ သွား ခုသွားဝယ်''

''မဝယ်ပေးနိုင်ဘူးဗျာ၊ လဲလောက်အောင် မူးနေပြီဆိုလည်း

သောက်နဲ့တော့ပေါ့''

''ဘာကွ မင်းကများ''

''ဟဲ့ ဟဲ့ မောင်ကြီးမလုပ်ပါနဲ့ဟဲ့ မလုပ်ပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဝရုန်းသုန်းကား လှမ်းထိုးလိုက်သော ကိုမောင်ကြီးကို မေ
ကပျာကယာ ရောက်လာပြီး ဝင်ဆွဲသည်။ အရက်မူးလျှင် သွေးဆိုး
ကိုမောင်ကြီးက မေမေလက်တွေကို ကြမ်းတမ်းစွာ ဖယ်ချပြီး

"ဟိတ်ကောင် မင်း မဝယ်ပေးနိုင်ဘူးလို့ ထပ်ပြောစမ်း
ဘယ်ချိန်တုန်းက ငါခိုင်းတာကို မလုပ်ပေးဘဲ နေရဖူးလို့လဲ၊ အခု ချ
သွားဝယ်"

"မဝယ်ပေးနိုင်ဘူးလို့ ပြောပြီးပြီလေ၊ ကျွန်တော် ပင်ပ
တယ် နားမယ်၊ မကျေနပ်လည်း မတတ်နိုင်ဘူး"

"ဘာ မင်းမဟုတ် တောက်"

"နေ နေစမ်းပါ မောင်ကြီးရယ်၊ အမေ ဝယ်ခိုင်းပေးပို့
သားငယ်လေး မင်းအစ်ကိုက အရက်မဝရင် တစ်ညလုံး မအိ
သောင်းကြမ်းနေမယ်၊ သွားဝယ်ပေးလိုက်ပါ သားရယ်နော်"

"ကျွန်တော် ဒီနေ့လုံးဝကို မဝယ်ပေးနိုင်ဘူး မေမေ၊ တက
ပင်ပန်းလို့ ကျွန်တော် နားချင်ပြီ"

"ဟိုလေ သားရယ် အရက်သွားဝယ်တာ ခဏလေးပါ၊ သ
ကျေနပ်အောင် ဝယ်ပေးလိုက်ပါ သားရယ်နော်"

"ဟင့်အင်း မေမေ ကျွန်တော့်ခြေထောက်တွေ အရ
ကိုက်ခဲ နေလို့ ပစ်ကိုလဲချင်နေပြီ"

သူ ထိုသို့ပြောတော့ ဒေါသကြီးနေသော ကိုမောင်ကြီး
နေကြာထားလျက် မေမေ မျက်နှာမကောင်း။





"သားက သင်တန်းသွားတက်ပြီး ဘာတွေပင်ပန်းနေတာလဲ၊ မိုးမိုးဆွေဆိုင်ကိုလည်း ဘာမှလာမလုပ်လို့ မေမေနှစ်ယောက်စာ ပင်ပင်ပန်းပန်း လုပ်ပေးပြီးမှ ထမင်းယူလာရတယ်၊ အခုမင်းဝယ်မပေးလည်း နေတော့ ငါဘာသာဝယ်ပေးတော့မယ်၊ မောင်ကြီး ပေးပိုက်ဆံ ငါသွားဝယ်မယ်"

ဒီလောက်ပြောနေတာတောင် ဘူးခံငြင်းနေတာမို့ မေမေ မကျေမနပ်ဖြစ်သွားဟန် တူသည်။ ကိုမောင်ကြီး လက်ထဲက ပိုက်ဆံဆွဲယူပြီး အရက်သွားဝယ်ဖို့ ခြေလှမ်းပြင်၏။

"မေမေ"

"မင်း ပင်ပန်းတယ်ဆို သွားနားလေ မိုးမိုးဆွေဆီက ယူလာတဲ့ ထမင်းဟင်းတွေ အုပ်ဆောင်းအောက်မှာရှိတယ်"

"နေပါစေ၊ ကျွန်တော် မစားတော့ပါဘူး။ အရက်ကိုတော့ မေမေ သွားမဝယ်ပါနဲ့ သားအတွက် အရက်ဝယ်ပေးရတယ်ဆိုတာ လူကြားလို့ မကောင်းပါဘူး။ ကျွန်တော် သွားဝယ်လိုက်ပါမယ်"

မေမေလက်ထဲက ပိုက်ဆံကိုယူပြီး အရက်ဝယ်ဖို့ ထွက်လာခဲ့ရသည့် လမ်းတစ်လျှောက် သူ့ရဲ့ဝမ်းနည်းခြင်း မျက်ရည်စက်တွေ ကြွေကျခဲ့သည်။ အလှေ့အကျင့် မရှိသော သူ့ခြေထောက်တွေက တကယ်ကို မလှမ်းနိုင်တော့တာပါ။

"ဟာ ကောင်လေး"

"ဟင် ကိုချိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်နေတာလဲ"

"ကိုမောင်ကြီး အရက်ဝယ်နိုင်းလို့ဗျာ၊ အလေ့အကျင့် မရသေး ဘဲ သောဘတကြီး နင်းမိတော့၊ ခြေထောက်တွေက မသယ်ချင်လော အောင် နာနေတယ်"

"ဟာ မင်းကွာ မောင်ကြီးနဲ့ မင်းအမေက မင်းဆိုက်ကာ နင်းနေတာ မသိသေးဘူးလား"

လမ်းထိပ်မှာတွေ့သော ကိုချိုကြီးက ဆိုက်ကားရပ်ကာ မေး တာမို့ သူခေါင်းယမ်း ပြလိုက်သည်။

"မပြောရသေးဘူး၊ ဒါပေမဲ့ မပြောလည်းနောက်တော့ သိမှာ ပါ၊ ဒါနဲ့ ကိုချိုကြီး ဘယ်ကပြန်လာတာလဲ"

"ခင်မောင်ထွန်းလေ မူးပြနေလို့ ငါ့ဆိုက်ကားကို ပြန်လာ နိုင်ဘူး၊ အဲဒါကြောင့် အရက်ဆိုင်ကနေ သွားယူပြီး ပြန်လာတာ လာလေ တက်အရက်ဆိုင် ငါလိုက်ပို့ပေးမယ်"

"အား နေပါစေ ကိုချိုကြီး အားနာလို့"

"လာစမ်းပါကွာ ဒီလူနဲ့ ဒီလူအားနာစရာလား၊ အရက်ဝယ်ပြီ ရင် အိမ်အထိ ပြန်လိုက်ပို့မယ်"

ကိုချိုကြီးက သူ့ကို ဆိုက်ကားပေါ် ဆွဲတင်သည်။ ဟန်ဆော တင်းမထားနိုင်တော့တာမို့ သူ နှစ်ခါပင် မငြင်းနိုင်တော့။ အရက်ဝယ်ပြီ ကိုချိုကြီးနင်းသော ဆိုက်ကားနှင့်ပင် အိမ်ပြန်လာခဲ့သည်။

အာသာငမ်းငမ်း ဖြစ်နေသော ကိုမောင်ကြီးက အိမ်ရှေ့က





စောင့်နေကာ

"ဩော မြန်မြန်ပြန်မရောက်ရင် ပြဿနာရှာမလို့ စောင့်နေတာ တာ ကြီးကြီးကျယ်ကျယ် ဆိုက်ကားငှားပြီး ပြန်လာတာကိုးကွ၊ အောင် ဘုန်းကံလည်း မြင့်နေပါလား၊ ဆိုက်ကားအုံနာကိုယ်တိုင် အိမ်တိုင် ရောက် လိုက်ပို့လို့၊ ဈေးပိုပေးပြီး အော်ဒါဆွဲလာတာလား"

"မဟုတ်ပါဘူး ကိုမောင်ကြီးရာ ရှေ့ အရက်ပုလင်း၊ ကိုချိုကြီး ရှုပဲ"

"အေးပါ ငါ့ကောင်ရာ သွားပြီနော်"

"ဟုတ်ကဲ့"

ကိုချိုကြီး ပြန်သွားသည်နှင့် အိမ်ထဲဝင်လိုက်စဉ်မှာ ကိုမောင်ကြီး သူ့လက်ကို ဆောင့်ခနဲ ဆွဲသည်။

"ဘာလဲ ကိုမောင်ကြီးရာ ကျွန်တော် ရေချိုးတော့မယ်"

"နေဦး ငါ့ကို အမြည်းလုပ်ပေးဦး"

"ကျွတ် အိမ်မှာဘာရှိလဲ၊ ကိုယ့်ဘာသာ မြည်းချင်တာနဲ့ မြည်း ာ ကြိုက်တာသာလုပ်"

"ဟိတ်ကောင် ငါ့ကို မူးနေတယ်ဆိုပြီး ပမာမခန့် လုပ်တာလား။ င်နေ့တွေလည်း မင်းလုပ်ပေးနေကျ၊ ပဲကြော်နဲ့ ကြက်သွန်နဲ့ဖြစ်ဖြစ် သုပ်လာခဲ့ သွား"

တွန်းတွန်းထိုးထိုး အနိုင်ကျင့်လာပြန်တော့ သူ တင်းသွားသည်။ ချိန်မှာ မေမေရောက်လာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး အမေလုပ်ပေးပါ့မယ်ကွယ် မင်း ညီလေး ရော့
ပါစေ"

"အမေရှေ့ကနေ ကာဆီး ကာဆီးလုပ်နေပြန်ပြီ အဲဒါကြော
ဒီကောင် ရောင့်တက်နေတာ အမေသုပ်တာ မစားချင်ဘူး၊ ဒီကော
သုပ်တာပဲစားမယ်၊ ဟိတ်ကောင် မလုပ်ဘူးလား၊ လုပ်မှာလား"

"ကဲပါသားငယ်ရယ်၊ မင်းအစ်ကို နိုင်းတာလုပ်ပေးလိုက်စမ်း

"မေမေ"

သူ့တက်က ရဲရဲတင်းတင်း ပြတ်သားစွာ ရပ်တည်မပေးရဲသေ
မေမေစကားကြောင့် သူ့ရင်တွေ နာကျင်ရှုးအောင့် သွားသည်။ အ
သမားကို သောင်းကြမ်းမှာစိုး၍ အတိုက်အခံမလုပ်ချင်တာလား။ သူ
မှုထက် အရင်ယောက်ျားနှင့်ရသော အရက်သမားကို ဦးစားပေးချင်တာလ

မေမေ စိတ်တိုင်းကျ နေပေးခဲ့ရသော အချိန်တွေရဲ့ မိုးကျ
မေမေတစ်ခါမှ သူ့တက်ကနေ တွေးမကြည့်ခဲ့ဖူးဘူးလား၊ ဒါဟာ ဝဋ်
တစ်ခုဆိုပါလျှင် မတရားသော တစ်ဖက်သတ်ဆန်သော ဝဋ်ကြွေးတ

■ ■ ■



အခန်း (၂၃)

"ဘာ မိုးမိုးဆွေ၊ ညည်းဘာပြောလိုက်တယ်၊ ပြန်ပြောစမ်း"

"ဩော် အမေကလည်း ထပ်ကြားချင်နေသေးတယ်၊ မင်းမယ်
င်တန်းကထွက်ပြီး ဆိုက်ကားနင်းနေတာပါဆို၊ ကိုချိုကြီးကို အုံနာခ
ပြီး အငှားနင်းတာ"

အလုံးစုံ နားထဲရောက်ပါလျက် မယုံနိုင်လို့ ထပ်မေးတော့
ဆွေက စိတ်မရှည်စွာ ဆောင့်အောင့်ဖြေသည်။ မိုက်ခနဲ မူးဝေသွား
သာ ခေါင်းကို နံရံမှာကပ်ကာ လက်နှင့်ထောက်ထားရင်း အားအင်
ခမ်းသလို ခြေကုန်လက်ပန်း ကျသွား၏။

"တ တကယ်လား မိုးမိုးဆွေ"

"အမေတို့များ ပိုကိုပိုလွန်းတယ်၊ မင်းမယ် ဆိုက်ကားနင်းတယ်
ကြားတာ ဘယ်နေရာ မိုးကြိုးပစ်ခံရလို့ ဒီလောက်တောင် တုန်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



သွေးပျက်သွားရတာလဲ''

''ကိုယ့်အမေက မွေးထုတ်ထားတဲ့ လူအတွက် ညည်းတို့တာ
မခံစားရဘူးလား၊ ငါ့ ငါ့သားလေး ဘာလို့ ဒီအလုပ်ကြီး လုပ်တာလဲ''

''ကျုပ်တို့ အငြိုးငြင် မခံချင်လို့ သူ့ကိုယ်သူ ရပ်တည်မလို့တဲ့
စကားလုံးက ပါးစပ်နဲ့ မဆံ့ဘူး''

''အဲဒီကိစ္စ သူ့အမေသာ သိရင်ပြဿနာ တက်မှာ''

''အမေက အဲဒါကို တွေးကြောက်နေတာလား၊ သူ ပေးတ
မလောက်လို့ ဒီလိုလုပ်တာ၊ သူ သဘောပေါက်ပေါ့ မလုပ်စေချင်ရ
ပိုလျှံအောင်ပေး ဒါပဲပေါ့''

''စကားကို ပြောလို့ရတိုင်း အလွယ်မပြောစမ်းနဲ့ မိုးမိုးဆွေ
သူက မင်းမဟံ မျက်နှာကြောင့်သာ မဟုတ်ရင် သူ့နှာမည်နဲ့ ဝယ်ထား
အိမ်ကိုရောင်းပစ်လိုက်ပြီ သိရဲ့လား၊ ညည်းတို့ အရင်ဆုံး နေစရာ
စားစရာမရှိ ဘိုပျောက်မှာ''

''အို လုပ်ရဲလုပ်ကြည့်ပါလား၊ သူများမိန်းမကို ငွေနဲ့သိမ်းသွင်
ယူထားပြီး ဘာအကျိုးခံစားခွင့်မှ မပေးလို့ကတော့ ကျုပ်တို့က ကြိုး
တက်ပစ်လိုက်မယ်''

မိုးမိုးဆွေက လက်ခမောင်းခတ်ကာ သတ္တိကောင်းပြနေ
ဒေါ်သက်ထားဆွေကတော့ ရတက်မအေးနိုင်။ ဒါကြောင့်မို့ ညက မော
ကြီး အရက်ဝယ်နိုင်းတာကို ပင်ပန်းလို့ မသွားပါရစေနဲ့လို့ တော
ပန်ခဲ့တာကို။





မိမိကလည်း ဒါကိုမသိဘဲ အပြစ်တင်ကာ ပြောမိဆိုသေးသည်။
ရမ်းကို နာကျင်ကိုက်ခဲနေလို့ ကြောက်ကန်ကန် ငြင်းနေရှာတာ ဖြစ်မှာ။

ဒီလိုဖြစ်နေမှန်းသိလျှင် ညကတည်းက ဆေးလူး၍ နင်းနှိပ်ပေး
ာ်ပါသည်။ အခုတော့

''သူ့ဆိုက်ကားဂိတ် ဘယ်နားမှာလဲ မိုးမိုးဆွေ''

''အဲဒါတော့ ဘယ်သိမလဲ၊ ဂိတ်ထိုးရင် ဂိတ်ကြေးပေးစရာ
လို့ အပင်ပန်းခံပြီး လမ်းတကာ ပတ်နင်းချင် နင်းနေမှာ၊ ညက
ကို ဘယ်လောက်အပ်လဲ''

''မအပ်ပါဘူး။ မနက်လက်ဖက်ရည်နဲ့ မုန့်တွေစုံအောင် ဝယ်
သွားတယ်၊ ဆန်နဲ့ဟင်းချက်စရာလည်း လူကြုံနဲ့ ပေးလိုက်လို့ ဘာတွေ
နေလဲဆိုပြီး အံ့သြနေတာ၊ အမယ်လေး ငါ့သားလေး ဒုက္ခရောက်
ပြီ၊ ဒီအလုပ်ကြီးတော့ မလုပ်ရက်ပါဘူး မခိုင်းရက်ပါဘူး''

''အမေတို့များ လင်ငယ်နဲ့ရတဲ့သားမို့ ရင်က လွယ်ပိုးမွေးတဲ့
သမီးမှတ်နေတယ်၊ ကျုပ်တို့လည်း ရှန်းကန်ရှာဖွေ စားနေရတာပါပဲ၊
သည်း ရောင်းဝယ်မကောင်းလို့ အရင်းပြုတ်လုလု ဖြစ်နေပြီ''

''အဲဒီလို ဖြစ်တာ ညည်းတို့အသုံးမကျလို့လေ၊ ယောကျ်ား
ဘာလုံးပွဲထိုး၊ ညည်းကချဲထိုးနဲ့ ဒီထက်မကတဲ့ စည်းစိမ်တွေ ပုံရ
ခွေးဘာဝပြန်ရောက်ဦးမှာပဲ''

''အမေက ကျုပ်တို့ကို ပြောမယ်ဆို အထိန်းအသိမ်းမရှိ လွှန်ကို
ယ်၊ အမေတို့ သားအမိကို တင်ကျွေးထားတာတော့ ထည့်မပြော



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ထမင်းတစ်နပ်တန့်ဖို့ အမေတို့နားမလည်ဘူးလား''

''မိုးမိုးဆွေ ညည်းအေညည်း မိဘမေတ္တာကို ကြပ်ကြပ် ကား။ တစ်နေ့ ဒုက္ခရောက်မယ်''

ဒေါ်သက်ထားဆွေ အသားတွေတုန်လာကာ ကျိန်စာမတိုက် ဖူး တိုက်လိုက်မိပါသည်။ သူတို့တွေ အနေအစား ဆင်းရဲ လူအောက်မ အောင် ဘယ်လိုပဲ ပေးဆပ်နေပါစေ မေတ္တာကို မြင်အောင် မကြည့်တတ် ကျေးဇူးမတင်တတ်ကြပါလား။ သားသမီးဆိုးတွေ မွေးမိကြသော မိဘ ကို အခုမှ ကိုယ်ချင်းစာတတ်လာသည်။

သားလေး သားလေး မင်းမဟာကတော့ သားလိမ္မာလေး

''အမေ ဒါကဘယ်တုန်း ပလာတာလုပ်ဖို့ မုန့်ကြော်ဆရာ မရှိတော့ဘူး။ လစာနည်းလို့တဲ့ အလုပ်ထွက်သွားပြီ၊ အမေမုန့်နယ် ပါလား။ ယောက်ျားက သူနိုးလာရင် ပလာတာရိုက်ပေးမယ် ပြောထား

''မိုးမိုးဆွေ ညည်းတို့စီးပွားရေး ညည်းတို့ဘာသာ ဘယ် လုပ်လုပ် အခု ငါ့သားကိစ္စပဲ ငါ့ခေါင်းထဲမှာ ရှိတယ်၊ ဘယ်လိုယူဆ ဘယ်လိုအပြစ်တင်တင် ငါ ဂရုမစိုက်ဘူး။ အရင်းပြုတ်ရင် ညည်း အိမ်ပြန်ရောက်လာကြမှာ မဟုတ်လား။ သူ့သားသတင်းကြားရင် သူ အိမ်လာရောင်းမှာစိုးလို့၊ ဒါက ပိုအရေးကြီးတယ် မိုးမိုးဆွေရေ''

အော်ဟစ်ကာ ပြောပြီး ဒေါ်သက်ထားဆွေ ပြန်လာခဲ့သ မိုးမိုးဆွေတို့ မောင်နှမနှစ်ယောက်က အဖေတူသားသမီးတွေလို့ ပြော လောက်အောင် တကယ်ကို အလိုက်ကန်းဆိုး မသိကြ။ ဟိုက စိတ်







သင့်တိုင်း အကြိမ်ကြိမ် ကြိမ်းမောင်းပြစ်တင်တာလည်း အပြစ်မဆိုသာ။

သူ့သားအရင်းဖြစ်သည့် မင်းမဟာအပေါ် ကောင်းမှုမကောင်း ပြီ။

''အမေ ဘာလို့ပြန်လာတာလဲ''

အိမ်ရောက်တော့ မောင်ကြီးရဲ့ ဝေါက်ဆတ်ဆတ်အသံက ကြိုတယ်။ တန်းခနဲ မဖြေနိုင်သေးဘဲ ဆက်တီခုံမှာ ဝင်ထိုင်ပြီး အမော ဖြေရသည်။

''အိမ်မှာ ချက်ဖို့ပြုတ်ဖို့တွေ ရှိရဲ့သားနဲ့ မိုးမိုးဆွေဆီ ထွက်သွား ပြီး အခုချက်ချင်း ပြန်လာတာ၊ အိမ်က ဟင်းစားတွေကရော ဘယ်သူ လုပ်ထားတာလဲ''

''မင်းမဟာ''

''ဘာ ဒီကောင်က ဘယ်ကပိုက်ဆံရလို့လဲ၊ သူ့အဖေဆီက တောင်းလာတာလား''

''ဆိုက်ကားနင်းနေတာ''

''ဩော် ဟော ဆိုက်ကားနင်းနေတာ၊ ဒီကောင် ဘာစိတ်ကူး ပေါက်သွားတာလဲ၊ ဟိုတစ်ခါ သူ့အဖေဆီသွားတာ၊ သင်တန်းကြေးတွေ ဘာတွေ မထောက်ပံ့တော့ဘူး ပြောလိုက်လို့လား''

''မသိပါဘူး။ ဘာတွေပြောလိုက်လို့ ဘယ်လို ဆုံးဖြတ်တယ် ဆိုတာ၊ ဒီအမေကိုလည်း ဘာမှမတိုင်ပင်ဘူး။ လုပ်ချင်ရာ လုပ်နေတော့ တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အပြစ် မပြောပါနဲ့အမေရာ၊ သူ အဲလို ငွေရှာတာလ
ကောင်းတာပဲ၊ အိမ်စားစရိတ် မပူရတော့ဘူးပေါ့၊ မဟုတ်ရင် မိုးမိုး
ဆီက မသဒ္ဓါရေစာ စားနေရတာ ညီလေးက ကျုပ်အရက်ဖိုးလ
ပေးမှာပါ"

"မောင်ကြီး"

ဒေါ်သက်ထားဆွေ ဒေါသဖြင့်အော်လိုက်မိရင်း မောင်ကြီ
မောင်နှမကို တော်တော်လေး စိတ်ကုန်သွားသည်။

ဒီအမေကို စိတ်ဆင်းရဲပြီး သေအောင်လုပ်နေကြတာ။

"အမေ ကျုပ်ကိုဘာလို့ မျက်လုံးပြူးကြီးနဲ့ ကြည့်နေတာလ

"နင်တို့မောင်နှမကို စိတ်ကုန်နေလို့ပေါ့ သိပြီလား။ ညီမလုပ်
ကလည်း ပစ္စည်းရောင်းပြီး အရင်းထုတ်ပေးထားတာ မကြာသေးဘ
အရင်းထပ်ပြုတ်တော့မယ်တဲ့၊ နင်ကရော လက်ထဲငွေရောက်ပြီး တစ်
မပြည့်သေးဘူး၊ သောက်စရာ အရက်ဖိုးတောင် မရှိတော့ဘူးလား"

"ကားဈေးတွေကျ ဆိုင်ကယ်ဈေးတွေကျနဲ့ ဝယ်ရောင်းသမ
တွေ အကုန်အရှုံးပေါ်နေတာ၊ ကျုပ်က အရင်းအနှီးနည်းတော့ ပိုဆိုး
ပေါ့၊ ဒီအိမ်ကြီးကို ရောင်းလိုက်ရင် လုပ်ငန်းကောင်းကောင်း လုပ်လ
ပါတယ်ဆို"

"သြော် လုပ်ငန်းရှင်ကြီးက ဒီအိမ်ကိုတောင် လေလံပစ်ချင်
ပြီပေါ့၊ ကြီးပွားချမ်းသာမှာ မသေချာပေမယ့် အိမ်ပေါ်က ဆင်းပေးရ
တော့ နီးနေပြီ မောင်ကြီးရေ"





"ပြောတော့မယ် အမေ့ပါးစပ်ပုပ်ကြီးက ဘာအကျိုးခံစားခွင့်မှ
ဘဲ ဘာလို့ အဲဒီလူကြီးကို အမေ ယူခဲ့လဲ၊ အမေအ,လို့ ထုံလို့ အဲဒီ
ကြီးလုပ်သမျှ ခံနေရတာ"

"နင်တို့ကရော ဘယ်လောက်ကောင်းလို့လဲ မောင်ကြီး၊ ရက်
က်ရောရော ပေးကမ်း ထောက်ပံ့ခဲ့သမျှ ဘာတစ်ခု အကျိုးအမြတ်ရှိ
ာင်လုပ်ခဲ့ကြလို့လဲ၊ ယုံကြည်မှုနဲ့ ပေးအောင်ရော ဘာတွေလုပ်ပြခဲ့
ကြသဲ့ ပတွေးဆိုပြီး ပမာမခန့် စော်ကားမော်ကားပဲ ဆက်ဆံခဲ့ကြတာ၊
အလုပ်မှ လက်ကြောတင်းအောင် မလုပ်တဲ့ ဒီလိုနေ ဒီလိုစားရတာကို
ကျေးဇူးတင်ရကောင်းမှန်း မသိဘဲ သူ့သွေးသားကိုလည်း အနိုင်ကျင့်ကြ
သေးတယ်"

"အမေတို့က ပြောလိုက်ရင် ဒီအတိုင်းပဲ၊ သူ့ခွေးသွေးဆိုပြီး
မေ မြှောက်စားလွန်းလို့ကို အဲဒီကောင်ကို မုန်းနေတာ၊ ကျုပ်တို့ကို
ချပြောဆိုရမယ်ဆို ဝန်မလေးဘူး၊ အရက်သမားသွေးသားမို့ အမေ
သို့ ခွဲခြားဆက်ဆံတာ ကောင်းသလား"

"မောင်ကြီး ငါ မှားပါတယ်၊ ငါကပဲ မှားပါတယ်၊ တောင်းပန်
တယ် မောင်ကြီးရယ်၊ ငါ့ရင်တွေ ပူလွန်းလို့ နင်တို့ အပြစ်ပြောတဲ့အသံ
တွေလည်း နားမထောင်နိုင်တော့ပါဘူး၊ တော်ပါတော့ မပြောပါနဲ့တော့
ာင်ကြီးရဲ့"

ဒေါ်သက်ထားဆွေ မခံစားနိုင်တော့တာမို့ ဟီးချကာ ငိုပစ်လိုက်
သည်။ ဒီဘဝမှာတော့ ဒီလို ပဋိပက္ခတွေနဲ့ပဲ အဆုံးသတ်ရတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ဝဋ်ကြွေးတွေ ကျေပါစေလို့ ဆုတောင်းရင် သားသမီးတွေ

သေခန်းဖြတ်ရာ ကျဦးမည်။

မသေမချင်း ဒီဝဋ်ကြွေးကို ကျေကျေနပ်နပ် ခံစားပါတော့

ဘုရား ...။

■ ■ ■

## အခန်း (၂၄)

ခြေသံ ..။

မင်းမဟုတ် ပြန်လာပြီဆိုတာ သိလိုက်သည်။ မသိချင်ယောင်

ဆောင်၍ အသံတိတ်နေလိုက်စဉ်မှာ သင်တန်းသွားလျှင် လွယ်နေကျ

ယ်အိတ်ထဲက အဝတ်အစားဟောင်းတစ်စုံ ဆွဲထုတ်ပြီး ရေချိုးခန်းထဲ

သွားတာ မြင်လိုက်ရ၏။

ဆိုက်ကားနင်းရင် ဝတ်တာဖြစ်လိမ့်မည်။ အခု ပြန်ဝတ်လာ

ည်က သန့်သန့်ပြန့်ပြန့် သေသေသပ်သပ်ပါ။

မအေ မသိအောင် ဘယ်အချိန်ထိ ဖုံးကွယ်ထားမလို့လဲ။

ခဏနေတော့ ညှော်ခန်းဆက်တီခုံမှာထိုင်ပြီး ခြေထောက်တွေ

နှိပ်နယ်နေတာ တွေ့ရသည်။ မအေကို မိုးမိုးဆွေဆီက ပြန်မလာသေး

အထင်နှင့် အိတ်ကပ်ထဲက ပိုက်ဆံတွေ ရေတွက်ပြီး ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ရေတွက်နေသည် မသိ။

"သား"

"ဟင် မေမေ"

မင်းမဟ်အတွက် ခူးခပ်ပြင်ဆင်ထားသော ထမင်းဟင်းပ… ကန်တွေ စားပွဲပေါ်တင်လျက် မျက်ရည်ဝဲဝဲနှင့် သားအနား ဝင်ထိုင်လို… သည်။ အိတ်ကပ်ထဲ ပိုက်ဆံတွေ ကပျာကယာ ပြန်ထည့်နေသော သာ… ငယ်လက်ကို ဆုပ်ကိုင်လိုက်ပြီး

"သား ပင်ပန်းလာသလား"

"မေမေ"

"ဖမ မေမေ မသိလို့ မနေ့က သားကို အပြစ်တင်မိတယ်… ခြေထောက်တွေ ညောင်းကိုက်နေတာ မသိလို့ မောင်ကြီးအတွက် အရ… ဝယ်နိုင်းမိတယ်၊ ဆေးလေးတောင် မေမေ လိမ်းမပေးရဘူး"

ဝမ်းနည်းဆို့နင့်စွာပြောနေသော မေမေ့အသံကြောင့် ဆိုက်ကာ… နင်းတာ မေမေ သိသွားပြီဆိုတာ သူ သဘောပေါက်နားလည်လိုက်သည်…

"မေမေ သိသွားပြီလား။ တမင်ဖုံးကွယ်ထားတာ မဟုတ်ပါဘူ… မေမေ စိတ်ဆင်းရဲမှာစိုးလို့ နောက်မှ အေးအေးဆေးဆေး ရှင်းပြတော့… မယ်လို့ စဉ်းစားထားတာ"

"သား ဘာလို့ ဒီလိုလုပ်လိုက်တာလဲ၊ မိုးမိုးဆွေတို့ကို မှီ… စားသောက်ရတာ စိတ်ဆင်းရဲလို့ဆိုတာတော့ မေမေ သိပါတယ်၊ သာ… အဖေကရော ကျောင်းစရိတ် စားစရိတ် မထောက်ပံ့နိုင်တော့ဘူးလို…





…ဆိုက်လို့လား"

"ဖေဖေက မငြိုငြင်တောင် သူ့မိသားစုတွေ မကြည်ဖြူတာ …လည်း သိသားနဲ့၊ မှီခိုနေရတဲ့ဘဝနဲ့ သိမ်ငယ်မှုတွေ ကျွန်တော် …နိုင်တော့ဘူး မေမေ"

"သင်တန်း မတက်တော့ဘဲ ဒီလို ဆိုက်ကားနင်းနေတာသိရင် …ဖေ လုံးဝ လက်ခံမှာမဟုတ်ဘူး သား၊ သူက သား သင်တန်းပြီး …ကုမ္ပဏီတစ်ခုမှာ အလုပ်သွင်းပေးမယ်လို့ ပြောထားတယ် မဟုတ် …"

"မယားငယ်ရဲ့သားတစ်ယောက်အပေါ် သူ လုပ်ပေးနိုင်တာ …မဟုတ်လား မေမေ၊ အားလုံးရဲ့ အနိုင်ကျင့်ခံနေရတဲ့သားကို ဘာတွေ …ကွယ်ပေးနိုင်လို့လဲ၊ သားဘက်က မားမားမတ်မတ် ရပ်တည်ပေးရမယ့် …န်ဆိုတာရော သိလို့လား"

သူ့ရင်ထဲက ခံစားမှုတွေ ပွင့်အံထွက်လာတော့ မေမေ မျက် …သည်။ မေမေ့မျက်ရည်တွေကြောင့် သူ့ရင်မှာ နင့်သီးသွားသော် …ထိုမျက်ရည်ကြောင့် သူ အညှဉ်းမခံချင်တော့။

"မေမေလည်း ကျွန်တော့်အတွက် လုပ်ပေးနိုင်တာ မျက်ရည် … စိတ်မကောင်းဖြစ်ရုံပဲ မဟုတ်လား၊ သားကြီး သမီးကြီးတွေရဲ့ …ကျင့် တိုက်ခိုက်မှုကို အပြည့်အဝ ကာကွယ်ပေးနိုင်ခဲ့တာ မဟုတ်ပါ… မေမေ့အားနည်းချက်ကြောင့်ဆိုပြီး ကျွန်တော် အများကြီး သည်းခံ… …သည်ပေးခဲ့ပါတယ်၊ သူတို့ကြောင့် စိတ်ဆင်းရဲနေရတာဆိုပြီး ကျွန်…



www.burmeseclassic.com

www.burmeseclassic.com



တော့်ကြောင့် စိတ်ထိခိုက်မှု မရှိအောင် မျိုသိပ်အရှုံးပေး ခေါင်းငုံ့သည်
ခဲ့တယ်''

''မေမေ သိပါတယ် သားရယ်၊ အဲဒီအတွက် မေမေ အမြဲပ
ကျေးဇူးတင်နေတာပါ''

''ကျေးဇူးတင်ရုံနဲ့ တစ်သက်လုံး ဒီအတိုင်း နေသွားရင် ကျ
တော့်ဘဝကို အညွန့်ချိုး အသေသတ်သလို ဖြစ်သွားလိမ့်မယ် မေ
အခု ကျွန်တော် ဘာလုပ်လုပ် ဘယ်သူ့ကိုပဲ ခုခံကာကွယ်နေနေ မေ
နားလည်ပေးပါ''

''အဲဒါကတော့ အမြဲတမ်း အနိုင်ကျင့် နှိပ်စက်ခံရရင် ခံစ
တုံ့ပြန်ဖို့ ရုန်းကန်ချင်စိတ်ရှိလာနိုင်တာ မေမေ နားလည်ပါတယ်၊ ဒါပေ
ဒီဆိုက်ကားနင်းတဲ့အလုပ်ကတော့ သား အဖေ လက်ခံမှာမဟုတ်ဘ
ဘာကြောင့်ဆိုတဲ့ အဖြေကိုရှာရင်း မေမေတို့ တစ်မိသားစုလုံးကို
အိမ်မှာ ဘယ်ထားတော့မလဲ သားရယ်''

သူ ခေါင်းကို ဆတ်ခနဲ ခါရမ်းလိုက်သည်။ ဒီလိုဖြစ်နိုင်သ
ဆိုပြီး သူ အလျှော့ပေးလိုက်တော့ရော ဘယ်သူက သူ့ကို အကောင်
ကျေးဇူးတင်မှာမို့လဲ။

''မေမေ့သားကြီး သမီးကြီးတွေအတွက် မေတ္တာနဲ့ မေ
တောင့်ခံနိုင်ပေမယ့် ကျွန်တော်ကတော့ ဒီအိမ်ကြီးကို အမှီပြုပြီး နစ်
မခံနိုင်တော့ဘူး မေမေ၊ ဖေဖေ့အနေနဲ့လည်း ငါ့စကား နားမထောင်လို
ပြီး ဥပေက္ခာပြု ရက်စက်ချင် ရက်စက်ပါစေ၊ ကျွန်တော် ဘာမှ မ





ပောတော့ဘူး''

''အားလုံး ကဆင့်ကလျား ဒုက္ခရောက်ကုန်မှာစိုးလို့''

''သူတို့အတွက်ပဲကြည့်ပြီး ကျွန်တော့်ကို အရှုံးပေးခိုင်းနေတာ
သား မေမေ''

''မ မဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့ဘဝမှာ နေစရာအိမ်က
အရေးကြီးဆုံးပဲ သား''

''တော်ပါတော့ မေမေ၊ ဒီအသက်ဒီအရွယ်တွေ ရောက်နေပြီ၊
ကိုယ့်ဘဝကိုယ် ဘယ်လိုရပ်တည်ရမယ်ဆိုတဲ့ အသိတရား ရှိသင့်တယ်
ထင်ပါတယ်၊ အခွင့်အရေးတွေ လွယ်လွယ်ရနေလို့ ကျေးဇူးတင်ရမှန်း
သိကြတာပါ၊ ဘာပဲဖြစ်ဖြစ် ဖေဖေ့ကို ကျွန်တော် ရင်ဆိုင်ပါ့မယ်''

''သားရယ် မေမေက''

''မေမေ့ကို ကျွန်တော် လုပ်ကျွေးပြုစုမှာပါ၊ ကိုမောင်ကြီးနဲ့
မမိုး ရန်ပြုလာရင်လည်း ကျွန်တော် ကာကွယ်ပေးပါ့မယ်၊ ကျွန်တော်
အရွယ်ရောက်နေပါပြီ၊ လူလားမြောက်ခွင့်ပေးပါ မေမေ''

သားရဲ့ ပြတ်သားသော ဆုံးဖြတ်ချက်တွေကြောင့် ဒေါ်သက်
ထားဆွေ စိတ်လျှော့လိုက်သည်။ သားငယ်ဆန္ဒကို ဒီထက် အတိုက်အခံ
လုပ် ကန့်ကွက်လျှင်လည်း သားသမီးကြီးတွေအပေါ် မေတ္တာပို အစိုးရိမ်
ကြီးနေသည်ဟု စွပ်စွဲနေပေဦးမည်။

ဘယ်တတ်နိုင်တော့မလဲ။ သူ့ထိုက်နဲ့ သူ့ကံပေါ့။

ဒီအကြောင်းကိုသာ ဦးသက်မင်းထိုက်ဆီ အကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတောင်းပန်ရတော့မှာ။

ဒီအခွင့်အရေးလေးတစ်ခုပဲ လိုက်လျောပေးပါလို့ . . .။

■ ■ ■



## အခန်း (၂၅)

"ဘာပြောတယ် သက်ထား၊ မင်းမဟုတ်က ကျောင်းမတက်တော့ ဆိုက်ကားနင်းနေတယ် ဟုတ်လား။ အဲဒါ ဘာအလုပ်လဲ၊ ဘာအချိုး တာလဲ"

"အနှိမ်ခံ အနိုင်ကျင့်ခံဘဝနဲ့ မနေချင်တော့လို့တဲ့၊ ကျွန်မ ည်း ဘယ်လိုမှ ဖျောင်းဖျလို့ မရဘူး"

"မင်းသားသမီးတွေ နှိပ်စက်နေလို့ အနိုင်ကျင့်နေလို့ မဟုတ် အဲဒါကြောင့် ငါ ပြောတာ၊ အဲဒီအိမ်ကို ရောင်းပစ်ပြီး မင်းတို့ အမိကို သူတို့ခိုကပ်လို့မရ စုံစမ်းလို့မရနိုင်တဲ့နေရာကို ဝယ်ပေးမယ်

"ကျွန်မ သားသမီးတွေကို ဘယ်လိုလုပ် ပစ်စလက်ခတ် ထား ာလဲ ကိုထိုက်၊ သူတို့လေးတွေအတွက် မယားငယ်အမည်ခံပြီး ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်ငယ်ငယ် နေခဲ့တာပါ၊ ပထွေးဆိုတဲ့ စိတ်နဲ့ ကိုထိုက် အဲလို ဥပေက္ခ
မပြုသင့်ပါဘူး''

''ဘာ''

ဦးသက်မင်းထိုက် ခါခနဲဖြစ်ကာ ကိုယ်ကြီး တောင့်မတ်သွား
ဖုန်းဆက်ပြီး မဖြစ်မနေ လာတွေ့ပါဆိုလို့ တွေ့နေကျ ဆိုင်လေး
ရောက်အောင် လာခဲ့တာ။

ဒီပြဿနာ ဒီအကြောင်းမျိုး ကြားရလိမ့်မည် မထင်မိ။ အရ
လို ငွေရေးကြေးရေး လိုအပ်သည်မှတ်လို့ အိတ်ထဲမှာ ငွေအဆင်သ
ထည့်လာခဲ့သေးသည်။

''ငါက သားငယ် ဟိုတစ်ခေါက် ငွေလာတောင်းတုန်းက
မလာလို့ မင်းလိုက်လာတယ် မှတ်တာ၊ မင်းက ငါ့ကို တိုက်ခိုက်ဖို့
ပြင်လာတာပဲ၊ ကဲ ပြောစမ်းပါဦး။ ငါက ပထွေးပီပီ ဘာတာဝန်မကျေ
ဘူးလဲ၊ မထောက်ပံ့ မပေးကမ်း မစွန့်ကြဲခဲ့ဘူးလဲ''

''ကိုထိုက် တာဝန်ကျေခဲ့တာကို သိပါတယ်''

''ဒါဆို ငါ့ကို ဘာလို့ အပြစ်တင်နေတာလဲ၊ မင်းကို လက်ထ
ပြီးတာနဲ့ တဲစုတ်လေးထဲကနေ အိမ်ကြီးအိမ်ကောင်းပေါ်ကို တင်ပေ
ခဲ့တယ်၊ မင့်သားသမီးတွေကို ပညာသင်ပေးတယ်၊ လိုလေသေးမ
ထောက်ပံ့ပေးကမ်းခဲ့တယ်၊ မင့်သားသမီးတွေက ကောင်းကောင်းမနေ
တာလေ၊ အခွင့်အရေး ရသမျှ ပေးကမ်းသမျှ သောက်စား သုံးဖြုန်းပြီး
အပေအတေလို နေခဲ့ကြတာ၊ ငါ့ကို ဖအေတစ်ယောက်လို သတ်မှတ်ခဲ့





လား ပထွေးပဲဆိုပြီး မြင်တာနဲ့ တိုက်ခိုက်မယ်၊ ရန်လုပ်မယ်၊ ငါ့သားကို
ည်း သူစိမ်းတစ်ယောက်လို ဆက်ဆံပြီး အနိုင်ကျင့်တယ်၊ နှိပ်စက်တယ်၊
ဒါကြောင့် မင်းတို့သားအမိ နှစ်ယောက်နာမည်နဲ့ ဝယ်ထားတဲ့ ဒီအိမ်
ကို ငါ့နာမည်နဲ့ ပြောင်းပစ်လိုက်တာ''

''သူတို့ ရောင်းချပေါင်နှံ သုံးဖြုန်းလို့ မရအောင် ကိုထိုက် ဒီ
လုပ်တယ်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ သားငယ်ကလည်း ဒါကို
က်မောပါဘူး''

''မင်းကတော့ မင့်သားသမီးတွေ ဒုက္ခရောက်သွားမှာစိုးရိမ်နေ
ယ် မဟုတ်လား''

''ဒါကတော့''

ဟုတ်တယ်လို့ ဝန်ခံလိုက်လျှင် ကိုယ်က မက်မောရာကျဦးမည်။

ပြေလည်ရာ ပြေလည်ကြောင်း တောင်းဆိုကြည့်ဖို့ လာခဲ့တာ
ပေမယ့် ဦးသက်မင်းထိုက် ဒေါသကြီးနေတော့ စကားလုံးတို့က
ည်ချောင်းဝမှာ တစ်ဆို့လျက် အပြင်ကို ထွက်မလာပေ။

''မင်း ဝန်မခံလည်း ငါ သိပြီးသားပါ၊ ငါ့သားကို မင်း လင်ကြီး
ရတဲ့ သားသမီးတွေလောက် မေတ္တာ မပိုဘူးဆိုတာ''

''အဲလို ပြောကြေးဆိုရင် ရှင်ကရော သားငယ်အပေါ် ရှင့်သား
သမီးကြီးတွေလောက် ဂရုစိုက် တန်ဖိုးထားလို့လား၊ ပေးကမ်းထောက်
နဲ့ ဖခင်ဝတ္တရား ကျေနေပြီလို့ မအောက်မေ့ပါနဲ့ ကိုထိုက်၊ ရှင့်သားသမီး
တွေ ပြောသမျှ ဆိုသမျှလည်း သားငယ်လေး ခံနေရတာပါပဲ၊ မယားငယ်



www.burmeseclassic.com

www.burmeseclassic.com



သားပီပီ အနှိမ်ခံ အနိုင်ကျင့်ခံနေရတာပါပဲ''

''ထားပါတော့ ဒါပေမဲ့ ဒါ ငါ မှားခဲ့တာပါ၊ သူတို့ဘက်

လက်ထပ်ချင်ထပ်ပါ၊ သားသမီး မယူပါနဲ့ဆိုတဲ့ တောင်းဆိုမှုကို မင်း

ကိုယ်ဝန်ဖျက်မချနိုင်းရက်တာနဲ့ ကတိပျက်ခဲ့ရတယ်၊ အဲဒီအတွက် ဒီ

ထိ အပြစ်သားတစ်ယောက်လို ငါ နေနေရတာ မင်းသိလား''

မေးခွန်း ပြန်ထုတ်တော့ ဒေါ်သက်ထားဆွေ မဲ့ခနဲ ဖြစ်သွ

သည်။ ချေပစရာတွေ ရင်နှင့်အပြည့်ပါ။

''ဒါဆို ကျွန်မလည်း အမှားမကင်းဘူးပေါ့''

''ဟုတ်တယ် မင်းက ပိုမှားတယ်၊ အိမ်ထောင်ရေးသုခ မ

ငါက တခြားမှာ ပျော်ရွှင် အပျော်အပါးလိုက်စားရင် မိသားစုအသိုက်အဝ

ဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်နိုင်တယ်ဆိုတဲ့ အသိနဲ့ ကူကယ်ရာမဲ့ သ

စရာကောင်းတဲ့ မင်းဘဝလေးကို''

''ကယ်တင်ရာလည်းရောက်၊ ကိုယ့်အတွက်လည်း အဆင်

တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ ငွေရှင်ကြေးရှင်ပီပီ အသုံးချခဲ့တာမဟု

လား''

''မင်း အခုမှ ဘာကိုမကျေမနပ် ဖြစ်နေတာလဲ သက်ထား

မင်းကို လူသိရှင်ကြား မဟုတ်ပေမယ့် တရားဝင် လက်မှတ်ထိုး လက်

ခဲ့တာပါ''

''အချစ်နဲ့ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေး မဟုတ်လို့

မယားကြီးသေရင်လည်း ကျွန်မတို့ သားအမိကို မိသားစုသဖွယ် တစ်





အိမ်တည်း အတူနေပြီး စောင့်ရှောက်မှာ မဟုတ်ဘူး မဟုတ်လား''

ဒါကို ဦးသက်မင်းထိုက် မဖြေနိုင်။ သားကြီး သမီးကြီးတွေရဲ့

သိက္ခာ၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာအတွက် သက်ထားဆွေတို့ သားအမိကို

ပေါ်ထင်ထင် အသိအမှတ်ပြုဖို့ ခက်ပေလိမ့်မည်။

''ရှင် ဘာလို့ မဖြေတာလဲ ကိုထိုက်၊ ကျွန်မတို့ သားအမိကို

တို့ မိသားစုရဲ့ ဂုဏ်သိက္ခာနဲ့ မလဲနိုင်ဘူး မဟုတ်လား၊ ရှင် သားသမီး

လောက် သားငယ်လေးကို တန်ဖိုးမထားနိုင်ဘူး မဟုတ်လား၊ ရှင်

တင်မှ အဲလိုဆိုရင် ကျွန်မ ဥပေက္ခာပြုလိုက်တာနဲ့ ဒုက္ခရောက်သွား

တဲ့ သားသမီးတွေကို ကျွန်မ ဘယ်လိုလုပ်ထားခဲ့ရမလဲ၊ မိခင်တစ်

ယောက်ရဲ့ မေတ္တာနဲ့ သားသမီးတွေ ဘယ်လောက်ဆိုးဆိုး စွန့်ပစ်ရဲတဲ့

တ္တိ မရှိဘူး ကိုထိုက်''

''ဒါဆို ငါ ဘာလုပ်ပေးရမှာလဲ''

''ဒီအိမ်မှာပဲ ကျွန်မတို့ မိသားစုကို ခိုနေခွင့်ပေးပါ၊ ရှင့်ဆီက

တာတွေ ဘာမှ မတောင်းဆိုတော့ပါဘူး၊ ပေးကမ်းထောက်ပံ့ပါလို့

ည်း မမျှော်လင့်တော့ပါဘူး''

''ဒါဆို သားငယ်လေး ဆိုက်ကားနင်းကျွေးမှာ မင်းမျိုလို့ကျ

ယ် စားလို့ ဝင်တယ်ပေါ့''

''အဲလို မလုပ်ရင် ကျွန်မ လမ်းဘေးမှာ တောင်းရမ်းစားရမှာ

း ကိုထိုက်''

''ကျွင်် မင်းကွာ ငါ့သွေးသားကို ငါ အဲလို မထားနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းပြန်တက်ခိုင်း၊ အရင်လို ငါ ပြန်ထောက်ပံ့ပေးမယ်၊ သင်တန်း ပြီးရင် ကုမ္ပဏီကောင်းကောင်းမှာ အလုပ်သွင်းပေးမယ်''

''ကျွန်မ ပြောပြီးပြီ၊ ဖျောင်းဖျပြီးပြီ၊ မရပါဘူးဆိုမှ ဘယ်လို လုပ်ရမှာလဲ''

''ည ဘယ်အချိန် သူ ပြန်ရောက်လဲ''

''ရှစ်နာရီခွဲ ကိုးနာရီ''

''ငါ လာခဲ့မယ် မင့်သား မျှးကို အရက်ဖိုးပေးပြီး အပြင်ကို သွားခိုင်းလိုက်၊ ငါ့သားကို ငါရအောင် လာပြောမယ်''

''သဘောပဲ၊ ပြောကြည့်ပေါ့''

ဒီထက်ပိုပြီး ပြောချင်စိတ် မရှိတော့တာမို့ အေးစက်နေပြီဖြ သော ကော်ဖီခွက်ကိုတောင် မသောက်ဖြစ်ဘဲ ဒေါ်သက်ထားဆွေ ထ လာခဲ့သည်။

သံယောဇဉ်ဖြင့် ချည်နှောင်ပြီး ပတ်သက်ခဲ့ရသော ယောက် မဟုတ်သည့်အတွက် ပထမဆုံးအကြိမ် နောင်တရမိသည်။

အာသာဆန္ဒတွေအတွက် ငြိတွယ်ခုံမင်ခွင့်ရခဲ့တာက ခဏတ

■ ■ ■

အခန်း (၂၆)

ပြောထားသည့်အတိုင်း ဦးသက်မင်းထိုက် ရောက်လာမည်ဆို တာ သိနေ၍ မောင်ကြီးကို အရက်ဖိုး လုံလုံလောက်လောက် ပေး၍ အပြင် လွှတ်လိုက်ရသည်။ သားငယ်ကတော့ ဘာမှမသိသေးဘဲ ရေမိုး ချိုး အဝတ်အစားလဲ၍ ထမင်းစားဖို့ ပြင်နေ၏။

မိမိမှာတော့ ကြိုပြောရနိုး၊ ရှောင်ပေးရနိုးဖြင့် ချီတုံချတုံ။

''ဟော အိမ်ရှေ့က ခြံတံခါးဖွင့်သံကြားတယ်၊ ဘယ်သူလဲ ထွက်ကြည့်ပါဦး သား''

''ကိုမောင်ကြီး မူးပြီး ပြန်လာတာ ဖြစ်မှာပေါ့ မေမေ၊ ကျွန် တော် ထမင်းစားတော့မလို့ သူ့ဘာသာ ဝင်လာပါလိမ့်မယ်''

''မေမေတောင် နူးလို့ မပြီးသေးဘူး၊ ထွက်ကြည့်လိုက်ပါ သား

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ တခြား ညည့်သည်ဖြစ်နေမှာစိုးလို့''

''ဟုတ်ကဲ့ပါ ကျွန်တော် သွားကြည့်လိုက်မယ်၊ ဟင် ဖေဖေ

ညည့်ခန်းထဲမှာစကားပြောစေချင်လို့ နှင်ထုတ်နေကာမှ ဦးသ

မင်းထိုက်က မီးဖိုခန်းထဲထိ ရောက်လာသည်။

''ဟင်းက ဒါပဲလား''

စားပွဲပေါ်က ငပိရည်တို့စရာနှင့် ဘဲဥချဉ်ရည်ဟင်းခွက်ကို ကြ

ပြီး ဦးသက်မင်းထိုက် ရင်ဆို့သွား၏။ အိမ်က အလုပ်သမားတွေတော

ဒီထက်ကောင်းသော ဟင်းတွေနှင့် ကျွေးတာပါ။

''ဒီဟင်းက ဘာဖြစ်လို့လဲ၊ ကျွန်တော် မွေးကတည်းက

လာတာ အကျင့်ပါနေပါပြီ တစ်ခါတလေ စားသောက်ဆိုင်တွေ ဟိုတ

တွေက အစားအသောက်ကောင်းကောင်းတွေ စားချင်ပေမယ့် ကျွေး

သူမှ မရှိတာ''

''ငါ့ကို ထေ့ငေါ့ရွဲ့စောင်းပြီး ပြောနေတာလား မင်းမဟာ

ပေးခဲ့တဲ့ ငွေတွေနဲ့ မင်း ဝယ်စားလို့ သုံးဖြုန်းလို့ ရနေတာပဲကွ၊ ငါ့ဘက်

မင်းတို့သားအမိအပေါ် လုံလုံလောက်လောက် တာဝန်ကျေခဲ့တ

မင်းက မင်းအမေ သားသမီးတွေအနိုင်ကျင့်တာကို ခံနေတာ''

''မယားငယ်ရဲ့သားပဲ၊ နှိမ်ချဆက်ဆံခံရတာ ဆန်းလို့လ

ဖအေ မအေကတောင် လူရာသွင်း အသိအမှတ်ပြုချင်တာ မဟုတ်

ဘယ်သူ့ကို အပြစ်တင်နေရဦးမှာလဲ''





နာကျင်စွာ အမေးကို ဖြေသိမ့်စရာ စကားလုံးမရှိပါ။ သားရယ်

လို့ ဖက်ပွေ့ကာ နှစ်သိမ့်ချင်ပေမယ့် အနေစိမ်းခြင်းက သွေးဝေးသလို

ခံစားနေရသည်။

အတူနေ သက်ထားဆွေကတော့ သားပခုံးလေးကို ပွေ့ဖက်

ပြီး မျက်ရည်ဝဲနေသည်။

''သားရယ် မိဘဆိုတာ ဘယ်သားသမီးကို ပိုတယ် လိုတယ်

ဆိုတာမျိုး မရှိပါဘူး။ ရင်ကလွယ်မွေးရတာတွေချည်းပါ၊ ဆိုးတဲ့ သား

သမီးကို အစိုးရိမ်ပိုရသလို လိမ္မာတဲ့ သားအတွက် မွေးရကျိုးနပ်တယ်လို့

ကျေနပ်ရပြန်တာပါပဲ၊ သားသမီးကြီးတွေအတွက် မေမေ ဂုဏ်သိက္ခာ

တွေ ရင်းခဲ့တာ အမှန်ပါကွယ်၊ သားကိုလည်း ဘယ်သူမှ မလိုလားတဲ့

ခြားက သူတို့တွေ ရပ်တည်မှု ခိုင်မာဖို့အတွက် အတ္တတွေနဲ့ မွေးမြူခဲ့

ခဲ့တာပါ ဒါပေမဲ့''

''မေမေ့ဒုက္ခတွေ မျှဝေထမ်းဖို့ မဟုတ်လား။ မေမေ့ကို ကျွန်

တော် တစ်ခါမှ အပြစ်မမြင်ခဲ့ပါဘူး။ လူဖြစ်ခွင့်ပေးတာ ကျေးဇူးတင်ပါ

တယ်၊ ဒီအချိန်ထိ ကျွေးမွေးထောက်ပံ့လာခဲ့တဲ့ ဖေဖေ့ကိုလည်း ကျေးဇူး

တင်ပါတယ်၊ ဒါပေမဲ့ ဒီအချိန်ကစပြီး ကျွန်တော့်ကို လွတ်မြောက်ခွင့်ပေး

ပါတော့''

''သား''

ဦးသက်မင်းထိုက် အထိတ်တလန့်ပင် သားလက်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ဆုပ်ကိုင်လိုက်မိ၏။

"ဖေဖေတို့ကို စိတ်နာနေတာလား သားရယ်"

"ကျွန်တော့်ရဲ့ကံကြမ္မာကို ကျွန်တော် ကျေနပ်အောင် ကြိုး

နေပါတယ်"

"တာဝန်မကျေဘူးဆိုရင်တောင် မြေတောင်မြှောက်ပေးဖို့

အခွင့်အရေး ပေးပါဦး သားရယ်၊ သား သင်တန်းပြန်တက်ပါ၊ ဘ

လောကမှ မလိုတော့တဲ့ ပညာရေးကိုတစ်ပိုင်းတစ်စနဲ့ ဖြတ်တောက်

အဆင့်အတန်းနိမ့်အောင် မလုပ်ပါနဲ့"

"ကျွန်တော် အဆင့်အတန်းမြင့်ရင် ဘယ်သူ ဝမ်းသာပေး

လဲ၊ ဂုဏ်ယူအသိအမှတ်ပြုပေးမှာလဲ ဖေဖေ၊ ကျွန်တော့်ကို လူဖြစ်အော

မမွေးခဲ့ဘူးလို့တွေးပြီး မေ့ထားလိုက်ပါ"

"သား ဖေဖေ့ကို ဖအေအရာမထားလို့ ဖေဖေ့စကား နာ

ထောင်တာလား"

"သားကို သားတစ်ယောက်အဖြစ် အသိအမှတ်ပြုတယ်ဆို

သားဆန္ဒအတိုင်း နေထိုင်ခွင့်ပြုပါ ဖေဖေ၊ ဒီအချိန်ထိ သူများနှာခေါ

ပေါက်နဲ့ အသက်ရှူပြီး သူများအပြောအဆိုခံ အထင်သေးခံ၊ အနိုင်က

ခံလာခဲ့ရတာပါ၊ ဖေဖေတို့ မေမေတို့သားသမီးတွေအတွက်ချည်း မစဉ်း

ပါနဲ့၊ မာနနဲ့ ရှင်သန်ခွင့်ပေးပါဦး"

သားကို တစ်ဖက်စွန်း ရောက်သွားပြီလို့ အပြစ်မဆိုရက်



မေတ္တာဆိုတာ ပေးနိုင်ပေမယ့် လိုအပ်ချက်တွေ ရှိနေတာမို့

တစ်ကြိမ်တော့ သားဆန္ဒအတိုင်း ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မင်းမဟ်"

"ဟာ မြမဟေ"

ဆိုက်ကားဂိတ်ရှေ့ ထိုးရပ်လာသော ကားပေါ်က မြမ
သူ့နာမည်ကို ခေါ်ရင်း ဆင်းလာတာမို့ သူ တအံ့တဩ ဖြစ်သွားသည
ဆိုက်ကားဂိတ်က လူတွေရဲ့ မျက်လုံးတွေက မြမဟေကို ဝေ့ဝဲ စပ်စု
ကြတာမို့ သူ့စိတ်ထဲ စပ်ဖျဉ်းဖျဉ်း ဖြစ်လို့သွားသည်။

"ဘာလို့ ဒီနေရာကို လာရတာလဲ မဟေ"

"ရှင့်ကို ဒီနေရာမှာ လာမှ တွေ့မှာပေါ့၊ ဘာဖြစ်လို့လဲ လာ
မကြိုက်ဘူးလား"

"မဟုတ်ပါဘူး၊ လာလာ တစ်နေရာသွားရအောင်၊ ကိုမြင့်
ကျွန်တော့်ဆိုက်ကား အလှည့်ကျရင် ခင်ဗျား နင်းလိုက်တော့"





နောက်လှည့်အော်ပြီး သူမ ကားလေးပေါ် အမြန်တက်လိုက်
သူမက ယောင်တောင်တောင်ဖြင့် ကားစက်နှိုးရင်း သူ့ဘက်လှည့်
သည်။

"ဘာကြည့်တာလဲ၊ ကော်ဖီဆိုင်မောင်း"

"မောင်းမှာပါ၊ မျက်နှာကြီးက ဘာဖြစ်နေတာလဲ"

"ဆိုက်ကားဂိတ်ကကောင်တွေ မင်းကို ဝိုင်းရှုံးနေတာ မသိ
သား"

"ဟောတော် ဆိုက်ကားဂိတ်လာတာ ဆိုက်ကားဂိတ်ကလူတွေ
ည့်မှာပေါ့၊ စျေးထဲသွားရင် စျေးထဲကလူတွေ ကြည့်ကြတာပဲ၊ ထူးဆန်း
သား"

"ထူးဆန်းတယ်၊ မင်းကို ဘယ်သူကြည့်တာမှ ငါ မကြိုက်ဘူး"

"အဲတော် အဲလိုအကျင့်ရှိတာ အခုမှ သိတယ်၊ စောစောက
ပါလား မျက်နှာဖုံးစွပ်လာရအောင်"

အပျော်အပျက် စနောက်နေတာ သိသိကြီးနဲ့ သူ မရယ်နိုင်။
ကြောင့် ဒီလိုဖြစ်သွားသည်ဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း မေးခွန်း
တ်လို့မရ။

"နောက်မနေနဲ့ နောက်တစ်ခါ တွေ့ချင်တယ်ဆို တစ်နေရာမှာ
လိုက်၊ ကျွန်တော် လာခဲ့မယ်"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

ဆူပုပ်ပုပ် မျက်နှာထားကြောင့် သူမ ရယ်ချက်ပက်ချ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့နေသည်။ မင်းမဟံ သဝန်တိုနေတာနေမှာ။ ဒါဆို

"ရှေ့ကဆိုင် ရပ်လိုက်၊ အဝေးကြီးသွားလို့ မရဘူး"

နာခံစွာနှင့် ဆိုင်ရှေ့ကို ကားလေး ထိုးရပ်လိုက်သည်။ ဆိုင်ထဲ ရောက်မှ စုံတွဲအများဆုံး ထိုင်တတ်သော ကော်ဖီဆိုင်လေးမှန်း သိလို ရသည်။

ကော်ဖီတစ်ခွက်စီ မှာပြီးချိန်ထိ မင်းမဟံ မျက်နှာသုန်မှုန်နေ ပင်။ ဒီလောက်ဖြစ်နေတာ အိမ်မှာရော အဆင်ပြေရဲ့လားမသိ။

"မဟံ အိမ်ကလူတွေနဲ့ရော အဆင်ပြေရဲ့လား"

"ဘယ်တော့မှ ငြိမ်းချမ်းရေးမရမယ့် ရှေ့တန်းစစ်မြေပြင် အဆင်ပြေစရာ အကြောင်းရှိပါ့မလား။ ဟိုနေ့ကပဲ လာသွားပြီး ပြဿ ဖြစ်ကြသေးတယ်"

"ဟင် အန်ကယ် အဲ မင်းမဟံ အဖေ လာသွားတယ် ဘာတဲ့လဲ"

"ကျွန်တော် ဒီအလုပ်လုပ်တာ သူတို့ဂုဏ်သိက္ခာ ထိခိုက် နေမှာပေါ့။ မလုပ်စေချင်ဘူး။ သင်တန်းဆက်တက်တဲ့၊ သင်တန်းပြီးရ ကုမ္ပဏီတစ်ခုမှာ အလုပ်သွင်းပေးမယ်ပြောတယ်"

"ဪ"

"သားတစ်ယောက်အနေနဲ့ သူလုပ်ပေးနိုင်တာ ဒါပဲရှိပါတယ် ဖေဖေ့ကို မှီခိုရင်းနဲ့ ဖေဖေ့သားသမီးတွေရဲ့ အနိုင်ကျင့်တာကိုတော ဖေဖေ ကာကွယ်ပေးနိုင်မှာ မဟုတ်ဘဲနဲ့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်





နစ်မွန်းမခံတော့ဘူး"

"မင်းမဟံ ဆုံးဖြတ်တာ မှန်ပါတယ်၊ ယောကျ်ားတစ်ယောက် အနေနဲ့ ဒီလောက်တော့ မာန ရှိသင့်တယ်၊ မင်းမဟံ အမေလည်း ကိုစွ သိသွားပြီပေါ့"

"မေမေလည်း စိတ်မကောင်းဘူး၊ ဒါပေမဲ့ မေမေလည်း သူ့ သားသမီးတွေကို တွန်းလှန်နိုင်တဲ့ အင်အားရှိတာ မဟုတ်ဘူးလေ၊ အဲဒါ ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် ခုခံကာကွယ်ခွင့်ပြုပါလို့ နှစ်ယောက် လုံးကို တောင်းဆိုထားတယ်"

"မင်းမဟံ တော်တော် သတ္တိရှိလာပြီ"

"မြမဟောကြောင့်ပါ"

"ဘာ"

သူမ နှုတ်ခမ်းလေး ပြူးယောင်သမ်းသွားပြီး မျက်ခုံးလေးပင့်၍ တိုးတိတ်စွာ ဘာခနဲ ဖြစ်သွား၏။ မင်းမဟံက ရီဝေသော မျက်ဝန်းများ ဖြင့် တည့်တည့်စူးစူး ကြည့်လာပြီး

"ကျွန်တော့်ရင်ထဲမှာ ဘာကြောင့်ဆိုတဲ့ အဖြေကို ဖြေချင်လွန်း လို့ စကားလုံးတွေ အပြည့်အသိပ်ရှိပါတယ်၊ ဒါပေမဲ့ မတန်မရာသေးဘူး ထင်လို့ ကျွန်တော် မပြောချင်သေးဘူး မြမဟော၊ မြမဟောနဲ့ အဆင့် အတန်း ဂုဏ်သိက္ခာ ညီမျှဖို့ ကြိုးစားရမှာ မလွယ်ဘူးဆိုပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် မားမားမတ်မတ် ရပ်တည်နိုင်တဲ့ နေ့ကျရင် တော့"



www.burmeseclassic.com

www.burmeseclassic.com



''ရှင့်ဆီက တခြား ဘာကိုမှ မျှော်လင့်မထားဘူး မင်းမဟ်... တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိနေမယ်ဆိုရင် ဂုဏ်ဓနအဆ... အတန်းတွေက အပေါ်ယံ ပကာသနတွေပဲ မဟုတ်ဘူးလား''

ချစ်တယ်ဆိုတဲ့ စကားပဲ ပြောလိုက်ပါလို့ ပြောင်ပြောင်တင်းတ... တောင်းဆိုရဲလောက်အောင် အရှက်မနည်းချင်၍ သွယ်ဝိုက်ပြောနေသေ... လည်း မင်းမဟ်က ခေါင်းရမ်းနေသည်။ စိတ်လှုပ်ရှားနေသလို ကော်... ခွက်ကို သောက်မလို လုပ်ပြီးမှ ပြန်ချလိုက်ကာ

''မြမဟေ ပြောတာလည်း ဟုတ်ချင်ဟုတ်မှာပါ၊ ဒါပေ... မြမဟေကို ကျွန်တော် တန်ဖိုးထားတယ်''

ချစ်တယ်ဆိုတဲ့ စကားထက် လေးနက်သလား မသိပေမယ့်... သူမ တောင့်တနေမိတာ ဒီစကားမဟုတ်ပေ။

''မင်းမဟ်''

''ဗျာ''

''မဟေကို တန်ဖိုးထားတယ်ဆိုတဲ့ စကားအတွက် ကျေးဇူး... တင်ပါတယ်၊ မဟေလည်း မဟေ ရင်ထဲရှိတဲ့အတိုင်း ပြောရမယ်ဆိုရ... ရှင့်ဘဝ နောက်ကြောင်း အစိတ်အပိုင်းတွေကို စိတ်မဝင်စားတော့ဘူ... ဘယ်လိုပါလို့ ခွဲခြားသတ်မှတ်တာမျိုးလည်း မရှိဘူး။ မင်းမဟ် ဆိုတဲ့လူ... တစ်ယောက်ရဲ့ဘဝကို သနားစာနာမိရာက''

ငြိတွယ်သွားမိတာပါလို့ ပွင့်လင်းစွာ ဝန်ခံလို့ ဖြစ်ပါ့မလာ... အဆုံးသတ်စကားအတွက် ရှေ့ဆက်တိုးဖို့ ခက်နေသော သူမ မျက်နှာ...

...သားက ပန်းသွေးရောင်ပြေး ဖွေးနုသွားသည်။

''မြမဟေ''

''ဟို မဟေတို့ ပြန်ရအောင်လေ၊ ရှင့်ဆိုက်ကားက သူများကို... ...ပ်ထားခဲ့တာ မဟုတ်လား''

''ကော်ဖီတွေ မှာထားပြီး သောက်တောင် မသောက်ရသေးဘူး''

''အင်း သောက် သောက်လေ''

မိန်းကလေးပီပီ အရှက်သည်းနေသော မျက်နှာလေးကြောင့် ...ူ့စိတ်တွေ ကတုန်ကယင် လှုပ်ရှားလာသည်။ သူ့ ဒီထက်ပိုပြီး ထိန်း... ...ပ်နိုင်ပါ့မလား။ အခွင့်အရေးပေးနေလို့ အလွယ်တကူ ဖွင့်ပြောလိုက်... ...အမျိုးလည်း မဖြစ်ချင်ပါ။

မျက်ဝန်းချင်းအဆုံမှာ တစ်ယောက်ရင်ထဲက ဆန္ဒကို တစ်... ...ယာက်က လေးလေးနက်နက် ထွင်းဖောက် သိနေသလိုမျိုး။ စိတ်ချင်း... ...က်၍ ရင်းနှီးသွားသည်ဟု ခံစားလိုက်ရသည်။

ထိုအချိန်မှာ...

''မြမဟေ''

''ဟင် ကို ကိုသူ''

''ကိုကြီး''

ရုတ်တရက် ရောက်လာသော ထိုက်သူစံကြောင့် နှစ်ယောက်လုံး ...ကြောင်အမ်းအမ်း မင်တက်သွားကြသည်။ ထိုက်သူစံ မျက်နှာက ...ြို ...တော့မည့်မိုးလို အုံ့မှိုင်းညို့ဆိုင်း မည်းမှောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင့်ကား ဆိုင်ရှေ့မှာ ရပ်ထားတာမြင်လို့ ဝင်လာတာ၊ ဘယ်လို လုပ် မင်းမဟာ်နဲ့ အတူတူ ရှိနေတာလဲ၊ ဒီကောင်နဲ့ ဘယ်လိုပတ်သက်မှု ရှိသွားတာလဲ"

"ကိုသူ ဘာလို့ အော်နေတာလဲ၊ ပတ်ဝန်းကျင်မှာ စားသုံးသူ တွေနဲ့"

ထိုက်သူစံ အသံက ကျယ်ကျယ်လောင်လောင်မို့ မြမဟေ တိုးကြိတ်စွာသတိပေးရသည်။ မင်းမဟာ်ကလည်း ထိုက်သူစံနှင့် မြမဟေ ရဲ့ သိကျွမ်းမှုကို နားမလည်နိုင် အံ့အားသင့်နေပုံပါ။

"ဟိတ်ကောင် ထစမ်း။ မင်းနဲ့ ဒီလိုနေရာနဲ့ အပ်စပ်လို့လား မြမဟေနဲ့ အတူထိုင်နေတာရော မြမဟေ ဘယ်လောက်သိက္ခာကျသွား မလဲ မတွေးမိဘူးလား"

"ကိုသူ ဘာလို့ အဲလိုကြီး ပြောတာလဲ၊ စကားပြော ဆင်ခြင် စမ်းပါ"

"မြမဟေ မင်း ဒီကောင်အကြောင်း ဘယ်လောက်သိလို့လဲ ဒီကောင်က ကိုယ့်အဖေ မယားငယ်ရဲ့သား မင်းမဟာ်"

"သိတယ်လေ ဟိုတစ်ခါ ကိုသူတို့အိမ်မှာ ခွေးမောင်းသလို မောင်းထုတ်နေတာ မြင်ခဲ့ရသားပဲ"

"ဒါနဲ့များ ဒီကောင်နဲ့ ဘာလို့ပတ်သက်ရတာလဲ၊ မဟေ ဂုဏ်သိက္ခာ မိဘတွေရဲ့သိက္ခာ"

"မင်းမဟာ်က လူတစ်ယောက်မဟုတ်ဘူးလား၊ လူကို လူလိုမြင်





တတ်ရင် ကျန်တာတွေ တွေးစရာအကြောင်း မရှိဘူး ကိုသူ၊ အဓိကက သူကိုယ်တိုင် ကိုယ်ကျင့်တရား ကောင်းနေဖို့ပါပဲ"

"မြမဟေ ဒီကောင်နဲ့ အရင်ထဲက ပတ်သက်ပြီး ကိုယ့်ကို တိုက်ခိုက်နေခဲ့တာလား။ တောက် မင်းကွာ အဲဒါကြောင့် ငါ့ကို လက်မ ထပ်နိုင်တော့ဘူးလို့ မျက်နှာပြောင်ပြောင်နဲ့ ငြင်းခဲ့တာပေါ့"

"ဟင်"

ထိုက်သူစံ စကားကြောင့် မြမဟေနှင့် ထိုက်သူစံက လယ်ထပ်ဖို့ အထိ ရည်ရွယ်ထားသည့် ပတ်သက်မှုမှန်း မင်းမဟာ် သိလိုက်ရသည်။

ပဋိပက္ခက အရှိန်အဟုန်မြင့်လာတာမို့ ဆက်ထိုင်သင့်သလား ရှောင်ပေးရမှာလား စိတ်ဂနာမငြိမ် ဖြစ်သွားရသည်။ မြမဟေက သူ့လက် ကို ဖျတ်ခနဲဆွဲပြီး

"ကိုသူ နောက်မှ စကားပြောရအောင် အခုအရင်သွားမလား။ ဟောတို့ သွားရမလား"

"မင်းနဲ့အခု စာရင်းရှင်းမယ်၊ အဲဒီကောင်ကို ပြန်ခိုင်းလိုက်"

"သူက မဟေနဲ့ အတူတူလာတာ၊ သူ့ကိုအရင်သွားခိုင်းလို့ လည်းမဖြစ်ဘူး၊ ချန်ထားခဲ့လို့လည်း မဖြစ်ဘူး၊ အဲဒီတော့ ရှင်ဘာသာနေခဲ့ လာ မင်းမဟာ်"

"တောက်"

မင်းမဟာ်လက်ကို ဆွဲထွက်လာခဲ့ချိန်မှာ ထိုက်သူစံဆီက မကျေ နပ် တက်ခေါက်သံ ကျယ်ကျယ်လောင်လောင် ကြားခဲ့ရ၏။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုက်သူစံ ဘယ်လိုပုံစံမျိုးနှင့် ကျန်ခဲ့ကျန်ခဲ့ အခုအရေးကြီးတာက ထိုက်သူစံနှင့် ပတ်သက်မှုကို မင်းမဟံ နားလည်အောင် ရှင်းပြဖို့ . . .

■ ■ ■



## အခန်း (၂၈)

"မိဘတွေက အချင်းချင်း မိတ်ဆွေရင်းတွေ၊ ငယ်သံယောဇဉ်တွေနဲ့လူငယ်ချင်းလည်း ရင်းနှီးကြတယ် ဆိုပါတော့၊ မွေးချင်း မောင်နှမအရင်းအချာမရှိလို့ ကိုသူကို အစ်ကိုရင်းတစ်ယောက်လို ခင်တွယ်ခဲ့တယ်"

"အဲလို ပတ်သက်မှုတွေရှိတာ ဘာလို့ ကျွန်တော့်ကို အစက ပြောခဲ့တာလဲ"

"မပြောခဲ့တာက မင်းမဟံ ကြောက်ရွံ့ရတဲ့အထဲမှာ မဟေ ပါချင်လို့ပေါ့၊ မင်းမဟံ၊ မဟေက မင်းမဟံကို အားပေးချင်တာ စာနာ စိတ"

"ခုနက လက်ထပ်ဖို့ အကြောင်းပြောတယ်၊ ကိုသူနဲ့ မဟေရဲ့ ပတ်သတ်မှုက"

"လူကြီးချင်း သဘောတူထားတာ၊ အဲဒီအကြောင်းဖြစ်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အစ်ကိုတစ်ယောက်လို ခင်မင်မိတဲ့ သံယောဇဉ်တွေကို ဖြတ်တောက်ပစ်လိုက်ချင်တာပဲ၊ ကိုသူကို မဟေ အိမ်ထောင်ဖက် ဖြစ် မယ်လို့ တစ်ခါမှ မစဉ်းစားမိဘူး''

''ဒါပေမဲ့ မိဘတွေရဲ့ ဆန္ဒဆိုရင် မဟေ လက်ခံရမှာပဲ မဟုတ် လား''

''ဟင့်အင်း''

ကားကို လမ်းဘေးမှာ ကျွဲခနဲ ထိုးရပ်ပြီး မြမဟေ ခေါင်းယမ် ၏။ ရှင်နဲ့ မဆုံဆည်းခဲ့ရင် မိဘတွေသဘောဆန္ဒကို လွန်ဆန်ဖြစ်မှ မဟုတ်ဘူး ဆိုသည့်စကားကို အလုံးအရင်းလိုက် မြန်မျိုချလိုက်ရသည်

''မဟေ ကလေးမဟုတ်တော့ဘူး မင်းမဟာ၊ ကိုယ့်ဘာသာ ဆုံးဖြတ်နိုင်တဲ့အရွယ် ရောက်နေပါပြီ၊ အကောင်းအဆိုး ခွဲခြား ဆုံးဖြ တတ်နေပြီဖြစ်လို့ မိဘကို အတိုက်အခံ ဆန့်ကျင်ရမယ်ဆိုလည်း မတ နိုင်ဘူး''

''ဒီလို အခြေအနေတွေထိတောင် ပတ်သက်ခဲ့ကြပြီးမှ ဘာ အကြောင်းပြပြီး ငြင်းမှာလဲ မြမဟေ''

''အချစ်''

''ဟင်''

''မဟေ ကိုသူကို မချစ်ဘူး၊ ပြီးတော့ ကိုယ်ကျင့်တရား''

''ကိုကြီးက ဘာဖြစ်လို့လဲ''

''ဆယ်တန်းအောင်ပြီးစက မိန်းကလေးအစ်ယောက်နဲ့ ငြိစွန်း





ယ်''

''ဒါဆို ကိုကြီးက လူပျိုမဟုတ်ဘူးပေါ့''

''တရားဝင်လက်ထပ်ယူခဲ့တာ မဟုတ်လို့ လူပျိုလူအို ခွဲခြားလို့ ဆိုတာတော့ မသိဘူး၊ အဲဒီကိစ္စကို ငွေနဲ့ဖြေရှင်းလိုက်တယ်၊ အဲဒီ ကလေး ကျေနပ်သွားလား ဘာတွေ ဆက်ဖြစ်သေးလဲ ဆိုတာတော့ ယ်သေးလို့ သေချာသိပ်မသိဘူး၊ ငွေကြေးချမ်းသာတော့ အဖုံး ည်းကောင်းတယ်''

မြမဟေ ပြောတာတွေ နားထောင်ပြီး ရင်တွေဖိုလှိုက် မွန်းကျပ် ာမို့ သက်ပြင်းတွေ မှုတ်ထုတ်လိုက်မိ၏။ မြမဟေက သူ့ဘက်တည့် လှည့်ထိုင်ကာ သူ့မျက်နှာကို အကဲခတ်ကြည့်နေလျက်က

''ရှင် ဘာတွေ တွေးကြောက်သွားတာလဲ မင်းမဟာ''

''ကိုကြီး ကျွန်တော့်ကို မကျေမချမ်း ဖြစ်သွားတာ သေချာတယ်၊ ်လိုတွေ ပြဿနာရှာပြီး တိုက်ခိုက်မလဲ မသိဘူး''

''ရှင် ရင်မဆိုင်ရဲတာလား မင်းမဟာ''

''မြမဟေနဲ့ ဘယ်လိုပတ်သက်မှုမျိုးပါလို့ ခုခံကာကွယ်ရမလဲ၊ ်တော်နဲ့ မြမဟေက''

''ချစ်သူတွေမှ မဟုတ်တဲ့လို့ ရှင်ပြောချင်တာလား၊ ရှင့်ရင်ထဲမှာ ာနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ အလေးအနက် ခံစားရတာမျိုး မရှိ လား''

သူမ မေးခွန်းက ရိုးရှင်းသော်လည်း သူ့ရင်က လှိုက်ခနဲ ခါ



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ စိမ်းညို့ညို့ မျှော်လင့်မျက်ဝန်းများကို သူ ရင်မဆိုင်ရဲ။

"မဟော မျက်နှာကို တည့်တည့်ကြည့်ပြီး တစ်ခုခုပြော

မင်းမဟ်၊ ဒါမှ ရှေ့လျှောက်ဖြစ်လာနိုင်တဲ့ ပြဿနာတွေကို ပြတ်ပြတ်သ

သား ရင်ဆိုင်လို့ရမှာ"

"မြမဟော"

"မတန်မရာလို့ တန်ဖိုးထားလို့ဆိုတဲ့ စကားတွေနဲ့ ရပ်တ

နောက်ဆုတ်ဖို့တွေ မစဉ်းစားပါနဲ့ မဟောကို တကယ်တန်ဖိုးထား

မှန်ရင် ရှင့်ရင်ထဲက စကားကို အမှန်အတိုင်း ရင်ဖွင့်ပေးပါ"

"မဟောရယ် ကျွန်တော်"

"မင်းမဟ်"

"မဟောကို ကျ ကျွန်တော်ချစ် ချစ်တယ်"

မျှော်လင့်တောင်းတနေခဲ့သော ထိုစကားတစ်ခွန်းအတွက် သူ

ရင်ခုန်စိတ်လှုပ်ရှားကာ ခဏတာ အသံတိတ်ကျသွားခဲ့သည်။

"မဟော"

"ဟင်"

သူမလက်လေးကို မင်းမဟ် မဝံ့မရဲ ဆုပ်ကိုင်လာမှ တဒိုင်းဒိုင်း

ဆောင့်ခုန်နေသော ရန်ခုန်သံကို မင်းမဟ် မကြားအောင် ချုပ်ထိန်း

သတိရသည်။

"မြမဟောပေးတဲ့ အခွင့်အရေးကို အသုံးချပြီး ကျွန်တော်ဒီစ

ကားကို ပြောထွက်တာမဟုတ်ပါဘူး။ စွန့်လွှတ်ရမှာ စိုးရိမ်စိတ်တွေနဲ့





ခဲ့ကိုပြီး ရင်ဖွင့်မိတာပါ"

"မဟော ကျေနပ်ပါတယ် မင်းမဟ်၊ မဟောလည်း ဟန်မဆောင်

ဘူး။ ရှင်အထင်သေးလည်း မတတ်နိုင်ဘူး။ ရှင့်ကို မဟောချစ်တယ်"

"မဟောရယ် နားလည်မှုတွေနဲ့ ဆက်ဆံကြမယ်ဆိုရင် အထင်

သေးစရာ အကြောင်းမရှိပါဘူး။ မဟောကို အခုလို ဖွင့်ပြောခွင့်ရလို့

ကျွန်တော့်ရင်ထဲမှာ တင်းကျပ်နေတာတွေ ပေါ့သွားတာပဲ မဟောရာ"

"အင်း ရင်တွေခုန်နေလို့ ပေါ့သွားတာလား။ ဘာမှ တောင့်တ

ရာ မလိုတော့လို့ လစ်ဟာသွားတာလား မခွဲခြားတတ်ဘူး"

"ပြောတော့မယ် မဟောက အရမ်းစကားတတ်တာပဲ"

"ပျော်လိုက်တာ မင်းမဟ်ရယ်"

တကယ်ပျော်သွားဟန်ရှိသော သူမ မျက်နှာလေးက ဝင်းဖန့်

တောက်ပလင်းလက်နေသည်။ သူ့ရင်ခွင်မှာ မှီနွဲ့လို့ရအောင် သူမ ပခုံးလေး

ကို မရဲတရဲလေး ပွေ့ဖက်လိုက်၏။

သူမကိုယ်လေးက နွဲ့နွဲ့လေးနှင့် အလိုက်သင့်လေး ပါလာကာ

သူ့ရင်ဘက်မှာ မျက်နှာလေးအပ်ထားပြီး

"မဟောတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားပြီနော်၊ ဘာအ

ကြောင်းကိစ္စတွေပဲရှိရှိ မဟောကို ယုံကြည်ပေးရမယ်"

"အင်း မယုံကြည်ဘဲနဲ့ ချစ်ပါ့မလား"

"သဘောပြောတာလေ၊ မဟောက မေမေ့ကို အများကြီး အ

တိုက်အခံ လုပ်ရဦးမှာ၊ ကိုသူက မဟောကို လုံးဝ မစွန့်လွှတ်ဘူးလို့



www.burmeseclassic.com

ကြိမ်းဝါးထားတာရှိတယ်၊ မေမေကို မင်းမဟံအကြောင်း ကတုံးကတိုက် တိုင်ပြောလာနိုင်တာတွေလည်း ရင်ဆိုင်ရဦးမှာ''

''ကျွန်တော့်ကိုလည်း ကိုကြီးရန်ရှာမှာပါပဲ၊ ကျွန်တော်ကတော့ မဟေ အချစ်ကိုရလို့ ရင်ဆိုင်ရဲတဲ့ ခွန်အားသတ္တိတွေ ရှိလာပါပြီ၊ မဖဟ ကိုပဲ ကျွန်တော်က အားနာတာ''

''ဘာကို အားနာတာလဲ''

''ကျွန်တော်လိုကောင်မျိုးကို ချစ်မိလို့ မဟေ စွန့်စားရမှာ တန်ရဲ့လားလို့ပါ''

''ပြောပြန်ပြီ အဲဒီတန်လားဆိုတဲ့ စကားက ဘာလို့ကိုယ့်ကိုယ်ကို အရမ်းနှိမ့်ချနေတာလဲ၊ လူရယ်လို့ ဖြစ်လာရင် သူ့တန်ဖိုးနဲ့သူ ရှိကြတာချည်းပဲ၊ တချို့က အဆင့်အတန်း ဂုဏ်ပုဒ်တွေနဲ့ တိုင်းထွာပြီး တန်ဖိုးဖြတ်နေကြတာပါ၊ အဲဒီအပေါ်မှာ ကိုယ်က သိမ်ငယ်စရာ လိုသလား။ ကိုယ့်စိတ်ဓာတ်နဲ့ ဘဝအခြေအနေကို ကိုယ့်ဘာသာ မြှင့်တင်ရမှာ''

''ဟုတ်ကဲ့ခင်ဗျ။ နားထောင်ရတာ အရမ်းကို အားရှိသွားပါပြီ၊ ချစ်သူလေးကြောင့် ကိုယ့်ဘဝကို အသစ်တစ်ဖန် မွေးဖွားလာတယ်လို့ အောက်မေ့လိုက်ပြီ မဟေ''

''အဟင်း မင်းမဟံလည်း အပြောကောင်းတာပဲ''

ရယ်သံလေးတွေက ငြိမ့်ငြိမ့်ညောင်းညောင်း ညှင်းသွဲ့သွဲ့နှင့် အချစ်ရဲ့ ဆွဲအားကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးလည်း သာယာနေခဲ့သည်၊



မနက်ဖြန်တိုင်းအတွက် အချစ်တွေနဲ့ပဲ ဖြတ်သန်းတော့မှာမို့ ရင်ခုန်သံတွေက ကြိုးညှိစရာမလိုဘဲ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ထိုက်သူစံ နေ့ညမဆိုင်း သူမတို့အိမ် ရောက်လာလိမ့်မည်ဟု မထင်မိ။ မေမေကို တွေ့ပြီး တိုင်ဖို့တောဖို့ ဒေါသတကြီး ရှေ့နောက် စဉ်းစားချင့်ချိန် မနေဘဲ လာခဲ့တာဖြစ်သည်။

ဒီနေ့မှ ကုမ္ပဏီကနေ ညစ်ခံပွဲတစ်ခု ဆက်သွားတာမို့ မေမေက အိမ်ပြန်မရောက်သေး။

''မမလေး ဧည့်သည်ရောက်နေပါတယ်''

''ဘယ်သူလဲ''

''ကိုထိုက်သူစံပါ''

အိမ်အကူ ကောင်မလေး အခန်းတံခါးခေါက်ကာ လာပြော တော့ ဘယ်သူမှမရှိဘူးဟု ပြန်လွှတ်လိုက်ဖို့ ပြောဖို့စဉ်းစားမိသေးသည်။ ဒါပေမဲ့ ဒါဟာ ရှောင်တိမ်းဖို့ ဆင်ခြေပေးတာလို့ ထင်သွားနိုင်ပြီး ကြောက်





…ရင်မဆိုင်ရဲတာလို့လည်း ယူဆသွားနိုင်သည်။

''ဘာကိစ္စလဲ ကိုသူ''

ခေါင်းလျှော်ပြီးစ ဆံပင်တွေကို မွှေးပွသဘက်နှင့် သုတ်ရင်း …က်သူစံ ရှေ့ကဆိုဖာခုံမှာ ဝင်ထိုင်ရင်း မေးလိုက်၏။ ထိုက်သူစံက …တက်စွာ မော့ကြည့်ရင်းမှ

''အန်တီ မရှိဘူးလား''

''ခုနက ကောင်မလေးကို မေးမကြည့်လိုက်ဘူးလား''

''မေးတယ် ပြန်မရောက်သေးဘူး ပြောလို့''

''အဲလို သိသွားပြီဆိုရင်လည်း မေမေကို တွေ့ချင်တာဆို မေ …ရောက်မှ တစ်ခေါက်လာသင့်တယ်၊ ဒါမှမဟုတ် မေမေ့ဆီ ဖုန်းဆက် …ည့်ပြီးမှ လာပါ့လား''

''ဘာလို့ ဒီလောက်တောင် သူစိမ်းဆန်တဲ့ စကားတွေ ပြောနေ …တာလဲ မဟော၊ မင်းနဲ့ငါက''

''သူစိမ်းက သူစိမ်းပါပဲ၊ ဆွေမျိုးတော်ချင်တယ်ဆို လူကို သိမ်း …က်ရုံနဲ့မရဘူး။ စိတ်ဆန္ဒချင်းလည်း ရင်းနှီးနေမှ''

''မဟော မင်း ဘာအားကိုးနဲ့ ကိုယ့်ကို တိုက်ခိုက်နေတာလဲ၊ …ကောင် မင်းမဟံ ကြောင့်''

''ဟုတ်တယ်''

ကိုယ့်စကားမဆုံးခင်မှာ ကြားဖြတ်ထောက်ခံလိုက်တာမို့ ရင်… …အောင့်သက်သက်ဖြင့် ခံရခက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တခြားလူဆိုရတောင် ဖြေသာသေးသည်။ အခုတော့

''မင်းနဲ့ မင်းမဟံ ဘယ်အခြေအနေ ဘယ်အတိုင်းအ
ရင်းနှီးနေကြပြီလဲ''

''လက်ထပ်ဖို့အထိ ရည်ရွယ်ထားကြတဲ့ ချစ်သူတွေ''

''ဘာ ဘာပြောတယ် မြမဟေ''

''ချစ်သူစုံတွဲတွေသာ ထိုင်တတ်တဲ့ ကော်ဖီဆိုင်မျိုးမှာ
ယောက်တွဲ တွေ့တာတောင် ဒီလိုအဖြေမျိုးရမယ်လို့ ကိုသူ ခန့်
ထားဘူးလား၊ ဘာလို့ ဒီလောက်တောင် တုန်လှုပ်သွားတာလဲ''

''မင်း မင်း မြမဟေ''

လက်ညှိုးကြီးထိုးကာ အသားတွေ တဆတ်ဆတ်တုန်ေ
အောင် ဒေါသဖြစ်သွားတာမို့ စိတ်ထဲရှိသလောက် စကားလုံးတို့က
မထွက်။ မြမဟေကတော့ ဘာကိုမှ ဂရုမစိုက်။ ကိုယ့်ကို ပမာ
တိုက်ခိုက်နေတာ။

''မြမဟေ''

''အေးအေးဆေးဆေးထိုင်ပြီးပဲ ပြောစရာရှိတာ ပြောပါ
ထလိုက်ထိုင်လိုက်နဲ့ ကိုသူကိုကြည့်ရတာ မဟေ ခေါင်းတောင်မူးလ

''ကျွတ် မင်းငါ့စိတ်ကို တမင်ဆွနေတာပဲ၊ မင်းတစ်ချိ
ဒီကောင်ကြောင့် ငါ့ကို တိုက်ခိုက်နေခဲ့တာ မဟုတ်လား မြမဟေ

''မဟုတ်ဘူးလို့ ပြောရင် အဲဒါလိမ်တာ၊ ဟုတ်တယ်လို့ ပြေ
လည်း ကိုသူကို အားမနာရာ ရောက်ဦးမယ်၊ အမှန်တကယ်က အ





ရင်းတစ်ယောက်လို ခင်တွယ်နေတဲ့ မဟေကို လက်ထပ်ချင်တယ်လို့ ပြောကတည်းက ကိုသူကို မဟေ မုန်းသွားခဲ့တာ''

''ဘာ''

''ကိုယ်ယုံကြည် လေးစားတဲ့ လူတစ်ယောက်က သစ္စာဖောက်ခံလိုက်ရတယ်လို့ ခံစားရတယ် ကိုသူ၊ မိဘတွေ စိတ်ချမ်းသာအောင် ကလန်ကဆန် ကန့်လန့်လိုက်တိုက်တာမျိုး မဖြစ်အောင်နေခဲ့ပေမယ့် တဖြည်းဖြည်းနဲ့ ကိုသူကို နာကြည်းလာတယ်။ ညီမလေး တစ်ယောက်လို မဆက်ဆံနိုင်တဲ့ ကိုသူ စိတ်ကိုရွံလာတယ်''

''မြမဟေရာ မင်း''

သူမပါးစပ်က ပြောထွက်သမျှ စကားလုံးတိုင်းက ရင်မှာ ခါးသီး အောင့်မျက်စေသည်။ အရိပ်တကြည့်ကြည့် မြတ်နိုးလာခဲ့ရသည့် သူ့ကို ရက်စက်သော တုံ့ပြန်မှုတွေနှင့် တိုက်ခိုက်နေတာ မင်းမဟံနှင့်သာ မပတ်သက်ခဲ့လျှင် ဒီလိုတွေ ဖြစ်လာစရာ အကြောင်းမရှိ။

''မြမဟေ မင်းရဲ့သစ္စာကို ချီးကျူးပါတယ်၊ ဒါပေမဲ့ ငါလည်း ဒီအတိုင်းပြီးသွားမယ့် ကောင်မဟုတ်ဘူး၊ ဒီကိစ္စ အန်တီနဲ့ စကားပြောမယ်''

''သိတယ် မေမေ့ကိုလာတိုင်တယ်ဆိုတာ မဟေကလည်း ဘာမှ ပြင်ဆင်မထားဘဲ တုံ့ပြန်ရလောက်အောင် မမိုက်မဲပါဘူး၊ ကိုသူ ဘယ်လို ပုံစံမျိုးနဲ့ မဟေကို ပိုင်ဆိုင်ရအောင် ကြိုးစားမလဲဆိုတာ စောင့်ကြည့်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ မင်းက ဖေဖေ့မယားငယ်ရဲ့သားကိုမှ တမ်းတမ်း
ငြိတွယ်နေမှတော့ မိဘဆန္ဒလည်း ဆန့်ကျင်ဖို့ ဆုံးဖြတ်ထားပြီးပြီ ဖြစ်မှာ
ပေါ့၊ ဟိုကောင်က ဘာလိုသိမ်းသွင်း ဖြားယောင်းထားလဲမှ မသိတာ"

"သူများကို မပုတ်ခတ်ဘဲ အဆင့်အတန်းရှိရှိပဲ ယှဉ်ပြိုင်ပါ
ကိုသူ"

"ဒီလို မယားငယ်ရဲ့သား အောက်တန်းကျတဲ့ကောင်နဲ့ ပြိုင်
ဘက်ဖြစ်ရတာ တော်တော်လေး ရှက်စရာကောင်းတယ်၊ ပြီးတော့ ဘာမှ
အထင်ကြီး မက်မောစရာမရှိတဲ့ကောင်ကို မင်း လူရာသွင်း ဆက်ဆံ
တာကိုလည်း အံ့ဩမိတယ်၊ မင်းကို ဂုဏ်သိက္ခာ အဆင့်အတန်းရှိတဲ့
သူမျိုးကိုပဲ ရွေးချယ်လိမ့်မယ်လို့ ထင်ထားတာ"

"အဟင်း မဟေက စိတ်ဓာတ်အဆင့်အတန်း မြင့်တဲ့သူကိုပဲ
ရွေးလိုက်တာ"

"ဘာ"

ထိုက်သူစံ ဆတ်ခနဲ ခါသွားပြန်၏။ မြမဟေ ပါးစပ်က
ထွက်သမျှ စကားလုံးတိုင်းက ကိုယ့်ကို စော်ကားတိုက်ခိုက်တာတွေချည်း
ဖြစ်နေသည်။

ဒီလိုအတိုင်းဆိုလျှင် ကိုယ့်စိတ်ကို ထိန်းချုပ်ထားနိုင်တော့မှာ
မဟုတ်။

"ဩော် ပြန်တော့မလို့လား မေမေ ပြန်လာတဲ့အထိ စောင့်သွား
တာ မဟုတ်ဘူး"





သူမ ပြောတာ သေချာနားမထောင်ဘဲ ထိုက်သူစံ ဖွတ်ထွက်
သွားသည်။ သူဘာသာ မခံချိမခံသာ ဘယ်လောက်ပဲ ဒေါသထွက်သွား
သွား သူမ ဂရုမစိုက်နိုင်ပေ။

မင်းမဟံကို ချစ်သောစိတ်နှင့် ရင်ဆိုင်ဖို့ အဆင်သင့်ပြင်ပြီး
သားပါ။

"သမီး"

"ဟင် မေမေ"

မျက်နှာသားတင်းတင်းနှင့် ရုတ်တရက် ရောက်လာသော မေ
မေကြောင့် သူမ တုန်ခနဲ ဖြစ်လို့သွားသည်။ ဘယ်အချိန်တည်းက
မေမေ ပြန်ရောက်နေတာလဲ။

သူမနဲ့ ကိုသူ ပြောနေသမျှကို မေမေ အကုန်ကြားသွားပြီလား။

"ထိုက်သူစံနဲ့ ဘာဖြစ်ကြတာလဲ"

"မေမေ ဟို"

"ဆင်ခြေမပေးနဲ့ ဖေလည်ကြောင်ပတ်လုပ်ဖို့မစဉ်းစားနဲ့ ညည်း
တို့ ဘာတွေပြောနေတယ်ဆိုတာ ငါအားလုံး ကြားပြီးပြီ"

ဒါဆို ဘာလို့မေးနေလဲဟု ဘုတောလိုက်လျှင် မေမေ ဒေါ့ဒေါ့
ခုန်သွားပေလိမ့်မည်။

ရင်ဆိုင်ဖို့ ပြင်ဆင်ပြီးသား ဆိုသော်လည်း မေမေ အရှိန်အဟုန်
ကြောင့် ဒေါသဖြစ် သွေးမဆူအောင် ငြိမ်ငြိမ်သက်သက် နေပေးလိုက်သည်။

မေမေက သူမမျက်နှာကို အနိုးအငွေ့လျှံနေသော မျက်ဝန်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ကြည့်ပြီး

"ဘာလဲ ညည်းက ကိုထိုက်မယားငယ်မသားနဲ့ ချစ်သူ ဖြစ်နေကြတယ် ဟုတ်လား။ ဒါကြောင့်မို့ ထိုက်သူစံနဲ့ လက်ထပ်ဖို့ အ ဆွဲပြီး ငြင်းနေတာလား"

"သူနဲ့ချစ်သူ မဖြစ်ခင်တည်းက ကိုသူကို အိမ်ထောင် လင်ယောကျ်ားအဖြစ် လက်ခံနိုင်ဖို့ အချိန်ယူ စဉ်းစားကြည့်ရဦးမှ မေမေ့ကို ပြောခဲ့ပါတယ်၊ အခုက ကိုသူကို ဘယ်လိုမှ အထင်ကြီး မရတော့တာ မေမေ"

"ဘာလို့လဲ ညည်း အားကိုးရသွားလို့လား၊ ထိုက်သူစံ အဲဒီကောင်က ဘာတွေတော်နေ တတ်နေ အဆင့်အတန်း မြင့်နေလို့

"စိတ်ဓာတ်အဆင့်အတန်း မြင့်တဲ့သူကို ရွေးလိုက်တာ ကိုသူကို မဟေ ပြောလိုက်တာ မေမေကြားတယ် မဟုတ်လား။ အမှန်တရား၊ သူက မယားငယ်ရဲ့သားမို့ အစစအရာရာ ချို့တဲ့ပါတ ဟိုဘက် မိသားစု ဒီဘက်မိသားစုရဲ့ အနှိမ်ခံ အနိုင်ကျင့်ခံ အငြိုး ပြီး ကြီးပြင်းလာခဲ့တာပါ"

"အဲဒါ အိမ်ထောင်ဘက်ထိ ရွေးချယ်သင့်တဲ့ ဂုဏ်ပုဒ် အရည်အချင်းလား"

"သူက နန်းထိုက်ကေရီ ကုမ္ပဏီပိုင်ရှင်ကြီး ဦးသက်မင်းထို ရဲ့သားပါပဲ မေမေ"

"တရားဝင် အမွေဆက်ခံထိုက်တဲ့သူ မဟုတ်ဘူး။ ညည်





တဲ့ မနေပါဘူး"

"မယားကြီးရဲ့သားကိုပဲ အမွေအနှစ်အားလုံး တစ်ဦးတည်း ရမယ့် ဥပဒေ မရှိပါဘူး မေမေ၊ အနိုင်ကျင့်ရလို့ လူမဆန်တဲ့ နဲ့ ခွဲခြားဆက်ဆံနေကြတာပါ၊ နိမ့်ကျတဲ့လူမို့ လောဘမရှိတဲ့ သူ့မို့ ားတဘောင်နဲ့ ရလိုမှုတွေ မတောင်းတာကို သူတို့ပဲ 'တော်တယ် တယ်လို့ ထင်နေတာ ချီးကျူးစရာလား"

ဒေါ်မြမာလာ ဝိုင်ခန့် အတွေးဝင်သွား၏။ ဒါလည်း ဟုတ်တာပဲ။ လက်ထပ် ယူထားတာ အငယ်အနှောင်းပဲဖြစ်ဖြစ် သားသမီးမွေးလာ ထိုက်သင့်သော အမွေအနှစ်တော့ ဦးသက်မင်းထိုက် ပေးရမှာပင်။ ရိတ် နေစရိတ် ထောက်ပံ့နှင့် ဖခင်ဝတ္တရား ကျေပွန်တာမှ မဟုတ်

မိဘဆိုတာ သားသမီးအတွက် ခံစားခွင့် အမွေအနှစ်ဆိုတာ ကိုပေးရမှာ။

"အဲဒါ ထားပါတော့၊ သူတို့မိသားစုကိစ္စကို ညည်းအဲလောက် စိတ်ထဲတွေးနေစရာ မလိုဘူး မဟေ၊ သူတို့ဘာသာ ပေးချင်ပေး ပေးချင်နေ၊ ညည်းက ဒီကောင်လေးအပေါ် ဘာတွေမျှော်လင့်နေ တာလဲ၊ အဲဒါပဲ ငါ သိချင်တယ်"

"ဘာမှမရှိမှန်း သိရဲ့နဲ့ ချစ်ခဲ့မိမှတော့ အချစ်တစ်ခုတည်းကိုပဲ မျှော်လင့်လို့ပေါ့ မေမေ"

"ညည်း ဆုံးဖြတ်ချက်တွေ ပြတ်သားလွန်းနေပါလား မဟေ၊



www.burmeseclassic.com

www.burmeseclassic.com



ငါက သဘောတူ လက်ခံပေးမယ်လို့ ထင်နေလား''

''မထင်ပါဘူး၊ မင်းမဟ်က မေမေသဘောကျ လက်ခံလောက်တဲ့ အရည်အချင်း အစွမ်းတွေမှ မရှိတာ''

''ဒါဆို ရှေ့တိုးမှာလား နောက်ဆုတ်မှာလား၊ ထိုက်သူစံကို လက်မထပ်ချင်တာ တစ်ခုတည်းနဲ့တော့ ညည်း မိုက်မဲမှာ မဟုတ်ပါဘူး''

''ဟုတ်တယ် မေမေလက်ခံပေးတဲ့အထိ ကြိုးစားမှာပါ၊ မင်းမဟ်ဘက်မှာ အားနည်းချက်တွေရှိတယ်၊ ဒါပေမဲ့ သူ ရိုးရိုးသားသား ရုန်းကန်နေပါတယ်၊ ဘယ်သူ့ဆီကမှ ဘာမှ မမျှော်လင့်ဘဲ အသိအမှတ်ပြုမခံရတာကို ဝမ်းနည်းနာကျင်မနေတော့ဘဲ သူ့ဘဝသူ ရင်ဆိုင်နေပါတယ်''

သမီးရဲ့စကားတွေကို နားထောင်ရင်း ဒေါ်မြမာလာ သက်ပြင်းငွေ့ငွေ့ချမိ၏။ သမီးအချစ်စိတ်မွန်ပြီး သွေးရူးသွေးတမ်း ဖြစ်နေသည်ဟု သာ ထင်မိသည်။

ရူးနေတာမဟုတ်လျှင် ဒီလိုမျိုး မိုက်မိုက်မဲမဲ ဆုံးဖြတ်ပါ့မလား။ သမီး မသိအောင် ထိုက်သူစံနှင့် သီးခြားတွေ့ပြီး ဆွေးနွေးတိုင်ပင်ကြည့်တာ ကောင်းမည်။

အခုတော့ မျက်စောင်းထိုးကာ မျက်နှာလွှဲလိုက်ရင်း . . .။

■ ■ ■



## အခန်း (၃၀)

''မင်းမဟ် ခုနက မင်းကို လူတစ်ယောက် လာမေးတယ်ကွ၊ ဘားနဲ့ပဲ သော်တာဝင်း လက်ဖက်ရည်ဆိုင်က စောင့်မယ်လို့ ပြောသွားတယ်''

ပါစင်ဂျာပိုပြီး အပြန်မှာ ဆိုက်ကားဂိတ်မှူးစကားကြောင့် နံပါတ်ပြားအပ်ရင်း ဘယ်သူဖြစ်မလဲ စဉ်းစားနေမိ၏။

မြမဟေ ဆိုလျှင်တော့ မိန်းကလေးတစ်ယောက်ဟု ပြောမှာပါ။ ဘားနှင့်ဆိုတော့ ဖေဖေများလား။

ဖေဖေဆိုလည်း ဒီရပ်ကွက်ထဲက လူတွေ သိသင့်သလောက် သိနေကြ၍ မင်းအဖေကွလို့ ပြောပေလိမ့်မည်။

သူ ဖေဖေဝါ ဟိုတွေးဒီတွေးဖြင့်ပင် ထွက်လာခဲ့သည်။ သော်တာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်း လက်ဖက်ရည်ဆိုင်က ဟိုဘက်နှစ်လမ်းကျော်မှ ဆိုက်ကားလည်း ယူမနေတော့။

"ဟင်"

ဆိုင်ရှေ့မှာ ရပ်ထားသော ထိုက်သူ့စက်ကားနှင့် အရောင်တူမို့ စိတ်ထဲမှာ သံသယတော့ ဝင်သွား၏။ ထိုက်သူစ ဖြစ်နိုင်သည်။ ဒီထိ အောင်လိုက်လာတာ ဘာအကြောင်းကိစ္စကြောင့်လဲ။

မြမဟော မြမဟောနှင့် ပတ်သက်ပြီး...။

"ကိုကြီး"

"ဩော် ထိုင်မနေနဲ့တော့ အပြင်သွားမယ်"

"ကျွန်တော် အချိန်မရဘူး၊ ကိုကြီး ဘယ်သူမှန်း မသိလို့ ကျွန်တော် ထွက်လာတာ၊ ဒီဆိုင်က လူရှင်းတာပဲ ကိုကြီးပြောစရာရှိတာ ပြောပါ"

"မင်းနေ့တွက်ခ ဘယ်လောက်လဲ ငါပေးမယ်"

"ကျွန်တော့်ခွန်အားနဲ့ သွေးချွေးနဲ့ ရင်းလို့ရတဲ့ငွေကိုပဲ ကျွန်တော် မက်မောပါတော့တယ်၊ ဒီနေရာမှာ ပြောလို့မရတဲ့ စကားဆိုရင် ကျွန်တော် ပြန်ပါတော့မယ်"

"တောက် မင်းတော်တော် လူပါးဝစကား ပြောတတ်နေပါလား။ မင်းမဟာ၊ ငါ့အဖေ ထောက်ပံ့မှုနဲ့ လူဖြစ်လာတဲ့ကောင်က ကြီးကျယ်လို့"

"ကိုကြီး စကားပြောဆင်ခြင်ပေးပါ၊ အရင်က ဖေဖေ ထောက်ပံ့မှုနဲ့ ရှင်သန်နေရလို့ ကိုကြီးတို့ အနိုင်ကျင့် စော်ကားတာကို သည်းခံနေ





...ဒါ အခု ကျွန်တော်ဘဝကို ကျွန်တော်ဘာသာ ရုန်းကန် ရပ်တည် ...ပါတယ်"

"အစွမ်းအစရှိနေပြီ ဆိုရင်လည်း ငါ့အဖေ ဝယ်ထားတဲ့ အိမ် ...ကြီက အခု ဆင်းပေးလိုက်လေ"

"မိန်းမတစ်ယောက်ကို ခြေတော်တင်ထားတဲ့ ရပိုင်ခွင့်ပါ ကိုကြီး ... မဆိုင်ပါဘူး"

"ဘာ"

"မကျေနပ်ရင် ဖေဖေကိုလည်း အဲဒီအတိုင်း ပြောလိုက်ပါ၊ ...ဖေ့ သားတစ်ယောက်ဖြစ်ပေမယ့် ကျွန်တော်တခြားဘာကိုမှ မတောင်း ...ပါဘူး၊ လက်မှတ်ထိုး အသိအမှတ်ပြု ယူထားတဲ့ မိန်းမတစ်ယောက် ...တွက် ဒီအိမ်တစ်လုံးကိုတော့ ကြည်ကြည်ဖြူဖြူ စွန့်ကြဲလိုက်ပါလို့ ...ငြင်ခဲ့ရင်တော့ တရားတဘောင်နဲ့ပဲ ဖြေရှင်းကြတာပေါ့"

"ဘာကွ"

စိန်ခေါ်သလို ဖြစ်သွားတာမို့ ကိုကြီးဒေါသဖြစ်သွားတာ မဆန်း ... သူ့အနေနဲ့ဆို ဒီအိမ်ကြီးကို အငြိုငြင်ခံ အပြစ်ပြောခံပြီး ဒီလိုတောင်း ...လို့ မစဉ်းစားမိ။

မေမေက သူ့သားသမီးတွေအတွက် နေစရာ ဘုံပျောက်ပြီး ...ဆင့်ကလျားဖြစ်မှာ စိုးလို့ မအိပ်နိုင် မစားနိုင် စိတ်ဒုက္ခရောက်နေလို့ ...အရှက်မဲ့စွာ ပြောနေမိခြင်းပင်။

ဒါကို မကျေမချမ်း ဖြစ်သွားသော ကိုကြီးက



www.burmeseclassic.com

www.burmeseclassic.com



"ထိုက်သူစံ မင်းကို ဘယ်သူက မြှောက်ပင့်ပေးလို့ ဖေဖေ့ကိုတောင် စိန်ခေါ်ရဲနေတာလဲ၊ မင်းအမေ အဆင့်အတန်းက ကျေးဇူးကို အဲလိုပဲ ကျေးဇူးဆပ်တတ်ကြတာလား"

"ဘယ်သူ့ကိုမှ ပုတ်ခတ်ဝေဖန်တာတွေ မလုပ်ပါနဲ့ ကိုကြီး၊ မယားကြီးလောက် ခံစားပိုင်ခွင့် မရှိပေမယ့် မယားငယ်မှာလည်း လောက်တော့ ရပိုင်ခွင့်ရှိပါတယ်၊ ကျွန်တော် အရိပ်ခိုချင်လို့ အတို အခံလုပ်တောင်းဆိုနေတာ မဟုတ်ဘူးနော်၊ မေမေ့အတွက်ပါ"

"ဟင် အပြောတော့ ကောင်းသား မင်းမဟုံ ထားပါ ငါအခု တာ ဖေဖေနဲ့ပတ်သက်တဲ့ အဲဒီအိမ်ကိစ္စ မဟုတ်ဘူး၊ မြမဟောနဲ့ မပတ်သက်ဖို့ မင်းကို လာသတိပေးတာ"

"သြော် အဲဒီကိစ္စလား၊ အဲဒါက မဟောနဲ့ကျွန်တော် ဆုံးဖြတ်ရမယ့် ကိစ္စပါ"

"ဘာကွ မင်းမဟုံ မင်း"

"ဟုတ်တယ်လေ ကိုကြီးက မြမဟောနဲ့ ဘာဆိုင်လို့ ကျွန်တော့်ကို လာသတိပေးနေတာလဲ"

"သူနဲ့ငါက မိဘချင်း သဘောတူပြီး လက်ထပ်တော့မှာ မြမဟောက ငါ့ရဲ့ဇနီးလောင်း"

"ဒါဆို ကျွန်တော့်ကို လာပြောစရာ အကြောင်းမရှိဘူးထင်တယ်၊ ကိုကြီးရဲ့ဇနီးလောင်း ဖြစ်တဲ့ မြမဟောနဲ့ ဆွေးနွေးရမှာ မဟုတ်ဘူးလား"





"ဘာ"

"ကိုယ်လက်ထပ်ရမယ့် မိန်းကလေးကို ကိုယ့်ဘာသာ စည်းရုံးသိမ်းသွင်းလေ၊ ကျွန်တော့်ဘက်ကတော့ နောက်ဆုတ်နိုင်မှာ မဟုတ်ဘူး"

"တောက် မင်းမဟုံ မင်းကိုမင်း ဘာကောင်ထင်နေလဲ နောက်ဆုတ်မှာလား မဆုတ်ဘူးလား ဒါပဲပြော"

"မြမဟော ကျွန်တော့်ကို ချစ်နေသရွေ့ ကျွန်တော် နောက်ဆုတ်မှာ မဟုတ်ဘူး"

"တောက်"

"ကိုကြီး"

သူ့အကျီ ရင်ဘတ်စကို ဆောင့်ဆွဲ၍ လက်သီးနှင့်ထိုးဖို့ ပြင်ထိုက်သော ထိုက်သူစံလက်ကို သူဖမ်းဆုပ်ကာ ဆောင့်တွန်းလိုက်သည်။ ထိုင်ခုံပေါ် ဖင်ထိုင်ကျသွား ထိုက်သူစံက သူ့အပြုအမူကို အံ့အားသင့်နေဟန်တူ၏။

သူ့တစ်ကိုယ်လုံးလည်း သွေးဆူကြွကာ တဆတ်ဆတ် တုန်လို့ပါ။

"အရင်ကလို ခေါင်းငုံ့သည်းခံနေမယ့် မင်းမဟုံ မဟုတ်တော့ဘူး ကိုကြီး၊ အဲဒီလိုတွေ အနိုင်ကျင့်မခံရအောင် ကိုယ့်ခွန်ကိုယ့်အားနဲ့ ကျွန်တော် ပင်ပင်ပန်းပန်း ရုန်းကန်နေပါတယ်၊ လူကို လူလိုမဆက်ဆံတတ်ရင် အဆင့်အတန်း ရှိတဲ့သူလို့ သတ်မှတ်လို့မရပါဘူး၊ ငွေရှိတိုင်း ဂုဏ်ရှိတိုင်း ပညာတတ်တိုင်း သိက္ခာရှိတဲ့ လူလို့လည်း ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို မထင်ပါနဲ့''

''ခွေးပါးစပ်က နတ်စကားထွက်လို့ ဒီမယ် ဟိတ်ကောင်
မဟောလို မိန်းကလေးနဲ့ မင်းနဲ့မတန်ဘူး။ မင်းဘယ်တော့မှ ရလိမ့်
မထင်နဲ့ သူ့ကိုချစ်လွန်းလို့ အရိပ်တကြည့်ကြည့် နေလာခဲ့တာကွ၊ ဘယ်
နည်းနဲ့ဖြစ်ဖြစ် ပိုင်ဆိုင်ရအောင် ကြိုးစားပြမယ်''

''ကျွန်တော်ကလည်း ကျွန်တော်ချစ်တဲ့ မိန်းကလေးကို စိတ်
ဆင်းရဲရအောင် တာဝန်ယူမှာပါ၊ ကိုကြီးကို လက်ထပ်ရမှာစိုးလို့ သူစိ
ဆင်းရဲမယ်ဆိုရင် ရအောင်ဖျက်မယ် ကိုကြီး''

''တောက်''

ထိုက်သူစံ တက်ခေါက်သံ နောက်မှာကျန်ရစ်ခဲ့သည်။ အရှ
သိမ်ငယ်အားငယ်မှုတွေ ဘယ်ဆီ လွင့်ပျောက်ကုန်ပြီ မသိ။ ဒါ
အချစ်ရဲ့အားအင် စွမ်းပကားတွေကြောင့်လား။

သေချာပါတယ် မြမဟေရဲ့ အချစ်တွေကြောင့် . . . ။

■ ■ ■



## အခန်း (၃၁)

''သား ဘာပြောလိုက်တယ်၊ မေမေ နားမရှင်းဘူး''

''မေမေ မယားငယ်ရဲ့သား။ မင်းမဟာက မြမဟေနဲ့ ချစ်သူတွေ
နေပါတယ်ဆို မေမေရာ၊ နောက်တစ်ခေါက် ထပ်ပြောလည်း ဒါပဲ''

သေချာထပ်ကြားရတာတောင် ဦးသက်မင်းထိုက် မယုံနိုင်သေး။
ဘ်လိုလုပ် မြမဟေနှင့် မင်းမဟာက ချစ်သူတွေ ဖြစ်သွားရတာလဲ။

''သားနဲ့ စိစဉ်ထားတဲ့ကိစ္စကို မြမဟေက ဘယ်လို စည်းဖောက်
သွားတာလဲ၊ မင်းမဟာကရော မြမဟေက သားနဲ့လက်ထပ်မယ့် မိန်း
လေးဆိုတာ မသိဘူးလား''

''သိတယ်၊ ဒီကောင်တမင်လုပ်ချသွားတာ နေမှာ''

''ဒါ မဖြစ်သင့်တာဘဲ၊ ဒီလိုပံစံမျိုးနဲ့တော့ မတုံ့ပြန်သင့်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မြမဟေကို ဘယ်လိုသွေးဆောင် ဖြားယောင်းလိုက်တာလဲ''

''မသိဘူး၊ အခု မြမဟေ သားကို ခါးခါးသီးသီး ဖြစ်နေ

မင်းမဟံကို တမ်းတမ်းစွဲနေတယ်''

''ဘာ''

ဦးသက်မင်းထိုက် တအံ့တသြပင် ဖြစ်သွားရသည်။ မင်းမဟံ

ဘာတွေမက်မောစရာ ရှိလို့လဲ။

တကယ်ဆို ထိုက်သူစံလို လူရာသွင်းခံရသည့် သားတော

မဟုတ်ပါ။

''မြမဟေကရော မင်းမဟံကို ဖေဖေသားလို့ သိထားသလာ

''ဖေဖေမေးခွန်းတွေ အဆုံးမသတ်တော့ဘူး မြမဟေက မ

မဟံ ဘာကောင်ဆိုတာသိတယ်၊ ဘယ်သူ့သားဆိုတာလည်း သိတ

မင်းမဟံကတော့ အခုနောက်ပိုင်းမှ သိတဲ့ပုံပဲ၊ ဒါပေမဲ့ မြမဟေကို

အောင်ယူမှာလို့ စိန်ခေါ်တယ်''

''ကျွတ်''

''ဖေဖေ့ကို ပမာမခန့် ဆက်ဆံနေတာ ဒီကောင် မလွယ်ဘ

အခု ဘယ်လိုလုပ်မှာလဲ ဖေဖေ၊ ဒီကောင်ကို မကျေနပ်ဘူး၊ ဒီကော

ကို အမှုန့်ကြိတ်ပစ်ချင်တယ်''

''နေပါဦး သားရယ်၊ သားငယ်ကို ဖေဖေ ပြောကြည့်ပါမယ်

သားနဲ့မြမဟေ စေ့စပ်ဖို့ လက်ထပ်ဖို့ ဘယ်အပျက်ခံလို့ ဖြစ်မလဲ၊ သာ





မေ ကျန်းမာရေး အခြေအနေ ဆိုးနေပြီ၊ ဆရာဝန်တောင် လက်

မြှောက်အရှုံးပေးသွားပြီ မဟုတ်လား၊ စိတ်ချမ်းသာအောင်ထား စားချင်

ာကျွေး၊ အခုပေးထားတဲ့ ဆေးတွေက နောက်ဆုံးအဆင့်တဲ့၊ ငွေကြေး

အကုန်အကျခံလို့တောင် ကြာကြာမနေရတော့ဘူး သား''

''သားလည်း သိပါတယ်''

''အေး မင်းအမေ နောက်ဆုံးဆန္ဒက သားနဲ့မြမဟေ လက်ထပ်

တာကို မြင်သွားချင်တာပဲ၊ ဖေဖေလည်း အဲလို လုပ်ပေးနိုင်မှ သူ့အပေါ်

ကျွေးရာကျေမယ်လို့ ထင်တယ်၊ ဒါကြောင့်လည်း မြမဟေနဲ့သားကို

သဘောတူပေးဖို့ ဒေါ်မြမာလာတို့ဆီကို သမီးတောင်းခဲ့တာ''

ထိုက်သူစံ မျက်နှာ ကျေနပ်စွာ ပြုံးရောင်သမ်းသွားသည်။

ဖေဖေ့ဘက် ခုံကိုပြောင်းထိုင်ပြီး ဖေဖေ့လက်ကလေးကို ဆုပ်ကိုင်လိုက်

တာ

''သားလည်း မြမဟေနဲ့သာ လွဲရရင် သား အသိုက်အဝန်းမှာ

သိက္ခာကျမှာ အရှက်ကွဲမှာ ဖေဖေ၊ သူ့ကိုချစ်လွန်းလို့ သား အသိုက်

အဝန်းမှာ ဂုဏ်ယူပြီးပြောထားမိတာ များပါတယ်၊ ဒီလို ပြဿနာတွေ

ဖြစ်မယ်မှန်းသိရင် မပြောမိအောင် နေခဲ့ပါတယ် အခုတော့''

''သားရယ်''

ထိုက်သူစံ ငိုရှိုက်သံ ပေါက်သွားတာမို့ ဦးသက်မင်းထိုက် စိတ်

မကောင်းစွာ ထိုက်သူစံ ပခုံးလေးကို ဆုပ်ဖက်ပြီး နှစ်သိမ့်လိုက်သည်။

သက်ထားခွေနှင့် လက်ထပ်ပြီးတည်းက ဒီသားသမီးတွေနဲ့ တရင်းတနှီး



www.burmeseclassic.com

www.burmeseclassic.com



မနေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။

ဖအေကို မေးထူးခေါ်ပြော ဆက်ဆံနေကြပေမယ့် စိတ်နာ… ကြမှန်း ကိုယ်သိသည်။ မင်းမဟံဆိုသော သားတစ်ယောက် မွေးလိုက်မှ… သိတော့ သမီးကြီးက စောစောအိမ်ထောင်ပြု၍ အရင်ဆုံး စွန့်ခွာ… သူတို့အမေ ကျန်းမာရေးကမှ အိမ်ကို တစ်ခါတစ်ရံ အဝင်အထွက်ပြု… ခြင်းပင်။

ဒါတောင် မင်းမဟံ ရောက်လာတုန်းနဲ့ဆုံလျှင် ပိုးဆိုးပက်စက် ပြောဆိုလွှတ်ရမှာ ဝန်မလေးပေ။

"ဖေဖေ့အရှုပ်ထုပ်တွေ အိမ်ကို မလာစေနဲ့ ဖေဖေ၊ မေမေ ကြည်ဖြူခဲ့တယ်ဆိုပေမယ့် သားသမီးယူတဲ့အထိတော့ မေမေ သဘော ထား ကြီးနိုင်မှာမဟုတ်ဘူး။ အခု ကျန်းမာရေးမကောင်းတဲ့အချိန်မှာ ဘယ်လောက်တောင် စိတ်သောကတွေ ဖိစီးနေမလဲ၊ ဖေဖေက မောင်လေး ကို ကုမ္ပဏီလွှဲအပ်ထားပြီး မေမေ့အနားမှာပဲ အချိန်ရှိသရွေ့ ပြုစုစောင့် ရှောက်ပေးပါ၊ ဒါမှ မေမေလည်း စိတ်သက်သာမယ်၊ သမီးတို့ မောင်နှမ လည်း စိတ်ကျေနပ်နိုင်မယ် ဖေဖေ၊ ဖေဖေ ဒီလိုလုပ်မပေးနိုင်ရင် ဖေဖေ ကျူးလွန်ခဲ့တဲ့အပြစ်တွေ တစ်သက်လုံး ကျေမှာမဟုတ်ဘူး"

ထိုစကားတွေအတွက် ကိုယ် ကျေကျေနပ်နပ် ပြန်ပေးဆပ်နေ တာပါပဲ။ ဒါပေမဲ့ တစ်ဖက်က သက်ထားဆွေကို မှားတယ်လို့ စွပ်စွဲပြီး ဥပေက္ခာပြုလို့လည်း တာဝန်ကျေပေးခဲ့သည်။ သား မင်းမဟံကို ဂုဏ် တင့်တယ်အောင် ပညာတတ်ကြီးလည်း ဖြစ်စေချင်၏။





ဒါကြောင့် ဘွဲ့ရတာတောင် သင်တန်းတွေ ဆက်တက်စေသည်။

"သား ဒီသင်တန်းသာပြီးရင် ကုမ္ပဏီတစ်ခုမှာ ရာထူးကြီးကြီး …အောင် ဖေဖေ တာဝန်ယူတယ် သား၊ ဖေဖေ့ကုမ္ပဏီမှာတော့ သား …စ်ကို ထိုက်သူစံ ရှိနေလို့ သားမျက်နှာငယ်ရမယ် အနိုမ်ခံရမယ်၊ ဒါ …ကြောင့် သားက ကြိုးစားနော်၊ လိုအပ်တာကို ဖေဖေကိုပြော၊ ပေးသမျှ …ာ သက်ထားဆွေ သားသမီးတွေ သုံးဖြုန်းပစ်တာမျိုးတော့ မဖြစ်စေနဲ့ …ားရယ်၊ ဖေဖေ့ထောက်ပံ့မှုနဲ့ သူတို့စားနေရတာ သားက အောက်ကျခံ …နေစရာ မလိုဘူး။ မျက်နှာငယ်ငယ် ပေးဆပ်နေစရာ အကြောင်းမရှိဘူး …ကြားလား သား"

သားက ကိုယ် ဘယ်လိုပြောပြော မတုန်မလှုပ်ပါ။ သက်ထား …ဆွေ သားသမီးတွေ အနိုင်ကျင့်တာ၊ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတာတွေ …ခံနေရသည်ဆိုတာ နောက်ပိုင်း တဖြည်းဖြည်း ပိုသိလာခဲ့ရပြီး သက်ထား …ဆွေကို ခေါ်ပြောသည်။

သားကို မြှောက်ပင့်ပေးသည်။ ကိုယ်တိုင်လည်း အိမ်ရောင်းပစ် …ည် ဘာညာ ခြိမ်းခြောက်ခဲ့၏။

ဒါပေမဲ့ အခြေအနေက တိုးတက်မလာ။ ကိုယ့်ကိုတောင် ပမာ …ခန့် မထီလေးစား ဆက်ဆံလာကြတာမို့ ဒီအတိုင်းပဲ ဥပေက္ခာပြုထား …ထိုက်တော့တာ။

အိမ်ထောင်နှစ်ဆက် ပြုခဲ့ခြင်းရဲ့အကျိုးရလာဒ်က စိတ်ပင်ပန်း …စိတ်ဖိစီးမှုတွေ များပြီး ဟိုတက်ဒီဘက် သားသမီးတွေ ဖနီးမယားတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လေးစားယုံကြည်မှုမရှိ၊ ငြိငြင်ရှုံ့ချခံရတာပဲ အဖတ်တင်ခဲ့သည်။

နောင်တအရဆုံးက သာယာမှု ရှာခဲ့မိလို့ ကိုယ့်သားသမီးတွေ ရဲ့ လေးစားကြည်ညိုမခံရသော ဖခင်တစ်ယောက် ဖြစ်ခဲ့ရခြင်းပင်။

''ဖေဖေ''

''ဪ အင်း''

''ဘယ်ကို စိတ်ရောက်သွားတာလဲ၊ သားပြောတာရော ကြားရဲ့ လား''

''အင်း ကြား ကြားပါတယ် သားရဲ့၊ ဒေါ်မြမာလာနဲ့လည်း ဖေဖေ သွားတွေ့မယ်၊ မင်းမဟာကိုလည်း ဖေဖေ ဖျောင်းဖျပါမယ် သား မေမေ နောက်ဆုံးဆန္ဒကို ဖေဖေ ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားမှာပါ သားရဲ့၊ ပြီးတော့ သားလည်း ဂုဏ်သိက္ခာမကျအောင်လို့ပါ''

''ကျေးဇူးတင်ပါတယ် ဖေဖေ၊ ဒီတစ်ခု တာဝန်ကျေပေးနိုင်တယ် ဆိုရင် ဖေဖေ့အပေါ် ဘာကိစ္စအတွက်မှ မလေးမစား မလုပ်တော့ပါဘူး၊ မငြိုငြင်တော့ပါဘူး ဖေဖေ၊ တစ်သက်လုံး ပြန်ပြီး ကျေးဇူးဆပ်ပါ့မယ်''

''အေး အေးပါ သားရယ်၊ ဒီစကားကြားရတာ ဖေဖေ ဝမ်းသာ လှပါပြီ''

''မမကို ဒီအကြောင်းပြောလိုက်ရင် မမလည်း ဖေဖေ့ကို အဲလို ဆက်ဆံမှာပါ''

ဦးသက်မင်းထိုက် ရင်ထဲ လှိုက်ဖိုလာအောင် ကျေနပ်မိသည်။





သားငယ်လေးကို ဖျောင်းဖျလို့ရ၊ ဒေါ်မြမာလာနှင့်တိုင်ပင်ညှိနှိုင်းလို့ရလျှင် သားသမီးတွေရဲ့ ကြည်ညိုလေးစားခံ ဖခင်ကောင်းတစ်ယောက် ပြန် ဖြစ်တော့မည်ပဲ။

ဒီအကြောင်းကို အိပ်ရာထဲ လဲနေသော ကေရီကို ပြောပြလျှင် သည်း ကေရီ ဝမ်းသာပြီး အသေဖြောင့်မှာပါ။

အတွေးနှင့်ပင် စိတ်ကျေနပ်ပြီး ကေရီ အခန်းထဲဝင်လာကာ မှိန်းမောနေသော ကေရီ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

''ကေရီ''

''ကိုထိုက် သားက စကားပြောမယ်ဆိုပြီး ခေါ်သွားတာ ဘာတဲ့ လဲ''

''ဪ မြမဟောနဲ့ လက်ထပ်ဖို့ကိစ္စ တိုင်ပင်တာပါ၊ ကြားထဲ မှာ စေ့စပ်တာတွေ ဘာတွေမလုပ်ဘဲ တစ်ခါတည်း လက်ထပ်ဖို့ မြမာလာ ကို ပြောပေးပါတဲ့လေ၊ မင်းကို စိတ်ချမ်းသာသွားစေချင်လို့ ထင်ပါတယ်''

''အင်း သားရောသမီးရော သူ့အိမ်ထောင်နဲ့သူ အဆင်ပြေ သွားတာကို မြင်ချင်တာပေါ့ ကိုထိုက်ရယ်၊ နာတာရှည်ရောဂါသည့် အမေ ကြောင့် သူတို့ စိတ်ဆင်းရဲခဲ့ရမှာ မဟုတ်လား၊ ကိုထိုက်ကြောင့်လည်း''

''ဟုတ် ဟုတ်ပါတယ်၊ ကိုယ့်ကြောင့် သူတို့ စိတ်ထိခိုက်ခဲ့ရတာ ကို ကိုယ် နားလည်ပါတယ်၊ ဒါကြောင့်လည်း ခုချိန်မှာ ကေရီအပေါ်ရော သူတို့အပေါ်မှာပါ ကိုယ့် တာဝန်ဝတ္တရားကျေအောင် ကြိုးစားနေတာပါ၊ သားကို ကုမ္ပဏီမှာ လွှဲထားပြီး မင်းအနားမှာ ပြုစုစောင့်ရှောက်ပေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းရဲ့သဘောထားကြီးမြတ်မှုတွေကို လေးစားလို့ပါ ကေရီ၊ မင်းသာ သက်ထားဆွေနဲ့ကိုစွ ခွင့်ပြုမပေးခဲ့ဘူးဆိုရင် ကိုယ် စိတ်ထင်ရာတွေ လျှောက်လုပ် အပျော်ရှာမိလို့ ရောဂါတွေရ သိက္ခာတွေကျ ဖြစ်ရမှာပါ''

''ကျွန်မမှ ရှင့်ကို အိမ်ထောင်ရေးသုခ အပြည့်အဝ မပေးနိုင်တာ၊ ရှင့်ကို နားလည်ခွင့်ပြုပေးရမှာပေါ့ ကိုထိုက်ရယ်၊ အခု ရှင် ကျွန်မ အပေါ် မငြိုမငြင် ပြုစုပေးနေတာပဲ၊ ကျွန်မ ကျေးဇူးတင်လှပါပြီ၊ ဒါပေမဲ့ သက်ထားဆွေတို့သားအမိကို ဥပေက္ခာပြုထားသလို ဖြစ်တာလည်း မကောင်းဘူး ကိုထိုက်''

''ဟင်''

အားယူပြောနေသော ဒေါ်ကေရီ စကားအတွက် ဦးသက်မင်းထိုက် အံ့အားသင့်သွားသည်။ ဒေါ်ကေရီက ခုချိန်ထိ သက်ထားဆွေတို့ သားအမိအတွက် တွေးပေးနေတုန်းပါလား။

ထထိုင်ချင်ဟန် ကျောလေးတွန့်လိုက်တာမို့ နောက်မှာ ခေါင်းအုံး နှစ်လုံးဆင့်၍ ဒေါ်ကေရီ မှီလို့ရအောင် ဦးသက်မင်းထိုက် ပွေ့ဖက် ထူပေးလိုက်သည်။

''ရှင် ဒီလို အမှားလုပ်မိလို့ ကျွန်မနဲ့ရတဲ့ သားသမီးတွေက မလေးမစား ဆက်ဆံခံရတာကို နောင်တရတယ်လို့ ရှင် ခဏခဏ ကျွန်မကို ပြောဖူးတယ် မဟုတ်လား''

''ဟုတ်တယ် မိဘတစ်ယောက်အနေနဲ့ သားသမီးတွေရဲ့ မလေးမစား ယုံကြည်ကိုးစားမခံရတာ ဝမ်းနည်းနာကျင်ရဆုံးပဲ၊ မိဘဆိုတာ





သားသမီးတွေရဲ့ လေးစားကြည်ညိုထိုက်တဲ့နေရာမှာပဲ နေသင့်တာ မဟုတ်လား၊ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗစရိယ မိနဲ့ဘတဲ့၊ ကိုယ်က ရှေ့ဆောင်လမ်းပြ မကောင်းလို့ အမှားတစ်ခုကို သားကြီး ကိုယ့်လိုပဲ အလွယ်တကူ ကျူးလွန်ခဲ့ဖူးတယ် မဟုတ်လား''

''ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေလို့ရော ဒါတွေက ပျောက်ပျက်သွားမှာမှမဟုတ်တာ ကိုထိုက်ရယ်၊ ကိုယ်ပြုတဲ့ကံက ကိုယ့်နောက် အရိပ်လိုပါမှာ သိရဲ့နဲ့၊ မျက်စိစုံမှိတ် လူတွေ မိုက်တွင်းနက်နေကြတာပါ၊ နောင်တရပြီဆိုရင် ပြုပြင်လိုက်တာနဲ့ စိတ်သက်သာပါတယ်၊ ဒါပေမဲ့ သက်ထားဆွေတို့ သားအမိနဲ့ပတ်သက်တာကတော့ ပြင်လို့ရတဲ့ အမှား မဟုတ်ဘူး ကိုထိုက်''

ဒေါ်ကေရီ အသက်ကို ဝအောင်ရှူသွင်းပြီး အရိုးပြိုင်းပြိုင်းထနေသော လက်တွေကို ကြည့်ရင်း မျက်ရည်ဝဲနေသည်။ ထိုလက်လေးတွေကို ဦးသက်မင်းထိုက် ဆုပ်ကိုင်အားပေးမိ၏။

''ကျွန်မရဲ့ ရုပ်ပျက်ဆင်းပျက် နောက်ဆုံးအချိန်တွေကို ရှင် အနားမှာ ခုလို ရှိနေပေးတာ ကျွန်မ ကျေးဇူးတင်ပါတယ် ကိုထိုက်''

''အဲလို မပြောပါနဲ့ ကေရီရယ်၊ ကိုယ်တို့တွေက မိဘတွေ သဘောတူရုံတင်မဟုတ်ဘဲ ချစ်လို့ကြိုက်လို့ မခွဲနိုင်လို့ လက်ထပ်ခဲ့ကြတဲ့ ဇနီးမောင်တွေပဲ''

''ဟုတ်ပါတယ် ဒါပေမဲ့ ကျွန်မ ရှင်နဲ့နေရဖို့ အချိန် ဘယ်လောက်မှ မကျန်တော့ဘူး ကိုထိုက်၊ ရှင်လည်းသိလို့ ကျွန်မကို အိုးစကြာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မကြာ ပြုစုစောင့်ရှောက်နေတာ မဟုတ်လား''

''ကိုယ့်အပြစ်တွေကျေဖို့ မင်းကို ကိုယ်လုပ်ပေးနိုင်တာ အ ရှိတယ်လေ''

''သက်ထားဆွေကို လက်ထပ်တာ ရှင် အပြစ်ကျူးလွန်တယ် ကျွန်မ သဘောမထားပါဘူး။ အိမ်ထောင်ရေးသုခ မခံစားရရင် ယောကျ် တွေ ဒီလိုပဲ ဖြစ်တတ်တယ်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ သက်ထ ဆွေလည်း သူ့ယောကျ်ားက အရက်သမားလူဆိုးလူသွမ်း မဟုတ်ခဲ့ အငယ်အနှောင်းဘာဝ အရောက်မခံဘူးဆိုတာ ကျွန်မ မိန်းမသားချင်း ကိုယ်ချင်းစာမိတယ်''

''အဲဒါတော့ အမှန်ပါပဲ၊ သူ့သားသမီးတွေ စားရမဲ့သောက် အရမ်းဒုက္ခရောက်နေလို့ ကိုယ့်ရဲ့ကမ်းလှမ်းမှုကို သူ လက်ခံခဲ့တာ၊ တောင် အချိန်ကြာကြာ သူ စဉ်းစားခဲ့ပါသေးတယ်''

''အဲဒါကြောင့် သက်ထားဆွေဟာ မိန်းမကောင်းတစ်ယောက် ဆိုတာ ရှင်လည်း လက်ခံတယ်မဟုတ်လား။ ကျွန်မ သေသွားရင် သူတို့ သားအမိနှစ်ယောက်နဲ့ ရှင့်ရဲ့လက်ကျန်အချိန်တွေကို အတူတူ ဖြတ်သန် ပါ ကိုထိုက်''

''ကေရီ''

တုန်တက်သွားသည်မှာ ဒေါ်ကေရီ လက်ကလေးကို တွေးဆုပ် ထားသော ကိုယ့်လက်ပင် ဆတ်ခနဲ ခါသွား၏။ ဒေါ်ကေရီက ဝေဒနာ ကြားမှ သဘောထားကြီးစွာ ပြုံးသည်။



''သမီးကြီးက အိမ်ထောင်ကျပြီး သူ့အိမ်ထောင်နဲ့သူ အိမ်ခွဲနေတယ်၊ သား ထိုက်သူစံလည်း မြမဟောနဲ့ လက်ထပ်ပြီးရင် တစ်ဦးတည်းသော သမီးဖြစ်တဲ့ မြမဟောတို့အိမ်မှာ လိုက်နေမှာပဲ၊ ကိုထိုက်သာ ဒီအိမ်ကြီးမှာ အထီးကျန်တစ်ယောက်တည်း ကျန်နေမှာ''

''ကိုယ် ကိုယ် နေတတ်ပါတယ် ကေရီရယ်''

''တဖြည်းဖြည်း အသက်ကြီးလာတာနဲ့အမျှ တစ်ယောက်တည်းနေရတဲ့ အထီးကျန်မှုက စိတ်ဖိစီးမှုများ စိတ်ကျရောဂါဖြစ်ပြီး အသက်တိုတတ်တယ်၊ ရောဂါများတတ်တယ် ကိုထိုက်၊ ပြီးတော့ သက်ထားဆွေတို့သားအမိက ရှင့်ရဲ့နွေးထွေးမှုမရခဲ့တာတွေ ကျွန်မတို့ သားသမီးတွေရဲ့လူလို ဆက်ဆံမခံရတာတွေကြောင့် အများကြီး မျက်နှာငယ် နစ်နာခဲ့ရပါတယ်''

''ကေရီ အခန်းထဲမှာနေပြီး အဲဒါတွေထိ တွေးပူနေခဲ့သလား''

''ရောဂါသည် ဆိုပေမယ့် နားတွေ မျက်စိတွေက ခံစားလို့ရနေပါသေးတယ်၊ ရှင်လည်း ဒီဘက်ကို တာဝန်တွေကျေအောင် ကြိုးစားရင်းနဲ့ ဟိုဘက်ကို တာဝန်တွေ လစ်ဟင်းခဲ့တယ်၊ ဒီဘက်က သားသမီးတွေရဲ့ လေးစားခံရအောင် ပြုပြင်နေထိုင်ရင် ဟိုဘက်က ရှင့်ရဲ့သွေးသားမင်းမဟံရဲ့နာကြည်းမှုတွေကို ခံနိုင်ရည်ရှိပါ့မလား''

''ဟင်''

ကိုယ် မတွေးမိခဲ့တာတွေအထိ ကေရီက အလေးအနက် စဉ်းစားတွေးတော ချိန်နေခဲ့ပါလား။ အာခေါင်တွေ ခြောက်သွေ့လာ ရှိ

www.burmeseclassic.com

www.burmeseclassic.com



သော ဒေါ်ကေရီက ရေနွေးခွက်လေးတင်ထားရာ မျက်လုံးရောက်သွား…
မှ တယုတယ ယူ၍ တိုက်လိုက်သည်။

ဒေါ်ကေရီက ရေအနည်းငယ် သောက်၍ ခဏအမောဖြေ…

"အသက်အရွယ်ဆိုတာ ဒီအတိုင်း ရပ်တန့်နေမှာ မဟုတ်…
အိုမင်းမစွမ်းဖြစ်တဲ့အချိန်မှာ မိသားစုအသိုက်အမြုံဆိုတာ အရမ်းလို…
ပါတယ် ကိုထိုက်၊ အခု ရောဂါဝေဒနာ ခံစားနေရတဲ့ အချိန်မှာ ကျွ…
အနားမှာ ရှင်ရှိနေလို့ ကျွန်မ အားရှိတယ်၊ သေတာတောင် အေ…
ဖြောင့်မယ်လို့ထင်တယ်၊ အဲလိုပဲ ရှင် အိုမင်းမစွမ်းဖြစ်တဲ့အချိန်မှာ သ…
ထားခွေကို အနားမှာ ခေါ်ထားနိုင်မှ ရှင် အသေဖြောင့်မှာ၊ သားသ…
ဆိုတာ အဲလိုအချိန်မျိုးမှာ ဇနီးမယားထက် သွေးဝေးတယ် မဟုတ်လား…

အချိန်ပြည့် အနားမှာ မနေနိုင်ဘဲ ဝတ္တရားကျေရုံ လုပ်ကိုင်…
မြန်းသည့် သားသမီးတွေရဲ့ ပြုစုစောင့်ရှောက်မှုကို ကေရီ နာကျင်စွာ ခံစား…
နေရလေသလား။

သမီးကြီးက တစ်ပတ်မှ တစ်ခါလောက်သာ လာရောက်ပြု…
ပြီး ထိုက်သူစံကလည်း အိမ်မှာနေပြီး ကုမ္ပဏီမှာ ပင်ပန်းလာတာ အ…
ကြောင်းပြ၍ တစ်နေ့တစ်ခါ ပုံမှန်တောင် မအေ အခန်းထဲ ဝင်မတွေ့ခဲ့…

"ကေရီ"

ဒေါ်ကေရီ မျက်ဝန်းအိမ်မှာ မျက်ရည်စတွေမြင်ရတော့ ကမျ…
ကယာပင် သုတ်ပေးမိသည်။ ဒေါ်ကေရီ ယဲ့ယဲ့မျှပြုံး၍

"ဝမ်းနည်းပေမယ့် အားမငယ်ပါဘူး၊ ရှင် ရှိနေတာပဲ…



…သမီး ဆိုတာ မီးချိတ်နဲ့ မီးကတ်လိုပါပဲ၊ အတူရှိနေပေမယ့်
…ကွဲတပြားစီပါ၊ ဗိုက်ထဲမှာနေတုန်းက အသက်နဲ့ရင်း
…ခံလွယ်ပိုးရတယ်၊ မွေးဖွားတော့ လည်း ကိုယ့်အသက်ကိုယ်
…မင်းဆွဲအပ်ပြီး အသက်နဲ့ရင်း မွေးခဲ့ရ တာပဲ၊ ကလေးနို့တာရဲလေးကို
…တိုက် ချိုးသေးသုတ်သင်၊ အအိပ်ပျက် အစားပျက် ဒုက္ခခံ၊
…ည်းဖြည်း အရွယ်လေးရောက် ကြီးပြင်းဖို့ ပိုး မွေးသလို တယုတယ
…ခဲ့ရတာ"

"မင်းစကားတွေ အများကြီး ပြောနေတာ မောနေပြီ ကေရီ"

"သေသွားရင် ပြောချင်တာတွေ ပြောလို့ရမှာ မဟုတ်တော့ဘူး၊
…နိုင်တုန်းလေး ပြောတာပါ"

"အေးပါကွာ ရင်ဖွင့်ရလို့ မင်း စိတ်သက်သာမယ်ဆို ပြောပါ"

ဒီနေ့မှ ဒေါ်ကေရီ စကားတွေ များများပြောလို့ စိုးရိမ်မိပေမယ့်
…ရှိနေတာကိုတော့ မတားမြစ်ချင်ပေ။ သူမ နေရထိုင်ရ သက်တောင့်
…သာ ဖြစ်ဖို့အတွက်သာ အနည်းငယ် နေရာပြောင်း ထူမတ်ပေးလိုက်
…ည်။

ဒေါ်ကေရီက သက်ပြင်းငွေ့ငွေ့ချပြီး

"ကျွန်မတို့လည်း အဲလို ပုံစံမျိုးနဲ့ မိဘတွေဆီက စွန့်ခွာလာ
…ခဲ့တာနော်"

"အတိတ်ကို သတိရနေတာလား"

"သားသမီးတွေကို အပြစ်မယူမိအောင် ကိုယ့်ကိုယ်ကိုယ် ဖြေ



www.burmeseclassic.com

www.burmeseclassic.com



သိမ့်နေတာပါ၊ အရွယ်ရောက်လို့ ပညာရေးတောင် ဆုံးခန်းမတိုင်သေ
လက်ထပ်ပေးဖို့ နားပူနားဆာ လုပ်ခဲ့ကြတယ်၊ မလိုက်လျောရင်
လိုက်မယ် ဘာညာနဲ့တောင် ခြိမ်းခြောက်ခဲ့ကြတယ် မဟုတ်လား၊ လ
ထပ်ပြီးတော့ ကိုယ့်မိသားစုနဲ့ကိုယ် ဖေဖေ မေမေတို့ ကျန်းမာ
မကောင်းတာကို နေ့အိပ်ညနေ မပြုစုနိုင်ခဲ့ကြဘူး၊ ဝတ္တရားအရ
တဖြုတ် ပြုစုတော့လည်း ကိုယ့်သားသမီးတွေအတွက်ပဲ နောက်ဆံတ
နေခဲ့ကြတယ်''

''ဒီလို သံသရာလည်နေတာ လောကနိယာမပဲ ကေရီရ
နောက်ဆုံး လင်နဲ့မယားပဲ၊ ဆေးပေးမီးယူ တစ်ယောက်ကိုတစ်ယော
ပြုစုယုယရင်း အတူနေသွားကြရမှာပဲ''

''ကျွန်မ မသေခင် သက်ထားဆွေနဲ့ တွေ့သွားချင်တယ်''

''ဟင် ဘာ ဘာဖြစ်လို့လဲ ကေရီရယ်''

''ရှင် တစ်ယောက်တည်း ကျန်နေရင် ဘယ်သူက ပြုစုမှာ

''ကိုယ့်အတွက် တွေးမပူပါနဲ့၊ မင်း စိတ်သက်သက်သာသ
နေပါ ကေရီရယ်''

''ဟင့်အင်း ကျွန်မအပေါ် မရှုံမရှာ ပြုစုပေးပြီး လင့်ဝတ္တရ
ကျေတဲ့ ရှင့်အပေါ် ကျွန်မလည်း နောက်ဆုံးအနေနဲ့ လုပ်ပေးသင့်တာ
လုပ်ပေးသွားချင်တယ်၊ ကျွန်မ အသေဖြောင့်အောင် နောက်ဆံမတ
အောင် ကျွန်မ ဆန္ဒလေးကို ဖြည့်ဆည်းပေးပါ၊ သက်ထားဆွေတို့ သ
အမိကို ကျွန်မဆီ ခေါ်လာခဲ့ပေးပါ ကိုထိုက်ရယ်''

''ကေရီရယ်''



ရင်ထဲ ဆို့နင့် မွန်းကျပ်လောက်အောင် ခံစားထိနိုက်ရသည်။
ခွာရဖို့ အချိန်တွေ နီးကပ်နေပြီပဲ မဟုတ်လား။
နက်ဖြန် သို့မဟုတ် ဘယ်နေ့ဆိုတာ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘယ်နေ့လာမယ်ဆိုတာ ကြိုမပြောကြဘူး။ အခု ဆိုက်
အဝ်ထားခဲ့ပြီး ရေမချိုးဘဲ ထွက်လာရတယ်၊ တော်တော်ဆိုးတဲ့ကော
တွေ"

မင်းမဟာ ပွစိပွစိပြောရင်း အိမ်ပေါ်တက်လာသည်။
ပြောင်ကြီးရော သူဇာနှင့် မြမဟေရော မွန်မွန်ရော၊ ကြည်လှဲခင်
အိမ်မှာ အုပ်စုလိုက် ရောက်နေကြသည်။

ကြည်လှဲခင် မောင်လေး ဆိုက်ကားဂိတ် လာခေါ်တော့
လောက် လူစုံလိမ့်မည်ဟု မထင်မိ။ ဆိုက်ကားဂိတ်ကို မလာရဘူး
ထားလို့ မြမဟေ တစ်ယောက်တည်း ကြည်လှဲခင်တို့အိမ်ကနေ
စောင့်နေတယ်ဟု တွေးမိတာ။

"ထိုင် မင်းမဟာ၊ မင်းတို့အကြောင်းကို မြမဟေ ပြောတာ



သုံလို့ မင်းကို ငါကိုယ်တိုင် လာမေးတာ၊ ချစ်သူတွေဖြစ်သွားတာတောင်
ကို တစ်ဝိုင်းကျွေးဖို့ သတိမရပါလား"

"ကဲ ဘာစားကြမလဲကွာ၊ လက်ဖက်ရည်ဆိုင်လား၊ စားသောက်
ဆိုင်လား၊ မင်းတို့ဘာသာရွေး ပြီးရင် ကျသလောက် ကိုယ့်ဘာသာ
ကြ၊ ငါက ဘဝသမား ဖြစ်နေတယ်"

"အမယ်လေး ဘယ်မှမသွားပါဘူး၊ ကိုယ့်ဘာသာလည်း မရှင်း
၊ မြမဟေ စားစရာတွေ ဝယ်လာတာမှ တစ်ပုံကြီး"

"ဟုတ်လား အဲဒါဆို မိုက်ဆာနေတာနဲ့ အတော်ပဲ"

မြမဟေနားမှာ မင်းမဟာ ဝင်ထိုင်လိုက်သည်။ အားလုံးက
င်းမဟာတို့နှစ်ယောက်ကိုကြည့်ပြီး တပြုံးပြုံးနှင့်ပါ။

"မောင် အဆင်ပြေလား၊ အရမ်းကြီး အပင်ပန်းခံရင် ကျန်းမာ
ရေး ထိခိုက်မယ်"

"ရပါတယ် မဟေရဲ့၊ မောင် ကျင့်သားရနေပါပြီ၊ အခု အိမ်
ပြန် ဆေးသောက်စရာတောင် မလိုတော့ဘူး အေးဆေး"

"ဟ အခေါ်အဝေါ်တွေက လန့်ထွက်နေတယ်၊ အူတွေအသည်း
တွေယားပြီး ရည်းစားထားချင်စိတ်တောင် ပေါက်လာပြီ"

"ဟုတ်ပါ့ဟယ် ရင်ထဲတောင် ကျလိကျလိ ဖြစ်နေတယ်၊ ငါတို့
ရှေ့မှာ နည်းနည်းဆင်ခြင်ပါဦးတော့လား"

"ငါတို့ကို ရည်းစားထားပြီး လင်ယူသားမွေးချင်စိတ်ပေါက်
အောင် ဆွဲဆောင်နေတာလား၊ ဘယ်သူမှ မရရင် နင့်ဟာကြီးကို ငါတို့

www.burmeseclassic.com

www.burmeseclassic.com



သုတ်မှာနော် မြမဟေ''

''အမယ်လေး ဒါလေးပဲ ချမ်းသာပါတယ်၊ မလုပ်ကြပါနဲ့ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ရမှာ ဘယ်သူ့လက်ထဲမှ အပ် မခံနိုင်ဘူး''

တစ်ယောက်တစ်ပေါက်နှင့် ကြည်လှဲ့ခင်တို့အိမ်ရှေ့ ကွပ်ပျစ် မှာ ဆူညံပွက်လောရိုက်နေသည်။ လူကြီးတွေ မရှိလို့ တော်ပါသေး၏ ကြည်လှဲ့ခင်မောင်လေးကတော့ မုန့်တွေပေးလိုက်၍ တစ်နေရာမှာ သွား ဆော့နေသည်။

''ဟိုနေ့က ထိုက်သူစံ အိမ်လာသွားသေးတယ် သိလား မောင်''

''ဟင် မဟေ မေမေဆီကိုလား''

''လာတာတော့ မေမေ့ဆီကိုပဲ၊ ဒါပေမဲ့ မေမေက ကုမ္ပဏီက နေ ညည့်ခံပွဲတစ်ခု သွားနေတာနဲ့ မေမေနဲ့ မတွေ့လိုက်ဘူး''

''မဟေကိုရော ဘာတွေပြောသွားသေးလဲ''

''တိုက်ပွဲပေါ့၊ မဟေကတော့ တစ်ခုမှကို ခေါင်းငုံ့မခံဘူး၊ သူ့ကို လက်မထပ်နိုင်ဘူး မုန်းတယ်လို့ အပြတ်ပြောလိုက်တယ်''

''မဟေ မေမေသိရင်တော့ အကြီးအကျယ် ပြဿနာတက်တော့ မှာပဲ''

''အဲဒီနေ့ပဲ မေမေနဲ့ထိပ်တိုက်တွေ့တယ်၊ မေမေ့ကိုလည်း မင်း မဟံနဲ့ ချစ်နေတဲ့အကြောင်း ဝန်ခံလိုက်ပြီ''

''ဟင် ဘာ ဘာပြောလဲ၊ မောင်လိုလူနဲ့ ဘယ်သဘောတူပါ့





လဲ၊ ခါးခါးသီးသီး ကန့်ကွက်မှာပေါ့နော်''

မင်းမဟံ လေသံလေးဖျော့တော့ အားနည်းသွားတာမို့ မြမဟေ တ်ကောင်းဖြစ်မိသည်။ ကျန်သည့်လူတွေလည်း မြမဟေ ဘယ်လို ဖြမလဲ စိတ်ဝင်စားသွားကြ၏။

''မောင်ထင်သလိုပါပဲ၊ ဦးသက်မင်းစိုက်ရဲ့ သားချင်းအတူတူ ာဟချက်တွေ နှိုင်းယှဉ်လို့မရတော့ ဘယ် သဘောတူပါ့မလဲ၊ ဒါပေမဲ့ မေ လက်ခံလာတဲ့အထိ ကြိုးစားမှာလို့ မဟေ စိန်ခေါ်ထားတယ်''

''ဟယ် မဟေ နင် သတ္တိကောင်းလှချည်လား၊ နင့်အမေ ကြီးအကျယ် ပေါက်ကွဲနေရောပေါ့''

''မေမေ ငါ့စိတ်ကို သိပါတယ်၊ ဆုံးဖြတ်ထားပြီးပြီဆိုရင် ဘယ် ူ့ကိုမှ ငုံ့နေမှာမဟုတ်ဘူးဆိုတာ၊ ပြီးတော့ လူကြီးချင်း သဘောတူ ားကြတာဆိုပေမယ့် အစွန်းအထင်း ရှိခဲ့ဖူးတဲ့ ထိုက်သူစံ ပြစ်ချက်ကို တော့ မေမေလည်း သိပ်သဘောကျတာတော့ မဟုတ်ဘူး''

''ဟဲ့ ထိုက်သူစံက တစ်ခုလပ်ကြီးလား၊ မုဆိုးဖိုကြီးလား''

''နှစ်မျိုးထဲက တစ်ခုခုတော့ သေချာတယ်၊ အခုမှ မကောင်း ပြောတာ မဟုတ်ပေမယ့် အဲဒီအချိန်ကလည်း ဟိုတစ်ဖက် မိန်းကလေး ပေါ် ထိုက်သူစံ အရမ်းရက်စက်ခဲ့တာပဲ၊ မူးမူးနဲ့ကျူးလွန်ခဲ့တာကို ာဝန်မယူဘူးလေ၊ မပြည့်စုံတဲ့ မိန်းကလေး ကိုငွေပေးပြီး ဖြေရှင်းတယ်''

''ဟယ် လူယုတ်မာကြီးတော့၊ မဟေ နင် အခုမှ ပြောရလား''

''ဒါနဲ့များဟယ် စေ့စပ်ဖို့အထိ လုပ်ခဲ့ရသေးလား၊ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ကတော့ နင် လူပျိုစစ်စစ်နဲ့မရဘဲ ငွမ်းပြီ မဟော''

ကြည်လဲ့ခင်တို့အဖွဲ့ ဝိုင်းပြောတာကို မင်းမဟံက ရယ်သ

ပြောင်ကြီးက အစားအသောက်ကို ငမ်းနေရာမှ

''မင်း သင်တန်း ပြန်မတက်တော့ဘူးလား မဟံ''

''ဟင် အင်း တက်ဖို့ အခြေအနေမပေးသေးဘူး။ နောက်

အဆင်ပြေနိုင်မှာပါ''

''နမြောစရာကြီးကွာ၊ အချိန်ခဏလောက် သည်းခံလိုက်

မင်း ကုမ္ပဏီတစ်ခုမှာ အလုပ်ကောင်းကောင်း ရနေပြီ''

''တော်ပါကွာ၊ အခွင့်အရေးပေးလာရင် ဘယ်သူ့ဆီကမှ အ

အညီမယူဘဲ မဟောကို ငါ တင့်တောင့်တင့်တယ်ထားနိုင်မှာပါ''

''ဟ အဲလို ရည်ရွယ်ချက်တွေနဲ့လား၊ မဟော အဲဒါသေချာ

ဒီလောက်နဲ့ မရဘူးနော်''

''အဆင်ပြေပါစေလို့ပဲ ဆုတောင်းပေးပါဦး''

''မဟော အဆင်ပြေပါစေလို့ ပြောမှ သတိရတယ်၊ ကျွန်တော့်

ဆီကိုလည်း ကိုကြီး လာသွားသေးတယ်''

''ဟင် ထိုက်သူစံကို ပြောတာလား''

''ဟုတ်တယ်''

''ဘာ ဘာတွေပြောသွားသေးလဲ၊ မောင့်ကို အနိုင်ကျင့်သေး

လား၊ သူ ပြောဆိုသမျှ ခံလိုက်တာပဲလား မောင်''

မြမဟော စိတ်ပူပန်လို့ အလောတကြီး မေးနေပေမယ့် မင်းမဟံ





က သွေးအေးစွာပင်

''မောင် အရင်က မင်းမဟံ မဟုတ်တော့ဘူးဆိုတာ သူ သိ

အောင်ပြောလိုက်ပါတယ်၊ မဟောကို မောင် မစွန့်လွှတ်ဘူးဆိုတာကိုရော

ပေါ့၊ သူ ပေါက်ကွဲသွားတယ်၊ မဟောကို ရအောင်ယူမယ်တဲ့''

''အမယ်လေး သူ့လိုလူမျိုး ယူစရာလား၊ ရှုံလွန်းလို့ ပညာတတ်

လူချမ်းသာ ဂုဏ်ဓနအင်အားရှိတဲ့သူတဲ့၊ စိတ်ဓာတ်က အောက်တန်းကျ

သလားမမေးနဲ့၊ မေမေ့ကို ဘယ်လို စည်းရုံးသိမ်းသွင်းဦးမလဲ မသိဘူး၊

မောင့်ကို ဘယ်လိုတွေ ပြဿနာရှာဦးမလဲ မသိဘူး''

''ရင်ဆိုင်ရုံပဲပေါ့၊ ဘယ်တတ်နိုင်မှာလဲ''

''မောင်ရယ် လူက ပင်ပန်းရတဲ့အထဲ၊ စိတ်ပါပင်ပန်းရတော့

မှာပဲ''

စားလိုက်သောက်လိုက် ပြောလိုက်ဆိုလိုက် စကားကောင်းနေ

ကြခဲမှာ အိမ်ရှေ့က ခေါ်သံလိုလိုကြောင့် အားလုံး နားစွင့်လိုက်ကြသည်။

''မင်းမဟံ ဟိတ်ကောင် မင်းမဟံ''

''ဟင် ကိုမောင်ကြီး ခေါ်နေတာ''

ကျယ်လောင်သော ဗလုံးဗထွေး အသံကြောင့် ကိုမောင်ကြီး

မှန်း အတတ်သိလိုက်သည်။

''ဘာလို့ အိမ်ရှေ့ကနေ အော်ခေါ်နေတာလဲ မသိဘူး၊ ဆိုက်ကား

ဂိတ်က လူတွေပြောလိုက်လို့ ဒီမှာရှိမှန်း သိတာနေမှာ''

''မူးမူးရူးရူးနဲ့ အရက်ဖိုးလာတောင်းတာလားမှ မသိဘူး၊ နင်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံထွက်ပေးချင် ပေးလိုက်ဦး၊ မဟုတ်ရင် အိမ်ရှေ့ကနေ အသံပြန့်အော်လို့ဆုံးမှာ မဟုတ်ဘူး''

''မောင် သွားလိုက်လေ၊ ကြည်လဲ့ခင်တို့ကို အားနာစရာ''

''အင်းပါ မောင် သွားပေးလိုက်မယ်''

မဟောကို ပြောပြီး ကွပ်ပျစ်ပေါ်ကဆင်း၍ ဖိနပ်စီးနေဆဲမှာ ကိုမောင်ကြီး အသံကြောင့် ခြေလှမ်းတို့ တုံ့ရပ်သွားရ၏။

''မင်းမဟံ ဟိုတ်ကောင် အိမ်မှာ မင်းအဖေ ရောက်နေတယ်၊ အခု အမြန်ဆုံး လာတွေ့ပါတဲ့ ငါကတော့ အရက်ဖိုးလုံလုံလောက်လောက် ပေးလိုက်လို့ အရက်ဆိုင်မှာ သွားကွေးလိုက်ဦးမယ်၊ ငါ့တာဝန်ကျေပြီနော်၊ မင်း မြန်မြန်သွားလိုက်တော့''

ကိုမောင်ကြီးအသံ ဆုံးသွားတော့ မြမဟောနဲ့မင်းမဟံ အကြည့်ချင်း ဆုံသွားသည်။

''မောင့်အဖေတဲ့၊ သူ့သားပြောလိုက်လို့ ပြဿနာ လာရှာတာပဲ ဖြစ်ရမယ်၊ မောင် လိုက်မသွားနဲ့''

''ရင်မဆိုင်ဘဲ ရှောင်နေလို့ ဖြစ်တဲ့ကိစ္စမှ မဟုတ်တာ''

''ဒါဆို မဟောလည်းလိုက်မယ်''

''မဟောက ဘာလိုက်လုပ်မှာလဲ၊ မဟောလိုက်မှ ပိုရှုပ်ကုန်လိမ့်မယ်''

''မဟော မောင့်ကို စိုးရိမ်တယ်''

''မဟောကလည်း ဘာစိုးရိမ်စရာရှိလဲ''





''သူ့သားက ဘယ်လိုပြောဆို တိုင်လိုက်မှန်းမသိဘဲနဲ့ ထိုးဟယ်ကြိတ်ဟယ် ဖြစ်တော့ ဘယ်လိုလုပ်မလဲ''

''မောင့်ပြဿနာ မောင် ရှင်းပါ့မယ်၊ မဟောက သူငယ်ချင်းတွေနဲ့ပဲ နေလိုက်တော့နော်၊ ပြောင်ကြီးနဲ့ ကြည်လဲ့ခင်တို့ ငါ့ကို ခွင့်ပြုဦးဟာ၊ နင်တို့နဲ့ တစ်ခါတလေ ဆုံတုန်းလေး အကြာကြီးနေမယ်လို့ စိတ်ကူးထားတာ၊ မဟောကိုလည်း ဂရုစိုက်လိုက်ကြပါဦး''

''အမလေး အရေးထဲမှ နောက်ဆံကတင်းနေသေးတယ်၊ ဒီကလူက ဘာမှမဖြစ်သေးဘူး။ သွားမှာသာသွား''

''မောင် အခြေအနေသိရအောင် မနက်ဖြန် ကော်ဖီဆိုင်က စောင့်မယ်နော်''

''အင်း အင်း မောင်သွားပြီ''

မင်းမဟံ ကသောကမြောနှင့် ပြေးဆင်းသွားလေသည်။ ခုနက ဆူညံသံတွေ ခဏတာ တိတ်ဆိတ်သွားခဲ့ပြီး မြမဟော မျက်နှာပေါ်မှာ မင်းမဟံကို စိုးရိမ်မှုတွေက အထင်းသား။

ဖအေကိုတော့ ပြန်ခုခံချေပလို့လည်းမရ၊ ထိုးဟယ်ကြိတ်ဟယ် ဆိုလည်း ဒီအတိုင်း ငြိမ်ခံနေရမှာ။

''ဟဲ့ မဟော ဘယ်လဲ''

''ငါ မောင့်ကို စိတ်မချလို့ မောင့်အိမ် လိုက်သွားမလို့''

''ဟယ် ပြဿနာတွေ ရှုပ်အောင်ဟယ်၊ သူတို့သားအဖချင်းကိစ္စ နင် ကြားဝင် ဖြေရှင်းလို့ကောင်းမလား''



www.burmeseclassic.com

"အေးလေ ပြီးတော့ ကိုယ်နဲ့စေ့စပ်ဖို့ လုပ်ထားတဲ့ ထိုက်သူစံ အဖေကြီးဖြစ်နေတာ မျက်နှာပူစရာကြီး"

"လာပါ မင်းမဟံ ကြားထဲက အနေခက်နေပါဦးမယ်၊ သားအဖ ဖြစ်လို့ အသေတော့ သတ်မှာမဟုတ်ပါဘူး။ မင်းမဟံ အမေလည်း ရှိနေတာပဲ"

အားလုံးက မြမဟောလက်ကို ဆွဲရုန်းထိုင်ခိုင်းကြသည်။ မြမဟောရင်ထဲ ဘယ်လိုမှ မကောင်းနိုင်ပါ။ မင်းမဟံအပေါ် ဘယ်သူမှ ကြင်နာစာနာပေးကြတာမှ မဟုတ်တာ။

ယုတ်မာသည့်အတွေး ရှိနေသော ထိုက်သူစံက မြှောက်ထိုးမင့်ကော် သွေးထိုးမလွှတ်ဘူးလို့ မပြောနိုင်။ ဖအေအပေါ်မှာလည်း နိုင်ကွက်က ရှိပြီးသား။ နောက်ဆုံးအချိန်ထိ ထိုက်သူစံ မိုက်ရိုင်းနေဦးမည်ဆိုလျှင်တော့ . . ။

■ ■ ■

## အခန်း (၃၃)

"နောက်ဆုံးအခြေအနေရောက်နေတဲ့ လူမမာရဲ့နောက်ဆုံး ဆန္ဒပါ သား။ သူ့သားကို မြမဟောနဲ့ လက်ထပ်တာ မြင်သွားချင်တယ်၊ သူ့သားသမီးတွေ သူ့အိမ်ထောင်နဲ့သူ အဆင်ပြေတာ မြင်သွားမှ နောက်ဆံမတင်းဘဲ ဘဝကူးနိုင်မှာမို့ပါ"

"ကျွန်တော် မြမဟောကို မစွန့်လွှတ်နိုင်ပါဘူး ဖေဖေ၊ ကျွန်တော်ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ်လို့ စိတ်ကူးခဲ့တာ မဟောတစ်ယောက်ပဲ ရှိပါတယ်၊ ကျွန်တော့်ဘဝမှာ ဘာတွေပိုင်ဆိုင်ရဖူးလို့လဲ၊ ဖေဖေကလည်း ဖေဖေ့မိသားစုအပေါ်မှာပဲ တန်ဖိုးထားတာ၊ မေမေကလည်း မေမေ့မိသားစုအပေါ်မှာပဲ တန်ဖိုးထားတာ"

"အဲလိုလည်း မဟုတ်ပါဘူး သားရယ်၊ ဒီကိစ္စတွေ

www.burmeseclassic.com



"နားလည်ပေးခဲ့ရတာ ကြာပါပြီ၊ အရှုံးပေး သည်းခံခဲ့ရတာလည်း ကြာပါပြီ၊ ကျွန်တော့်ဘက်ကို ဘယ်သူ စာနာပေးလဲ၊ ငဲ့ညှာပေးခဲ့ကြလို့လဲ၊ ဒါ ပစ္စည်းဥစ္စာခနတွေ ပိုင်ဆိုင်ခွင့်တောင်းဆိုနေတာ မဟုတ်ပါဘူး၊ မြမဟော က ကျွန်တော့်ချစ်သူပါ၊ ကျွန်တော့်ဘဝအတွက် ကျွန်တော် မြတ်နိုးတန်ဖိုးထားပြီး ရွေးချယ်ထားတဲ့ချစ်သူပါ၊ ဖေဖေတို့ ငွေကြေးဥစ္စာတွေနဲ့ မဆိုင်တဲ့ လူ့မှုရေးကန့်သတ်ချက်ပါ၊ ကျွန်တော် ကိုယ့်ဘာသာဆုံးဖြတ်ပါ့မယ် ဖေဖေ"

"သား"

နှလုံးသားထဲက အက်ကွဲလာသောအသံနှင့် ခေါ်သည်။ မင်းမဟံ ခေါင်းတစ်ချက်ခါရင်း ရှောင်ထွက်ဖို့ ကြိုးစား၏။ ဒေါ်သက်ထားဆွေ မင်းမဟံ လက်ကို အလျင်အမြန် ဆွဲလိုက်ကာ

"ထိုင် ထိုင်ပါဦး သား၊ မေမေ ပြောတာ နားထောင်ပါဦး။ ဒီကိစ္စက ဒီလို ရှောင်ထွက်သွားရုံနဲ့ မပြီးဘူး၊ နောက်ဆုံးအချိန်ရောက်နေတဲ့လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းကောင်းပါတယ် သားရယ်၊ အသက်ရှင်ကျန်နေတဲ့လူတွေက နောက်ထပ် ကိုယ့်ဆန္ဒရှိသလို ဘာမဆို လုပ်ဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်"

"မေမေ"

ကိုယ့်သားအတွက်မဟုတ်တဲ့ သူစိမ်းအတွက် တွေးပေးနေသော မေမေ့ကို သူ နားမလည်နိုင်။ ဖေဖေက သူ ရောက်မလာခင် မေမေ့ကို ဘာတွေပေးကာမ်းပြီး လာဘ်ထိုးလိုက်ပြီလဲ။





နေရာမှာပြန်ထိုင်ရင်း မေမေ့ကို ရူးစိမ်းစွာကြည့်ပစ်လိုက်သည်။

"ဘာ ဘာလို့ အဲလိုကြီး ကြည့်နေတာလဲ သား၊ မေမေက သေခါနီးလူတစ်ယောက်ကို စာနာမိလို့ပါ"

"ကိုယ်နဲ့ သွေးမျိုးသားချင်း မတော်ပါဘူး မေမေ၊ မေမေ မွေးထုတ်ထားတဲ့ သားရဲ့ရင်ထဲကိုပဲ ခဏဝင်ကြည့်စမ်းပါ၊ မိဘတွေရဲ့ ဖအေတူမအေကွဲ မအေတူဖအေကွဲ အစ်ကိုတွေ အစ်မတွေရဲ့ သနားကြင်နာမှု၊ ငဲ့ညှာစာနာမှုမရလို့ ဘယ်လိုတွေ ခံစားနေရလဲ၊ ဘယ်လောက်တောင် နာကျင်နေရလဲဆိုတာ မေမေ နည်းနည်းလောက်ဖြစ်ဖြစ် သားသားရင်ထဲကို"

"သား သားလေး"

မျက်ရည်တွေနှင့် သူ့ကိုတွေးဖက်ဖို့ ကြိုးစားပေမယ့် သူ ဆတ်ခနဲ ခါကာ မေမေ့လက်တွင်းက ရုန်းထွက်လိုက်သည်။

"ဖေဖေ မေမေတို့ဆီက သား ဘာမှမတောင်းဆိုပါဘူး၊ ဘာမှလည်း မျှော်လင့်မထားပါဘူး၊ မြမဟောကို ပိုင်ဆိုင်ခွင့်တစ်ခုပဲ ခွင့်ပြုပေးပါ၊ နားလည်ပေးပါ၊ မြမဟောနဲ့ ကိုကြီး ချစ်သူတွေဖြစ်လို့ လက်ထပ်ဖို့ ရည်ရွယ်ထားကြတယ်ဆိုရင်တော့ ကျွန်တော် ဒီလိုမျိုး ဆုံးဖြတ်ဖြစ်မှာမဟုတ်ပါဘူး၊ အခုက မြမဟောက ကိုကြီးကို ခါးခါးသီးသီး ငြင်းပြီး သူ့အမေကိုတောင် အတိုက်အခံလုပ် ဆန့်ကျင်နေတာပါ၊ ကျွန်တော်လို အနိမ့်ခံ အပယ်ခံ ဘာအဆင့်အတန်းမှ မရှိတဲ့ကောင်ကို စွန့်စားပြီးချစ်နေခဲ့တာပါ၊ အဲလို တန်ဖိုးရှိတဲ့ မိန်းကလေးကို မချစ်မနှစ်သက်တဲ့လူရဲ့လက်ထဲထည့်

www.burmeseclassic.com



လိုက်နိုင်ပါဘူး ဖေဖေ''

''သား လူငယ်အတွေးနဲ့ ဒီလိုမျိုး ဆုံးဖြတ်တာကို ဖေဖေ အပြစ်မပြောပါဘူး။ သား ဒီလောက်ထိ ခံစားနေတာကို မြင်ရတာ စိတ်မကောင်းဘူး။ အခုက ကေရီက သားတို့သားအမိကို အရမ်းတွေ့ချင် နေတာပါ''

''ဗျာ''

''ဟုတ်တယ် သား။ သူ့မှာ အစီအစဉ်တွေရှိတယ်၊ ဖေဖေ့ အတွက် ပြီးတော့ သားတို့သားအမိအတွက်''

မေမေက သူ့လက်ကလေးကို ထွေးဆုပ်လာပြီး ဟုတ်တယ်ဟု ထောက်ခံနေသယောင်။ ဖေဖေက သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး

''အိမ်ထောင်ကျသွားတဲ့ သူ့သမီးအတွက် စိတ်အေးရပေမယ့် ထိုက်သူစံနဲ့ မြမဟောကို လူကြီးချင်း သဘောတူထားပြီးမှ လက်မထပ် သေးတာကို စိတ်ပူနေတယ်၊ တကယ်လို့ လက်ထပ်ဖြစ်သွားပြီး မြမဟော တို့အိမ်ကို ထိုက်သူစံ လိုက်နေရပြီဆိုရင်လည်း အခုနေတဲ့ အိမ်ကြီးမှာ ဖေဖေ တစ်ယောက်တည်း အထီးကျန်ခြောက်သွေ့ပြီး ပြုစုစောင့်ရှောက် မယ့်သူ မရှိ သေသွားမှာကို နောက်ဆံတင်းနေတယ်၊ အဲဒါကြောင့် သူ သေသွားရင် သားတို့ သားအမိကိုခေါ်ပြီး အဲဒီအိမ်ကြီးမှာ အတူတူနေ စေချင်နေတာ သား''

''ဗျာ ဒါဆို''

''သူ့လောက် သဘောထားကြီးမြတ် လေးစားဖို့ကောင်းတဲ့လူ

း မရှိလောက်တော့ပါဘူး သားရယ်၊ သူ့သားသမီးတွေ အဲဒီအိမ်မှာ နေရင် မေမေတို့ သားအမိကို နှိမ်ချဆက်ဆံ အထင်သေးနေမှာစိုးလို့ မသေခင် ခွဲထုတ်ချင်ခဲ့တဲ့ သဘောပဲ၊ သူ့အိမ်ထောင်နဲ့သူ သူ့စီးပွား ဖြစ်သွားကြရင် မေမေတို့ကို စိတ်ပင်ပန်းအောင်လုပ်မှာ မဟုတ်ဘူး တွေးမှာပေါ့ကွယ်''

သူ့ရင်ထဲ ဆို့နင့်လိုက်မောကာ ဘာဖြစ်သွားမှန်း မသိပါ။ သူ သားအမိကို ဒေါ်ကေရီ အဲလောက် အလေးအနက် လူရာသွင်းလိမ့် ည်ဟု မထင်ခဲ့တာကြောင့်ပင်။

ဒေါ်ကေရီတို့ ပိုင်ဆိုင်သော အိမ်ကြီးပေါ် ခေါ်တင်ထားဖို့ စဉ်း ခဲ့တာလည်း သားသမီးတွေနှင့် ဘယ်လောက်တောင် အတိုက်အခံ ယနာတွေ ဖြစ်သွားနိုင်သည့်ကိစ္စကြီးလဲ။

ဒါကြောင့်မို့ ထိုက်သူစံကို မြမဟောနှင့် လက်ထပ်ပေးပြီး ခွဲလွှတ် တ်လွှတ်လိုက်ချင်သည်ဆိုသော စကားက မှန်ပေလိမ့်မည်။ စေတနာ တ္တာကတော့ လေးစားထိုက်ပါသည်။ ဒါပေမဲ့ မြမဟောကို သူ မစွန့် တ်နိုင်ပါ။ သူ့အပေါ် တန်ဖိုးထားပေးသော မြမဟောကို မချစ်မနှစ်သက် သူနှင့် ပေါင်းသင်းဆက်ဆံရမည့် ဆင်းရဲဒုက္ခ မခံစားစေချင်ပါ။

''ဖေဖေ''

''ပြောပါ သား''

''ကျွန်တော် မြမဟောကို မစွန့်လွှတ်နိုင်ပါဘူး။ ဖေဖေတို့ပစ္စည်း တွေကိုလည်း မမက်မောပါဘူး။ ကျွန်တော့်အပေါ် တန်ဖိုးထားပေး



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအပေါ်မှာပဲ တန်ဖိုးထားချင်ပါတယ်''

''စဉ်းစားပါဦး သား၊ အခု ဖေဖေနဲ့ သားတို့ နေနေရ
တစ်ကွဲတစ်ပြားစီပါ၊ ဟိုမှာ အတူနေရမယ်ဆိုရင် တစ်သက်လုံးမိသာ
အသိုက်အမြုံလေးနဲ့ ဘယ်လောက်တောင် စိတ်ချမ်းသာစရာကော
လိုက်မလဲ၊ မိသားစု အသိုက်အမြုံရဲ့ နွေးထွေးမှုမျိုး သား တစ်သက်
မရခဲ့ဖူးဘူး မဟုတ်လား''

''မေမေ့အတွက်လည်း တွေးပါ သားရယ်၊ မေမေ အသက်
နေပါပြီ သားဆိုးသမီးဆိုး လက်တွင်းက လွတ်မြောက်ဖို့ဆိုရင် ဒီတစ်လ
ပဲ ရှိပါတယ်၊ သူတို့မောင်နှမကို ဒီအိမ်ကြီးပေးလိုက်ရင် ဟိုအိမ်
သူတို့ လာပြီး ပြဿနာ ရှာရဲမှာမဟုတ်တော့ဘူး။ မေမေ့မှာ သူ
ကြောင့် တစ်သက်လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ နေလာခဲ့ရတာ
သားအဖေဘက်ကို အားမနာရင်တောင် မေမေ့ဘက်ကို သနားပါ
သားရယ်''

သူ ဘယ်လိုလုပ်ရမလဲ။ မေမေ့မျက်ရည်တွေက သူ့ရင်တွေ
ပူပြင်းလောင်မြိုက်နေစေသည်။

ဖေဖေ့ရဲ့အိုမှိုင်းညှိုးမည်းနေသော မျက်နှာကိုကြည့်ပြီးတော့လည်း
စိတ်မကောင်းပါ။

ဒီတစ်ကြိမ်က ထိုက်သူစံတို့ မောင်နှမအတွက် ဦးစားပေး
ထက် သူတို့သားအမိနှင့် အတူနေနိုင်ဖို့ မိသားစုအတွေးမျိုးလို့ ယူဆ





ရနိုင်သည် မဟုတ်ပါလား။ သူ တကယ် ဆုံးဖြတ်ရခက်နေပါသည်။

မြမဟောကို ဘယ်လို ရှင်းပြရမလဲ။ ဘယ်လိုပြောရမလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

''ပြောလေ မောင်၊ မောင့်အမေနဲ့ ဘာတွေဖြစ်ပြီး ဘာတွေ ပြဿနာတက်ကြသေးလဲ''

''မောင် နောက်ပြီးမှ အေးအေးဆေးဆေး ပြောပါမယ် မဟေ ရယ်၊ ခဏလေးပါ''

မြမဟေ လာစောင့်နေမည်ဆိုတာ သိလို့ ကော်ဖီဆိုင်လေးကို ရောက်အောင် လာခဲ့ရပေမယ့် ထိုင်နေတာ ကြာတာတောင် သူ အမော မပြေသေးပေ။ ပြေးရလွှားရတာ မဟုတ်ပေမယ့် ဘယ်လိုပြောရမလဲဆို တာက ရင်ကို မွန်းကျပ်စိတ်ဖိစီးနေလို့ပါ။

မြမဟေ်က ဒါကိုပင် ပူပန်နေကာ မျက်နှာလေး မသာမယာ ညှိုးနွမ်းနေပြီး

''မောင့်အမေ ပြောရုံဆိုရုံမကဘဲ ထိုးကြိတ်သွားလို့လားဟင်





မောင့်ကိုကြည့်ရတာ မောကျပ်ပြီး အသက်ရှူမဝသလိုကြီးပဲ၊ ရင်ဘတ် တွေ ဘာတွေအထိုးခံရလို့ အောင့်နေတာလား''

''မဟုတ်ပါဘူး မဟေရယ်၊ ဖေဖေ ဘာမှ မလုပ်သွားပါဘူး၊ မောင့်အတွက် မစိုးရိမ်ပါနဲ့၊ မဟေရော အိမ်မှာနေရတာ အဆင်ပြေရဲ့ လား။ မဟေ မေမေက အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာတွေ ပြောသေးလဲ''

''ဒီလိုပါပဲ မေမေနဲ့ သိပ်မျက်နှာချင်းမဆိုင်မိအောင် နေလိုက် တယ်၊ ပြောလာရင်လည်း မဟေက မဟေ ဆုံးဖြတ်ချက်ကို ပြင်မှာ မဟုတ်ဘူး''

''မိဘကို သိပ်လည်း အတိုက်အခံ ကလန်ကဆန်မလုပ်ပါနဲ့ မဟေရယ်၊ မိဘဆိုတာ သားသမီးတွေအတွက် မေတ္တာနဲ့ ကောင်းစား စေချင်လို့ စီမံနေကြတာပါ''

''မောင်''

''ဟင်''

''မောင် ဒီနေ့ စကားပြောနေတာ အားမရှိသလိုပဲ၊ မိဘတွေကို အကောင်းမြင်တတ်နေတာလည်း ထူးဆန်းတယ်၊ မဟေနဲ့မောင်နဲ့က အချစ်အတွက် စွန့်စားဖို့ ရင်ဆိုင်ဖို့ ပြင်ဆင်ထားကြတာလေ၊ မဟေကို အားပေးရမှာ တိုက်တွန်းရမှာ မဟုတ်ဘူးလား''

''မောင် မောင်က''

သူ ဘယ်လိုမှ ပြောမထွက်။ မဟေကို စွန့်လွှတ်ဖို့ သူ့နှလုံး သားက အခုထိ လက်မခံသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း စွန့်လွှတ်ရတော့မှာ သေချာသလောက်ပါပဲ။

''မဟော ကော်ဖီသောက်လေ၊ မောင် ဒီနေ့ အုံနာခတောင် မရသေးဘူး၊ ညဘက်ထိ ဆွဲရတော့မယ် ထင်တယ်''

''မဟောနဲ့တွေ့နေတာ အဲလောက်ကအရေးလား မောင်၊ နေ့တွက်ခ မဟုတ်ဘူး မောင်လိုအပ်ရင် ဒီထက်မကလည်း မဟော ပေးနိုင်ပါတယ်''

''မဟော ပြည့်စုံမှန်း မောင် သိပါတယ်၊ မောင့်အပေါ် ဂရုစိုက်လွန်းတာလည်း မောင် အရမ်းအားနာတယ်၊ ပြောရရင် မောင်လိုလူမျိုးကို မဟော အဲလောက်ထိ တန်ဖိုးမထားစေချင်ဘူး''

''မောင်''

''ဒီအတိုင်း မဟောကို လက်ထပ်လိုက်ရင်ရော မောင် သိမ်ငယ်အားငယ်နေရမလား့လို့ တွေးနေမိတယ်''

''ကျွတ် မောင် ဘာတွေဖြစ်နေတာလဲ၊ ဘာလို့ မနေ့ကနဲ့ ဒီနေ့ အပြောင်းအလဲမှာ ပျော့ညံ့တွေဝေသွားတာလဲ မောင်၊ မောင့်ဖေဖေ ဘာတွေ ဖိအားပေးခဲ့လို့လဲ၊ မောင် မဟောအပေါ် အဲလိုလုပ်လို့ မရဘူးနော်''

''မဟောရယ် မောင်က''

''တော် တော်ပြီ မောင်၊ ဘာမှမပြောနဲ့တော့၊ ဘာမှ နားမထောင်ချင်တော့ဘူး။ မောင့်အဖေ လာသွားတာနဲ့ မောင် မှုမမှန်တော့ဘူးဆိုတာ မဟော နားလည်သွားပြီ၊ ဖိအားတစ်ခုခု မပေးခဲ့ဘဲနဲ့ မောင်





ဒီလို ပြောင်းလဲသွားမှာ မဟုတ်ဘူး''

မြမဟော တော်တော် စိတ်ထိခိုက်သွားသည်။ မင်းမဟာ်ရဲ့ပြောင်းလဲမှုက ဖိအားတစ်ခုခုကြောင့်ဆိုတာ မင်းမဟာ် မပြောလည်း သေချာသည်။

အခု ရင်ထဲမှာ မထွေးနိုင်မအံနိုင် မျိုသိပ်ထားတာ အသိသာဆုံး။

''မဟော ဘယ်လဲ''

မပြောမဆို ထရပ်လိုက်သော မြမဟော လက်လေးကို မင်းမဟာ်က လှမ်းဆွဲရပ်ကာ ဆုပ်ကိုင်လျက် သူပါ ထရပ်လိုက်သည်။ မြမဟောက လက်ကိုရုန်းပြီး

''ပြန်ကြမယ်လေ၊ မောင်နဲ့စကားပြောရတာ အဆင်မပြေဘူး''

''မဟော ဟို မောင် နောက်ရက်တွေ မဟောကို လာတွေ့နိုင်မှာ မဟုတ်ဘူး၊ မောင် ကိစ္စလေးတွေ ရှိနေလို့''

''ဘယ်နှစ်ရက်ကြာမှာလဲ၊ ဘယ်လောက်ထိလဲ''

''ဟို''

''မောင် မလာပါနဲ့၊ မောင့်ကိုတွေ့ချင်ရင် မောင့်ဆီကို မဟော လာခဲ့မယ်၊ မောင် ဘယ်နေရာမှာပဲ ရှိနေနေ''

''မဟော''

''မောင့်ကိုဘာဖြစ်နေလဲ၊ ဘာလို့ ဒီလိုပြောင်းလဲသွားတာလဲ မဟော မမေးတော့ဘူး။ မောင့်အတွက် မဟောက ဘယ်လိုနေရာမှာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



လဲ မသိပေမယ့် မဟောအတွက်တော့ မောင်က တန်ဖိုးရှိတဲ့အချစ်ရေ
သယ်ဆောင်လာတဲ့သူပါ၊ ဒီလောက်ပဲ သိထားရင် ရပါပြီ မောင်"

ညှိုးငယ်ကာ ကယောင်ချောက်ချား ဖြစ်နေသော မောင့်မျက်
ကို သူမ ကြည့်မနေချင်တော့။ သိဝှက်ထားမှုတွေနှင့် မောင် မှန်ကြ
နေတာ သိနေပြီပဲ။

အချစ်က အဲလောက်တောင် စိတ်ပင်ပန်းစေပါသလား။

သနားလိုက်တာ မောင့်ကို‥။

■ ■ ■



## အခန်း (၃၅)

"ဩော် ညွှန်သည်ဆိုလို့ ဘယ်သူများလဲ အောက်မေ့ပါတယ် ကိုထိုက် မမြင်မတွေ့ရတာ ကြာနေပြီနော်၊ မာလာလည်း ခုတလော အလုပ်တွေရှုပ်နေတာနဲ့ ကေရီကိုတောင် လူမမာမေး မလာဖြစ်ဘူး"

ရောက်လာမှ စကားတွေ အဆင်ပြေအောင်ပြောရင်း ညွှန်ခန်းဆိုဖာမှာ ညွှန်ဝတ်ကျေစွာ နေရာပေးရသည်။

"ထိုင်ပါဦး ကိုထိုက်၊ အကြောင်းထူးကိစ္စ ရှိလို့များလား"

"အင်း ဆိုပါတော့ မာလာရယ်၊ သားရေးသမီးရေးကိစ္စက မပြောဖြစ်တာ ကြာပြီ၊ အဲဒါ အခု ကေရီက ကျန်းမာရေးကြောင့် အချိန်ဆွဲလို့ မဖြစ်တော့ဘူးဆိုတာ လာပြောတာ"

"ဟုတ်ကဲ့ အေးအေးဆေးဆေးပေါ့ ကိုထိုက်၊ မာလာကလည်း အဲဒီကိစ္စပဲ ပြောချင်နေတာ၊ ကော်ဖီလေး သုံးဆောင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်အကူ မိန်းကလေးလာချပေးသော ကော်ဖီခွက်ကို ဦးသက်မင်းထိုက်ရှေ့ တွန်းပို့၍ ညွှန်ပြလိုက်သည်။ ဦးသက်မင်းထိုက် အိမ်အထိ ရောက်လာခဲ့တာ အကြောင်းကိစ္စ အရေးကြီးလို့ပဲ ဖြစ်နိုင်သည်။

ဦးသက်မင်းထိုက်က ကော်ဖီခွက်ကို တစ်ငုံခန့်ငုံပြီး ပြန်ချကာ

"ဒီလို မာလာရဲ့ ကေရီက ထိုက်သူစံနဲ့ မြမဟောကို လက်ထပ်ပေးပြီးမှ စိတ်ချလက်ချ မျက်စိမှိတ်နိုင်မယ် ထင်တယ်၊ အခု အခြေအနေကလည်း သိပ်မကောင်းတော့ အမြန်ဆုံးလေး စီစဉ်လိုက်ရရင် မကောင်းဘူးလား မာလာ"

"အင်း အားနာလို့ ဘယ်လိုပြောရမှန်း မသိဖြစ်နေပြီ"

"ပြောပါ ဘာဖြစ်လို့လဲ မာလာ"

"သမီးက ထိုက်သူစံကို လက်မထပ်ချင်ဘူးလို့ ဖွတ်အတင်းငြင်းနေတယ်"

"ဟင်"

"ကိုထိုက်အငယ်နဲ့ မွေးထားတဲ့ မင်းမဟာနဲ့ ချစ်သူတွေဖြစ်နေတာ ကိုထိုက် မသိဘူးလား"

"ဟို သိ သိပါတယ်"

မသိပါဘူးလို့ ပြောထွက်ဖို့ လိပ်ပြာမလုံပေ။ မျက်နှာလိုက်တယ်ဦးစားပေးတာကျွာတယ်လို့ ဒေါ်မြမာလာ တစ်မျိုးထင်သွားနိုင်သော်လည်း ကိုယ့်ဘက်မှာလည်း မလူးသာမလွန့်သာ အခြေအနေ။ ဒေါ်မြမာလာ နှုတ်ခမ်းလေး တစ်ဖက်တွန့်သွားပြီး



"သိတယ်ဆိုရင် မယားကြီးနဲ့ရတဲ့သားအပေါ်ပဲ ကိုထိုက်က အလေးအနက် ဆန္ဒရှိတာ ထင်တယ်၊ အငယ်ကို ကိုထိုက်သားပါလို့ အသိအမှတ် မပြုတာလား"

"အဲဒါက ဒီ ဒီလိုရှိပါတယ်၊ အခု ထိုက်သူစံ အမေ ကေရီ ကျန်းမာရေးကြောင့် ကျွန်တော့်မှာလည်း အခက်အခဲ ဖြစ်နေပါတယ် လာ၊ ကေရီ ကျန်းမာရေးကြောင့်သာမဟုတ်ရင် မင်းမဟာ်အတွက်လည်း တွေးမိမှာပါ၊ ဟို မင်းမဟာ်ကို ကျွန်တော့်သားပါလို့ လူသိရှင်ကြား အသိပေးပြီး မာလာ့သမီးနဲ့ ပေးစားမိမှာပါလို့ ပြောတာပါ အခုက"

"အင်း ကေရီ နားလည်ပြီပဲ ထားပါ၊ ဒါပေမဲ့ သမီးကတော့ ထိုက်သူစံရဲ့ပြစ်ချက်ဟောင်းကို တူးဆွပြီး မာလာကို အကျပ်ကိုင်နေတယ်၊ ဒီလို မှားယွင်းစွန်းထင်းခဲ့ဖူးတဲ့လူနဲ့ လက်မထပ်နိုင်ဘူးတဲ့၊ ပြီးတော့ အားလုံးရဲ့အပစ်ပယ်ခံပြီး သနားစရာကောင်းတဲ့ မင်းမဟာ်ကိုပဲ လက်ထပ်မယ်ပြောတယ်၊ မာလာ သဘောမတူရင် ဆန့်ကျင်မယ်၊ တိုက်ခိုက်မယ်၊ မအေကို စွန့်ပစ်ပြီး မင်းမဟာ်နဲ့ စွန့်စားပြီး ထွက်သွားဖို့လည်း ဝန်လေးဟန်မတူဘူး"

"ဟူး"

ဦးသက်မင်းထိုက် အခက်တွေ့သွားသည်။ ဒေါ်မြမာလာက သမီးဖြစ်ချင်တာကိုပဲ လိုက်လျောဖို့ ဆန္ဒရှိနေတာလား။

ကိုယ်က မင်းမဟာ်ကို အသိအမှတ်မပြုတာ အထင်လွဲနေကျေ

www.burmeseclassic.com

www.burmeseclassic.com



မနပ် ဖြစ်နေတာလား။ ကိုယ့်ကိုပဲ ခနဲ့ချင် ရွဲ့ချင် တိုက်ခိုက်ချင်နေတာ
လား။ တစ်ခုခုတော့ ဒေါ်မြမာလာ စိတ်ကသိကအောက် ဖြစ်နေပေ
သေချာသည်။ အခု ပွင့်လင်းစွာရော မေးလို့ဖြစ်ရဲ့လား။

မျက်နှာပူပူနှင့်ပင်

"မာလာကရော ဘယ်လိုဆန္ဒရှိလဲ၊ ဟို ထိုက်သူစံနဲ့ သဘော
မတူဘဲ မင်းမဟာ်ကို"

"ကိုထိုက်သာ အငယ်အနှောင်းမပေါ်လို့ မင်းမဟာ်ကို မမွေး
ဘူးဆိုရင် မာလာလည်း ဒီလိုပြဿနာတွေနဲ့ စိတ်အနှောင့်အယှက်
မဖြစ်လောက်ဘူး ထင်တယ်၊ အခုက သမီးက မင်းမဟာ်နဲ့ပဲ အရမ်းဆွ
ပြင်းနေတော့ မဟုတ်တရုတ်တွေ လုပ်သွားမှာ စိုးရိမ်နေတယ်၊ မင်းမဟ
ကလည်း ဘယ်လို ဆွဲဆောင်စည်းရုံး သိမ်းသွင်းထားလဲမှ မသိတာ
သမီးကို ချစ်တဲ့စိတ်ကြောင့်ဖြစ်ဖြစ် သူတစ်ခါမှ မပိုင်ဆိုင်ခဲ့ဘူးတဲ့ ပစ္စည်း
ဥစ္စာတွေရှိနေတဲ့ မာလာတို့ဆီကနေ မက်မောမှုတွေရှိလို့ပဲဖြစ်ဖြစ် သမီး
ကို လက်လွှတ်ခံမှာ မဟုတ်ဘူး"

"အဲ အဲဒီကိစ္စတော့ မစိုးရိမ်ပါနဲ့ မာလာ၊ မင်းမဟာ်နဲ့ ဆွေးနွေး
တိုင်ပင်ပြီးပါပြီ"

"ဟင် အဲဒါ ဘာကိုပြောတာလဲ"

ဦးသက်မင်းထိုက် မျက်နှာမကောင်းစွာနှင့်ပင် သက်ပြင်းချပြီး

"မြမဟောကို စွန့်လွှတ်ဖို့လေ၊ သူ အစက သည်းကြီးမည်းကြီး



အကြောက်အကန် ငြင်းပါသေးတယ်၊ ကျွန်တော် စွန့်လွှတ်မှာလည်း
တွေးမပူဘူး၊ ကျွန်တော် လဲလှယ်တဲ့ပစ္စည်းဥစ္စာတွေကိုလည်း မမက်မော
ဘူး။ သူ့ကို တန်ဖိုးထားပေးတဲ့ မြမဟောကိုပဲ တန်ဖိုးထား မြတ်နိုးချင်
တယ်တဲ့"

"သြော်"

"ဒါပေမဲ့ သေခါနီးလူရဲ့ နောက်ဆုံးဆန္ဒတွေကြောင့် သူတော်
တော်လေး ခံစားလိုက်ရတာ"

"ကေရီရဲ့"

"ဟုတ်တယ် ကေရီက အကြီးမလည်း သူ့အိမ်ထောင်နဲ့
အဆင်ပြေနေတယ်၊ ထိုက်သူစံလည်း မြမဟောနဲ့ လက်ထပ်ပြီး အဆင်ပြေ
သွားမယ်ဆိုရင် သူသေတာနဲ့ မင်းမဟာ်တို့ သားအမိကို အဲဒီအိမ်ကြီးမှာ
ငြိမ်းမြကျ မိသားစုသုံးယောက် အတူတူ နေသွားစေချင်တယ်"

"အိုး ကေရီ အဲဒီလို ဆုံးဖြတ်ထားတာ ကေရီက မယားကြီး
ဖြစ်လျက်နဲ့ ယုတ်မာတဲ့စိတ် မနာလို သဝန်တိုပြီး အောက်တန်းကျတဲ့
စိတ်တွေ မရှိပါလား"

ဒေါ်မြမာလာ တအံ့တဩပင် ဖြစ်သွားရသည်။ အရင်လည်း
ဦးသက်မင်းထိုက်ကို အငယ်နှင့် သဘောတူ ကြည်ဖြူလိုက်လျောခဲ့တာ
လည်း ရှိတာမို့ လေးစားမိသလိုပါ။

"အဲဒါတွေကြောင့် ကေရီကို လေးစားတန်ဖိုးထားမိတယ်
မာလာ၊ ကျွန်တော်က ထိုက်သူစံတို့ရဲ့ ငြိုငြင်ခံရမှာစိုးလို့ ဖအေပြီး

www.burmeseclassic.com

www.burmeseclassic.com



မင်းမဟာ အပေါ် ခွဲခြားမှုတွေ ရှိနေပေမယ့် ကေရီက အဲလို မဟုတ်
ကျွန်တော့်ကို တစ်ယောက်တည်း ကျန်ပြီး ပြုစုယုယမယ့်သူမရှိ အထီး
ကျန်ခဲ့မှာ စိုးရိမ်ကြောင့်ကြသလို အပယ်ခံလို ဖြစ်နေတဲ့ မင်းမဟာ
သားအမိအတွက်လည်း သဘောထားကြီးကြီး တွေးပေးခဲ့တယ်"

"မာလာလည်း ကေရီကို လေးစားမိပါတယ် ကိုတိုက်ရ

"အင်း မင်းမဟာလည်း အဲဒါကြောင့်ပဲ စိတ်ပြောင်းသွား
သူတို့ကို ဒီလို အလေးအနက် အသိအမှတ်ပြုမယ် မထင်ဘူး
သားသမီးရင်းတွေကို သူ့အိမ်ထောင်နဲ့သူ အဆင်ပြေအောင် ခွဲထု
သူတို့ကို ကျွန်တော်နဲ့အတူ မိသားစုသဖွယ် အိမ်ကြီးပေါ် ခေါ်တင်
မယ်လို့ ဘယ်ထင်ပါ့မလဲ"

"အဲဒါကြောင့် မင်းမဟာက လက်ခံလိုက်တာလား"

"သာယာပျော်ရွှင်တဲ့ နွေးထွေးတဲ့ မိသားစုဘဝမျိုး သူ
မှ နေခဲ့ဖူးတာမှ မဟုတ်ဘဲ မာလာရယ်၊ သူ့အမေကလည်း သား
သမီးဆိုးတွေ ရန်က လွတ်အောင် ဒီလိုမျိုးနေပါရစေလို့ ငိုယိုပြီး တော
ပန်တယ်၊ မြမဟောကို မချစ်လို့ စွန့်လွှတ်နိုင်လို့တော့ မဟုတ်ဘူး။ အ
ရဲ့တောင်းပန်တိုးလျှိုးမှုတွေကြောင့်"

"သမီးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တယ် ဆိုပါတော့"

ဦးသက်မင်းထိုက် ခေါင်းညိတ်လိုက်တာကို ခန်းဆီးအကွယ်
နေ မြမဟော မြင်ပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။
ဖိအားတွေကြောင့် မနေ့က တွေ့ခဲ့စဉ်က မောင် မရှုနိုင်မကယ်



တနင့်တပိုး ခံစားနေခဲ့ရတာပါလား။

အစအဆုံး ကြားနေရသည့် စကားတွေထဲမှာ မောင် သူမကို
မုန်းလို့ စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့တာမှ မဟုတ်ဘဲ။

ဦးသက်မင်းထိုက်နှင့် မေမေ ဘာတွေဆက်ပြောကြဦးမလဲ သူမ
နားစွင့်လိုက်သည်။

"ဟုတ်တယ် မြမဟောကို စွန့်လွှတ်ဖို့ သူ ခက်ခက်ခဲခဲ ပင်ပင်
ပန်းပန်း ဆုံးဖြတ်လိုက်တာပါ၊ အဲဒါကလည်း မိသားစု အသိုက်အမြုံရဲ့
နွေးထွေးမှု မေတ္တာတွေကို တောင့်တသလို သေခါနီးလူရဲ့ စေတနာဆန္ဒ
ကို ပစ်ပစ်ခါခါ မလွန်ဆန်ရက်တာကြောင့်လည်း ပါပါတယ်၊ သားငယ်
အတွက် ကျွန်တော် တကယ် စိတ်မကောင်းဘူး၊ သူ့ခမြာ မြမဟောလေး
ကို တကယ်ချစ်ရှာတာ၊ မချစ်မနှစ်သက်တဲ့လူကိုယူပြီး မြမဟော စိတ်ဆင်း
ရဲပင်ပန်းမှာကို သူ အဖြစ်မခံနိုင်ဘူး၊ မခံစားနိုင်ဘူးတဲ့၊ သူ့ကို လူတစ်
ယောက်လို တန်ဖိုးထားခဲ့တာဆိုလို့ မြမဟော တစ်ယောက်ပဲ ရှိခဲ့တာတဲ့
လေ"

"အခု မာလာက ဘယ်လိုလုပ်ပေးရမှာလဲ"

"မြမဟောကို ဖျောင်းဖျပေးပါ၊ နားချပေးပါ မာလာ၊ ဒါဟာ
သေတော့မယ့် ကေရီရဲ့ နောက်ဆုံးအဖြစ်ချင်ဆုံးဆန္ဒပဲပါ၊ ကေရီရဲ့မေတ္တာ
ကို ကိုယ်ချင်းစာပေးပါ မာလာရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

"အင်းလေ ကိုထိုက်တို့က မာလာတို့နဲ့ နှစ်အိမ်တစ်အိမ် မိသား
လို နေခဲ့ကြတာဆိုတော့ ကိုထိုက်တို့မိသားစုအရှုပ်အရှင်း ပဋိပက္ခတွေကို

www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်၊ ယေသံယောဇဉ်တွေလည်း ရှိခဲ့ကြတော့ ထိုက်သူစံရဲ့ ကိစ္စကို သမီးကိုရအောင် ဖျောင်းဖျ နားချကြည့်ရတော့မှာပဲ၊ ထိုက်သူစံကို အရင်လို ဝင်ထွက်သွားလာပါလို့ ပြောလိုက်ပါ၊ ဒါမှ သမီးက သူ့ဘက်ကို စိတ်ပြန်ယိုင်လာမှာ''

"ကျေးဇူးတင်ပါတယ် မာလာ၊ ဟို လောတယ်လို့လည်း မထင်ပါနဲ့၊ ဒီကိစ္စ အမြန်ဆုံး စီစဉ်နိုင်အောင် ကြိုးစားပေးပါနော်၊ ကေရှီရောဂါက ရာစ်နေ့တခြား ပိုပိုဆိုးလာလို့ပါ၊ သူ့သားလက်ထပ်ပြီးတာကို စိတ်မချနိုင်သေးလို့ မျက်စိမမှိတ်နိုင်သေးတာ ထင်တယ်၊ ကေရှီကို မြန်မြန် သေစေချင်လို့ မဟုတ်ပါဘူး၊ သူ့ရောဂါဝေဒနာ ခံစားနေရတာကို မကြည့် ရက်လို့ပါ''

ခြည်ခံထားသော ကော်ဖီခွက်ကိုပင် ဦးသက်မင်းထိုက် သောက်မသွားနိုင်ပါ။ ဘယ်လောက်များ မယားနှစ်ယောက်ရဲ့နှစ်ဦးနှစ်ဖက် သားသမီးတွေအတွက် စိတ်ပင်ပန်းထိခိုက်နေရှာလဲ။

ဒါပေမဲ့ ဒါက ဦးသက်မင်းထိုက်ကို ကိုယ်ချင်းစာပေးနေရမည့်ကိစ္စမဟုတ်။

မြမဟော . . ။

သူမအတွက်တော့ မင်းမဟံ တစ်ယောက်အတွက်သာ စဉ်းစားနိုင်မည်။ ထိုက်သူစံကိုမချစ်ဘဲ သူမ ဘာလို့ လက်ထပ်ရမှာလဲ။ သူမကို ချစ်လျက်နှင့် စွန့်လွှတ်ပြီး အသည်းကွဲ ခံစားနေမည့် မင်းမဟံကိုလည်း



ပဟ္ဘာမြို့ မေ့မပစ်နိုင်ပါ။

ဒါဆို သူမ လုပ်စရာကတစ်ခုတည်း . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"မေမေ"

မေမေက တွေ့ချင်သည်ဆို၍ ကုမ္ပဏီစာရင်းတွေ လုပ်နေရ[...] မေမေ အခန်းတွင်း လာခဲ့သည်။ မှိန်းမောနေသော မေမေက ကိုယ့်[...] သံကြားမှ မျက်လုံးဖွင့်ကြည့်၏။

"မေမေ သက်သာလား"

"ဒီလိုပါပဲ ဆေးတွေ ဘယ်လောက်ထိုးထိုး ကောင်းလာ[...] ထက် ဆိုးလာတဲ့ ဝေဒနာတွေပဲ ခံစားနေရတယ်၊ သေမင်းက သေ[...] မစေ့လို့ ညှဉ်းဆဲထားတာထင်တယ်၊ ထိုင်ပါဦး သား"

လူမမာစော်နံလို့ အနားကပ်ထိုင်ရမှာ ရွံ့တွန့်တွန့် ဖြစ်နေသေ[...] သားကို ပြောစရာတွေ ရှိနေတာမို့ အားနာမနေနိုင်ဘဲ ထိုင်ခိုင်းရသည်[...] ခဏတဖြုတ် မဟုတ်ဘဲ စိတ်မရှည် လူပြိုပြင်သည့် နာတာရှည်ရော[...]





သည်မို့ သားတို့လည်း စိတ်ကုန်လောက်ပြီပေါ့။

"မေမေ ဘာပြောစရာရှိလို့လဲ"

ထိုက်သူစံ ခုတင်အစွန်းမှာပဲ ဝင်ထိုင်တော့ ဒေါ်ကေရီ စိတ်မကောင်းစွာ မျက်ရည်ဝဲမိ၏။ ဒါပေမဲ့ မျက်ရည်မကျအောင်တော့ ထိန်းလိုက်သည်။

"သားနဲ့မြမဟေ လက်ထပ်ဖို့ မြမဟေ အမေဆီ သား ဖေဖေ သွားပြောနေတယ်"

"ဗျာ အဲဒါက ဟို"

မင်းမဟံနှင့်မြမဟေက ချစ်သူတွေ။ သားကို လက်ထပ်တော့မှာ မဟုတ်ဘူးလို့ ပြောမထွက်။ ဖေဖေကရော သိသိကြီးနဲ့ ဘယ်လိုပုံစံမျိုးနှင့် သွားပြောတာလဲ။

"သား"

"ဟုတ်ကဲ့ ပြောပါ မေမေ"

"သားနဲ့ မြမဟေ လက်ထပ်ပြီးရင် သားက မြမဟေတို့အိမ် လိုက်နေမှာ မဟုတ်လား၊ အရင်က ပြောထားတာက မာလာက အနား ယူပြီး သူတို့လုပ်ငန်းတွေကို သားကို ဦးစီးလုပ်ကိုင်စေချင်တယ်"

"ဟုတ် ဟုတ်ကဲ့"

"ဒါဆို သားက အဲဒီအိမ်မှာ အဆင်ပြေသွားပြီ၊ မေမေတို့ ကလည်း သားကို ကိုးမိုင်က အိမ်နဲ့ခြံနဲ့ ငွေဆောင်ဖုန်က ဟိုတယ် လုပ်ငန်းတွေကို လက်ဖွဲ့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်က ပြောဖူးထားတာ သား သိပါတယ်"

"အေး အဲဒါကြောင့် သမီးကြီးကိုလည်း ပေးသင့်သလောက် ပေးလိုက်ပြီ၊ သားလည်း အဆင်ပြေသွားပြီဆိုတော့ ဒီအိမ်ကြီးမှာ သား ဖေဖေ တစ်ယောက်တည်း ကျန်တော့မယ်၊ သူ့အတွက်လည်း မေမေ စီစဉ်ထားပါတယ်"

ဘယ်လိုလဲလို့ မမေးရသေးခင်မှာပင် မေမေက သူ့ဘာသာ နေရာပြင်ထိုင်ပြီး

"မင်းမဟံတို့ သားအမိကို ဒီမှာ လာနေခိုင်းမလို့"

"ဟာ မေမေ အဲဒါ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ မဖြစ်ဘူး မေမေ"

"ဒါဆို မေမေ့လို ဝေဒနာဖြစ်တဲ့အခါ မေမေ့လိုပဲ ဝမ်းနည်း အားငယ်မှုတွေ၊ နာကျင်မှုတွေ ခံစားခိုင်းရမှာလား သား"

"ဗျာ"

"သားရော သမီးရော မေမေ့ကို ဘယ်လောက်ထိ နွေးထွေး ပေးကြလဲ၊ ဂရုစိုက်ပြုစုကြလို့လဲ၊ သမီးကလည်း တစ်ပတ်တစ်ခါတော့ ဆေးဝါးလေး၊ မုန့်လေး လာပေးတာ၊ မအေအနားမှာ နာရီဝက်ပြည့်အောင် တောင် နေမသွားဘူး၊ သားကရော ဘာထူးလဲ၊ ကုမ္ပဏီအလုပ်တွေ မနိုင်နင်းတာ အကြောင်းပြပြီး မေမေ သက်သာရဲ့လားလို့ နေ့စဉ်ပုံမှန် ဝင်မေးလို့လား သား"

"ဒါ ဒါက"





"မေမေ အပြစ်မမြင်ပါဘူး၊ ဆင်ခြေစကားတွေလည်း နား မထောင်ချင်ဘူး သား၊ ကိုယ့်အတွက် ဘယ်လိုနေပြီး ဘယ်လိုသေရမလဲ ဆိုတာပဲ ပြင်ဆင်ထားတယ်၊ သားဖေဖေကိုလည်း မေမေ့လို မခံစားရ အောင် စီစဉ်ထားတယ်"

"ဘယ်လိုပဲ လုပ်လုပ်ပါ မင်းမဟံတို့ သားအမိကို အိမ်ပေါ် ခေါ်တင်ထားလို့တော့ လုံးဝမဖြစ်ဘူး မေမေ"

ထိုက်သူစံရဲ့ ခါးခါးသီးသီး ကန့်ကွက်မှုကို ဒေါ်ဂေခရီ မချိတရိ ပြုံး၍ ခေါင်းရမ်းကာ ပယ်ချလိုက်သည်။

"မင်းဆန္ဒကို မလိုက်လျောနိုင်လို့ သေခါနီးအမေကို အပြစ်မြင် မယ်ဆိုလည်း မတတ်နိုင်ဘူး သား၊ မင်းတို့ ဒီအသက်အရွယ် ရောက်တဲ့ အထိ မင်းတို့အတွက်ချည်း တွေးပေးလာခဲ့တဲ့ မိဘတွေကို မင်းတို့ ဘာတွေ အကျိုးပြု ဂရုတစိုက် အထောက်အပံ့လုပ်ခဲ့လို့လဲ၊ မိဘဆိုတာ သားသမီးဆီက ဘာမှ မမျှော်လင့်ကောင်းပေမယ့် ကိုယ်ကပေးတဲ့ မေတ္တာ ကို ပြန်ပြီးတုံ့ပြန်ခံချင်ကြတာပဲ"

ထိုက်သူစံ ငြိမ်သက် တိတ်ဆိတ်သွားသည်။ မေမေ့ရင်ထဲ ထိုသို့ ခံစားမှုများရှိနေတာ တကယ် သတိမထားမိပါ။

ကိုယ်ဖိရင်ဖိ မပြုစုမိခဲ့ခြင်းက ကိုယ်တွေရဲ့အပြစ်တွေ ဖြစ်နေခဲ့ သည် မဟုတ်ပါလား။ အမွေပြတ် မစွန့်လွှတ်တာဘဲ ကံကောင်းသည်ဟု တွေးရမလား။

မေမေက ကိုယ့်အရိပ်အကဲကို ကြည့်နေကာ



www.burmeseclassic.com

www.burmeseclassic.com



"မေမေ စီစဉ်ထားတာကို သား ဘယ်လိုသဘောရလဲ"

"မေမေ လုပ်ချင်တာ လုပ်လိုက်ရလို့ ကျေနပ်မယ်ဆို သဘော ပါပဲ၊ ဒါပေမဲ့ မင်းမဟုတ်တို့ သားအမိကို ဒီအိမ်မှာ ခဏတဖြုတ်ဝင်ထ ထွက်တာတောင် မကြိုက်ခဲ့ဘဲနဲ့ အတူလာနေမယ်ဆိုတာကြီးက"

"ဒါက မြမဟေနဲ့ လက်ထပ်ပြီး သားက ဟိုမှာ သွားနေရ သားနဲ့ အမြဲ မြင်တွေ့နေရမှာမို့လား၊ ဦးသက်မင်းထိုက် နောက်ထ မယားတစ်ယောက် ယူထားတယ်ဆိုတာ လူတိုင်းသိပါတယ်၊ တစ်အိ တည်း အတူနေတာလည်း ထူးဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး၊ မယ ကြီးသေလို့ မယားငယ် အိမ်ပေါ်ရောက်လာတယ်၊ ဒီလောက်ပဲ ဝေဖန်ချ ဝေဖန်ကြမှာပေါ့"

"မြမဟေနဲ့ကိစ္စ ဖေဖေ အဆင်ပြေအောင် ပြောလာနိုင်ပါ့ လား"

စိုးရိမ်စိတ်နှင့် မတင်မကျ မေးမိတော့ မေမေက ကိုယ့်မျက်န ကို လှမ်းကြည့်ကာ ခေါင်းညိတ်၏။

"အစတည်းက နှစ်ဖက်မိဘ သဘောတူပြီးသားပဲ၊ အဆင်ပြေ ရမှာပေါ့၊ ဘာလဲ ဒီကြားထဲမှာ သားနဲ့မြမဟေ ပြဿနာ ဖြစ်ထားကြ လို့လား"

"မ မဖြစ်ပါဘူး မေမေ"

"ဒါဆို သားက ဘာကို စိုးရိမ်နေတာလဲ၊ သားအဖေက သား အတွက် အဆင်ပြေအောင် စီစဉ်လာခဲ့မှာပါ၊ ဒီကိစ္စကို သမီးကြီးကိုလည်း







ပြောပြပြီးပြီ၊ အားလုံး သူ့ဟာနဲ့သူ အဆင်ပြေသွားပြီဆိုရင် မေမေ သေပျော်ပါပြီ"

စိတ်လျှော့ချလိုက်တော့ ဒေါ်ကေရီ လေသံပါ ပျော့ကျအားနည်း သွား၏။ ထိုက်သူစံက အလိုက်တသိ ထွေးပွေ့ပြုစုခြင်း မရှိပါ။ ဒါကြောင့် လည်း ဒီလို ဆုံးဖြတ်လိုက်တာ မမှားဘူးဟု ဒေါ်ကေရီ ကိုယ့်ကိုယ်ကိုယ် အားတင်းနေရသည်။

ဒီလိုအချိန်မျိုးမှာ နှစ်သိမ့်ပေးမယ့်သူတစ်ယောက်တော့ အနား မှာ ရှိစေချင်လှသည်။ ဘယ်သူရှိနိုင်မလဲ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ဒေါ်ကေရီ ခေါ်နိုင်းလိုက်သည့်ဆိုလို့သာ သားအမိနှစ်ယော
မဖြစ်မနေ လိုက်လာခဲ့ရတာ။ အိမ်ထဲဝင်ဖို့ နှစ်ယောက်လုံး ချီတုံချတုံ
တကယ်ဆို ထိုက်သူစံတို့ ငြိုငြင်ခံရမှာစိုးလို့ ဒီအိမ်ကြီးထဲ
ခြေလည်းမချချင် ဝင်လည်း မဝင်ချင်ပါ။ ဒါပေမဲ့..။

"ကေရီက သားသမီးရင်းတွေရဲ့ ဂရုစိုက်မှုမခံရလို့ တော်တော်
လေးကို ဝမ်းနည်းနေတာ၊ ဆွေမျိုးရင်းချာဆိုတာလည်း အနီးအနားမှာ
မရှိဘူးလေ၊ ဒီလို နေထိုင်မကောင်းတဲ့အချိန်မှာ သူ့ကို အားပေးနှစ်သိမ့်
ပေးနိုင်မယ့်သူကို အရမ်းကို တောင့်တနေတာ၊ ပြီးတော့ မင်းတို့သားအမိ
ကို သူ အရမ်းကိုတွေ့ချင်နေတယ်၊ သူ့စေတနာ မေတ္တာကို အသိအမှတ်
ပြုတာပဲဖြစ်ဖြစ် ကိုယ့်မျက်နှာကို ထောက်ထားလို့ပဲဖြစ်ဖြစ် လာတွေ့ပေး



ကြပါကွာ၊ ငါ့ အနူးအညွတ် တောင်းပန်ပါတယ်၊ ထိုက်သူစံတို့လည်း
ရှိမနေပါဘူး၊ လာဖြစ်အောင် လာခဲ့ကြပါ"

ဖေဖေ့စကားကြောင့် သားအမိနှစ်ယောက် သွားသင့်မသွားသင့်
အချိန်တော်တော်ကြာအောင် ချေင်းချင်းဆိုင်ခဲ့ရသည်။ လူမမာကို နှစ်သိမ့်
အားပေး ပြုစုရမှာ မခဲယဉ်းပေမယ့် အခွင့်အရေးတို့ကို မျှော်ကိုးမက်မော
လို့ လာလုပ်ပေးတယ် ထင်မှာစိုးလို့ပါ။

"ဟာ သက်ထားနဲ့သား လာကြလေ၊ မနက်တည်းက ကိုယ်
မျှော်နေတာ၊ ကေရီကို ပြောထားလို့ ကေရီကလည်း မျှော်နေတာပဲ"

"ဟုတ်ကဲ့ နည်းနည်းနောက်ကျသွားတယ်"

သားအမိနှစ်ယောက် ဖေဖေ့နောက်က လိုက်ဝင်ခဲ့ရသည်။ ဒေါ်
ကေရီအခန်းထဲ အရောက်မှာတော့ ခုတင်ပေါ်မှာ မှိန်းမောနေသော
ဒေါ်ကေရီက သူတို့ကို မြင်သွားသည်။ ရောဂါဝေဒနာတွေနှင့် ပိန်ကပ်
နေသော ဒေါ်ကေရီကို မြင်လိုက်ရတာ ရင်ထဲ ဆို့တက်သွားမတတ်ပင်။

"သက်ထား"

"မကေရီ"

ခုတင်နားကို တိုးရပ်ရင်း ဒေါ်ကေရီလက်ကလေးကို ဒေါ်သက်
ထားဆွေ ဆွဲဆုပ်လိုက်၏။ စိတ်ထိန်းနေသည့် ကြားမှ ဒေါ်သက်ထား
ဆွေ မျက်ရည်ကျမိသည်။

အမြဲလို မဟုတ်ပေမယ့် ဆုံဖြစ်ကြသည့်အခါတိုင်း မယားပြိုင်
လို့ သဘောမထားဘဲ ရင်းနှီးခဲ့ကြဖူးသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"သားလည်းပါလာတာလား"

"ဟုတ်ကဲ့ အန်တီ၊ အန်တီ နေသာရဲ့လား"

"ဒီလိုပါပဲ သားရယ်၊ သေမယ့်ရက်ကို စောင့်နေတာ တဖြည်းဖြည်း နီးလာပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သိပါတယ်"

"အဲဒီလို မတွေးပါနဲ့ အန်တီ နေရတဲ့အချိန်လေးကို တရားအလုပ် ပိုလုပ်လို့ ရတယ်လို့ အောက်မေ့ပြီး တရားခွေတွေ ဘာတွေနာပေါ့ အန်တီရယ်၊ ကျွန်တော် တရားခွေတွေ ဝယ်လာတယ်"

မင်းမဟာ် စကားကြောင့် ရင်ထဲ လှိုက်ခနဲ နွေးထွေးအေးမြသွား၏။ ကိုယ်တိုင်လည်း မစဉ်းစားမိ။ သားသမီးတွေလည်း တွေးမပေးခဲ့သော သိတတ်တရား။

"ဟုတ်သားပဲ ကိုယ်တောင် ကေရီကို အဲလိုလုပ်ပေးဖို့ မေ့နေတယ်၊ တရားနာရင် ရောဂါဝေဒနာကို ရှုမှတ်ရင်း သက်သာအောင် လုပ်လို့ရတာပေါ့"

အခုမှ ဦးသက်မင်းထိုက်လည်း သတိရသည်။ ဒေါ်ကေရီက မင်းမဟာ် လက်ကလေးကို လှမ်းဆုပ်ကိုင်ပြီး

"ကျေးဇူးတင်ပါတယ် သားရယ်၊ ခဏနေရင် အန်တီကို ဖွင့်ပြနော်၊ ဘယ်လို စည်းစိမ်တွေပေါ်များများ အန်တီ ယူသွားနိုင်တာ၊ အဲဒီ ကုသိုလ်တရားတစ်ခုတည်းပဲရှိမှာ၊ သြော် ကိုထိုက် သူတို့ကို စားစရာ တစ်ခုခု လုပ်နိုင်းပါဦး"

"နေပါစေ မကေရီ၊ သက်ထားတို့ စားသောက်ပြီးမှ ထွက်လာ



တာပါ၊ မနက်တည်းက လာမလို့ဥစ္စာ၊ သားက အခုနာကြေးရအောင် ဆိုက်ကားထွက်နင်းပြီးမှ လာရလို့ နောက်ကျသွားတယ်"

"ဟင် မင်းမဟာ်က ဆိုက်ကားနင်းနေတယ်၊ ဘာဖြစ်လို့လဲ"

"သား ထိုက်သူစံတို့ရဲ့ ပြုငြင်မှုကို မခံစားနိုင်တော့လို့တဲ့ ကေရီရယ် ကိုယ်ကလည်း ကေရီကတစ်ဖက်၊ သားကြီးတို့ကို ရင်ဆိုင်ရတာ တစ်ဖက်နဲ့ဆိုတော့ သူတို့အတွက်လည်း ကောင်းကောင်းစဉ်းစားမပေးနိုင်ခဲ့ဘူး"

"ကိုထိုက်ရယ် ရှင် ဖအေတစ်ယောက်ဖြစ်ပြီး ကလေးအပေါ် အဲဒေ…ကိ်တောင် ဥပေက္ခာပြုနိုင်ခဲ့ရလား၊ ဘယ်သူတွေ ဘာဖြစ်နေနေ ကိုယ့်အတွက် ဘယ်လောက် အခက်အခဲရှိရှိ သားသမီးအတွက်တော့ ဦးစားပေး စဉ်းစားရမှာပေါ့"

ဒေါ်ကေရီ တော်တော်လေး စိတ်ထိခိုက်သွားသည်။ မိမိနှင့်မွေးသည့် သားသမီးတွေက ငွေကြေးပစ္စည်းဥစ္စာ အပြည့် စည်းစိမ်ခံစားပြီး ဒီကလေးက အောက်ခြေဆိုက်ကားနင်းသည့် အလုပ်နှင့် အသက်မွေးဝမ်းကျောင်း ပြုရတာ တရားပါရဲ့လား။

"သက်ထား"

"ရှင်"

"တို့သေရင် ဒီအိမ်မှာ လာနေဖို့ ကိုထိုက် ပြောထားတယ် မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ ပြောထားပါတယ် ဒါပေမဲ့"

www.burmeseclassic.com



“ဒါပေမဲ့နဲ့ မယားငယ်ပဲဆိုပြီး မင်းသိမ်ငယ်စရာမလိုဘူး။ လက်မှတ်ထိုး လက်ထပ်ထားတယ်ဆိုရင် သူ့မှာ တာဝန်အပြည့်အဝ ရှိတယ်၊ သူနဲ့မွေးထားတဲ့ မင်းမဟာလည်း တောင်းဆိုပိုင်ခွင့် ခံစားပိုင်ခွင့်တွေ ရှိတယ် နားလည်လား၊ မင်းကို အရင်တည်းက ရိုးသားလို့ အ,လို့ တို့ သဘောတူခဲ့တာ၊ နားလည်ပေးခဲ့တာ”

“ကျေးဇူးတင်ပါတယ် မကေရီရယ်၊ အဲဒီကျေးဇူးတွေအတွက် တင်မဟုတ်ဘဲ အစ်မတစ်ယောက်လို သဘောထားပြီး ကျွန်မ ပြု လုပ်ကိုင်ပေးပါရစေ”

“အဲလို လုပ်ပေးမယ်ဆိုရင်တော့ တို့ကပြန်ပြီး ကျေးဇူးတင်ပါရ စေ သက်ထားရယ်၊ အခုချိန်မှာ ဆွေမျိုးရင်းချာ ညီအစ်မတွေထဲက တို့လက်ကလေးကို ဆုပ်ကိုင်ပြီး အားပေးနှစ်သိမ့်စကားတွေ ပြောပေး မယ့်သူကို တို့ အရမ်းတောင့်တမိနေတာပါ”

“မကေရီရယ်”

လက်ချင်းဆုပ်၍ နှစ်ယောက်လုံး မျက်ရည်ဝဲနေသည်၊ ဦးသက် မင်းထိုက်လည်း စိတ်မကောင်းပေ။ မင်းမဟာကလည်း ဒေါ်ကေရီ ခြေရင်း မှာ ဝင်ထိုင်လျက် ခြေထောက်လေးတွေကို ဆုပ်နယ်နှိပ်ပေးနေရင်း

“ကျွန်တော့်ကိုလည်း သားတစ်ယောက်လို သဘောထားပြီး ပြုစုခွင့်ပေးပါ ဒါပေမဲ့ ကျွန်တော်တို့ကို အန်တီတို့ ပိုင်ဆိုင်သမျှတွေ မက်မောလို့ မျှော်လင့်လို့ ဟန်ဆောင်တာလို့ မထင်စေချင်ဘူး၊ အဲလို ယူဆမယ်ဆိုရင် ကျွန်တော်တို့ အခုချက်ချင်း ထွက်သွားမှာပါ”





“သားရယ် လူတစ်ယောက်ဟာ စိတ်ရင်းစေတနာအမှန်လား၊ ဟန်ဆောင်တာလားဆိုတာ စိစစ်ခွဲခြားနေစရာ မလိုဘဲ သိသာပါတယ်၊ အခု မင်းတို့သားအမိနှစ်ယောက်ကြောင့် အန်တီ ဖေရမှာ အားရှိသွားပြီ၊ သေခါနီးအချိန်မှာ ရန်သူနဲ့ မိတ်ဆွေ ခွဲခြားရတာ ပိုပြီး လွယ်တယ် ဆိုတဲ့ စကားက သိပ်ကို မှန်တာပဲ ကိုထိုက်”

“ပြောပါ ကေရီ”

“သက်ထားဆွေအပေါ်မှာ ကေရီလိုပဲ တာဝန်ကျေပေးပါ၊ ထိုက် သူစံတို့ကြောင့်ဆိုပြီး မင်းမဟာအပေါ်လည်း ဝတ္တရားမပျက်ပါနဲ့၊ မိဘတွေ ဘက်က တာဝန်မကျေရင်လည်း ကံကြီးထိုက်တတ်တာပဲ”

“အင်း အင်းပါ ကေရီရယ်၊ မင်း မောနေပြီ၊ ခဏ နားလိုက် ဦးနော်”

မောဟိုက်လာပြီဖြစ်သော ဒေါ်ကေရီက ဒေါ်သက်ထားဆွေ နှင့်မင်းမဟာ ခြေဆုပ်လက်နယ် ကိုယ်ဖိရင်ဖိ ပြုစုကြ၏။ ချီးသေးကအစ မရွံမရှာဘဲ လုပ်ကိုင်ပေးကြသည်။

ဒီလိုပုံစံမျိုး မြင်တွေ့ရတာ ဦးသက်မင်းထိုက် ကြည်နူးပီတိ ဖြစ်နေမိသည်။ ဒီလိုမှန်းသိလျှင် ဒေါ်ကေရီ စိတ်သက်သာနိုင်ဖို့ မင်းမဟာ တို့ သားအမိကို အဖော်ရအောင် အစောကြီးထဲက ခေါ်ထားမိမှာပါ။

အခုတော့ သားသမီးရင်းတွေရဲ့ ပြုစုယုယမှုမရခဲ့သော ဒေါ်ကေ ရီက မင်းမဟာတို့ သားအမိ ရောက်လာမှ ရောဂါဝေဒနာ သက်သာနေ သလိုမျိုး မျက်နှာလေးပါ ကြည်လင်လန်းဆန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမဟာတို့ သားအမိရဲ့ ပြုံးစုယှယ ဂရုစိုက်မှုတွေကို ကျေနပ်နေသလိုပါ။ နောက်နေ့တွေလည်း ဒီအတိုင်း ဖြစ်ပါစေဟု..။

■ ■ ■



## အခန်း (၃၈)

ထိုက်သူစံတို့ အိမ်ထဲ လှမ်းအဝင်မှာ အိမ်အကူ မိန်းကလေးကို အရင်ဆုံး တွေ့ရသည်။ ဆေးဝါးခေတ်စာတွေ ယူလာခဲ့သော ကြွပ်ကြွပ်အိတ်ကို လက်တစ်ဖက်က ဆွဲထားရင်း

"ကိုသူ ပြန်ရောက်ပြီလား ညီမလေး"

"မရောက်သေးဘူး မမရဲ့၊ အခုတလော အစ်ကိုလေးက ညဉ့်နက်မှ ပြန်လာထတ်တာ၊ ကုမ္ပဏီအလုပ်တွေ အရမ်းများလို့လား မသိဘူး။ တစ်ခါတလေဆို အိမ်တောင်ပြန်မအိပ်နိုင်ဘူး"

"ဩော် ဟုတ်လား၊ အန်ကယ်ရော"

"ဘဘကြီးက အစ်ကိုလေး မင်းမဟာတို့သားအမိကို ကားနဲ့ အိမ်ပြန်လိုက်ပို့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်းမဟံတို့ သားအမိ ဒီကို လာသွားတယ် သူတို့က"

"မေမေကြီးက ခေါ်ခိုင်းလိုက်တာ၊ သားသမီးရင်းတွေက မြို့မှ
ပြုစုကြတာ၊ သူ့အိမ်ထောင်နဲ့သူ၊ သူ့အလုပ်အကိုင်တွေနဲ့သူဆိုတော့
ရတစိုက် မရှိကြဘူးလေ၊ နာတာရှည်အမေကို စိတ်မရှည်ကြတာလည်း
ါမှာပါ၊ အဲဒါ ဝမ်းနည်းအားငယ်နေတဲ့ မေမေကြီးက အစ်ကိုလေး
င်းမဟံတို့သားအမိ လာပြီးပြုစုမှ ရောဂါတောင် သက်သာသွားသလိုပဲ"

"သြော်"

အနာအကျင်မရှိ စိတ်ရင်းစေတနာကောင်းလှချည်လားဟု
မောင့်ကို ချီးကျူးမိသည်။ ကောင်မလေးက သူမ လက်ထဲက အထုပ်တွေ
ကူဆွဲဖို့ ပြင်လိုက်စဉ်မှာ

"နေ နေ ညီမလေး၊ မမဘာသာ အန်တီအခန်းထဲ ယူသွား
လိုက်ပါ့မယ်၊ ညီမလေး လုပ်စရာရှိတာ လုပ်လေ"

"ဟုတ်ကဲ့ ညီမလေး အဝတ်တွေ လျှော်မလို့ပါ"

"အေးအေး လုပ်လေ ညီမလေး"

ဒေါ်ကေရီ တစ်ယောက်တည်း ရှိသော အခန်းထဲကို သူမ
င်လာခဲ့သည်။ ဒေါ်ကေရီက သူမ ဝင်သွားတော့ အိပ်အားသင့်နေ၏။

"အန်တီ"

"သမီး မြမဟေ မလာတာကြာလို့ အန်တီ သတိရနေတာ၊
ာလာရော နေကောင်းရဲ့လား သမီး"

"ဟုတ်ကဲ့ နေကောင်းပါတယ် အန်တီ၊ မေမေလည်း ဖေဖေ





ရိုတည်းက အလုပ်တွေ မနိုင်မနင်းနဲ့ မအားလပ်ဘူး၊ အဲဒါ အန်တီကို
က်ဆောင်ပစ္စည်းတွေ စားစရာတွေ ဝယ်ပေးလိုက်တယ်"

"မလိုပါဘူးကွယ်၊ သမီးလေးမျက်နှာ မြင်လိုက်ရတာနဲ့ကို
နတ်တီ ရောဂါတစ်ဝက် သက်သာသွားပြီ၊ ဟိုခုံလေး ဆွဲထိုင် သမီး၊
နတ်တီ ခုတင်က လူမမာနံ့စွဲနေပြီ"

"ရပါတယ် အန်တီရဲ့"

ခုံဆွဲထိုင်ရင်း စကားပြောရမှာ ဒေါ်ကေရီကို အားတုံ့အားနာ
ဘြီး ဖြစ်နေမိသည်။ ဒါပေမဲ့လည်း အမှန်တရားတွေကို ဒေါ်ကေရီသိ
အောင် ပြောမှဖြစ်မှာပင်။

မဟုတ်လျှင် ကျန်သည့်လူတွေက နောက်ဆုံးအချိန်ရောက်နေပြီ
ဖြစ်သည့် ဒေါ်ကေရီ ဆန္ဒတွေကို ဖြည့်ဆည်းပေးမှ ဖြစ်မည်ဆိုသော
အတွေးများနှင့် သူမတို့ ချစ်သူနှစ်ယောက်ဘဝကို ခြယ်လှယ်နေကြသည်။

"အန်တီ"

"အင်း ပြော သမီး၊ မင်္ဂလာရက် သတ်မှတ်ဖို့ သားနဲ့တိုင်ပင်
ရအောင် လာခဲ့တာ မဟုတ်လား၊ သား မရောက်သေးဘူး ထင်တယ်၊
ဘယ်အချိန်သွားလို့ ဘယ်အချိန် ပြန်လာမှန်းလည်း မသိပါဘူးကွယ်၊
အေ လူမမာက သူ့မျက်နှာလေးတွေ့ချင်တာတောင် မလွယ်ပါဘူး၊
ကုမ္ပဏီမှာ ဖအေက မရှိတော့ သူတစ်ယောက်တည်း ပင်ပန်းနေတယ်
ထင်ပါတယ်"

"ကုမ္ပဏီအလုပ်တွေနဲ့ချည်း အမြဲ အချိန်ကုန်နေတာတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး အန်တီ''

''ဟင် ဘာကြောင့်လဲ သမီး''

''ဆယ်တန်းနှစ်တုန်းက သူနဲ့မှားယွင်းခဲ့တဲ့ ကောင်မလေ ပြန်တွဲနေပါတယ်၊ ကိုးမိုင်က အန်တီတို့ပိုင်တဲ့ ခြံမှာထားတယ်လို့ သတ အတိအကျ ရထားတာပါ''

''ဘုရား ဘုရား ဟုတ်ရဲ့လား သမီးရယ်၊ အန် အန်တီရင် တုန်လိုက်တာ၊ ဒီကိစ္စ သမီး ဘယ်လိုစုံစမ်း''

''မယုံရင် အန်တီတို့ဘာသာ စုံစမ်းကြည့်ပါ၊ မဟောက သူ လက်မထပ်ချင်လို့ တမင်စုံစမ်းတာတော့ မဟုတ်ပါဘူး၊ အဲဒီကောင်မ နဲ့ ကုန်တိုက်မှာ အမှတ်တမဲ့ ဆုံရာက သိခဲ့ရတာပါ''

''အမယ်လေး အမယ်လေး ဘုရား ဘုရား''

''အန် အန်တီ''

ရင်ဘတ်လေးဖိကာ ဒေါ်ကေရီ မျက်နှာ ရှုံ့မဲ့သွားတာမို့ မြမ ပျာယာခတ်သွားသည်။ ဒေါ်ကေရီက အသက်ရှူသံပြင်းပြင်းနှင့် လက် ပြ၏။

''ရ ရပါတယ် သမီး၊ သမီးကို အားနာလိုက်တာကွယ်၊ ဒီလို မျိုးကို သမီး ဘယ်လက်ထပ်ချင်ပါ့မလဲနော်''

''ဒီကိစ္စတစ်မျိုးတည်းကြောင့် မဟုတ်ပါဘူး၊ မဟောမှာ ချစ် ရှိနေလို့ကို သူနဲ့ လက်မထပ်ချင်တာပါ''

''ဟင် သ သမီးမှာ ချစ်သူရှိတယ်၊ ဘယ်သူလဲ သမီးရဲ





ဒီလို အကြောင်းတွေ ရှိတယ်ဆိုရင် အန်တီ့ကို စောစောက ပွင့်ပွင့်လင်း လင်း လာပြောတာ မဟုတ်ဘူး''

''မင်းမဟာ်ပါ အန်တီ၊ မဟောနဲ့ မင်းမဟာ်က သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ''

''ဟင် မင်းမဟာ် သက်ထားဆွေသား မင်းမဟာ်လေးလား''

''ဟုတ်ပါတယ် အန်တီ''

ဒေါ်ကေရီ ရင်ဘတ်ဖိ၍ အံ့သြရပြန်သည်။ ဒီအကြောင်းတွေ မိမိ ဘာမှမသိခဲ့ရပါလား။ ရောဂါသည်ဆိုပြီး ငဲ့ညှာစိတ်နှင့် ဖုံးဖုံးဖိဖိ လုပ်နေခဲ့ကြတာနေမှာ။

''သမီး မြမဟော''

''ရှင် ပြောပါ အန်တီ''

''သမီးကို အန်တီ အားနာလိုက်တာ၊ မြမာလာကိုရော မျက်နှာ ပူလိုက်တာကွယ်၊ အန်တီ ဒီလိုအကြောင်းတွေကို မသိလို့ ထိုက်သူစံနဲ့ လက်ထပ်ဖို့ကိစ္စတွေ စီစဉ်နိုင်းမိတာပါ၊ အန်တီ နောက်ဆံမတင်းချင် အသေဖြောင့်ချင်လို့ ကိုယ်ဖြစ်ချင်တာတစ်ခုပဲ တွေးခဲ့မိတယ်''

''အန်တီ့အမှား မဟုတ်ပါဘူး။ အားလုံးကလည်း အန်တီရဲ့ နောက်ဆုံးဆန္ဒလေးကို စေတနာ မေတ္တာအပြည့်နဲ့ လုပ်ပေးချင်ကြတာပါ''

''အေးကွယ် သမီး အဲလို နားလည်ပေးတာ ကျေးဇူးတင်ပါ တယ်၊ ဆိုးဝါးယုတ်မာတာ ထိုက်သူစံပဲ၊ ဒီကောင် ဘယ်သူ့အပေါ်မှ မ ကောင်းဘူး၊ သမီးသာ သူ့အကြောင်းမသိရင် သမီးကို အနေ်လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဦးမှာ၊ သမီးရယ် ဒီကောင်ကို အန်တီ နောင်ကြဉ်အောင် လုပ်ပါ့မယ်။ ပြီးတော့ သမီးနဲ့မင်းမဟာ်တို့ ချစ်သူနှစ်ယောက် လက်ထပ် ဖြစ်အောင် အန်တီ စီမံပေးခဲ့မယ် သမီး''

''အန် အန်တီ''

''အန်တီ့အပေါ် မေတ္တာမပျက်တဲ့သူတွေကို အန်တီ တာဝန် ကျေခဲ့ရမှာပေါ့ကွယ်၊ သမီး စိတ်ချမ်းသာသာနေပါ၊ မြမာလာကိုလည်း အန်တီက တောင်းပန်ပါတယ်လို့ ပြောပေးပါ သမီး''

ဒေါ်ကေရီဆီက ပြန်ခဲ့ချိန်မှာတော့ စိတ်တွေပေါ့ပါးလွတ်လပ် နေသည်။ ပြဿနာဆိုတာ ထိပ်တိုက်ရင်းလိုက်တော့လည်း အလွယ် လေးပါလား။

မောင်ရေ အချစ်ကြောင့် မဟေ သတ္တိရှိလာတာ . . . ။

■ ■ ■



## အခန်း (၃၉)

ဒေါ်ကေရီ ဆုံးပြီတဲ့။

ဘယ်လိုဖြစ်တာလဲ။ လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်က အကောင်း ကြီးပါ။ မီမီတို့သားအမိနှစ်ယောက် နေ့စဉ်ရက်ဆက် သွားပြုစုလုပ်ကိုင် ပေးတာတောင် ပျော်နေခဲ့သေးတာ။

တစ်ဆင့်ဖုန်းကနေ ဦးသက်မင်းထိုက် လှမ်းဖုန်းဆက်ပြီး ခေါ် တော့ ယုံပင်မယုံနိုင်။ အိမ်ကို ရောက်သွားခဲ့တော့ ရေခဲတိုက်မပို့ခင် မီ လိုက်လေး။

''တောက် မဟုတ်သေးဘူးဗျာ၊ မေမေ အဲလိုလုပ်မသွားသင့် ဘူး သေရှာသွားမှာကို သားသမီးတွေအပေါ် အဲလိုလုပ်သွားရလား။ ကျွန်တော် မကျေနပ်ဘူးဗျာ၊ မကျေနပ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် မင်းက ဘာကို မကျေနပ်တာလဲ၊ မင်းကြောင့် မင်းအမေ သေခါနီးမှ စိတ်ထိခိုက်သွားရတယ်၊ ငါတို့က သူသေခါနီး စိတ်ချမ်းသာအောင် အသေဖြောင့်အောင် အားလုံး ဝိုင်းဝန်းကြိုးစား နေကြတာကွ၊ မင်းက အမှားလုပ်ထားပြီး မင်းကများ မကျေနပ်ဘူးလို့ ပြောနေရသေးလား"

"ဟုတ်တယ် မကျေနပ်ဘူး"

"အဲလို ပြောထွက်တာ မင်းကိုယ်မင်း မရှက်လို့လား ထိုက်သူစံ၊ မင်း အဲဒီကောင်မလေးနဲ့ ကိုးမိုင်ကခြံမှာ အတူနေနေရင်းနဲ့များ မြမဟေကို လက်ထပ်နိုင်ဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့သေးတယ်၊ မင်းအမေက ဒါတွေ သိသွားလို့ မင်းမဟာကို ပေးသင့်တာပေးပြီး မြမဟေနဲ့လက်ထပ်ဖို့တွေထိ စီစဉ်ခဲ့တာ၊ မင်းလည်း ရသင့်တာရပြီပဲ၊ ကိုယ့်အမှားကိုယ် မသိလို့ မင်းအမေကို မကျေနပ်ဘူးဆိုရင်လည်း ရွာပနကိုတောင် လိုက်မပို့ချင် မပို့ပါနဲ့၊ မင်းသဘောအတိုင်းလုပ် သိလား ထိုက်သူစံ"

ဦးသက်မင်းထိုက်က ဒေါသတကြီး အော်သည်။ ဘာတွေဖြစ်နေကြတာလဲ။ ကြားနေရတာတွေက ဝမ်းသာရမှာလား စိတ်မကောင်းဖြစ်ရမှာလား။

ထိုက်သူစံက မိမိတို့ကိုတောင် မမြင်ဘဲ မကျေမချမ်း ဒေါသတွေဖြစ်ကာ ထွက်သွားသည်။

"ကိုထိုက်"

"ဖေဖေ"





"ဟင် သက်ထားတို့ ရောက်လာပြီလား"

"ဟုတ်ကဲ့ မကေရီက ဘယ်လိုဖြစ်ရတာလဲ ကိုထိုက်ရယ်၊ ကို ရောဂါတွေ သက်သာလာတယ်လို့တောင် ထင်နေတာ"

"သက်ထားတို့သားအမိကြောင့် သူပျော်နေခဲ့တာပါ၊ ဒါပေမဲ့ က်သူစံကြောင့် စိတ်ထိခိုက်ရတယ်လေ၊ ဆယ်တန်းအောင်တုန်းက ယွင်းခဲ့တဲ့ ကောင်မလေးနဲ့ ကိုးမိုင်ခြံမှာ အတူတူနေတာကို သူ့အမေ သွားတာ၊ ကိုယ့်ကို အဲဒီကနေ သွားခေါ်လာခိုင်းပြီး အခြေအတင် ကြတာပဲ"

"ဩော်"

"အခုသေမှ မင်းမဟာနဲ့ မြမဟေကို လက်ထပ်ဖို့ စီစဉ်ခဲ့ပြီး သင့်တာ ခွဲဝေပေးခဲ့တာကို ဒီကောင် မကျေမနပ်ဖြစ်နေတာလေ၊ မအေ ်အလောင်းရှေ့မှာတောင် မဆင်ခြင်ဘူး"

"ဒီလိုမျိုး မှားတတ်ကြတာပဲ ကိုထိုက်ရယ်၊ မကေရီရှေ့မှာ လိုတွေ မဖြစ်ကြပါနဲ့"

"ဒီကောင်က သူ့ကိုယ်သူမှ မှားမှန်းမသိတာ၊ သူ့အမေက ဒါကြောင့် ရှေ့နေတွေနဲ့ကို တရားဝင်အောင် စီစဉ်ခဲ့တာ ဘယ့်နှယ်ကွာ လောက်တောင် အသိတရားမဲ့ရတယ်လို့"

ဒေါ်ကေရီက ပဋိပက္ခတွေကို မမြင်ဟန်ဆောင်လျက် ပန်းမွေ့ရာ က်မှာ လဲလျောင်းနေသည်။ မိမိတို့ သားအမိရဲ့ စိတ်မကောင်းစွာ လာသော မျက်ရည်တွေကိုရော မြင်ပါရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



သခ်ါရတာရားရဲ့ မမြဲခြင်းကို ရှုမှတ်လို့ သေဆုံးရခြင်းကို နော

တရနေမည်ဟုတော့ မထင်မိပေ။

နောင်ဘဝမှာ ဒီလိုမျိုး သားသမီးက ငြိုငြင်စိတ်မရှည်သော

နာတာရှည်ရောဂါသည် ဘဝမျိုး မဖြစ်ပါစေနှင့်လို့ ဆုတောင်းပေးလို

ချင်သည်။

နောင်ဘဝကူး ကောင်းပါစေ မဝေကရီ . . ။

■ ■ ■



## အခန်း (၄၀)

"ဒေါ်ကေရီကို သေပါစေဆိုတဲ့ ဆန္ဒမရှိပေမယ့် အဲဒီကိစ္စကို မဟော ပြောခဲ့တာ မောင်"

"ဟင် ဘာပြောတယ် မဟော"

"ဟုတ်တယ် လုပ်ကြံလိုဆယ်တာ မဟုတ်ဘူး။ အမှန်တရားကို ပြောခဲ့တာ၊ ထိုက်သူစံ ကံဆိုးချင်လို့လားတော့ မသိဘူး၊ အဲဒီသူနဲ့ ပတ်သက်တဲ့ အစ်မကြီးက ကုန်တိုက်တစ်ခုမှာ မဟောကို နောက်ကနေ လှမ်းခေါ်တယ်၊ ကိုယ်ကတော့ ငယ်ငယ်က တွေ့ဖူးတာဆိုတော့ ဘယ်သူမှန်း သေချာမသိပါဘူး။ နောက်မှ ကော်ဖီဆိုင်မှာ ထိုင်စကားပြောရင်း သူက မိတ်ဆက်တာ အရင်က အဖြစ်အပျက်နဲ့ ပတ်သက်တဲ့သူပေါ့၊ အခုလည်း ထိုက်သူစံရဲ့ တိတ်တိတ်ပုန်း မယားတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မင်းမဟံရင်ထဲ မေမေနှင့်နှိုင်းယှဉ်ကာ တစ်မျိုးကြီး ဖြစ်သွားသည်။ မြမဟေက ဒီအကြောင်းတွေကို ဒေါ်ကေရီ ရက်လည်ပြီးမှ သူ့ကို လာပြောနေတာပါ။ ဒေါ်ကေရီရဲ့ရှာပနကို ထိုက်သူစံ လိုက်ပို့လား မပို့လား သတိမထားမိ။ ရက်လည်ဆွမ်းသွတ်နေ့ကို ရောက်မလာတာကတော့ သေချာသည်။

သမီးကလည်း သူ့သားအကြီးကောင်လေးကို နိုင်ငံခြားကို ကျောင်းသွားအပ်သည်ဆိုပြီး ဒီနေ့ထိတောင် ပြန်ရောက်မလာခဲ့၊ တကယ်တော့ အိမ်ထဲမှာ လူမမာအဖြစ် နေနေရသော ဒေါ်ကေရီ ဒီအကြောင်းတွေ ဘယ်လိုလုပ် သိသွားပါလိမ့်လို့ အောက်မေ့နေတာ။

"ပြောပါဦး မဟေ"

"မဟေ ဒါကို ကိုယ့်တာသာ ဆုံးဖြတ်တာတော့ မဟုတ်ပါဘူး။ မေမေ့ကို အကျိုးအကြောင်းပြောပြပြီး တိုင်ပင်တယ်၊ မေမေက ဒေါ်ကေရီကို အသိပေးသင့်တယ်တဲ့၊ ကျန်တဲ့လူတွေကိုပြောပြရင် နောက်ဆုံးအချိန်ကို ရောက်နေတဲ့ ဒေါ်ကေရီကိုငဲ့ညှာပြီး ဆန္ဒတွေကို ဖြည့်ဆည်းပေးလိုက်ဖို့ ကြိုးစားနေကြတာနဲ့ သမီးဘဝ နစ်မွန်းသွားလိမ့်မယ်တဲ့လေ"

"မဟေ မေမေ နားလည်ပေးလို့ တော်သေးတာပဲ"

"ဟုတ်တယ် မဟေက ဘယ်နည်းနဲ့မဆို ထိုက်သူစံနဲ့ တရားဝင်လက်ထပ်ဖြစ်ရင် မယားကြီးနေရာ ရမှာပဲ၊ အဲဒါဆိုရင် ဒေါ်ကေရီ





နေရာပေါ့၊ ဟိုအစ်မကြီးကတော့ မောင့်မေမေနေရာက မယားငယ်တာကို ရောက်သွားမယ်၊ ဒါဆိုရင် အဲဒီအစ်မကြီး မွေးမယ့်ကလေးဟာ ဒုတိယ မင်းမဟံလေး ဖြစ်သွားမှာပေါ့ မောင်"

"ဟင် ဟုတ်တာပဲ၊ အချိန်မီလေးပါလား မဟေ"

"သေမယ့်ရက်ကို စောင့်နေတဲ့ ဒေါ်ကေရီ၊ မြန်မြန်ဘဝကူးသွားသလား၊ မပြောတတ်ပေမယ့် မဟေနဲ့မောင်ရဲ့ဘဝ နောက်မွေးလာမယ့် ကလေးတွေရဲ့ အနာဂတ်ကတော့ ဒီလို ဆိုးဝါးတဲ့ ရေစက်တွေ ဖြစ်တော့ဘူးပေါ့ မောင်၊ မဟေလည်း၊ ထိုက်သူစံလို ယုတ်မာတဲ့သားမျိုး မမွေးဖြစ်တော့ဘူး"

"မောင့်လို လိမ္မာတဲ့ သားလေးတော့ မွေးပေးမယ် မဟုတ်လား"

"အံမယ်"

မြမဟေ မျက်နှာလေး နီမြန်းလျက် ရှက်သွေးဖြန်းသွားပြီး သူ့ရင်ဘတ်ကို မနာကျင်အောင် ထုလာ၏။ သူက မြမဟေ လက်လေးကို ဆီးဆုပ်ကိုင်လိုက်ပြီး ရှက်စနိုး မျက်စောင်းနုနုလေးကို ဖျတ်ခနဲ နမ်းလိုက်တော

"မောင်တို့ လွဲရတော့မလို့နော်၊ ကံကောင်းလို့"

"မောင်ကတော့ မဟာကရုဏာရှင်ကြီး လုပ်ပြီး မဟေကို နှုတ်လှွတ်ဖို့ ကြိုးစားရက်တယ်နော်"

"မလှူးသာ မလွန့်သာ အခြေအနေတွေထဲမှာ မောင် နာနာ



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျင် ခံစားခဲ့ရပါတယ် မဟော၊ မုန်းလို့ စွန့်ခွာခဲ့တာနဲ့ ချစ်လျက်နဲ့ စွန့်လွှတ်ရတာ ဝေဒနာချင်း မတူပါဘူး''

''မဟော နားလည်ပါတယ်၊ အဲဒါကြောင့်လည်း မေမေ့ကိုတောင် အတိုက်အခံ ကလန်ကဆန် လုပ်ခဲ့မိတာပေါ့''

''အခုရော မဟော မေမေ ဘယ်လိုသဘောထား ရှိလဲဟင်''

''ဟင် မောင့်ဖေဖေ ဘာမှမပြောပြဘူးလား''

''ဘာပြောရမှာလဲ''

''ဖြော် ရက်လည်နေ့က မေမေ သွားတော့၊ မောင့်အဖေနဲ့ အမေက မဟောတို့ကိစ္စ တိုင်ပင်အသိပေးလိုက်တယ်တဲ့''

''ဘာတဲ့လဲ''

''ထိုက်သူစံနဲ့ကိစ္စ ဒီလိုဖြစ်သွားပေမယ့် မောင်နဲ့လက်ထပ်ပေးဖို့တော့ သဘောတူပေးပါပေ့ါလေ၊ အစစအရာရာ မျက်နှာမငယ်ရအောင် ထည့်ထည့်ဝင်ဝင် အတည်အတံ့ ဖြစ်အောင် တာဝန်ယူပါတယ်ပေ့ါ''

''အဲဒါနဲ့ ယောက္ခမကြီးက ဘာပြောလဲ''

''ကြည့် စကားပြောတာကိုက ပြောင်ချော်ချော် ဖြစ်လာတယ်''

''မောင်က ပျော်လို့စတာပါ''

ပခုံးချင်းတိုက်ကာ မူနွဲ့နွဲ့ သူမ ဟန်ပန်လေးကြောင့် အသည်း တွေယားကာ ချစ်မြတ်နိုးသွားမိရင်း ရင်ခွင်မှာ ခပ်တင်းတင်းလေး ဖေ့ ဖက်ပစ်လိုက်သည်။





''ကဲ ဖယ်ပါ အသက်ရှူကြပ်တယ်၊ မေမေက ဘာပြောတယ် ဆိုတာလည်း မသိဘဲနဲ့၊ ပိုင်စိုးပိုင်နင်း''

''အင်း ဟုတ်သားပဲ၊ ကဲ ပြော''

လွှတ်မပေးဘဲ ဒီအတိုင်းပဲမေးတော့ သူမက မျက်ဝန်းလေးကို ပင့်မော့ပြီး

''မင်းမဟာကို ဦးသက်မင်းထိုက်ရဲ့သားလို့ အသိအမှတ်ပြုရင် သဘောတူပါတယ်လို့ ပြောခဲ့တယ်တဲ့''

''အဲဒီတော့ ဖေဖေက ဘာပြောလဲ''

''မောင်ရယ် အိမ်မှာခေါ်ထားပြီး ကုမ္ပဏီမှာ အလုပ်ဝင်ဖို့တောင် စီစဉ်ထားပြီးပြီဟာကို ကိုယ့်အဖေက အသိအမှတ်ပြုလား၊ မပြုလား မောင် မသိသေးဘူးလား။ ဒေါ်ဖေကရီ စီစဉ်ခဲ့တာကြောင့်ရယ် မဟုတ်ဘူး၊ မောင့် အဖေက မောင့်ကိုချစ်ပါတယ်''

''ဒါဆို မဟောကရော''

''နှိုင်းယှဉ်စရာမရှိအောင်ကို ချစ်ပါတယ် မောင်ရယ်၊ မဟော ဖာ်သက်စာ မှီခိုအားကိုးချင်တာလည်း မောင်ပါပဲ၊ မောင်ကရော''

''မောင့်ဘဝအတွက် တန်ဖိုးအရှိဆုံး မြတ်နိုးရဆုံးက မဟော သို့ ဘယ်တော့မှ သစ္စာမဖောက်ဘဲ ရိုးမြေကျ ချစ်သွားမှာပါ ယုံလား''

''အင်း''

ညှင်းသွဲ့သွဲ့ ခေါင်းညိတ်ပြရင်း ရင်ခွင်မှာ ခိုဝင်လာသော ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



လေးကို မှတ်သိပ်စွာ ထွေးဖက်ပွေ့ပိုက်ထားလိုက်သည်။

ဒီလိုသာ အစဉ်အမြဲ နေခွင့်ရမည်ဆိုလျှင် ....။


လုံမ

၆၅/ခ နှံ့သာဖြူလမ်း၊

(၁၄) ရပ်ကွက်၊ ပင်လုံဈေး

လှိုင်သာယာမြို့နယ်၊

၀၉-၄၃၀၅၇၀၆၅


စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားငှက်

၂။ ရင်ထဲရှိတဲ့အတိုင်း - သဗ္ဗာနှင်းဆီဗီဒီယို

၃။ အရောင်ကွဲပုံရိပ်

၄။ အခမဲ့ရင်ပြင် - အောင်သီရိဗီဒီယို

၅။ ခြယ်သမင်္ဂလာကြီးမိမိတိမ်ပန်းချီ - အောင်သီရိဗီဒီယို

၆။ ရှိုက်သံကင်းမဲ့ဖုန် - အောင်သီရိဗီဒီယို

၇။ အလင်းမဲ့ည - မာန်ထက်ချိုဗီဒီယို

၈။ ရွှေရင်သိမ်းသစ်ကောဇာ - အောင်သီရိဗီဒီယို

၉။ စိတ်မျှော်စင်

၁၀။ မိန်းမလှမို့ကာ - အောင်သီရိဗီဒီယို

၁၁။ အနာဂတ်ရလေပြည့် - ပါဝါကင်းဗီဒီယို

၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ်

၁၃။ ပန်းနုရောင်နိဒါန်း - မျက်ခြယ်ဗီဒီယို

၁၄။ တိမ်ပြာပြာနေ့တစ်နေ့

၁၅။ ရင်ခုန်သံအမိပ္ပါယ် - ရူပါဝတားဗီဒီယို

၁၆။ အချစ်ညွှတ်ကွင်း - Heart & Soul ဗီဒီယို

၁၇။ အသည်းကွဲအောင်လက်မှတ် - သဗ္ဗာနှင်းဆီဗီဒီယို

ဗျူး၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com

၁၈။ အနမ်းများနှင့်ရှေ့ဆက်ခွင့်ပြုပါ - အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ
၂၀။ ပြောဖို့လိုသေးလား - အောင်သီရိဗီဒီယို
၂၁။ မင်းအတွက်ဆို - မာန်ထက်ချိဗီဒီယို
၂၂။ သက်တမ်းရင့်သမုဒယ
၂၃။ မေ့ဖို့မလွယ် - အောင်သီရိဗီဒီယို
၂၄။ အကြွင်းနာလက်တစ်ကမ်း - ရွှေဝင်ဦးဗီဒီယို
၂၅။ မေ့လို့မရသည့်အကြောင်းအရင်း - အောင်သီရိဗီဒီယို
၂၆။ လက်ကလေးရဲ့မီးပြတိုက်
၂၇။ မကြိုဘူးလို့ ချစ်မိတာပါ

ယခုလ

၂၈။ နှလုံးသားထဲ တိုးဝင်ကြည့်

BURMESE CLASSIC .com

www.burmeseclassic.com